
www.burmeseclassic.com

ချစ်စံဝင်း

# မြန်မာလူငယ် တစ်ယောက် အကြောင်း

BURMESE CLASSIC .com



www.burmeseclassic.com

စာမူကြိုတင် ခွင့်ပြုချက်အမှတ်
(၁၃/၉၀-၈)
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ်
(၅၁/၉၆-၂)

ထုတ်ဝေသည့်အကြိမ်
ပထမ အကြိမ်

ထုတ်ဝေသည့် လ
၁၉၉၀-ခုနှစ်၊ မတ်လ

အုပ်ရေ
(၃၀၀၀)

မျက်နှာဖုံးရိုက်
စာပေလောက

စာအုပ်ချုပ်
ကိုမြင့်

တန်ဖိုး
(၃၀-ကျပ်)
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာစာပေ (၀၂၀၃၇)
အမှတ် ၂၃၃၊ အခန်း ၁၄၊ ရနီကံင်း
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်၊
အမှတ် ၈၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

www.burmeseclassic.com

# ချစ်ခံဝင်း

# မြန်မာ လူငယ် တစ်ယောက် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| — | စာရေးသူ၏ အတ္ထုပ္ပတ္တိ | |
| — | နိဒါန်း | |
| ၁ | မြန်မာလူငယ် တစ်ယောက်အကြောင်း | ၁ |
| ၂ | ဝိုင်းစက်ညီညာစွာဖြင့် | ၄ |
| ၃ | အလုပ်စခန်းသို့ ရောက်မည့် စိတ်ဓာတ် | ၈ |
| ၄ | ကျွန်မနာမည် အေးအေးသန်း | ၁၀ |
| ၅ | မြန်မာ့လက်ရာ အမေ့လက်ရာ | ၁၄ |
| ၆ | မိုးထိအောင်လျှောက်မည့် ခြေလှမ်းများ | ၁၇ |
| ၇ | တစ်ကိုယ်တော် ပြေလည်မှုရှိသော်လည်း | ၂၄ |
| ၈ | တစ်ဝိုင်းအုပ်စုက နိုင်ငံကိုတိုးတက်ချင်သူ | ၂၆ |
| ၉ | အားမာန်ထုတ်၍ အလုပ်လုပ်ရန်အသင့် | ၂၉ |
| ၁၀ | နိုင်ငံတိုးတက်စေဖို့အရင်း ၈၅၀ ကျပ် | ၃၁ |
| ၁၁ | လေယာဉ်နှင့်ဝင် ကြဲချချင်ပါသည် | ၃၅ |
| ၁၂ | ဆေးပေါ့လိပ်နိုင်ငံခြားပို့ရေး | ၄၀ |
| ၁၃ | အွတ်တစ်ချပ် သဲတစ်ပွင့် | ၄၃ |
| ၁၄ | ဝိုင်းစက်သော ဆီးသီးများကိုထုတ်ပေးနေသည့် ဆရာဝန်၏ လက်ချောင်းများ | ၄၅ |
| ၁၅ | မြန်မာ့ဘုန်း မြန်မာ့လက်ရုံးကိုပြဆိုမည် | ၅၁ |
| ၁၆ | ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက် | ၅၆ |
| ၁၇ | ရွှေတံခါးကြီးဖွင့်ပါဦး | ၆၀ |
| ၁၈ | ဥပဒေစကားအရ | ၆၄ |
| ၁၉ | ဖွင့်သင့်တာဖွင့် ပိတ်သင့်တာပိတ် | ၆၇ |
| ၂၀ | ဝိုင်းဖွင့်မှ ပွင့်မည် | ၇၃ |
| ၂၁ | လက်တွေ့ကျမှ စီးပွားရေးသမား | ၇၆ |
| ၂၂ | အပြောင်းအလဲနှင့်ဖွံ့ဖြိုးမှု | ၇၉ |


www.burmeseclassic.com

မာတိကာ


၂၃ ပြောင်းလဲရုံမျှနှင့် မတိုးတက်နိုင်သေး ၈၃
၂၄ စိန်တောင်ကြားသို့ ၈၆
၂၅ မြစိမ်းရောင် ပြုပြင်ပြောင်းလဲရေး ၈၈
၂၆ ဆားစရာပို့နိုင်သည့် ကျွန်တော်တို့ ချိုးကွဲက် ၉၁
၂၇ စတော်ဗယ်ရီမလို၊ ဝါးခြင်းလိုသည် ၉၄
၂၈ ပေါက်ပြားကိုင်သောလက်များ ၉၇
၂၉ အသည်းထဲက စိတ်ဓာတ် ၁၀၀
၃၀ မြန်မြန်မာမာ မြန်မာများ ၁၀၅
၃၁ ကင်တီကာရှစ်မှ ပရော်ဖက်ဆာ ၁၁၁
၃၂ ကမ္ဘာမှာအကောင်းဆုံးဘီယာ ၁၁၅
၃၃ ကမ္ဘာမှာ အလှဆုံးလမ်း ၁၁၈
၃၄ ဟောဒီကမ္ဘာမှာ ကျွန်မအလှဆုံး ၁၂၁
၃၅ ဗိုက်ညာနေခြင်း ၁၂၅
၃၆ ဥရောပတွင် မရှိသောအလှ ၁၂၇
၃၇ တို့ပြည် တို့ရွာ အလှကမ္ဘာ ၁၃၀
၃၈ စိတ်မရှိုင်းသည့် တို့သမိုင်း ၁၃၄
၃၉ မိတ်အင် ဦးလှုဖလေးလမ်း ၁၃၇
၄၀ ခြင်ထောင်သိမ်းသော စက်ခလုတ် ၁၄၂
၄၁ မြန်မာ လက်စွမ်းပြလိုက်ပြီ ၁၄၇
၄၂ ပိန္နဲကုန်းက ဆားကစ် ၁၅၁
၄၃ တီထွင်မှုဘုရင် ဦးခင်မောင်သွင် ၁၅၄
၄၄ ကား ရထားအစ ဦးခင်မောင်သွင်က ၁၅၇
၄၅ ဓာတနာထင်လင်း ဦးတင်ဝင်း ၁၆၃
၄၆ ဦးတင်ဝင်းနှင့် အပေါင်းအသင်းများ ၁၆၈
၄၇ စိန်ဖြင့်လုပ်သည့်ပန်း၊ စိန်ပန်း ၁၇၂
၄၈ ဦးဖိုးလှိုင်နှင့် မင်းသားကြီးတို့စခဲ့ ၁၇၅
၄၉ ဥာဏ်ရောင်ဖဘာက်ထိန် ဦးကျော်စိန် ၁၈၁


မာတိကာ


၅၀ ဆရာဘာပည့်ဆက်ဆံရေး ၁၈၆
၅၁ မြန်မာ့ ဦးနှောက်ထဲက ပစ္စည်းများ ၁၈၈
၅၂ ဝိဇ၊ သယံဇာတ ကြွယ်ဝတဲ့တိုင်းနိုင်ငံ ၁၉၀
၅၃ သစ်လွင်သော ခွန်အားများကို ပေးရန်အသင့် ၁၉၃
၅၄ ဤကိစ္စ မျိုးရိုးနှင့်မဆိုင် ၁၉၅
၅၅ အသက် ၂၈ မှ နာရီကြည့်တတ် ၂၀၀
၅၆ ဇဦးဆက်မပြတ် အားထုတ်မှု ၂၀၄
၅၇ သိုင်းဘိုးအေ မောင်နှင်းဆွေ ၂၀၇
၅၈ စာအုပ်ကိုမှ လက်လီရောင်းလိုသူ ၂၁၁
၅၉ ဖြစ်လိုရာဖြစ်နိုင် ၂၁၉
၆၀ ဓာတနာရှေ့ထား ပျိုသည့်ကျား ၂၂၄
၆၁ အကောင်ဏ်ဟူသမျှ ထင်းဘဝ ၂၃၀
၆၂ တင်ပြခဲ့သော အကြောင်းအရာသုံးရပ် ၂၃၂
၆၃ တင်ပြပါရစေ ခုနစ်တွေ ၂၃၅
၆၄ အချိန်ကန့်သတ်ချက်ဖြင့်ဖွဲ့စည်းထားသော လူ့ဘဝ ၂၃၈
၆၅ တစ်ဘဝတွင် အနှစ် ၂၀ အိပ် ၂၄၂
၆၆ နှစ်နာရီသာလိုချင်သော နပိုလီယံ ၂၄၅
၆၇ လူ့ဘဝ၏ အခြေခံအုတ်မြစ် ၂၄၈
၆၈ ပန်းနဲ့လက်ပြင်၊ ကြောခြင်ကသံချောင်း ၂၅၂
၆၉ တိုးတက်ကြီးပွားလိုသူတိုင်း စာဖတ်ပါ၊ ခရီးသွားပါ ၂၅၄
၇၀ ပြေးလမ်းကြောင်းပေါ်မှာ ၂၅၉
၇၁ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပါ ၂၆၁
၇၂ ဓလေ့ထုံးစံများကို ဂရုစိုက်ပါ ၂၆၄
၇၃ အမျိုးသားမာန်နှင့်မာန ၂၆၆
– နိဂုံး

www.burmeseclassic.com

## ဆရာချစ်စံဝင်း ပြုစုခဲ့သော စာအုပ်များ


၁။ အမေနှင့် အမေအကြောင်း
ပထမအကြိမ် .... ၁၉၇၇
ဒုတိယအကြိမ် .... ၁၉၈၀
တတိယအကြိမ် .... ၁၉၈၃
စတုတ္ထအကြိမ် .... ၁၉၈၈
၂။ ပြည်သူ့ရင်သွေး .... ၁၉၇၉
၃။ အမေ့ရင်သွေး .... ၁၉၇၉
၄။ နိုင်ငံသစ်နိဒါန်း .... ၁၉၈၀
၅။ မိုးသက်မြင့်သည့်စိတ်သားများ .... ၁၉၈၀
၆။ မြတ်လယ်တို .... ၁၉၈၉
၇။ ဤခရီးနီးသလား
ပထမအကြိမ် .... ၁၉၈၆
ဒုတိယအကြိမ် .... ၁၉၈၇
တတိယအကြိမ် .... ၁၉၈၈
စတုတ္ထအကြိမ် .... ၁၉၈၉
၈။ မြတ်ပညာနှင့် သားထံပေးစာများ
ပထမအကြိမ် .... ၁၉၈၇
ဒုတိယအကြိမ် .... ၁၉၈၉
၉။ ဂျပန်လူငယ် တစ်ယောက်အကြောင်း .... ၁၉၈၉
ဒုတိယအကြိမ် .... ၁၉၉၈
၁၀။ ယနေ့ မြန်မာ့ ရုပ်သေးသဘင် .... ၁၉၉၀
၁၁။ မြန်မာလူငယ် တစ်ယောက်အကြောင်း .... ၁၉၉၀


## ဆက်လက် ထုတ်ဝေမည့် စာအုပ်များ

၁။ ယသော်ဓရာ့အလွမ်း
၂။ မြန်မာသူကြွယ် တစ်ယောက်အကြောင်း
၃။ တန်မြစ်ဝှမ်းက တစ်ကောင်ကျား
(တောင်ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအကြောင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ ချစ်စံဝင်း

စာရေးဆရာ ချစ်စံဝင်း၏ အမည်ရင်းမှာ ဦးချစ်စံဖြစ်ပါသည်။ ဆရာ ချစ်စံဝင်းသည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆) ရပ်ကွက်၊ တိုက် ၂၃၃၊ အခန်း ၁၄ တွင် နေထိုင်လျက်ရှိသည်။ ဆရာ ချစ်စံဝင်းကို ပုဲခူးတိုင်း၊ ကဝမြို့နယ်၊ ရစ်ကံကြီးရွာတွင် အဖ ဦးကျော်စိန်၊ အမိ ဒေါ်လှဆန်း တို့မှ ၁၃၀၁ ခု၊ ပြာသိုလဆန်း ၁၄ ရက်၊ တနင်္လာနေ့တွင် မွေးဖွားသည်။

ဆရာသည် ကဝမြို့နယ်၊ ရစ်ကံကြီးရွာ အရှေ့ကျောင်း သာသနဒ္ဓဇာတိက မုဒ္ဒရမ ကျောင်းထိုင်ဆရာတော် ဦးဝိရိယ၏ တပည့်ရင်းဖြစ်သည်။ ဆရာသည် ရစ်ကံကြီးရွာ အရှေ့ကျောင်း ဆရာတော် ဦးဝိရိယထံတွင် မြန်မာစာနှင့် ပါဠိစာပေ များကို ငယ်စဉ်က သင်ကြားခဲ့သည်။

ဆရာသည် ၁၉၅၄ ခုနှစ်မှစ၍ပဲခူးမြို့၊ ဆရာကြီးဦးသာဇင်၏ အထူး သဒ္ဒါသင်ကျောင်းတွင် ပညာ ဆက်လက်သင်ကြားခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။

ဆရာသည် ရန်ကင်းကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ လုပ်သားများ ကောလိပ်တို့တွင် ဆက်သက် ပညာသင်ကြားခဲ့ပြီး ဝိဇ္ဇာဘွဲ့ ရရှိသည်။ ၁၉၆၄ ခုနှစ်မှစ၍ သတင်းစာနှင့် စာပေလောကဘွင်းသို့ စတင် ဝင်ရောက်ခဲ့သည်။

ဆရာသည် သာကေတ (၄) ရပ်ကွက် အစိုးရ မူလတန်း ကျောင်းတွင် မူလတန်းပြဆရာအဖြစ်လည်းကောင်း၊ လမ်းစဉ် သတင်းဂျာနယ်တွင် အမှုဆောင် အယ်ဒီတာ အဖြစ် လည်း ကောင်း၊ တောင်သူလယ်သမား ဂျာနယ်တွင် အယ်ဒီတာချုပ် အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး၊ သုတပညာပေးစာအုပ် များကို ရေးသားခဲ့ရာ ၁၉၈၆ ခုနှစ်က 'ကျွဲခရီး နီးသလား' စာအုပ်ဖြင့် အမျိုးသား စာပေဆုကို သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်ဖြင့် ရရှိသည်။ ဆရာသည် ၁၉၈၈ ခုနှစ်မှစ၍ နိုင်ငံခြားနှင့် ဆက်သွယ်ကာ နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်း ကို စတင်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းမှ ရရှိခဲ့သော အတွေ့အကြုံများဖြင့် ဆရာသည် 'ဂျပန်လုပ်ငန်း တစ် ယောက်အကြောင်း' ဟူသော စာအုပ်ကို ရေးသားခဲ့ရာ ယင်း စာအုပ်သည် မြန်မာ့စီးပွားရေး လောကနှင့် မြန်မာလုပ်ငန်း လောကတွင် စိတ်ဝင်စားဖွယ်ရာ စာအုပ်တစ်အုပ် ဖြစ်ခဲ့၏။

ယခု 'မြန်မာလုပ်ငန်းတစ်ယောက်အကြောင်း' စာအုပ်သည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုလျက် မြန်မာတို့၏ တော်မှုစွမ်းရည်နှင့် မြန်မာ ဇာတိသွေး ဇာတိမာန်ကို ဖော်ပြရင်း မြန်မာနိုင်ငံ၏ သဘာဝ အလှတရားကို ဖော်ညွှန်းပြဆိုသော စာအုပ် တစ်အုပ်ဖြစ်ပါသည်။ ဆရာ၏စေတနာကို ဖတ်ရှုခံစား နိုင်ရန် ပန်းမျိုးတစ်ရာ စာပေမှ ထုတ်ဝေ ဖြန့်ချိလိုက်ရပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်သည် အခြားလူမျိုးတစ်မျိုးကြိုးစားအားထုတ်ပုံ၊ လုံ့လဝီရိယရှိပုံ စသည့်အကြောင်းအရာများကို ရေးသားထားသောစာအုပ်ဖြစ်၏။ ထိုသို့ရေးသားစဉ်ကပင် ကျွန်တော်သည် ထိုစာအုပ်ကိုဖတ်ကာ ကိုယ့်ကိုယ်ကို အားငယ်၍ အခြားလူမျိုးတစ်မျိုးအား အထင်ကြီးသွားမည်ကို စိုးရိမ်ခဲ့ပါ၏။

ထို့ကြောင့် ကိုယ့် အမျိုးသားတို့၏ အမှန်တကယ် ရှိသည့် ဇာတိသွေး ဇာတိမာန်ကို ဖော်ညွှန်းသော စာတစ်အုပ်ရေးသားရန် ကြံစည်ခဲ့ပါ၏။ ထိုအကြံအတိုင်း ကျွန်တော်သည် ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ် ထွက်ပြီးသည်နှင့် မြန်မာ ဇာတိသွေး ဇာတိမာန်ကို ပြဆိုသည့် ဤမြန်မာလူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ထင်ရေးသားရန် ပြင်ဆင်ခဲ့ပါသည်။

ထိုသို့ ပြင်ဆင်နေဆဲ ကာလတွင် ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်ရှုပြီးသည့်



နောက် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ကြီးပွားတိုးတက်လိုသောစိတ်၊ ကမ္ဘာ့ကုန်သွယ်ရေး လောကအား စိတ်ဝင်စားသော စိတ်တို့ဖြင့် ကျွန်တော်နှင့် လူကိုယ်တိုင်အတော်များများ လာရောက် တွေ့ဆုံကြ၍ စာအားဖြင့်လည်း လူငယ်များစွာက ရေးသားဆက်သွယ်ကြပါ၏။ ရန်ကင်းမှ ကိုအောင်ကိုးဆိုလျှင် ညနေ စင်္ကာပူသို့ ခရီးထွက်တော့မည် ရှိသည်ကို ကျွန်တော်နှင့် ထိုနေ့မနက်က မိမိနိုင်ငံ၊ မိမိလူမျိုး၊ တိုးတက် ကြီးပွားရေးအတွက် လုပ်ဆောင်လိုသည့် အကြောင်းများကို လာရောက်၍ တက်တက်ကြွကြွ ဆွေးနွေးခဲ့ပါ၏။ အလားတူပင် ဗိုလ်တထောင် မြို့နယ်မှ ဦးအောင်မြင့်က သုံးနိုင်ငံနယ်စပ်မဲခေါင် မြစ်ကမ်းတွင် စိုက်ပျိုးရေးလုပ်ဆောင်ရန် စိတ်ရောကိုယ်ပါဆွေးနွေးခဲ့ပါ၏။

ထို့အတူ ပဲခူးမြို့၊ ပန်းလှိုင်ဇာတိ ဒေါက်တာ ဦးအောင်သူကလည်း ကျွန်တော်နှင့် ၁၉၅၉ ခုနှစ်လောက်ကပင် ရန်ကင်းကောလိပ်တွင် အတူတက်ခဲ့ဖူးရာမှ ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်၍ ကျွန်တော်နှင့် တွေ့ဆုံ ဆက်သွယ်ကာ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးရာကိစ္စ အတွေးအမြင်သစ်တို့ဖြင့် ဆွေးနွေးခဲ့၏။

ဗိုလ်တထောင်မှ လူငယ်တစ်ဦးဖြစ်သူ ကိုတင်ထွန်း၊ ကမ္ဘာအေးမှ ဒီပဲရင်းသူ ဒေါ်နွဲ့ရီ နှင့် မန္တလေးမှ ဒေါ်သိန်းသိန်းတို့ကလည်း မြန်မာ စီးပွားရေး ဖွံ့ဖြိုးရန်အတွက် ချက်ချင်း လုပ်ကိုင်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို ဆွေးနွေးချက်တို့သည် ကျွန်တော့် အတွက် ဗဟုသုတများစွာ ရရှိလာခဲ့ပါ၏။ ယခု ဤစာအုပ် ရေးသားနိုင်ရေး အတွက်လည်း အားတက်ခဲ့ရပါ၏။ အထူးသဖြင့် ဝမ်းကွဲတော်စပ်သည့်ညီနောင် အသည် စကာမှ ဦးမောင်ဆောင်နှင့် သားချင်းဖြစ်သူ မိတ္ထီလာ မှ ဦးထွန်းဝေတို့ကလည်း စိတ်အားထက်သန်စွာ လာရောက် ဆက်သွယ်ခဲ့ကြပါ၏။ ကန်ရိပ်သာ လမ်းမှ ကိုသန်းထိုက်နှင့် သာဂရမှ ဦးတင်ဝင်းတို့ ကလည်း ဟင်းသီးဟင်းရွက်သာမက မိမိတို့ထံတွင် အသုံးရှိနေသော အရိုးမှုန့်နှင့် သစ်များကို ပြည်ပသို့ တင်ပို့ရေးကို ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ရေဖြူမှ ကိုစိန်တခွန်၊ မြောင်းမြမှ ကိုလှကြည်၊ ဟသာတမှ ကိုဖြေးဝင်း၊ သစ်တောလမ်းမှ ကိုသက်နိုင် ဦး၊ မိတ္ထီလာမှ ဦးအုန်းကျော်တို့ကလည်း အမျိုးသား စီးပွားရေး ဖွံ့ဖြိုးမှုကို မိမိတို့အမြင် မိမိတို့ရှုထောင့် အရမှ စိတ်ဝင်စားစွာ သုံးသပ်ခဲ့ပါ၏။ အစား အသောက်လုပ်ငန်းနှင့်ပတ်သက်၍ အတတ်သိပညာရှင် တစ်ဦးဖြစ်သူ ဦးစိန်မောင်၊ မှိုစိုက်ပျိုးရေး ကျွမ်း ကျင်သူ ဦးစောထိန်လင်း၊ ဒေါက်တာ စိုးထွန်း၊ မြင်းခြံ အောင်စက်မှုမှ ဦးတင်ထွန်းအောင် နှင့် ရွာစည်ရွာမှ ဦးအောင်သန်း စသည့် ပုဂ္ဂိုလ်များ နှင့်ကား အလုပ်စခန်းသို့တိုင် ဆွေးနွေးနိုင်ခဲ့ကြ ပါ၏။

ယခု ဤစာအုပ်ကို ရေးသားရာတွင် ယင်းကဲ့သို့ သော ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်၊ အတွေ့ အမြင်များကို တလေးတစား ထည့်သွင်းရေးသား



ထားပါသည်။ တစ်ဖန် ဂျပန် လူငယ် တစ်ယောက် အကြောင်း စာအုပ်ကို ရေးသားပြီး ကျွန်တော့် ထံ စာရေးသား ဆက်သွယ်သူများအား တတ်နိုင် သမျှ တစ်ဦးချင်းဆီ စာပြန် ခဲ့သော်လည်း ကျွန်တော် သည် ဤကာလအတွင်း ကျန်းမာရေး အခြေအနေ နှင့် ခရီးယာယီ များခဲ့ပါသဖြင့် လူစေ့ အောင် စာမပြန်နိုင်ဘဲ ရှိခဲ့ရာ လူငယ်များ၏ မေးမြန်း ချက် များကို တတ်နိုင်သမျှ ဤစာအုပ်ငယ်၌ ထည့်သွင်း ပြန်ကြားလိုက်ပါ၏။

မြန်မာလူငယ် တစ်ယောက်အကြောင်း စာအုပ် ကို ရေးသားရာတွင် စာအုပ်၏ ရည်ရွယ်ချက် အလေး အနက် ထား၍ မန္တလေးတက္ကသိုလ် ပထဝီဝင် ဌာနမှ ဆရာမကြီး ဒေါ်အမာတင်နှင့် မိသားစု၊ ရွှေပုပ္ပါး ဦးအုန်းခိုင်၊ မန္တလေးမှ စာတ်ပုံ ကိုနီအောင်နိုင် အစ ရှိသော ပုဂ္ဂိုလ်များက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် များကို ရှေ့တန်းတွင်ထား၍ ဝမ်းပန်းတသာ ကူညီ ခဲ့ကြရာ ယင်းကူညီမှုများ အတွက် အထူး ကျေးဇူး တင်ရှိကာ အလေးအနက် မှတ်တမ်း တင်အပ် ပါသည်။

ဤ စာအုပ်ကို ဂျပန် လူငယ် တစ်ယောက် အကြောင်း ဟူသော စာအုပ် ရေးသား ပြီးနောက် ထုတ်ဝေ သဖြင့် မြန်မာလူငယ်တစ်ယောက်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ဟု အမည် ပေးထားသော်လည်း ဤစာအုပ်သည် မြန်မာလူငယ် တစ်ယောက် အကြောင်း သာမက မြန်မာလူငယ် အများအပြား၏ အကြောင်း မြန်မာတို့ အကြောင်း၊ မြန်မာ ပြည်သူ တို့ အကြောင်း၊ တစ်နည်း မြန်မာ့အကြောင်း အနည်းငယ်မျှ ဖွင့်လှစ် ပြလိုက်သော စာအုပ် တစ်အုပ် ဖြစ်ပါသည်။

ထို့ကြောင့် နိဒါန်း အားဖြင့် တင်ပြရပါသော် ဤစာအုပ်သည် အမိ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက် စည်ပင် သာယာရေးကို ဆောင်ရွက်ရန် စိတ် ထက်သန်လျက် ရှိကြသော မြန်မာ လူငယ် များ အတွက် လုပ်ငန်း လုပ်ဆောင် ရာတွင် မြန်မာ လူငယ် တစ်ယောက် အကြောင်း စာအုပ်သည် တစ်စုံ တစ်ရာ အားမာန်ကို ဖြည့်စွမ်းရေး အတွက် ရည် ရွယ် ၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ရပါသည်။

ချစ်စံဝင်း

၅-၁၂-၈၉

## မြန်မာလူငယ် တစ်ယောက်အကြောင်း

ကျွန်တော်သည် ဂျပန်လူငယ်တစ်ယောက်အကြောင်း ဟူသော စာအုပ်ကို ၁၉၈၉ ခုနှစ် ဩဂုတ်လအတွင်းက ရေးသား ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် ၁၉၈၈ ခုနှစ်အတွင်းက သည်းကူးမြို့နယ်၊ ရွာသာကြီး ကျေးရွာတွင် ဂျပန်သခွား စတွေစိုက်ပျိုးစဉ်က ကျွန်တော်နှင့်အတူ သခွားစိုက်ပျိုးခဲ့သော ဂျပန်လူငယ်များ အနက်မှ တစ်ဦး၏အကြောင်းကို အခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်၏။

ထိုစာအုပ်တွင် ဂျပန်လူငယ်တို့ အလုပ်ကြိုးစားပုံ၊ ဇွဲလုံ့လ ရှိကြပုံ၊ လူကြီးမိဘစကားကို မြေဝယ်မကျ လေးစား လိုက်နာတတ်ပုံနှင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို မြတ်နိုးတတ်ပုံ၊ ကြီးမြင့်တိုးပွားလိုသောစိတ်ကို အမြဲရှေ့ရှု၍ လုပ်ဆောင်ပုံများ တို့ အလေးထား ရေးသားခဲ့ပါသည်။

ထို့ပြင် ဂျပန်လူငယ် တစ်ယောက်အကြောင်း စာအုပ်၌ လွန်ခဲ့သော ၂၆ နှစ်က အလွန်ဆင်းရဲသော ဂျပန်မိသားစု ထင်စုတွင် ဖခင်ကြီး၏ ကြိုးစားအားထုတ်မှုနှင့် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုတို့ကြောင့် နှစ်ပေါင်း ၂၀ အတွင်း ထမင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဆားဖြင့် ဆုပ်စားခဲ့ရသော မိသားစုဘဝမှ ဂျပန်နိုင်ငံတွင် သန်းကြွယ် မိသားစု၊ ကုဋေကြွယ်ချမ်းသာသော မိသားစုဖြစ်လာပုံနှင့် ဆုံးရှုံးမှုကို အချင်းအနှီးပြုလုပ်ကာ အရှေ့ကမ္ဘာ၏ ယဉ်ကျေးမှုဂုဏ်သိက္ခာမည်ကြီးခဲ့သော ဖုလဲ့အုရင်မင်း၏မြင့်မြတ်သော ... အကြောင်း အစအဆုံး ဂျပန်နိုင်ငံကို ထောင်ပေါင်းများစွာသော ဂျပန်လူမျိုးတို့၏ ညီညာသန့်စွမ်းသော လက်များဖြင့် မခိုမကပ် တည်ဆောက်ခဲ့ကြ၍သာ ဂျပန်သည် ချမ်းသာကြွယ်ဝခဲ့ကြောင်းများကို တင်ပြခဲ့ပါ၏။

ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်သည် ဂျပန်လူမျိုးတို့အပေါ် အားကျအထင်ကြီးသော စိတ်နေစိတ်ထား ဖြင့် ရေးသားခဲ့ခြင်းမဟုတ်ဘဲ၊ ဂျပန်လူမျိုးတို့ ကြီးပွားတိုးတက်ခဲ့ပုံကို တင်ပြ၍ မိမိနိုင်ငံ၊ မိမိလူမျိုး၊ တိုးတက်ကြီးပွားလိုသော ဆန္ဒဖြင့် ရေးသားခဲ့ခြင်း ဖြစ်ပါ၏။ တစ်နည်းအားဖြင့်ဆိုသော် ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်ခြင်း နှေးကွေးနေသော အမိမြန်မာနိုင်ငံအား မြန်မာလူငယ်တို့၏ ညီညာသန့်စွမ်းသော လက်များဖြင့် တစ်ဦးလက်ကို တစ်ဦးက ဆုပ်ကိုင်လျက် အမိနိုင်ငံ ... ကို ဦးတည်ကာ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

... ညီးဆိုရသော် ဂျပန်လူငယ် တစ်ယောက်အကြောင်း စာအုပ်သည် မြန်မာနိုင်ငံတွင် ယနေ့ကျင့်သုံးလာသော တံခါး ဖွင့်စီးပွားရေးဝါဒ၏ ဖွင့်ထားသော တံခါးပေါက်မှ ကမ္ဘာ့ စီးပွားရေးဈေးကွက်သို့ လှမ်းကြည့်ကာ တွေ့သမျှ မြင်သမျှ သော ဗဟုသုတကို နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ် အရင်းခံ ဖြင့် တင်ပြခြင်းလည်း ဖြစ်ပါ၏။

# ဝိုင်းစက်ညီညာစွာဖြင့်

... စာအုပ် ထုတ်ဝေပြီး မကြာမီ ရက်ပိုင်းအတွင်းမှာပင် ...မာနိုင်ငံ အရပ်ရပ်မှ ကျွန်တော့်ထံသို့ စာများ ရောက်ရှိခဲ့ ...၊ အရပ်ရပ်ဟုဆိုရာတွင် ပြည်နယ်များ၊ တောင်ပေါ်ဒေသ ...မှ တိုင်းရင်းသားလူငယ်များထံမှ စာများ ရေးကြသလို ...ကုန်၊ မန္တလေးစသော မြို့ကြီးများမှသာမက ကျေးရွာများ၊ ...ကွက်များနှင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲဝေးလံသော ...ဘို့မှလည်း စာများ ရေးသားဆက်သွယ်ခဲ့ကြပါ၏။

ထိုမျှသာမက ထိုင်းနိုင်ငံသို့ ရောက်ရှိနေကြသော မြန်မာ ...ငန်းရှင်တစ်ဦး၊ မန်နေဂျာတစ်ဦးနှင့် အာဖရိကနှင့် ဂျပန် ...ထံတုန့်ခေါက်ပြန်သွားနေသော သင်္ဘောပေါ်မှ သင်္ဘော ...တစ်ဦးနှင့် နိုင်ငံခြားရောက် သံအမှုထမ်းအချို့ထံမှလည်း ...တော်ထံ စာရေးသားဆက်သွယ်ခဲ့ပါသည်။

ကျွန်တော့်ထံစာရေးသားဆက်သွယ်သူများထဲတွင် ...နစ် ...၊ ရှစ်တန်းမှ ကျောင်းသားလူငယ်များ၊ ...ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများ၊ တွဲရလူငယ်များ၊ အသက်မွေးဝမ်းကျောင်း ပညာသင်သိပ္ပံတို့မှ လူငယ်များ၊ မူလတန်းကျောင်းဆရာ ဆရာမများနှင့် ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တက္ကသိုလ်မှ ကထိကများ၊ တပ်မတော်သားများ၊ ဝန်ထမ်းများ၊ အခြား စီးပွားရေး လုပ်ငန်းရှင်များနှင့် တောင်သူများ၊ ငရုတ်၊ ကြက်သွန် လက်လီရောင်းချနေသော လူငယ်များ၊ လက်ဖွေ့သတင်း စာရောင်းနေသော လူငယ်များ အပါအဝင် ကိုယ်ဝန်ဆောင် မိခင်တစ်ဦးလည်း ပါဝင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်သည် သူ ကိုယ်ဝန်ဆောင်ထာ[illegible] ရင်သွေးငယ်၏ အနာဂတ်ရေးကို မျှော်တွေး၍ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးရေးကို ရည်သန်ကာ စာရေး ဆက်သွယ်ခြင်းဖြစ်ပါ၏။ ထို့ပြင် ကျွန်တော့်ထံသို့ လူကိုယ်တိုင် လာရောက်တွေ့ဆုံကြ သူများလည်း ရှိပါသည်။

ကျွန်တော်သည် ရောက်ရှိလာသော စာများကို အသေးစိတ် ဖတ်ရှုခဲ့ပါ၏။ ပါဝင်သော အကြောင်းအရာများကို အသေးစိတ်လေ့လာခဲ့ပါ၏။ ကျွန်တော့်ထံစာရေးကြသည့် အချို့စာ ရေးသူများသည် ဂျပန်နှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံ တကာနှင့် ပတ်သက်၍လည်းကောင်း၊ ကျွန်တော့်ထက် အပုံကြီး ဗဟုသုတရှိသူများ ဖြစ်ကြပါသည်။ ကျွန်တော်က ဂျပန် တစ်ယောက်လောက်နှင့်သာ တွေ့ဖူး၊ ကြုံဖူး၊ ပေါင်းဖော်ဖူးရာ ကျွန်တော့်ထံ စာရေးသူများထဲတွင် ဂျပန် တစ်ရာမကနှင့် ပေါင်းသင်းလုပ်ကိုင်ဖူးသူများကိုလည်း တွေ့ရပါ၏။



စာရေးကြသူများထဲတွင် နိုင်ငံတကာ နယ်ပယ်၊ ကမ္ဘာ့ စီးပွားရေးနယ်ပယ်နှင့် မြန်မာ့ စီးပွားရေး နယ်ပယ် တို့တွင် နှစ်ပေါင်းများစွာ တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်ခဲ့သည်ကို တွေ့ရပါ၏။ ထို့ကြောင့် ကျွန်တော် အနေဖြင့် အမှန်တကယ် ဝန်ခံရသော် ကျွန်တော့် စာအုပ်ကို ယင်းပုဂ္ဂိုလ်ကြီးများ ဖတ်ရှုမိ၍ ရရှိသွားသော ဗဟုသုတထက် ထိုပုဂ္ဂိုလ်များထံမှ ကျွန်တော်ရရှိသော ဗဟုသုတက အပုံကြီး များပြားပါ၏။

ထိုသို့ဆိုလျှင် ယင်းပုဂ္ဂိုလ်များသည် ကျွန်တော့်ထံသို့ အဘယ်ကြောင့် စာရေးကြသနည်း။ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန၊ စီးပွားရေးတက္ကသိုလ်တို့မှ ဆရာ ဆရာမများ၊ ရန်ကုန်မြို့ပေါ်မှ ဆရာဝန်ကြီးများနှင့် အင်ဂျင်နီယာအချို့သည် ယင်းတို့၏ အဖိုးတန်သော အချိန်များကို ဖြုန်းတီး၍ ကျွန်တော်နှင့် ဆွေးနွေးရန် ချိန်းဆိုခဲ့ကြပါ၏။ လူငယ်များစွာသည် သူတို့၏ လက်ရေးများကို ဝိုင်းစက်ညီညာစွာ သတိထား ဂရုစိုက်ရေး သားပြီး ကျွန်တော့်ထံသို့ စာအစောင်စောင် ရေးသားပေးပို့ ကြပါ၏။

ကောလင်း၊ ဝန်းသို၊ လယ်ဝေး၊ အိမ်မဲ၊ မိတ္ထီလာ၊ ဟသာတ၊ ကောင်တွင်းကြီး၊ စဉ့်ကိုင်၊ ကျိုက်ထို၊ မော်လမြိုင်၊ မုဒုံ စသည့် နယ်တို့မှ လူငယ်များဆိုလျှင် ရန်ကုန်သို့ လာရောက်ရန် ခရီးစရိတ်မရှိ၍ ခရီးစရိတ်ကို ချေးငှား၍၊ ရန်ကုန်သို့ လာရောက် ကာ ကျွန်တော်နှင့် တွေ့ဆုံဆက်သွယ်မှုများ ပြုလုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အမိနိုင်ငံ တိုးတက်ရေးအတွက် ဂျပန်လူငယ် စိတ်ဓာတ် သူတို့ ကြိုးစားကြမည်ဟု ကတိစကားဆိုပါ၏။

ထိုသို့ ဆက်သွယ်ကြသူများထဲမှ ကျောင်းသူကလေးတစ် ဆိုလျှင်—

အန်ကယ် ဦးချစ်စံဝင်းရှင့်

**အမီး** မနက်ဖြန်တွင် စာမေးပွဲဖြေရပါမည်၊ ဒါ မယ့် ဂျပန်လူငယ် စာအုပ်ကိုဖတ်၍ သမီးရင်ထဲ ဖြစ်ပေါ်လာမှုများကို အန်ကယ့်ထံ အခု စာရေး စေဦး...ဟု ဆိုကာ ရှက်မျက်နှာမျှရှိသော မြန်မာနို ဖွံ့ဖြိုးရေးအတွက် သူကြိုးစားမည့် အစီအစဉ်များ ရေးသား၍ ပေးပို့ခဲ့ပါ၏။

အမှန်စင်စစ် ကျွန်တော့်ထံ စာရေးသူများ၊ ဖုန်းဆက် များ၊ ကိုယ်တိုင် ကိုယ်ကျ လာရောက်သူများသည် ဂျပန်လူ တစ်ယောက်အကြောင်း ဟူသော စာအုပ်နှင့် ထိုစာအုပ် အကြောင်းအရာများကို စိတ်ဝင်စား၍ ဆက်သွယ်ကြ ထက် ထိုပုဂ္ဂိုလ်များသည် မိမိတို့နိုင်ငံ၊ မိမိတို့ လူမျိုး မြတ်နိုးတွယ်တာသောစိတ်ဖြင့်သာ စာရေးဆက်သွယ်ကြ ဖြစ်ပါ၏။

မိမိတို့နိုင်ငံ၊ မိမိတို့ လူမျိုးဆိုသည်ကား အခြားမဟုတ် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး ဖြစ်ပါ၏။



မြန်မာတို့သည် မြန်မာနိုင်ငံကို တိုးတက်ဖွံ့ဖြိုးသော နိုင်ငံအဖြစ် မြင်လို တွေ့လိုကြပါ၏။ ထိုစိတ်ဓာတ်သည် မြန်မာလူငယ်များ အပါအဝင် မြန်မာပြည်သူတို့၏ ရင်တွင်း၌ တည်ရှိကိန်းအောင်းနေသော စိတ်ဓာတ်ဖြစ်ပါ၏။ ထိုအချိန်တွင် ဂျပန်နိုင်ငံ တိုးတက်ဖွံ့ဖြိုးပုံ၊ ဂျပန်မိသားစုတစ်စု ချမ်းသာကြွယ်ဝလာပုံ၊ ဂျပန်လူငယ်တစ်ဦး၏ အလုပ်လုပ်ကိုင်ပုံတို့ကို ရေးသားထားသော ရေးသားချက်အချို့ကို ဖတ်ရှုရသောအခါ မြန်မာနိုင်ငံကိုလည်း အလားတူ တိုးတက်ဖွံ့ဖြိုးလိုသော ဆန္ဒများသည် စာဖတ်သူအသီးသီးတို့၏ ရင်ဝယ်ကိန်းအောင်းဖြစ်ပေါ်လာခဲ့ပါ၏။ စာဖတ်သူတို့၏စိတ်မှာ ဂျပန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သလို မြန်မာနိုင်ငံကိုလည်း ဖွံ့ဖြိုးတိုးတက်စေလိုသော ဆန္ဒဖြစ်ပေါ်လျက်ရှိပါ၏၊ ဂျပန် မိသားစုတစ်စု ချမ်းသာကြွယ်ဝသလို မြန်မာ မိသားစုတစ်စု ချမ်းသာကြွယ်ဝလာသည်ကိုလည်း မြင်လိုလှကြပါ၏၊ ဂျပန်လူငယ် တစ်ဦး ဝီရိယစိုက်ထုတ် အလုပ်လုပ်သလို မြန်မာလူငယ်တစ်ဦး ခွန်အားစိုက်ထုတ်အလုပ်လုပ်နေသည်ကို မြင်လို တွေ့လိုစိတ်များလည်း ပွားများလာခဲ့ပါ၏။

အမှန်စင်စစ် ကျွန်တော့်ထံ စာရေးသားကြသူများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ မြန်မာချစ်စိတ်၊ မြန်မာအား မြတ်နိုးသောစိတ်တို့ကို အရင်းခံ၍သာ စာရေးသားကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလုပ်စခန်းသို့ ရောက်မည့်စိတ်ဓာတ်

ကျွန်တော် ဆယ်ဘန်းကျောင်းသားဘဝက ပဲခူးမြို့တွင် ဖြစ်ပါသည်။ ကျွန်တော်သည် နှစ်တင်ဝက်ကျိုး၍ ကျော်လာသည့်တိုင် သင်ခန်းစာများကို ဘာမှ မည်မည်ရရ မဖတ်ရသေးပါ။ အိမ်ကိစ္စ၊ ကျောင်းတွင်းရှိသော အခြားကိစ္စတို့ဖြင့်သာ အချိန်ကုန်နေရာ ကျွန်တော်က 'ဒုက္ခပါပဲ၊ ကျွန်တော်တော့ စာကို မကျက်ရသေးဘူး၊ မြန်မာစာလည်း မပြီးသေးဘူး၊ အင်္ဂလိပ်စာလည်းကျန်သေးတယ်' စသည်ဖြင့် ကိုယ့်ကိုယ်ကို အားမလို အားမရဖြင့် အမြဲညည်းညူ၍ ပြောမိပါ၏။

ထိုအခါ ကျွန်တော်၏ငယ်ဆရာ ဦးအောင်ဉာဏ်က 'တပည့် ညည်းဆာညည်းနေ၊ အခုလို ညည်းနေတာဟာ တစ်နည်း တစ်လမ်း အားဖြင့်တော့ စာကျက်ဖို့ လိုအပ်နေတယ် ဆိုတာ၊



တပည့်ရဲ့ မသိစိတ်က တပည့်ကို တိုက်တွန်းနေတာပဲ၊ ညည်းဖို့တောင် သတိမရတဲ့ သူတွေနဲ့စာရင် ငါ့တပည့်က ညည်းဖော်ရသေးတာပဲ၊ ဆက်ညည်းကွာ၊ ဆက်ညည်းရာက စာကျက်တဲ့ အထိကို ကူးသွားရင် ငါ့တပည့် အလုပ်စခန်းကို ရောက်သွားမှာပဲ' ဟု ဆိုဖူးပါ၏။

ကျွန်တော့်ငယ်ဆရာက ကျွန်တော့်အား ဤသို့ ဆုံးမသည်ကို ထိုအခါက ကျွန်တော်၏ စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်ခဲ့ပါ၏။ ထိုအခါက ကျွန်တော့်အား ဆရာသည် 'မင်းက ညည်းနေတာပဲ၊ ညည်းတာရပ်၊ စာကျက်' ဟူ၍ တိုက်ရိုက်မဆုံးမ ကောင်းလေသလားဟု ဆရာဆုံးမတာကလည်း တစ်မျိုးပဲဟု ထင်မြင်ခဲ့ပါ၏။ ဆရာက စာကျက်ရန် တာဝန် ရှိသေးသည်၊ စာ မကျက်ရသေးသည်ကို သတိရသေးသည့်အတွက် သောကရောက် နေသေးသည်ကိုပင် စာကျက်ရန် သတိမရဘဲ နေခြင်း၊ စာကျက် ရန် တာဝန်ကို မေ့နေခြင်းထက်စာလျှင် ညည်းနေတာက မဆိုး ပါဘူးဟု ဆိုခြင်းဖြစ်၏။

ထိုသို့ စာကျက်ရန် သတိရနေခြင်း၊ သောက ဖြစ်နေခြင်း သည် မိမိစာကျက်ဖို့အတွက် လမ်းစ ရှိနေခြင်းဟု ဆို၏။ ဆရာ ပြောသည့်အတိုင်း ထိုလမ်းစကိုပင် ဆွဲကိုင်၍ ကျွန်တော်သည် စာကျက်ဖြစ်ခဲ့ပါ၏။ ယခုလည်း ကျွန်တော်သည် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်၊ ကြီးပွားတိုးတက်လိုသောစိတ်တို့ဖြင့် ကျွန်တော် ထိ သားသေစာများကို ဖတ်ရှု၍ အထူး ကျေနပ်နေမိပါ၏။ ကျွန်တော်သည် ယင်းစာများကို ဖတ်ကာ ပျော်ရွှင်ခဲ့ရပါသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါကလည်း မမှားနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ရင်တွင်းဝယ် ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကို လူတစ်လုံး သူတစ်လုံး ထည်ထည်ဝါဝါ ရှိလိုသောစိတ်များ ကိန်းအောင်းနေကြပါ၏။ ထိုသို့ ကိန်းအောင်းနေခြင်းသည်ပင် အနာဂတ် မြန်မာနိုင်ငံ အတွက် ကြီးမားသော မျှော်လင့်ချက်ဟု ယူဆမိပါ၏။

ကျွန်တော့ထံ စာရေးကြသောသူများအထဲမှ စာအချို့ကို ကျွန်တော် အလေးအနက်ထား တင်ပြလိုပါ၏။

## ကျွန်မနာမည် အေးအေးသန်း

ကျွန်တော့်ထံသို့ ရောက်လာသော စာများထဲမှ တစ်စောင်ဆိုလျှင်....

အန်ကယ် ဦးချစ်စံရှင့်

ကျွန်မနာမည်မှာ အေးအေးသန်း ဖြစ်ပါတယ်ရှင့်။ အန်ကယ်ရေးတဲ့ ဂျပန်လူငယ် တစ်ယောက်အကြောင်း စာအုပ်ကို ဒီနေ့မှ အသိတစ်ယောက် လက်ဆင့်ကမ်းရျ ဖတ်ရပါသည်ရှင့်။ ဒီစာအုပ်ကို ဖြစ်မြောက်အောင် ရေးသားတဲ့ အန်ကယ့်ကို ပါးစပ်ဖျားမှမဟုတ်ပါ အန်ကယ့်ကို လှိုက်လှိုက်လဲလဲ ကျေးဇူးတင်ပါတယ်ရှင့်၊ ဒီစာအုပ်ဟာ ကျွန်မတို့ လူငယ်များအတွက် အားမာန်ရှိပြီး အားတက်စေပါတယ်။ ကျွန်မတို့ လူငယ်များ

www.burmeseclassic.com



အတွက် အားကျမှု၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို အလေးထား တိုးပွားစေချင်တဲ့ စိတ်များကိုလည်း နိုးကြားလာစေပါတယ် အန်ကယ်ရှင့်။ ကျွန်မဟာ ကျောင်းမပြီးသေးပါဘူး၊ စာသင်ဆဲ ရှိပါသေးတယ်။

အန်ကယ်ရှင့်၊ ကျွန်မတို့ မိသားစုဟာ အဖေမရှိဘဲ ရုန်းကန်နေရတဲ့ မိန်းမ စီးပွားရေး မိသားစု တစ်စု ဖြစ်ပါတယ်၊ ကျွန်မဟာ ကျွန်မတို့ မိသားစုအတွက်ရော ကျွန်မတို့ နိုင်ငံအတွက်ပါ အကျိုးရှိအောင် ကျွန်မ ကြိုးစားပါမယ်ရှင့်။ ကျွန်မနိုင်ငံ၊ ကျွန်မလူမျိုး အောက်တန်း နောက်တန်းကျ ဖြစ်မှာကိုတော့ ကျွန်မ အဖြစ်မခံနိုင်ပါဘူးရှင့်။ ကျွန်မတို့နိုင်ငံ တိုးတက်အောင် ကျွန်မ ကြိုးစားမှာပါပဲ။

အန်ကယ့်ဆီ စာရေးရတဲ့ အကြောင်း က တော့ အကြောင်းထူးရယ်လို့ တော့ ထူးထူးခြားခြား မရှိပါဘူး၊ ကျွန်မရင်ထဲက ရှိတဲ့ ခံစားရတာကို ကျွန်မ ရေးမိတာပါပဲ။ အန်ကယ်နဲ့ ပတ်သက်လို့ကတော့ အထူး ကျေးဇူးတင်ကြောင်းက လွဲပြီး မပြောတတ်တော့ပါဘူး ရှင်။

ရိုသေလေးစားစွာဖြင့်
**အေးအေးသန်း**
၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။



ဤစာတွင် ဂျပန်နိုင်ငံ တိုးတက် ကြီးပွားသည်ကို အားကျကြောင်း၊ စာတစ်လုံးမျှ မပါပါ။ ကျွန်တော် ခံစားမိသည်ကတော့ ဂျပန်လူငယ်အကြောင်း အန်ကယ်ရေးတာကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ မိသားစု၊ ကျွန်မနိုင်ငံ တိုးတက်အောင် မိန်းမသားဖြစ်တဲ့ ကျွန်မကိုယ်တိုင် ကြိုးစားပြပါမယ် ဟူသော ရန်တွေ့စာလေးများလားဟုပင် ထင်မှတ်မိပါ၏။

ကျောင်းမပြီးသေးတဲ့ စာသင်ကြားဆဲပဲဖြစ်တဲ့ ကျွန်တော့် သမီး အရွယ်ပဲ ရှိမယ့် မအေးအေးသန်းရဲ့ စိတ်ဓာတ်ကို ကျွန်တော် လေးစားစွာ ဖော်ပြလိုက်ရပါ၏။

အခြား စာလေးတစ်စောင်ကို ကျွန်တော် ဆက်၍ တင်ပြရစေ။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့လက်ရာ အမေ့လက်ရာ

ဆရာဦးချစ်စံဝင်းခင်ဗျား

ဆရာ့ကို ကျွန်တော် တစ်ခါမှမမြင်ဘူးပါ။ ကျွန်တော့်နာမည် မောင်ကြည်အေးလို့ ခေါ်ပါတယ်။ အသက် ၂၅ နှစ်ရှိပါပြီဆရာ။ ဒုတိယနှစ် ရူပဗေဒ ကျောင်းသားတစ်ယောက်ပါ။

တွေဝေမှု၊ မပြတ်သားမှု၊ သိုင်းမှိုင်းမှု၊ မစွန့်ရဲမှု စသည့် နယ်ပယ်ထဲမှာတင် တဝဲလည်လည် ဖြစ်နေတဲ့ အချိန်မှာ ဆရာ့စာအုပ်က ကျွန်တော့်ကို ပုတ်နှိုးခဲ့ပါတယ်။ ဆရာ့ရဲ့ ဂျပန်စာအုပ်ကိုဖတ်ပြီး ကျွန်တော် အလန့်တကြားနိုးထလာခဲ့ရပါတယ်ဆိုရင်မမှားပါဘူး၊ လွန်လဲမလွန်ပါဘူး၊ ကျွန်တော် ရှစ်တန်းကျောင်းသားဘဝက ပျဉ်းမနားသွားတော့ မျက်စိတစ်ဆုံး လယ်ကွင်းတွေ၊ ဖုန်းဆိုးတွေ။ ပျဉ်းမနားရောက်တဲ့အထိ မပြီးဆုံးသေးတဲ့ ရိုးမကြီးကိုကြည့်ပြီး ဒါတွေကိုဘာလုပ်ရမလဲ၊ ဒီအတိုင်းပဲ ပစ်ထားရတော့မလား၊ ဒါတွေဟာ ငါ့တိုင်းပြည်အတွက် အရင်းအနှီးတွေပဲ၊ ဒါတွေနဲ့ ငါ့တိုင်း



ပြည် ကြီးပွားရမယ်လို့ စိတ် ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ ဒါပေမယ့်လည်း စိတ်ကူးနဲ့ပဲ ပြီးခဲ့ရပါတယ်။

ဂျပန်နိုင်ငံလို တစ်နေ့မှာ တို့တိုင်းပြည်လည်း ကမ္ဘာမှာ ဝင့်ဝင့်ထည်ထည် ဖြစ်ရမယ်လို့တော့ အမြဲ ခံယူထားပါတယ်။

မနှစ်က သူငယ်ချင်းတွေ တစ်ယောက် တစ်ဆယ့်ငါး ကျပ်စုပြီး လမ်းထိပ်မှာ ဆန်ပြုတ် ပြုတ်ပြီး လှူတော့ တန်းစီပြီး စောင့်နေတဲ့ ကလေးတွေ၊ ညှိုးနွမ်းနေတဲ့ လူကြီးတွေကိုကြည့်ရင်း ကျွန်တော် ရင်ထဲမှာ ခံစားမိခဲ့ရပါတယ်။ ငါတို့ တိုင်းပြည်ဆင်းရဲလို့၊ ငါတို့တိုင်းပြည် ချမ်းသာရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ တွေးမိပေမယ့်၊ ကိုယ်တိုင်ကလည်း ထမင်း နပ် မှန်အောင် ရုန်းကန်နေရတော့ တောင်မင်း၊ မြောက်မင်း မကယ်နိုင်တဲ့ဘဝအဖြစ်က စိတ်တွေ ထွေနေချိန်မှာ 'ရိုးသားခြင်းနဲ့ ကြိုးစားခြင်းကို အရင်းပြုဟဲ့' လို့ ပြောလိုက်တဲ့ ဆရာ့စာအုပ်ဟာ ကျွန်တော့် အတွက်တော့ အားဆေးတစ်ခွက်ပါဆရာ။

ကျွန်တော်တို့အိမ်က ပန်းလုပ်ရောင်းတယ်၊ ပန်းဆိုတာက စက္ကူပန်း၊ ပလတ်စတစ်ပန်း မဟုတ်ပါဘူး။ အင်္ကျီချုပ်လို့ ပိုတဲ့ ဖြတ်စ ညှပ်စလေးတွေကို ကော်တင်မီးပူတိုက်၊ ဖြတ်ညှပ်ပြီးလုပ်တဲ့ လက်မှုပညာ သက်သက်ပါ။ ဒါကို ကျွန်တော်တို့ နွေမိုးဆောင်း လုပ်ရပါတယ်။ ဒါဟာ မိသားစု အသက်မွေးဝမ်းကျောင်းပါပဲ၊ လက်

www.burmeseclassic.com

www.burmeseclassic.com



ရာကတော့ အမေ့လက်ရာ တွေပါ၊ ဈေးကွက်က
ထစ်ဆင့်ရောင်းရတော့ စိတ်ကြိုက်လည်းမလုပ်ရဘဲ ဈေး
ချေကိုက်သလိုပဲ လုပ်ရပါတယ်။ မင်္ဂလာဆောင် ကတ်
ပြားလေးတွေ ထိုးဖို့လောက်သာ အဝယ်များပါတယ်။
တကယ်တော့ ဒီလုပ်ငန်းလေးဟာ မြန်မာ့လက်ရာလုပ်
ငန်းလေးပါ၊ ဆရာခင်ဗျာ၊ ကျွန်တော်ကတော့ ဒီမြန်မာ့
လက်ရာ အမေ့လက်ရာကို ကမ္ဘာအထိ ဖြန့်မယ်လို့
ပိုင်းဖြတ်ထားပါတယ်။ သူတို့ဈေးကွက်ဝင်အောင်တော့
ကျွန်တော် ကြိုးစားရပါမယ်။ အမေ ထိုးတဲ့ အမေ့
လက်ရာလေးနဲ့ တစ်ထောင့်တစ်နေရာကနေပြီး မြန်မာ
ဆိုတာကို ကမ္ဘာက သိစေရမယ်ပေါ့ ဆရာခင်ဗျား။

ဆရာ ရွှင်လန်းချမ်းမြေ့ပါစေ
**မောင်ကြည်အေး**
(၃၆) ၁-လမ်း၊ ၆-ရပ်ကွက်၊ အနော်ရ
သာကေတမြို့၊ ရန်ကုန်။

ကျွန်တော်သည် ဤစာလေးကို အခေါက်ခေါက် ဖတ်ပါ
သည်။ ဤစာတွင် မောင်ကြည်အေး၏ စေတနာသည် ပေါ်လွင်
နေပါ၏။ မောင်ကြည်အေး ခံစားချက်သည် ပေါ်လွင်နေပါ
၏။ ထိုစာကို ဖတ်တိုင်းလည်း ထိုခံစားချက်များကို ကျွန်တော်
ခွဲဝေခံစားရပါသည်။ မောင်ကြည်အေး၏ နိုင်ငံချစ်စိတ်၊ မျိုး
ချစ်စိတ်တို့အတွက်လည်း အားရကျေနပ်ရပါသည်။

## ခိုးထိအောင်လျှောက်မည့် ခြေလှမ်းများ

ကျွန်တော် အခြားစာတစ်စောင်ကိုလည်း ဖော်ပြလိုပါသည်။
အမှာ စီးပွားရေး တက္ကသိုလ်ကျောင်းသားမှ လက်
ဆောက်ကထိက ဒေါ်ရီရီထံမှ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့်
ရေးသားလိုက်သော စာဖြစ်ပါ၏။

ဆရာ ဦးချစ်စံဝင်းရှင့်

ဆရာ၏ 'ဂျပန်လူငယ် တစ်ယောက်အကြောင်း'
စာအုပ်ကို ယခုပင် ဖတ်ရှုရ၍ ပြီးပြီးချင်း ဆရာ့ထံ
ဤစာကို ရေးမိပါတယ်။ ဆရာ့စာအုပ်ကို ဖတ်ရတာ
အလွန်ပဲ အားရ၊ အားကျမိပါတယ်။ ဘာ့ကြောင့်လဲ
ဆိုရင် ဂျပန်တို့ရဲ့ တိုးတက်မှု၊ တိုးတက်မှုနဲ့အညီလိုက်
နိုင်သော ရိုးရာအစဉ်အလာ ထိန်းသိမ်းမှု၊ တစ်ဖက်တွင်
တိုးတက်မှု အစဉ်အလာ ထိန်းသိမ်းမှုကို တွန်းအား
ပေးနေသော စီးပွားရေး ဖွံ့ဖြိုးမှုတွေကို အားကျခဲ့တာ
ကြာပါပြီဆရာ။ ဒီလိုအားကျတာဟာ ဘယ်သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အခု သူတို့အကြောင်းဟာ အားကျစရာချည်းပါပဲ
ဂျပန်က အားလည်းကျသင့်ပါတယ်။ အားကျတယ်
ဆိုတာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် လမ်းစရှာ
အားကျတာမျိုးပါ ။ အခြားလူမျိုးတစ်မျိုးကို အလကာ
အထင်ကြီးနေတာမျိုး မဟုတ်ပါဘူး။ ဒါကို ပြည်သ
အများစု လက်ခံလာအောင်၊ မြင်လာအောင် ဆရာ
ကြိုးပမ်းထောင်ရွက်ခဲ့တာကို ကျွန်မ သိပ်ဝမ်းသာမိပါ
တယ် ဆရာ၊ အခုဟာ ပထမဦး ခြေတစ်လှမ်းဖြစ်ပါ
တယ်။ နောက်ထပ် ခြေလှမ်းများစွာ လှမ်းဖို့ပါသေး
ဆရာ၊ ဒါဆို ကျွန်မတို့ နိုင်ငံအတွက် အများဆုံး
အထောက်အကူရမှာပါ။ ဂျပန်နိုင်ငံလိုပဲ နိုင်ငံငယ်
သယံဇာတမျိုး မစုံတဲ့အပြင် သဘာဝရဲ့ ဘေးဒဏ်
အောက်မှာ ပြားပြားဝပ်ခဲ့ရတဲ့ နယ်သာလင်နိုင်ငံမှာ
ကျွန်မ ပညာသင်ခဲ့ဖူးပါတယ်။ သူတို့လည်း
သူတို့နည်း သူတို့ဟန်နဲ့ ကြိုးစားနေကြတာပါပဲ......
ဆရာရှင့်၊ တံခါးဖွင့်လာတဲ့ ကျွန်မတို့ရဲ့ စီးပွား
ရေး တံခါးဝကနေပြီး ကျွန်မတို့ဟာ ခြေလှမ်းသ
တွေ မှီးထိအောင် လျှောက်ကြရမယ်။ အဲဒီခြေလှမ်းတွေ
ဟာ ဘယ်သူ့အတွက်မှ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံ
ကျွန်မတို့လူမျိုး၊ ကျွန်မတို့ရဲ့ တပည့်၊ ကျွန်မတို့ရဲ့
သားသမီး၊ ကျွန်မတို့ရဲ့ သားစဉ်မြေးဆက်အတွက်ပါ
ကျွန်မတို့နိုင်ငံက သဘာဝ သယံဇာတတွေ ပေါတယ်
သူတို့ဆီက TECHNOLOGY ရယ်၊ ဂျပန်တွေဆီက



TECHNOLOGY နဲ့ အတူပါလာတဲ့ သူတို့ရဲ့ အင်မ
တန် တန်ဖိုးရှိတဲ့ စိတ်နေစိတ်ထားကို မြင်အောင်ကြည့်၊
ရအောင်ယူပြီး ကျွန်မတို့ နိုင်ငံအတွက် အသုံးချရရင်
တော့ ကျွန်မတို့ဟာ အမြတ်ဆုံး ဖြစ်မှာလို့ ကျွန်မယူဆ
ပါတယ်။ ဒီတော့ ဆရာ့စာအုပ်ရဲ့ ကျေးဇူးကြောင့်
ကျွန်မတို့ ကြည့်ပြီလား၊ မြင်ပြီဆိုရင် ကျွန်မတို့ကြိုးစား
ဖို့တာဝန်ပဲ ကျန်ပါတော့တယ်ဆရာ၊ ကျွန်မရဲ့လက်၊
ဆရာ့လက်၊ ကျွန်မတပည့်တွေရဲ့လက်၊ ဆရာ့ သား
သမီး၊ ကျွန်မသားသမီး၊ ကျွန်မတို့ လူငယ်တွေရဲ့ လက်
တွေဟာ မိမိရရ ဆုပ်ကိုင်ပြီး မြင့်မြတ်တဲ့ နိုင်ငံချစ်စိတ်၊
မျိုးချစ်စိတ်တွေနဲ့ ကြိုးစားလိုက်ရင် ကျွန်မတို့ နိုင်ငံ
ဟာ မုချ တိုးတက်မှာ သေချာပါတယ်ဆရာ။ ဒီအချက်
ကို လူငယ်အများစုကလည်း ကောင်းကောင်းသဘော
ပေါက်ကြဖို့ လိုပါတယ်။ လူငယ်တွေဟာ သူတို့ နိုင်ငံ
ဖွံ့ဖြိုးရေးအတွက် သဘောပေါက် နေကြဖို့လိုလည်း
ကျွန်မယူဆပါတယ်။

ဆရာ့ ဂျပန်စာအုပ်ထဲမှာ ရေးပြတဲ့ စိတ်ဓာတ်နဲ့
ကိုယ်ကျင့်တရားတွေဟာ ဘဝအတွေ့အကြုံတွေ
မှာ ဖြေရှင်း ခက်ခဲ ဆုံးရှုံးမှုတွေ ရရင်တောင်
ပြန်မတ်ပြီး ထူနိုင် ထနိုင်ဖို့အတွက် အလွန် အထောက်
အကူပြုတဲ့ အင်အားဖြစ်မယ့် အစွမ်းသတ္တိ ပေးနိုင်တဲ့
ဩဇာရှိတဲ့ ကြီးမားတဲ့ စာပေရဲ့ အကျိုးသက်ရောက်မှု
တွေပါဆရာ။

www.burmeseclassic.com

www.burmeseclassic.com



နေ့စက်ဆုံးတော့ တိုင်းပြည်က စီးပွားရေးတံခါးဖွင့်လိုက်ပြီး၊ ဖွင့်ထားမှုကို အကျိုးရှိအောင် ကျွန်မတို့သုံးကြရမယ်။ စာလည်းရှည်သွားပါပြီဆရာ။ ကျွန်မမှာလည်း သားနှစ်ယောက်ရှိပါတယ်။ ဒီသားတွေကိုလည်း နိုင်ငံအတွက် အမွေကောင်းတွေ ပေးပြီး ဒီသားတွေဟာ နိုင်ငံရဲ့ သားကောင်းရတနာတွေဖြစ်ကာအမိနိုင်ငံရဲ့ ဂုဏ်ကျေးဇူးကို သိတတ်ဖို့ ဆရာ့စာအုပ်ဟာ အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

ဆရာ့ စာအုပ်ဟာ အလွန်လည်း ကျေးဇူးကြီးလှပါတယ်ဆရာ၊ အဆင်ပြေတဲ့ တစ်နေ့မှာ ဆရာ့ထံကိုယ်တိုင်လာရောက် တွေ့ဆုံနိုင်ဖို့ ကျွန်မ မျှော်လင့်ရည်မှန်းထားပါတယ်၊

ဆရာ့အား လေးစားကျေးဇူးတင်စွာဖြင့်

ရို

ဆရာမက ကျွန်တော့် စာအုပ်ကြောင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ နိုးကြားခဲ့သည်ဟု ဆိုပါ၏။ တကယ်တော့ကျွန်တော်ကိုယ်တိုင်သည် ကျွန်တော့်ကိုယ် ကျွန်တော်၊ ကျွန်တော့်ရင်တွင်းမှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို ပိုမို ခိုင်မြဲရင့်သန်စေရန် သံမဏိသားကျအောင် လေ့ကျင့်ရာတွင် ဆရာမ၏ ပေးစာကို အကြိမ်ကြိမ် ဖတ်ရှုခဲ့ရပါ၏။

## တစ်ကိုယ်တော် ပြေလည်မှုရှိသော်လည်း

နှံတော်သည် အခြားပေးစာ တစ်စောင်ကို တင်ပြလိုသေး၏။

ထိုစာသည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့မှ ပေးပို့သောဖြစ်ပါသည်။

နေ့စွဲ၊ ဗန်ကောက်၊ ၁၅၊ ၉၊ ၈၉

ဆရာ ဦးချစ်စံဝင်း ခင်ဗျား၊

'ဆရာ၏ ဂျပန်လူငယ်တစ်ယောက်အကြောင်း' စာအုပ်ကို ဗန်ကောက်ပြန်ရောက်ခါမှ ရင်းနှီးသူ မိတ်ဆွေလူငယ်တစ်ဦးထံမှ လက်ဆင့်ကမ်းဖတ်ရှုကြည့်ရာ ဆရာ၏ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ထားရှိသော စိတ်စေတနာများကို များစွာ ချီးကျူးဂုဏ်ယူမိပါ၏။ ဆရာ၏ စေတနာကို လက်တွေ့လုပ်နေသောအလုပ်နှင့် ယှဉ်၍ လေ့လာမိရာ များစွာ စိတ်ထက်သန်လာပြီး အားလည်းကျမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြည်ပမှာ ရောက်နေတာ ၆ နှစ်ကျော်
၇ နှစ်ရှိပါပြီ။ တစ်ကိုယ်တော် အဆင်ပြေမှုတော့ ရှိ
သည်။ ဒါပေမယ့် မြန်မာနိုင်ငံတော်ကို အကျိုးပြု
နိုင်ခဲ့တော်နှင့် မြန်မာပြည်သားအများအပြားတို့ တ
ကြီးပွားစေမယ် လုပ်ငန်းမျိုးတော့ ဒီနေ့အထိ ထိ
ရောက်ရောက် ဆောင်ရွက်နိုင်မှုမရှိလှသေး၍ ကိုယ့်ကို
ကို အားရကျေနပ်မှုမရှိလှပါ။ နိုင်ငံတော်က တံ
ဖွင့်ဝါဒ ကျင့်သုံးပြီဖြစ်၍ မကြာမီ တစ်ချိန်ချိန် အိမ်ပြ
ရလျှင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားမည့်အလု
အထူးသဖြင့် မြန်မာ့သဘာဝထွက်ရှိမြေ သယံဇာတ
ပစ္စည်းများကို အသုံးချပြီး ခေတ်မီနည်းပညာနှင့် ထု
လုပ်၍ ပြည်တွင်းဈေးကွက်ရော အထူးသဖြင့် နိုင်ငံခြ
ငွေရရှိမည့် ပြည်ပဈေးကွက်ပါ ပို့နိုင်မည့် ပစ္စည်းထု
လုပ်ရောင်းချရန် အစီအစဉ်အချို့လည်း စီမံ စိတ်က
ထားပါသည်။

ကျွန်တော် ရင်တွင်းက ဆန္ဒမှာ တစ်ဦးတော
တစ်ယောက်ကောင်း၊ ကောင်းစားရေး အတွက်မဟု
ပါ။ အားလုံးကောင်းစားလိုပါ။ မြန်မာ့ရေမြေသဘာ
သယံဇာတ စွမ်းအားကို အသုံးချပြီး အခြားနိုင်ငံများ
နှင့် ရင်ဘောင်တန်း စီးပွားဖြစ် တိုးတက်စေချင်လို
ပဲ ... ရေးသားချက် အားလုံးလိုလိုပ
စိတ်ဆန္ဒ စေတနာမှန်ကန်ထက်သန်ပြီး အစဉ်အဆ
ထိန်းအပ်သည့် ကျင့်ဝတ်စည်းကမ်းပိုင်းပါ ပြည့်စုံသ



မှာ ထင်မြင်ပါသည်။ ကျွန်တော် ဒီမှာရှိနေစဉ် ကမ္ဘာ့စီးပွားရေး မြန်မာ့ဝင်ဆန့်ခံရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်တော် ဆောင်ရွက်ပေးနိုင်တဲ့ကိစ္စရှိရင် ခိုင်းပါ။ တာဝန်ပေးပါ၊ သစ္စာရှိရှိ တာဝန်သိသိဖြင့် ဦးလည်းမသုံ ဆောင်ရွက်ပေးပါမည်။

သစ္စာရှိစွာဖြင့်

**U WIN PE**
Marketing Officer
Skyline Tradine Ltd
Chan Roan Bangkok
10120. Thailand

မြန်မာနိုင်ငံသား အများအပြားသည် မြင်မသို့ ရောက်ရှိနေကြပါ၏။ ပြည်ပ ရောက်ရှိနေကြသူများသည် မြန်မာနိုင်ငံကို မချစ် မနှစ်သက်တဲ့ အခြား ကမ္ဘာကို အထင်ကြီးသူများမှတ်ထင် စွဲလမ်းနေသူများလည်း ရှိပါ၏။ မည်သို့ပင်ဖြစ်စေ၊ တစ်ကိုယ်တော် ထွက်ပေါက်ရရှိသည့်တိုင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ် ကြီးမားသော သံယောဇဉ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်မျိုးနှင့် ဖက်သက်လာပါက ကြီးပွားချမ်းသာစေလိုသော စိတ်ဓာတ်သည် ဘယ်နေရာသို့ပင်ရောက်ရောက်၊ အနည်းနှင့်အများရင်ထဲ၌ ကိန်းအောင်း တည်ရှိတတ်စမြဲပင် ဖြစ်ပါ၏။

ကျွန်တော်သည် ထားဝယ်၍ ရောဝတီတိုင်း ပုန်းဘာနော်မြို့နယ် လူငယ်တစ်ဦးထံမှ စာတစ်စောင်ကို ဖော်ပြလိုပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com

## ဘိုင်းအုပ်စုက နိုင်ငံကို တိုးတက်ချင်သူ

ဦး၊ ခင်ဗျား

လေးစားမှုများစွာနဲ့ စာရေး လိုက်ပါတယ်။ ရှေ့ဆက်လို့ စာမရေးမီ ဦးနဲ့ ဦးမိသားစုအားလုံးအတွက် အရာရာ အကောင်းဆုံး ရှိပါစေ။

စာရေးရခြင်းအကြောင်းကတော့ ဦးရေးတဲ့ ‘ဂျပန်လူငယ်တစ်ယောက်အကြောင်း’ ဆိုတဲ့ စာအုပ်ကို ဖတ်ရပြီး ဦးကို ကျေးဇူးတင်ကြောင်း ဒီစာအုပ်ကိုဖတ်ရပြီး ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်တဲ့ အင်အားတွေ ရခဲ့ပါတယ်။

ကျွန်တော်ဟာ အလုပ်ကိုအတော်ပဲ လုပ်ချင်ပေမယ့် အရင်းအနှီးမရှိခဲ့ပါဘူး။ အခုလည်း ရှိသလားဆိုတော့ မရှိပါဘူး။ ဒါပေမယ့် ဦးရဲ့စာကိုဖတ်ပြီး အသိတရားတွေရခဲ့ပါတယ်။ ဇွဲ လုံ့လ ရိုးသားမှုကို အခြေတည်ပြီး လုပ်ဆောင်ရင် တစ်နေ့ ဖြစ်ရမယ်လို့ဆိုတဲ့ စိတ်ဓာတ်လည်း ကျွန်တော့်ရဲ့ရင်ထဲမှာ ကိန်းအောင်းလာခဲ့ပါပြီ။

ဂျပန်တွေ အလုပ်လုပ်တဲ့အကြောင်းနဲ့ ဂျပန်နိုင်ငံ တိုးတက်မှုကို ကျွန်တော်စိတ်ဝင်စားတာ ကြာလှပါပြီ။ ကျွန်တော်ဟာ ဆင်းရဲသားစစ်စစ်ပါ။ လယ်သမားပါ။



အခုဆိုရင် အသက် ၂၇ နှစ် ရှိပါပြီ။ ဒီနေ့အထိ လယ်သမားဘဝနဲ့ နိုင်ငံတာဝန်ကို လုပ်နေရတာကို တာဝန်ကျေရုံလောက်သာ လုပ်နေရခြင်းလို့ပဲ ယူဆပါတယ်။ ဦးစာအုပ်ကိုဖတ်ရပြီး ကျွန်တော့်အလုပ်တွေ တိုးလုပ်ဖို့စိတ်အားထက်သန်မှုတွေ တိုးပြီး ဖြစ်ခဲ့ရပါတယ်။

ဦး ဒီစာအုပ်မျိုးတွေများများရေးပေးပါ။ လူငယ်တွေ အလုပ်လုပ်ချင်တဲ့ စိတ်တွေ တိုးလာအောင်လို့ပါ။ ကျွန်တော့်ရဲ့ အားငယ်တဲ့ စိတ်ဓာတ်ဟာ ဒီစာအုပ်ကို ဖတ်ရပြီး အားသစ်တွေ တက်လာခဲ့ရပါတယ်။

နောက်ဆုံး ကျွန်တော်ပြောချင်တာက ကျွန်တော် ဂျပန်နိုင်ငံကို စိတ်ဝင်စားတာကလည်း ကျွန်တော့် နိုင်ငံ တိုးတက်ချင်လို့ပါ။ ရှီရှီဒိုးကို အားကျလေးစားတာကလည်း မြန်မာနိုင်ငံမှာ ရှီရှီဒိုးလို လူငယ်တွေ ပေါ်ပေါက်စေလိုတဲ့ စေတနာပါ။ ဦးစာအုပ်ကို သဘောကျတာကလည်း ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်တိုးတက်ချင်လို့ပါပဲ။ ဘာပဲဖြစ်ဖြစ် ဦးရာ၊ ကျွန်တော်လေ ကျွန်တော့်လူမျိုး၊ ကျွန်တော့်နိုင်ငံကို တိုးတက်ချင်ပါတယ်။

လေးစား ကျေးဇူးတင်စွာဖြင့်

စောနေထွေး

ဘဝိုင်းအုပ်စု၊ ဦးတိုကျေးရွာ

ပန်းတနော်မြို့နယ်

ဧရာဝတီတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်ခေတ္တာနေလွင်သည် ကရင်အမျိုးသား လူငယ်တစ်ဦးဖြ ထင်ရှားပါ၏။ လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသော လယ်သမား လူငယ် တစ်ဦးလည်း ဖြစ်ပါ၏ မောင်ခေတ္တာနေလွင်သည်လည်း သူ့နိုင်ငံကို သူ တိုးတက်စေလို သောဆန္ဒများ သူ့ရင်ဘွင်းဝယ်အပြည့်အကျပ်ရှိသည်ကို သူ့စ ထဲတွင် တွေ့မြင်နေရပါ၏။

## အားမာန်ထုတ်၍ အလုပ်လုပ်ရန်အသင့်

အလားတူပင် ကချင်ပြည်နယ် မိုးညှင်းမြို့ နှစ်ခါသောင်ရုပ်မှ ကိုဇော်ဝင်းလတ်၊ တောင်ငူမြို့ ချမ်းသာကြီးဘုရားလမ်း အိုးကုန်းရပ်မှ ကိုမောင်သန်း၊ သီရိလမ်း စမ်းချောင်းမှ ကိုဇော်မင်း လယ်ဝေးမြို့ ဈေးအနောက်ကျက်တန်းမှ ကိုခင်မောင်ထွန်း၊ ကိုခင်မောင်စိုး ကိုဇော်လင်း ကိုသိန်းရွှေ ကိုထွန်းအောင်နှင့် ကိုတင်ဝင်း၊ တောင်ငူမြို့ ပြည်ထောင်သစ် ရပ်ကွက်မှ မောင်ဝင်းခိုင်၊ ကသာမြို့ ရပ်ကွက် ၅ မှ ကိုအေးမောင်၊ မိတ္ထီလာ ဆောက်လုပ်ရေး တပ်ဆွယ်မှ ဦးချမ်းသာ၊ ၃၁ လမ်း ရန်ကုန်မြို့မှ မောင်သန်းထိုက်စိုး၊ မြောင်းမြမြို့ ရေမိုးကုန်းမှ မောင်မြင့်ကျော်၊ ရွှေဘောင်မြို့ ချည်ထည်စက်ရုံမှ မောင်ဆောင်းထိုက်၊ တနင်္သာရီတိုင်း ထားဝယ်မြို့ သုခလမ်းမှ ကိုစိုးလွင်စိုးတို့ကလည်း ကျွန်တော် ထံ စာများရေးသားကြရာတွင် အမိမြန်မာနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသည်။ ထိုသို့ အမိနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ကျရာတာဝန်ကို အားမာန်ထုတ်၍ အလုပ်လုပ်ရန် အဆင်သင့်ဟု ဆိုကြပါ၏။

ရာနှင့် ချီသော စာများတွင် အားလုံးသော စာရေးဆက်သွယ်သူတို့က အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ၊ အလုပ်လုပ်ကြပါမယ်ဟု သန္နိဋ္ဌာန်ပြု ထားကြသည်သာ ဖြစ်ပါ၏။

ရန်ကုန်မြို့၊ ပန်းဆိုးတန်းမြို့နယ်၊ ကုန်စျေးတန်း လမ်း မချိုမာညွန့်ဆိုလျှင်—

ဦးလေး ဦးချစ်စံရှင့်။

သမီးအသက် ၁၉ နှစ်ရှိပါပြီ၊ သမီးတို့ မိသားစုမှာ သမီး အသက်အငယ်ဆုံးပါ။ သမီး မြန်မာပြည်ကိုချစ်ပါတယ်၊ မြန်မာပြည်သူပြည်သားတွေကို ရိုးသားကြိုးစားကြသူများအဖြစ် သမီး သိပ်ဖြစ်စေချင်ပါတယ်။ သမီးတို့နိုင်ငံဟာ တစ်နေ့သောအခါ မုချကြွယ်ဝချမ်းသာတဲ့ နိုင်ငံဖြစ်ရပါမယ်။ သမီးဘို့ဆရာ အမြဲပြောတဲ့ စကားတစ်ခုအရ ပြောရရင် "There is nothing impossible under toe SUN" လို့ပဲ ပြောချင်ပါတယ်။ ဒါ့အပြင် သမီးကတော့ ယခုခေတ်မှာ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်း အလုပ်လုပ်နိုင်ဖို့အတွက် လူမှုရေးယဉ်ကျေးမှုနယ်ပယ် အသီးသီးမှာပါ သင့်လျော်တဲ့ လွတ်လပ်ခွင့်တွေ ပေးလာရပါမယ်လို့ ထင်မြင်ယူဆပါတယ်ဟု ရေးသားခဲ့ပါ၏။

မချိုမာညွန့် ရေးသားသောစာမှာ အရှည်ကြီးဖြစ်ပါသည်။ ဤသမီးငယ်စာမှာ အရွယ်နှင့်မလိုက်အောင်ပင်အတွေးအခေါ်များ၊ ထင်မြင်ယူဆချက်များ ပါဝင်ပါသည်။ ဖတ်ရသူကို အမှန်တကယ် အားထက်စေခဲ့သော စာတစ်စောင် ဖြစ်ပါသည်။

## နိုင်ငံတိုးတက်စေဖို့ အရင်း ၇၅၀ ကျပ်

အခြား တင်ပြလိုသော စာကလေး တစ်စောင်ကား မောင်မြသွင်ထံမှ ပေးပို့သော စာဖြစ်ပါ၏။ ထိုစာလေးကိုဖတ်တိုင်း ကျွန်တော်သည် တုန်လှုပ်စွာ ခံစားမိသောကြောင့် ဤစာကို အလေးထား တင်ပြရခြင်း ဖြစ်ပါသည်။ ထိုစာတွင်—

ဦးလေး ဦးချစ်စံဝင်းခင်ဗျား။

ကျွန်တော် ဒီစာကို လေးစားရိုသေစွာ ရေးရပါသည်။ ကျွန်တော်သည် ဦးလေး၏ ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်ရှု၍ ဂျပန်လူငယ်များလို ကြိုးပမ်း တိုးတက်လိုသောစိတ်ဖြစ်ပေါ်လာရပါသည်။ ကျွန်တော်၏ အသက်သည် ၁၃ နှစ်ရှိပါပြီ။ ငယ်စဉ်က ကျန်းမာရေး မပြည့်စုံခဲ့ပါ။ ယခုလည်း ကျန်းမာရေး ချို့တဲ့ပါသည်။ သို့သော်လည်း အလွန်အမင်းကြီး ချို့တဲ့တာလည်း မဟုတ်ပါဘူး။ ကျွန်တော်က ကျောင်းသားပါ။ ခုနစ်တန်းတွင် ပညာ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားနေပါသည့် ဦးခင်ဗျား၊ ကျွန်တော် စာကြိုးစားပါသည်။ သို့သော် စာတော်သူ တစ်ဦးလည်း မဟုတ်ပါ။

ဦးရဲ့စာအုပ်ကိုဖတ်ရတော့ ကျွန်တော် နိုင်ငံကိုလည်း ဂျပန်နိုင်ငံလို တိုးတက်စေချင်ပါသည်။ တစ်ခါတစ်ရံ ကျွန်တော်သည် ဂျပန်သားတစ်ဦးနှင့် တွေ့၍ ထိုဂျပန်သား၏ အကူအညီဖြင့် မြန်မာနိုင်ငံကို ချမ်းသာအောင် လုပ်ခဲ့ဖူးပါသည်။ တစ်ခါတစ်ခါတော့လည်း ဝိဇ္ဇာ၊ ဇော်ဂျီတို့၏ အကူအညီများနဲ့ မြန်မာနိုင်ငံ ချမ်းသာ တိုးတက်အောင် ကျွန်တော် စိတ်ကူးပါသည်။

ဘယ်စိတ်ကူးနဲ့မှ တိုင်းပြည် မချမ်းသာလာပါ။ ဂျပန်သားတွေ ဇော်ဂျီတွေနဲ့လည်း တွေ့ခွင့်မရခဲ့ပါ။ ဦးရဲ့စာအုပ်ကိုဖတ်ပြီး ဂျပန်သားတွေ၊ ဇော်ဂျီတွေကို အားကိုး၍မရ၊ ကိုယ့် နိုင်ငံ ကိုယ်တိုးတက်စေလိုပါက ကိုယ့်ဘာကိုယ် ကြိုးစားပါမှ တိုးတက်မည်ကို သိလာရပါသည်။

ကျွန်တော် နာမည် မောင်မြသွင် ဖြစ်ပါသည်။ ကျွန်တော့် အဖေနာမည်က ဦးမြသွင် ဖြစ်ပါသည်။ ကျွန်တော်ကို အဖေတူသားဟု သူငယ်ချင်း များက ခေါ်ကြပါ၏။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့် နာမည်နှင့် အဖေ့နာမည် တူနေလို့ပါ။

ဦးရေ…သူများနိုင်ငံတိုးတက်တာတွေတော့ မြန်မာနိုင်ငံလည်း တိုးတက်စေချင်ပါတယ်။ သူများနိုင်ငံ



တိုးတက်တာတွေကို နိုင်ငံခြား စာအုပ် တွေထဲမှာ၊ ဂျပန်တုသတင်းတွေမှာ တွေ့ရတာပါ။ ဗီဒီယိုကားတွေ ကြည့်ရင်လည်း တွေ့ရပါတယ်။ အလျင်က ကျွန်တော် ရန်ကုန်ကို မရောက်ဖူးပါ၊ ရန်ကုန်ကို မရောက်ဖူးခင်ကတော့ ရန်ကုန်ဟာ နိုင်ငံခြားလိုပဲလို့ အထင်ကြီးခဲ့ပါတယ်။ အဖေနဲ့အတူ ရန်ကုန် ရောက်ဖူးတော့ ရန်ကုန်က ကျွန်တော်တို့ မန္တလေးလောက်တောင် အိမ်ကြီး အိမ်ကောင်းတွေ မရှိတာကို တွေ့ရတော့ ပိုပြီး စိတ်မကောင်း ဖြစ်သွားရပါတယ်။

ဦးရေ…ကျွန်တော့်မှာ ပိုက်ဆံက စုထားတာ ငွေ ၇၅၀ လောက် ရှိပါတယ်။ ဒီပိုက်ဆံက ကျွန်တော်တို့ နိုင်ငံတိုးတက်အောင် လုပ်ဖို့ဆိုပြီး စုထားတာပါ။ အခု အဲဒီပိုက်ဆံ ၇၅၀ ကျပ် ကျွန်တော့်မှာ ရှိပါတယ်။ ကျွန်တော်ဘာမှ မသုံးပါဘူး။ မြန်မာနိုင်ငံ တိုးတက်ဖို့အတွက် ကျွန်တော် အဲဒီပိုက်ဆံ ၇၅၀ ကို ဦးကို ပေးပါမည်။ ဒီထက်ပိုပြီးတော့လည်း မတတ်နိုင်ပါ၊ ဒါသာ တတ်နိုင်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကို တိုးတက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ဦးက ကျွန်တော့်အား ညွှန်ကြားပါ။ ကျွန်တော်လုပ်ပါမယ်။ ကျွန်တော်ကတော့ ကျွန်တော့် ပိုက်ဆံကို စီးပွားရေး တိုးတက်အောင် လုပ်တဲ့နေရာမှာသာ သုံးလိုပါတယ် ဦးရေ့။ ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်တာချင်း အတူတူ ကျွန်တော်တို့ လူမျိုး ဆင်းရဲနေတာကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မခံချင်ပါ။ ဦးစာအုပ်ကိုဖတ်ပြီး ဦးကို ကျွန်တော် အားကိုးပါတယ်။ မြန်မာနိုင်ငံ တိုးတက်ဖို့အတွက် ဦးလုပ်စရာရှိရင် ကျွန်တော့် ဗိုက်ဆံ ၇၅၀ ကို ဦးယူပြီး သုံးပါ။

ဦး၊ နေ့စက်စာအုပ်ရေးရင်လည်း၊ သဘင်းစာကနေ ကြော်ငြာပါ။ ဒါမှ စာအုပ်ထွက်မှန်း ကျွန်တော်တို့ သိရပြီး ဝယ်လို့ရမှာပါ။

ဦး ကျွန်တော့် ထံ စာပြန်ကြားပါက အောက်ပါ လိပ်စာအတိုင်း ပြန်ရန် ရိုကျိုးစွာ စာရေး အစီရင်ခံ အပ်ပါသည် ခင်ဗျား။

ဦးအား ရှိခိုးသေးစားစွာဖြ
မောင်မြသွ
၂၆၊ ဘီ
မန္တလေးမြို့

## လေယာဉ်နှင့်ပင် ကြွချချင်ပါသည်

ဤစာသည် ကျွန်တော့်အား စိတ်အသိခိုက်ဆုံးစာ ဖြစ်ပါသည်။ ၁၃ နှစ်သား၊ ခုနစ်တန်းကျောင်းသား၊ ကျွန်းမာရေး တွဲနေသူ လူငယ်လေးတစ်ဦးက သူ့နိုင်ငံ သူ့လူမျိုးအား တက်စေလိုသောဆန္ဒ ရင်ထဲတွင်အပြည့်အဝ အကျပ်အသိမ်း ပါ၏။

ဗီဒီယိုကားများကို ကြည့်တိုင်း ဆယ်ဆင့်တိုက် အထပ် တစ် သောတိုက်၊ ကျည်ဆန် ရထားများ၊ ခေတ်ပေါ် မော် တော်ကားများ၊ အသံထက်မြန်သော လေယာဉ်ကြီးများ၊ စက် သော ပစ္စည်းများ၊ ဇိမ်ခံသင်္ဘောကြီးများနှင့် သူများတကာ စားနေကြပုံ၊ သောက်နေကြပုံ၊ သွားလာနေကြထိုင်ကြ များကို တွေ့ရသောအခါ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ နေထိုင် လာ စားသောက်ပုံများနှင့် နှိုင်းယှဉ်၍ ကိုယ့်နိုင်ငံ ကိုယ့် မျိုးများကိုလည်း၊ သူတို့လို နေထိုင်စားသောက်စေလိုသော များ မောင်မြသွင်၏ စိတ်တွင် ကိန်းအောင်းခဲ့ပါ၏။

ထိုအခါ မောင်မြသွင်သည် ဆေးမြီးတိုဖြင့် မိမိနိုင်ငံ တက်စေရန် ဂြိုဟ်သားများ၊ ဝိဇ္ဇာနှင့် ဇော်ဂျီများကို အားကိုး မိခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြသွင်သည် သူ့ မုန့် ဖိုး ထဲမှ သော် လည်း ကောင်း အကြောင်း တစ်စုံတစ်ရာကြောင့် ဆုရသော်လည်းကောင်း စုဆောင်းထားသောငွေ ၇၅၀ ကျပ် ခန့် ရှိနေဟန် တူပါ၏ ထိုငွေလေးကို မစားရက်၊ မဝတ်ရက် သူ့ နိုင်ငံ ကြီးပွားရေး အတွက် သုံးမည်ဟု စိတ်ကူးတာ စုဆောင်းထားဟန်တူပါ၏ သူ့ နိုင်ငံတိုးတက်ရေးအတွက် ငွေ ၇၅၀ ကျပ်နှင့် မည်သို့ သုံး မည်ကိုလည်း၊ စိတ်ကူးမတည့်ဘဲ ဖြစ်ဟန်တူပါ၏။ ထိုသို့ဖြ နေရာမှ မောင်မြသွင်သည် ဂျပန်လူငယ်စာအုပ် ဖတ်မိပြီ တိုင်းပြည်ကို တိုးတက်အောင် လုပ်ဖို့ ငွေ ၇၅၀ ကျပ် ကျွန်တော့်ထံ ပို့ပေးပါမည်ဟု စာရေးခြင်း ဖြစ်ပါ၏။

ထိုစာလေးကို ဖတ်၍ မြန်မာနိုင်ငံ တိုးတက် ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျွန်တော့် ငွေ ၇၅၀ ယူသုံးနိုင်ပါသည်ဟု ရေးထားသော မောင်မြသွင်၏ အ အသားကို အချို့က ပြုံးမိ၊ ရယ်မိကောင်း ပြုံးမိရယ်မိ မည် ဖြစ်ပါ၏။

သို့သော် ကျွန်တော်သည် မပြုံးနိုင် မရယ်နိုင်ပါ။ ကာလ ငယ်က သူ့ မုန့်ဖိုးငွေမှငွေ ၇၅၀ ကျပ်ကို သဒ္ဒါကြည်ဖြူစွာဖြ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တည်ဆောက်ရာတွင် အသုံးပြ လိုသည်ဟု ဆိုပါ၏။

ကျွန်တော် စာရေးသူပင်လျှင် ကိုယ့်မျက်နှာ ကိုယ်လှ ချင်လောက်အောင် အရှက်ရခဲ့ပါ၏။ ကျွန်တော့် တွင်



၅၀ ကျပ်မက ရှိခဲ့ပါ၏။ နိုင်ငံတော်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး ရေးအတွက် ၇၅ ကျပ်ကိုမျှ တိုင်းပြည်အတွက် ရင်းနှီးရန် စိတ် ကူးမိခဲ့ပါ။

ထိုမျှသာမက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အရပ်ရပ်တွင် ၅ ပြားကိုမျှပင် လှူဒါန်းရန် စိတ်မကူးမိဘဲ၊ လွတ်လပ်ရေး ပြီးချိန်မှစ၍ လူကြီး လူကောင်းအမည်ခံ ရာပေါင်းများစွာ သော မြန်မာ အမျိုးကောင်းသားကြီးများ၏ ကိုယ်ကျိုးရှာမှု များကြောင့် ၇၅ ရာ၊ ၇၅ ထောင်၊ ၇၅ သောင်း၊ ၇၅ သိန်း၊ ၇၅ သန်းမျှသော နိုင်ငံတော်၏ ငွေပင်ငွေရင်းများစွာ ဆုံးရှုံး ရှာ၊ ရှိခဲ့ပါ၏။

နိုင်ငံတော်တွင် နိုင်ငံတော်ပိုင်ပစ္စည်းကို အလွဲသုံးစားပြုမှု၊ ဘော်ပေးလာဘ်ယူမှုများကို အစိုးရဆိုင်ရာရုံးတိုင်း၊ အဆောက် အုံတိုင်းတွင် ပိုစတာများကပ်၍ သတိပေးရသည်အထိ ဖြစ်နေ သည်မှာ ဝမ်းနည်းဖွယ်ရာ၊ ရှက်ဖွယ်ရာ ဖြစ်ပါ၏။

ကျွန်တော်သည် မောင်မြသွင်၏ ပေးစာကို ဤစာအုပ် ထဲတွင် ထည့်သွင်းဖော်ပြရုံမျှဖြင့် အားမရနိုင်ပါ။ မောင်မြသွင် ၏ ပေးစာကို အစောင်စောင် ရိုက်နှိပ်၍ ကျွန်တော်သည် ယာဉ်ပေါ်မှ ကြဲချလိုပါ၏။ နိုင်ငံတော်ကို ချစ်ပါသည်၊ နိုးပါသည်ဟု ပါးစပ်မှ ပြောဆိုနေသူအားလုံး အသံထွက် ဖတ်ကြားစေလိုပါ၏။ ကျွန်တော့်အတွက် မောင်မြသွင် ၏ ပေးစာသည် ရင်တွင်း၌ ထိခိုက် ဝမ်းနည်း ကြေကွဲစွာ ဖတ်ရှု ရသော စာတစ်စောင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ဆေးပေါ့လိပ် နိုင်ငံခြားပို့ရေး

ကျွန်တော် ထပ်၍ တင်ပြလိုသော စာလေး တစ်[...] ရှိပါသေး၏။ ပဲခူးမြို့ သနပ္ပင်လမ်းနေ မောင်ကျော်ဖေထံ[...] ဖြစ်ပါ၏။

ဦးချစ်စံ (ချင်းစံဝင်း)

ဆရာခင်ဗျား။ ဆရာ့ရဲ့ ဂျပန်လူငယ် တစ်ယော[...] အကြောင်း စာအုပ်ကို ဖတ်ရှုပြီး ဒီစာကို ကျွန်[...] ရေးလိုက်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်[...] တော် အနည်းငယ် မိတ်ဆက်ပေးပါရစေ။ ကျွန်[...] က ရှစ်တန်း ကျောင်းသားပါ။ ဆရာ့ရဲ့ မြတ်[...] ဆိုတဲ့ စာအုပ်ကိုလည်း ဖတ်ဖူးပါတယ်။ အခုမနဲ့[...] အကြောင်းစာအုပ်လည်း ဖတ်ဖူးပါတယ်။ အဲဒီစာ[...] တွေ ဖတ်ကတည်းက စာရေးမလို့ပါ။ မရေးဖြစ်[...] ဘူး။ အခုမှ စာရေး ဖြစ်ပါတယ်။



ကျွန်တော်ရဲ့မိဘများက ပဲခူးမှာ ဆေးလိပ်လုပ်ငန်း လုပ်ပါတယ်။ ကျွန်တော့် ဘကြီးကလည်း ဆေးလိပ် လုပ်ငန်းပဲ လုပ်ပါတယ်။ ဂျပန်လူငယ် တစ်ယောက် အကြောင်းစာအုပ်ကိုတော့ ကျွန်တော့် ဘကြီးက ဝယ် လာပြီး ငါတူ ဒီစာအုပ်ကို သုံးခေါက် ဖတ်ရမယ်လို့ ဆိုပြီး ပေးသွားတာပါ။ ဖတ်ကြည့်တော့လည်း သုံး ခေါက် မကပါဘူး။ အမြဲတမ်း ဆောင်ထားဖို့ ကျွန် တော် စာအုပ်စင်မှာ ဒီစာအုပ်ကို စိတ်အားဆေးကြီး အဖြစ် ထားရှိထားပါတယ်။

ကျွန်တော်ကတော့ စိတ်ကြီးဝင်တယ်ပဲ ပြောပြေ ကျွန်တော့် အမေအမေ၊ ဘကြီး ဦးလေးတို့က ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့တွေနဲ့ ဆက်သွယ် ပြီး အလုပ် လုပ်ကြပါတယ်၊ ကျွန်တော်တို့ လက်ထက် မှာလည်း ဆရာရယ် ပဲခူး၊ ရန်ကုန်၊ မန္တလေးနဲ့ မော် လမြိုင်မြို့တွေလောက်နဲ့ပဲ တင်းတိမ်နေရင် မိဘအရှိပ် ကိုမှီပြီး စားတာလောက်ပဲလို့ ယူဆမှာပါ။

ကျွန်တော်တို့လက်ထက် စီးပွားရေး လုပ်ရင်တော့ ကျွန်တော်က ရန်ကုန်၊ ဗန်ကောက်၊ စင်ကာပူ၊ တိုကျို အထိသွားပြီး လုပ်ဖို့အထိ ကြိုးစားမယ်လို့ စိတ်ထဲမှာ အမြဲကူးထားတာပါ ဆရာ။ ဂျပန်လူငယ် တစ်ယောက် အကြောင်း စာအုပ်က ကျွန်တော့် အတွေးကို အား ဆေးကြီးလို အထောက်အကူ ပြုပါတယ် ဆရာရယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီစာအုပ်ကို ကျွန်တော်က စိတ်အားထ ကြီးလို့ ခေါ်တာပါ။

ကျွန်တော့် မိဘများက ဆေးပေါ့လိပ် လုပ်ငန်း လုပ်တော့ ကျွန်တော်တို့ နိုင်ငံမှာသာရှိတဲ့ ဆေးပေါ့လိပ်ကို နိုင်ငံခြားရော ပို့လို့မရဘူးလား၊ အဲဒါကို ဆရာ့ထံမှ အကြံဉာဏ် ယူချင်ပါတယ်။

ဆရာ့ဆီက အကြံကောင်း ဉာဏ်ကောင်းများကို ကျွန်တော် မျှော်လင့်ပါတယ်၊ အနာဂတ်မှာ ကျွန်တော်တို့ မြန်မာ လူငယ်တွေ ကမ္ဘာ့စီးပွားရေး နယ်ပယ်မှာ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားရာမှာ ကျွန်တော်တို့ ကျတဲ့ နေရာမှာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှနဲ့ ပါဝင် ကြိုးစားပါမယ်လို့ ဆရာ့ကို ကတိပြုပါတယ်။

# အုတ်တစ်ချပ် သဲတစ်ပွင့်

အလားတူပင် ကမ္ဘာ့ စီးပွားရေး ဈေးကွက်တွင် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ကြိုးစားပါမယ်လို့ စာရေးသား၍ ကတိပေးသူမှာ မ၃ ဗိုလ်ချုပ်လမ်း၊ ဇလွန်မြို့မှ မောင်ကျော်ဆွေ ဖြစ်ပါ၏။ ထို့အတူ နန်းချောင်းရွာ၊ သံတွဲမြို့မှ ကိုရဲမြင့်၊ ဗိုလ်ချုပ်လမ်း၊ မင်းတန်းရပ် မုဒုံမြို့မှ ကိုအောင်ကျော်ဦး၊ သံတောင်လမ်း တောင်ငူမြို့မှ မောင်ခင်စိုး၊ ဆရွတ်တန်း ရွှေကူရပ် ပြည်မြို့မှ မောင်ဇော်လင်းကျော်၊ မြောက်ဥက္ကလာပ သုဇာတာ (၁) လမ်းမှ မောင်ဝင်းဖေ၊ မေယု (၁)လမ်း မြောက်ဥက္ကလာပမှ ကိုခင်မောင်အေးနှင့် သတ္တာမြဲလမ်း ကျိုက္ကဆံမှ မောင်သန့်ဇော် စသောလူငယ်များလည်း ကမ္ဘာ့ဈေးကွက်ဝင် ပစ္စည်းများအကြောင်းကို၊ ကမ္ဘာ့ဈေးကွက်သို့ တိုးဝင်မည့် မြန်မာ့ပစ္စည်းများအကြောင်းကို မိမိဘဝ အတွေ့အကြုံများကို အခြေခံ၍ ရေးသားပေးပို့သည်မှာ များစွာ စိတ်ဝင်စားဖွယ်ရာ၊ အားတက်ဖွယ်ရာ ဖြစ်ပါ၏၊ မြန်မာ့လူငယ်များအတွက် အားရဝမ်းသာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိပါ၏။ အနာဂတ် မြန်မာနိုင်ငံအတွက် ထိုလူငယ်များ အားလည်း ကိုးမိပါ၏။

ထိုအထဲမှ ဆေးပေါ့လိပ်ကို နိုင်ငံခြားပို့ ရေးဟူသောပို့ကု အသစ် ကြံဆခဲ့သည့် မောင်ကျော်ဖေ၏ အတွေးကို မြန်မ ဆေးပေါ့လိပ် လုပ်ငန်းရှင်ကြီးများက အလေးအနက်ထားသ ပါ၏။ မြန်မာ့ဆေးပြင်းလိပ်သည် နိုင်ငံခြားဈေးကွက်ဝင် ကုန်တစ်မျိုး ဖြစ်ပါ၏။

အလားတူပင် မြန်မာ့ ဆေးပေါ့လိပ် နိုင်ငံခြားဈေးကွ ဝင်ရေးအတွက် မောင်ကျော်ဖေ၏ အတွေးကို စဉ်းစားသ သောကိစ္စဖြစ်ပါ၏။ ဆေးလိပ် လုပ်ငန်းရှင်ကြီးများ မြန်မ နိုင်ငံတွင် အလွန်ပေါသည်။ ပခုက္ကူမြို့သည် ဥပမာ ဆေးလိ မြို့ဖြစ်၏။ မြန်မာ့ဆေးပေါ့လိပ်ကို ထိုင်း၊ မလေးရှား၊ အင် နီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသော နိုင် များတွင် ဈေးကွက်ရှာပါက ရနိုင်ကောင်းပါ၏။

ကျွန်တော်သည် ဂျပန်များနှင့်အတူနေရာတွင် တစ်ခါတစ် လယ်ကွင်းထဲတွင် ငါးသုံးလုံး၊ မဲဘိုလို စသော စီးကရက်များ မရသောအခါ ရရာဆေးပေါ့လိပ်များကို ဂျပန်များအားပေး သောက်ပါသည်။ ပထမတွင် ဆေးပေါ့လိပ်ကိုသောက်သည်မ နည်းနည်းစိမ်းနေသော်လည်း နောက်ပိုင်းတွင် ဆေးပေါ့လိ ခဲနေသော ဂျပန်များကို မကြာခဏ တွေ့ရပါ၏။ ဂျပန်မျာ သည် အလုပ်နားချိန်တွင် မြန်မာ လုပ်သားများ ထံမှပ ဆေးပေါ့လိပ်များကို တောင်းယူ သောက်သုံးကြပါသည် တစ်ဖန် ညနေပိုင်း အရက်သောက်ရာတွင်ပင် ဆေးပေါ့လိ



ကလေးခဲ၍ သောက်တတ်သည်ကို မောင်ကျော်ဖေ၏စာကိုဖတ် ရမှ ပြန်မြင်လာမိပါ၏။

ဖြစ်နိုင်သော ပို့ကုန်တစ်ခုဖြစ်၍ ဆေးပေါ့လိပ်သမားများ စုပေါင်း စဉ်းစားသင့်ပါ၏။ မီးပွားမကျအောင် လုပ်ဆောင် ရန်တော့ လိုမည်ဟုထင်ပါ၏။ ရှေးအခါက ရိုးဖလိပ်က မီးပွား မကျသော ဆေးပေါ့လိပ်ဟု ကြော်ငြာရောင်းသည်ကို ကြားခဲ့ မိဖူးပါ၏။ ကျွန်တော်က ဆေးလိပ်မသောက်သောကြောင့် ဆေးလိပ်အကြောင်း သိပ်မသိပါ။

သို့သော် စီးကရက်ကို ကျန်းမာရေးရှုထောင့်မှ အမျိုးမျိုး ကန့်ကွက်နေချိန်တွင် ဆေးပေါ့လိပ်နှင့် စီးကရက် သောက်သုံး ရာတွင် ကျန်းမာရေး ထိခိုက်မှုသည် ဆေးပေါ့လိပ်က မည်မျှ သက်သာသည်ကို သုတေသနလုပ်၍ ကြော်ငြာနိုင်ပါ၏။ 'ကင်ဆာ'ဖြစ်မှုနှင့် အဆုတ်ရောဂါအမျိုးမျိုး ရရှိမှုကို ဂဠ ရာ ခိုင်နှုန်း သက်သာသော မြန်မာ့ဆေးပေါ့လိပ်ကို သောက်ပါ'ဟု ကြော်ငြာနိုင်လျှင် မြန်မာ့ ဆေးပေါ့လိပ်ကို စတိုင်ကျကျ ခဲလျက် ကမ္ဘာ့စီးပွားရေးရာ လုပ်ငန်းများကို ဘွေးတော စဉ်းစား ဆုံးဖြတ်နေသော ကမ္ဘာ့စီးပွားရေး လုပ်ငန်းရှင် ဂျပန်ကြီးများ၊ မျက်နှာဖြူကြီးများနှင့် အာရပ်ကြီးများကို တွေ့ မြင်လာနိုင်မည်ဟု စိတ်ကူးယဉ်မိပါ၏။

ဒါကတော့ ကိုယ့်ထွက်ကုန်အတွက်ကိုယ်စိတ်ကူးယဉ်ခြင်း ဖြစ်ပါ၏။ စိတ်ကူးယဉ်ခြင်းဟူ၍လည်း အထင်မသေးသင့်ပါ။ ကမ္ဘာ့ကျော် လုပ်ငန်းအားလုံးသည် စိတ်ကူးယဉ်ပြီးမှသာ အကောင်အထည်ဖြစ်လာကြခြင်း ဖြစ်ပါသည်။ မြန်မာ့နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



တွင် နေထိုင်ကြသော ထိုင်းလူမျိုးအများအပြားသည် မြန်မာ့ဆေးပေါ့လိပ်ကို သောက်သုံးကြသည်ဟု ဆိုပါ၏။ ထို့သို့ဆိုလျှင် နယ်စပ်မှနေ၍ ကျွန်တော်တို့ ဆေးပေါ့လိပ် ရောင်းချရေးကို တွင်ကျယ်အောင် ဘွေးဘောနိုင်ပါ၏။ ဆေးပေါ့လိပ်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော် စုံစမ်းကြည့်ရာ တစ်ခါက ဩစတြေးလျသို့ မြန်မာ့ဆေးပေါ့လိပ်ကို တင်ပို့ဖူးကြောင်း သိခဲ့ရပါ၏။ သယံဇာတပစ္စည်းများကို အလွယ်တကူ ရောင်းစားမည့်အစား ထိုကဲ့သို့ ပို့ကုန်အမည်သစ်များကို တင်ပို့ရေးကို အလေးအနက်ထား စဉ်းစားသင့်ပါ၏။

## ဒိုင်းစက်သော ဆီးသီးများကို ထုတ်ပေးနေသည့် ဆရာဝန်၏ လက်ချောင်းများ

ထိုကဲ့သို့ ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်ရှု၍ စာရေးဆက်သွယ်ကြသူများရှိသကဲ့သို့၊ လူကိုယ်တိုင် လာရောက်ခဲ့ကြသော လူငယ်များ၊ လုပ်ငန်းရှင်များ၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရှိသူများလည်း ရှိပါသည်။

ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ကထိကများ၊ လက်ထောက်ကထိကများ ဖြစ်ကြသော ဦးသိန်းလှိုင်၊ ဦးမြဟန်း၊ ဦးစံဝင်းတို့က မြန်မာ့ စီးပွားရေးနှင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော အချက်အလက်များကို ကျွန်တော်နှင့် တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြပါသည်။ ဆရာတို့နှင့် ဆွေးနွေးရသည်မှာ များစွာ ဗဟုသုတ ရရှိပါ၏။

ထို့ပြင် လယ်ဝေးမြို့ ဦးဘိုးစိန် တွင်ခုံမှ ကိုမြင့်၊ အညာကြို့ကုန်းမှ ကိုတင်မောင်ချို၊ ပဲခူးမြို့မှဦးခင်မောင်ရီ၊ မိတ္ထီလာ ဆောက်လုပ်ရေးတပ်မှ ဗိုလ်ကြီး ဝင်းမောင်၊ ပဲခူးမြို့နယ် လက်ပံဝင်းရွာမှ ကျောင်းအုပ်ကြီး ဦးဝင်းနိုင်၊ မိတ္ထီလာနေ

www.burmeseclassic.com

www.burmeseclassic.com



လူထုသတင်းစာတိုက် သတင်းထောက်ကြီး ဦးရွှေ၊ ဆရာဝန်ကြီး ဦးတင်မြင့်၊ ကောလင်းမြို့မှ အင်ဂျင်နီယာ ဦးသိန်းအောင်၊ ရန်ကုန်မှ ဦးမောင်မောင်ဇော်ဝင်းနှင့် ရွှေပုပ္ပါး ဦးအုန်းခိုင်၊ ဝါရင့်သတင်းထောက်ကြီး ဦးသိန်းရွှေ အစရှိသောပုဂ္ဂိုလ်များလည်း ရောက်ရှိလာခဲ့ကြပါ၏။

ဤပုဂ္ဂိုလ်ကြီးများသည် ယင်းတို့၏ အရေးကြီးသော ကိစ္စများကို ပစ်၍ ဘာကြောင့် လာကြသနည်း။ ယင်းပုဂ္ဂိုလ်ကြီးများထံတွင် ရှိသော အရေးကြီးကိစ္စများထက်ပို၍ အရေးကြီးသော ကိစ္စများသို့ ပြောကြားလို၍ လာရောက်ကြခြင်းဖြစ်၏။ ပို၍အရေးကြီးသော ထိုကိစ္စကို ယင်းပုဂ္ဂိုလ်ကြီးများသည် ကျွန်တော့်ထံတွင်မှမဟုတ်၊ အခြားတစ်နေရာတွင် ဆွေးနွေးခွင့်ရကြမည်ဟု ဆိုပါကလည်း အခြားနေရာသို့ သွားကြမည်သာ ဖြစ်၏။ သူတို့အတွက် ကျွန်တော်သည် အရေးမကြီးလှပါ။ သူတို့ဆွေးနွေးလိုသော အကြောင်းအရာကသာ သူတို့အတွက် ပို၍ အရေးကြီးကြပါ၏။

သူတို့အရေးတကြီးထားသော ကိစ္စကား မည်သို့သော ကိစ္စနည်း။ ထိုကိစ္စသည် အခြားကိစ္စမဟုတ်၊ အမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာ ဝပြောရေးဖြစ်ပါ၏၊ ထိုပုဂ္ဂိုလ်များသည် ပို့ကုန်အမည်သစ်များ တီထွင်ရေး၊ မြန်မာ့ပို့ကုန်များ အရည်အသွေး မြင့်မားရေး စသည်တို့ကို ဆွေးနွေးကြပါသည်။

ယင်းပုဂ္ဂိုလ်ကြီးများက မြန်မာ့စီးပွားရေး တံခါးဖွင့်ဝါဒ ကျင့်သုံးလာကြပြီဖြစ်ရာ ထိုအခွင့်အရေးကို လက်မလွှတ်စေတမ်း



အချိန်မဆွဲဘဲ အလုပ်လုပ်ကြရန် ဆွေးနွေးကြပါ၏၊ ထို့ပြင် မြန်မာ့ပို့ကုန်များ တိုးကာ မြှင့်တင်ရန် နည်းလမ်းများ အကြောင်းကို ဆွေးနွေးကြပါ၏။

တကယ်တော့ ထိုပုဂ္ဂိုလ်ကြီးများနှင့် လူငယ်များသည် မိမိတို့ နိုင်ငံအပေါ် အားမလိုအားမရ ဖြစ်သော စိတ်၊ မိမိတို့ နိုင်ငံကို တိုးတက်စေလိုသော ဆန္ဒ၊ တိုးတက်စေရန် နည်းလမ်းများ ရှာကြံလိုသော ဇောများနှင့် ဆွေးနွေးကြခြင်း ဖြစ်ပါသည်။

ပဲခူးမြို့နယ် လက်ပံဝင်းရွာမှ မူလတန်းကျောင်းအုပ်ကြီး ဦးဝင်းနိုင်ဆိုလျှင် မိမိကျောင်းမှ ကျောင်းသူ ကျောင်းသားများသည် အလွန်ဆင်းရဲကြသည်၊ ကျောင်းမှန်မှန် တက်ရေးအတွက်ပင် အခက်အခဲ ရှိသည်၊ မိမိဘညှိများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားရေးအတွက် သူတို့ မိဘများ စီးပွားရေး ချောင်လည်ရန် အရေးကြီးသည်၊ ဂျပန်နိုင်ငံကို ပို့နိုင်သော သခွားသီးကို ကလေး မိဘ တောင်သူ လယ်သမားများ၊ သီးထပ်အဖြစ် စိုက်ပျိုးရေးအတွက် ဖြစ်နိုင် မဖြစ်နိုင် တူသော ကိစ္စကို ဆွေးနွေးရန် နှစ်ကြိမ်တိုင် လာရောက်ခဲ့ပါ၏။

အလားတူပင် ကိုမြင့်၊ ကိုတင်မောင်ချိုနှင့် ကိုသိန်းအောင်တို့က လူငယ်များ စုပေါင်း၍ နိုင်ငံခြား ပို့ကုန် တစ်မျိုးမျိုး သို့မဟုတ်ပါက ပြည်တွင်းသီးနှံတစ်ခုခုကို စနစ်တကျစိုက်ပျိုး ထုတ်လုပ်ရေးအတွက် ဆွေးနွေးကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး ဦးတင်မြင့်သည် ကျွန်တော်နှင့် ယခုမှ သိသူ မဟုတ်ပါ၊ ၁၉၇၂ ခုနှစ်၊ ဝန်းကျင်မှစ၍ အနာကြီးရောဂါ ပပျောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရင်း သိကျွမ်းခဲ့ကြသူများ ဖြစ်ပါ၏။ ကျွန်တော်သည် ကရုဏာကို တောင်းခံနေသော အနာကြီး ရောဂါသည်များ၏ ဘဝကို ဆရာနှင့် ရင်းနှီးမှုပင် ကိုယ်ချင်းစာနာစိတ် ပွားခွင့်ရသူ ဖြစ်ပါ၏။ အနာကြီးရောဂါရှင်များနှင့်ပတ်သက်၍ မေတ္တာထားဆက်ဆံရန် လိုအပ်ကြောင်း ဆောင်းပါးပေါင်းများစွာကို ကျွန်တော်သည် ဆရာကြီး၏ ကျေးဇူးကြောင့်သာ ရေးဖြစ်နိုင်ခြင်း ဖြစ်ပါ၏။

ဆရာသည် ရင်တွင်း၌ ကြင်နာတတ်သော နှလုံးသားကို သိမ်းဆည်းထားရင်း ဆရာ၏ လက်များက လွှန်ခဲ့သော နှစ်ပေါင်းများစွာကပင် မြေကိုတူးဆွ လုပ်ကိုင်ခဲ့သူဖြစ်၏၊ ဆရာ၏ လက်များသည် လှပဝိုင်းစက်သော ဆီးသီးများ၊ စံချိန်မီ ကျွဲကောသီးများနှင့် အရောင်အသွေး လှပသော ပန်းမျိုးစုံကို မြေကြီးထဲမှ နှစ်စဉ် ဆွတ်ယူပေးနေသော လက်ချောင်းများ ဖြစ်ပါ၏။ ဆရာသည် နိုင်ငံတကာ အတွေ့အကြုံ ရှိသူ ဖြစ်၍ မြန်မာအကြောင်း၊ မြန်မာဘဝကို ပိုမိုသဘောပေါက်နားလည်၏၊ ကိုယ့်နိုင်ငံ ကိုယ့်မြေကြီးကို ဆရာက ချစ်မြတ်နိုး၏။ ယခုလည်း ဂျပန်လူငယ် တစ်ယောက်အကြောင်း စာအုပ်ကို ဖတ်၍ ပြည်ပ ဈေးကွက်ဝင် ယီးနွှံများ တိုးချဲ့စိုက်ပျိုးရေးအတွက် ဆွေးနွေးခဲ့ပါ၏။

တစ်မနက်တွင်တော့ အယ်ဒီတာ ဦးမောင်မောင်ဇော်ဝင်းနှင့် ရွှေပုပ္ပ၊ ဦးအုန်းခိုင်တို့ ကျွန်တော့်ထံ ရောက်ရှိလာပါ၏။



...ငံးမဂ္ဂုလ် နှစ်ဦးစလုံးမှာ စာပေနယ်ပယ်၊ ဂျာနယ်လောက၊ ...ပညာလောကမှ ဖြစ်သော်လည်း ကျွန်တော်သည် နာမည်...အာသိ၍ လူချင်းယခင်က မသိခဲ့ကြပါ။ ထိုနေ့တွင်တော့ ...တို့ရောက်လာကြပြီး ဦးအုန်းခိုင်က ကျွန်တော့် အိမ်နားက ...ဝန်အမျိုးသမီးတစ်ယောက်က ဒီစာအုပ် ဖတ်ကြည့်ပါဦး ...တာနဲ့ ဆရာ့ရဲ့ ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ် ...ဖတ်ကြည့်တာ ဆုံးသွားတော့ ဒီစာအုပ်ဟာ လူငယ်တွေ ...အားမှာ ပြန့်နှံ့ဖို့လိုတယ်၊ နိုင်ငံတိုးတက်အောင် ဆောင်ရွက် ...ာ အထောက်အကူ စာအုပ်ဖြစ်လို့ မဟေသီမဂ္ဂဇင်းတွင် ...အုပ်အကြောင်း ရေးသားလို၍ လာရောက် တွေ့ဆုံတာပါ ဆိုလေ၏။

...တကယ်တော့ သူတို့လည်း သူတို့နိုင်ငံ သူတို့လူမျိုး၊ မြန်မာ ...း မြန်မာလူမျိုး မြန်မာလူငယ် မြန်မာလူရွယ်များ ဖွံ့ဖြိုး...တက်စေလိုသော စိတ်ဓာတ်ဖြင့် ရောက်ရှိလာကြခြင်း ဖြစ်...၏။

...ကျို့စာအုပ်နှင့် ပတ်သက်၍ မကျေမချမ်း ရောက်ရှိလာသူ ...ားပုဂ္ဂိုလ်ကား ဦးအောင် ဖြစ်၏။ ဦးအောင်က ဂျပန်...ငယ်တစ်ယောက်အကြောင်း စာအုပ်ကို ပွဲထမဆုံးမပေးမပို့ ...တောင်းထားဟု ကျွန်တော့်အား ရှေးဦးစွာ အပြစ်တင်၏။ ...ကယ်တော့ မြန်မာ့စီးပွားရေးက ဏ္ဍ မြင့်တင်ရေး အတွက် ...ပမ်းနေသော လူငယ်များတွင် ဦးအောင်လည်း ရှေ့တန်းမှ ...ဝင်သူ တစ်ယောက်ဖြစ်ပါသည်။ ကျွန်တော် သခ္ဂျန်းလုပ် ...း စတင်ရာတွင် ဦးအောင်ပါဝင်ခဲ့သည်ဟု ဆိုလိုက မမှား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။ဦးအောင်သည် ကမာရွတ် အ-ထ-က(၂) ကျောင်းသား ဟောင်းများအသင်းကို ထက်ဝင် လှုပ်ရှားစေ၍၊ ကျောင်းသား လူငယ်များကိုစုစည်း၍၊ စီးပွားရေးလုပ်ငန်းများကို လုပ်ဆော ကာ လူငယ်များအား စီးပွားရေးကဏ္ဍနှင့် ဆက်စပ်ပေးနေသူ တစ်ဦးဖြစ်ပါ၏။ နိုင်ငံတကာ အတွေ့အကြုံရော ပြည်တွင်းရေး အတွေ့အကြုံများ ပါရှိ၍ တက်ကြွသော လူလတ်ပိုင်းသို့ ရောက် နေသော ဦးအောင်ကဲ့သို့ ပုဂ္ဂိုလ်ကလည်း မိမိနိုင်ငံ မိမိလူမျိုး၏ ဖွံ့ဖြိုး တိုးတက်မှုကို မြင်လိုလှပါသည်။

ကျွန်တော် ယခုအထိ တင်ပြနေသော အချက်တို့မှာ မြန်မာ နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာလူကြီး၊ လူငယ် လူရွယ်၊ လူလတ်များ မည်မျှ စိတ်ထက်သန်နေကြသည်။ အ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လူငယ်များ မည်မျှ ပိုင်းဖြတ် ထားကြပြီး ဖြစ်သည်ကို တင်ပြနေခြင်း ဖြစ်ပါ၏။

## မြန်မာ့ဘုန်း မြန်မာ့လက်ရုံးကို ပြဆိုမည်

ယခု မြန်မာလူငယ် တစ်ယောက် အကြောင်း စာအုပ်ကို က်လက် ရေးသား တင်ပြမည် ဖြစ်ပါ၏။ မြန်မာလူငယ် ယောက်အကြောင်း စာအုပ်သည် မြန်မာတို့၏ အားငယ် င်း မီးခဲပြာဖုံး ဖြစ်သော စိတ်များကို ဖယ်ရှား၍ မြန်မာတို့ ဇာတိသွေး၊ ဇာတိမာန်၊ မြန်မာတို့၏ တီထွင်ကြံဆမှု မာတို့၏ဗီဇ၊ မြန်မာတို့၏ဗလ၊ မြန်မာတို့၏ ဘုန်းလက်ရုံး ပြဆိုလို၍ ရေးသားသော စာအုပ်ဖြစ်ပါ၏။

ကျွန်တော်သည် မြန်မာ လူငယ် တစ်ယောက် အကြောင်း အုပ်ကို စတင်ရေးသားနေချိန်တွင်ပင် ကျွန်တော်၏ ရင်းနှီး သာ မိတ်ဆွေ တစ်ဦးဖြစ်သူ ဦးအောင်ရည် (စာရေးဆရာ ဦးခေါင်) က ကျွန်တော့်ထံဖုန်းဆက်ပါသည်။ ဦးမင်းထွေးမှ ဆင့် ပုဂ္ဂိုလ်တစ်ဦးက တွေ့လို၍ ချိန်းလိုပါသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထွေး၊ ဦးသောင်ရည်တို့မှ တစ်ဆင့် ကျွန်တော်
ကျွမ်းလာရသော မိတ်ဆွေမှာ ပြည်မြို့မှ ကျောင်းပို ဦးအုန်းမော
ဖြစ်ပါ၏။ ဦးအုန်းမောင်အား ယခင်က ကျွန်တော်သည် ကြ
လည်း မကြားဖူးပါ။ တွေ့လည်း မတွေ့ဖူးပါ။ ဦးအုန်းမော
သည် အသက်အားဖြင့် ၆၀ ခန့် ဟု မှန်းဆရ၏။ လုပ်ပုံပန်းမျ
ပိန်ပိန်ပါးပါးဖြစ်၏။ဦးအုန်းမောင်နှင့် တွေ့လျှင်တွေ့ချင်းသူ
ဂျပန် လူ ငယ် တစ် ယောက် အ ကြောင်း စာအုပ်သည် မြန်မ
လူငယ်များ တိုးတက်ရေးနှင့် မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုး
တို့အတွက် စိတ်ဓာတ်အားဖြင့်မျိုးစေ့ ချပေးရာ ရောက်ကြောင်း
ထိုမျိုးစေ့သည် စည်ပင်ဝေဆာသော သစ်ပင်ကိုသာမက အ
အပွင့်၊ အသီးများစွာတို့ကို သီးစေနိုင်မည်ဖြစ်ကြောင်း၊ ဂျ
လူငယ်တို့၏ စိတ်ဓာတ်သည် မြန်မာလူငယ်တို့အတွက် နမူ
တစ်ခုဖြစ်ကာ မြန်မာလူငယ်များလည်း ကြိုးစားသူ ရိုးသာ
သူ၊ ကြံ့ခိုင်ကျန်းမာသူများအဖြစ်နှင့် တိုးတက် ကြီးပွား
များ ဖြစ်လာရန် လမ်းခင်းပေးမှုဖြစ်ကြောင်း၊ ထို့ကြော
အထူးပင် ကျေးဇူးတင်ရှိပါသဖြင့် တွေ့ဆုံ မိတ်ဆက်ရခြ
ဖြစ်ကြောင်း ပြောပြပါသည်။

ဦးအုန်းမောင်သည် ထိုသို့ တွေ့ဆုံ မိတ်ဆက်ပြီး ဦးအု
မောင်သည်ဂျပန်လူငယ်တစ်ယောက်အကြောင်း စာအုပ်များ
အခြား ကျွန်တော်ရေးသားသော စာအုပ်အချို့ စုစုပေါ
တန်ဖိုး ကျပ်နှစ်သောင်းခွဲဖိုးခန့်ကို လေးငါးကြိမ်ခွဲ၍ ဝယ်
ပါသည်။



ဦးအုန်းမောင်သည် ဂျပန်လူငယ် တစ်ယောက်အကြောင်း
အုပ်များကို ထိုသို့ဝယ်ယူပြီး မိမိ၏ မိသားစုဝင်အားလုံး
ဖတ်စေသည့်အပြင်၊ ရန်ကုန်ရှိ လူငယ် လူရွယ်များ ရှိသော
သားစုများ၊ပြည်၊သဲကုန်း၊ပုတီးကုန်းမြို့များအပြင်ဟင်္သာတ၊
ကြို့ပင်ကောက်၊ မကွေး၊ တောင်ကြီး အစရှိသော မြို့ကြီး
မှ လူငယ် လူရွယ်များအား ဂျပန်လူငယ် တစ်ယောက်
ကြောင်း စာအုပ်ကို ဖတ်ရှုစေရန် ပေးပို့လှူဒါန်းခဲ့ပါ၏။
ငယ်လူရွယ်များရှိသော ခင်မင်ရင်းနှီးသည့် မိသားစုများ
အားလည်း ဦးအုန်းမောင်က ဂျပန် လူငယ် တစ်ယောက်
ကြောင်း စာအုပ်ကို တစ်မိသားစုလျှင် စာအုပ် တစ်အုပ်ကျ
ပေးပို့ လှူဒါန်းခဲ့ပါ၏။

ဦးအုန်းမောင်၏ လုပ်ရပ်ကို ကျွန်တော်သည် အလေး
အနက် စဉ်းစားခဲ့ပါ၏။ ဦးအုန်းမောင်သည် ကျွန်တော့်အား
ထားစား ခင်မင်ရုံသက်သက် ဆိုပါက ကျွန်တော့်ကို ကျပ်ငွေ
သောင်းခွဲကို ပေးလိုက်ရုံသာ ရှိပါ၏။

ဦးအုန်းမောင်က ထိုသို့မဟုတ်၊ ကျွန်တော် ရေးသော
အုပ်ကို ဝယ်ယူလှူဒါန်း ဒါနပြုခြင်းသည် လှူပုဂ္ဂိုလ်ကို
မင်၍ ပေးခြင်းထက် စာအုပ်ပါ အကြောင်းအရာများကို
ယ်ကျယ်ပြန့်ပြန့် ဖြစ်စေလိုသော စေတနာ၊ ထိုစာအုပ်ပါ
ကြောင်းအရာတို့ကို လူငယ်တို့ လေ့လာ ဖတ်ရှုခြင်းဖြင့်
ချစ်စိတ်၊ လူမျိုးချစ်စိတ်၊အလုပ်လုပ်လိုသောစိတ်၊ကြိုးစား
သောစိတ်၊ ရိုးသား၍ လိမ္မာရေးခြားရှိသော မြန်မာလူငယ်
များ ပေါ်ထွန်းလာစေရေးကို ရည်သန်၍ ဤစာအုပ်ကိုဝယ်ယူ

www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းခြင်း ဖြစ်ပါ၏၊ ထို့ကြောင့်လည်း ကျွန်တော်
စာပေရဲဘော်များကမူ ဦးအုန်းမောင်၏ ဒါနတို့ မြင့်မြ
သော ခေတ်သစ် အလှူအဖြစ် တင်စား၍ သတင်းရေးသ
ခဲ့ကြပါသည်။

ထို့ပြင် ဦးအုန်းမောင်သည် တစ်နံနက်တွင် ကျွန်တေ
ထံသို့ ရောက်လာ၍ မြင်းခြံမှ ဦးလေးဦးအောင်နှင့် မိတ်ဆ
ပေးပါ၏၊ ဦးလေးဦးအောင်က "ဦးလေးတို့ကတော့ စာနဲ့မေ
ရေးသားပြီး တိုင်းပြည်ကို ပြုပြင်ဖို့ မကျွမ်းပါဘူး၊ စီးပွ
ရေးပဲ လုပ်တတ်ပါတယ်၊ ဦးလေးလဲ တိုင်းပြု ပြည်ပြု စာ
ပြန့်ပွားရေးကိစ္စမှာ တတ်နိုင်သမျှ အားပေးပါရစေ၊ အ
တာသာ၊ သာသနာအတွက် ဦးတို့တတ်နိုင်သမျှ ကြိုးစားပ
ရမှာပါပဲ၊ အထူးသဖြင့်တော့ နိုင်ငံကြီးပွားရေးကို အထော
အကူပြုမယ့် စာများကို ဆက်ရေးပါ၊ ဦးလဲ ကူညီပါ့မယ
ဟု ဆိုပါ၏။

ဦးအုန်းမောင်သည် တောင်ကြီးမြို့မှ ညီဖြစ်သူ ဦးစိန်တ
ပြည်မြို့မှ ရှေ့နေကြီး ဦးစန်းမောင်၊ သူ၏ မိတ်ဆွေရင်း
ဖြစ်သော ဦးအောင်မင်း၊ မြို့နယ်လျှပ်စစ်မှူးကြီးဦးတင်အော
ဦးသောင်းစိန်၊ ကုန်သည်ကြီးများ ဖြစ်ကြသော ဦးတင်ဦးနှ
ဒေါ်ကြွယ်ကြွယ်၊ ဦးကြည်မောင် အစရှိသော ပုဂ္ဂိုလ်ကြီးမျ
နှင့်လည်း မိတ်ဆက်ပေးပါ၏။ ထို့ပြင် ဦးအုန်းမောင်သ
ကျွန်တော့်အား ပြည်မြို့သို့ လာရောက်လည်ပတ်ရန် ဖိတ်ခေ
ပါသဖြင့် ကျွန်တော်သည် ပြည်မြို့သို့ သွားခဲ့ပါသည်။



ပြည်မြို့သို့ ကျွန်တော်သွားခဲ့သော ခရီးသည် ကျွန်တော့်
အတွက် မိတ်ဆွေများစွာ ရရှိခဲ့သော ခရီးတစ်ရပ် ဖြစ်၏။
အနောက်ဖက်လွန်မင်းသည် ပြည်မြို့ကို တိုက်ခိုက်ရာ အောင်လေ
ချင် ပြည်မြို့ကို အလုံးအရင်းဖြင့် တိုက်ရာတွင် ရှင်တစ်ဆူနှင့်
လူတစ်ယောက် ရသည်ဟု ဆို၏။ ရှင်တစ်ဆူမှာ တောင်ဖီလာ
ကျော်ပုဂ္ဂိုလ်ကြီးဖြစ်၍ လူတစ်ယောက်မှာ ငထင်ငယ် ဖြစ်၏။

ကျွန်တော်သည် ပြည်မြို့သို့ ဦးအုန်းမောင် ဖိတ်ခေါ်၍
ရောက်ခဲ့ရာ ပြည်မြို့ နဝင်းရပ်သို့ ရောက်ခဲ့၍ ကျေးဇူးရှင်
ဇာရကာသီ ဆရာတော်ဘုရားကြီးအား ဖူးမြော်ခွင့် ရခဲ့သည့်
အပြင်၊ ဗာရာဏသီ ကျောင်းတိုက်ရှိ သံဃာတော်များကိုပါ
ကြည်ညိုခွင့်ရခဲ့ပါ၏။ ဇောတိကာရုံ ပဋ္ဌိတက္ကသိုလ်သို့လည်း
ရောက်ခဲ့ပြီး ဇောတိကာရုံ ဆရာတော်ဘုရားအားလည်း ဖူးမြော်
ခွင့် ရခဲ့ပါသည်။

ပြည်မြို့၌ ကျွန်တော်သည် ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့်
တိုက်အပြင် စိန်တောင်ကြားသို့လည်း ရောက်ခဲ့ကာ ရင်းနှီး
ခင်မင်သူ အများအပြားလည်း ရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက်

ပြည်မြို့ရောက်စဉ်အတွင်း ကျွန်တော်သည် ရှေ့နေကြီး ဦးစန်းမောင်၊ ရင်းနှီးသူ မိတ်ဆွေကြီး ဦးအောင်မင်းတို့နှင့်အတူ ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက်သို့ ရောက်ခဲ့ပါ၏။

ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက်မှ ဥက္ကဋ္ဌကြီး ဦးလှဖေ၊ ဒု ဥက္ကဋ္ဌကြီးများဖြစ်ကြသော ဦးချစ်ဖေနှင့် ဦးမြင့်ဦး၊ အတွင်းရေးမှူး ဦးမျိုးတင့်၊ အခြား အမှုဆောင်များ ဖြစ်ကြသော ဦးမျိုးမြင့်၊ ဦးကိုကို၊ ဦးအုန်းကြည်၊ ဦးလှစော၊ ဦးကျော်သန်း၊ ဦးသိန်းတန်၊ ဦးခင်မြင့်၊ ဦးတာမြင့်၊ ဦးလဘ်၊ ဦးစိုးဦး၊ ဦးကျော်ဦး၊ ဦးတင်ညွန့်၊ ဦးခေါင်ရေး၊ ဦးသန်းနွဲ့ အစရှိသော ပုဂ္ဂိုလ်များက မြန်မာလူငယ်တစ်ယောက်အကြောင်း စာအုပ်ကို အကြောင်းပြု၍ ကျွန်တော့်အား ဖိတ်ကြားကာ စာကြည့်တိုက်တွင် ဧည့်ခံပါသည်။



ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပြတိုက်သည် ၁၉၅၀ ခုနှစ်မှ စ၍ သန္ဓေတည်ခဲ့ပြီး စာကြည့်တိုက်ဆောက်တိုက်၏ အင်္ဂါလက္ခဏာနှင့် ပြည့်ပြည့်စုံစုံ တည်ရှိနေသော စာကြည့်တိုက်တစ်ခုဖြစ်၏။ စာအုပ်ပေါင်း ၁၅၀၀၀ ခန့်ရှိ၍ ပေစာတစ်ထောင်ကျော်၊ ပုရပိုက်နှစ်ရာနီးပါးနှင့် ရှေးဟောင်းပစ္စည်းအမျိုးအစား ၅၀၀၊ အမည် ၁၀၀ ခန့်ကို စုဆောင်းထားရှိသည်ကို တွေ့ရ၏။ ပြည်မြို့ဒေသသည် ရှေးဟောင်းဒေသ တစ်ခုဖြစ်သောကြောင့် ရွှေဘုန်းပွင့် ပြတိုက်တွင်လည်း အဖိုးတန် ရှေးဟောင်းပစ္စည်း အများအပြားကို တွေ့ခဲ့ရခြင်းဖြစ်၏။ ထို့ပြင် စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်ထားသည်ကိုလည်း တွေ့ရသည်။ ထူးခြားသည်မှာ ရှေးဟောင်း ပစ္စည်းများကို တွယ်တာ၍ ရှေးဟောင်းကို ဝါသနာထုံသော ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ပြတိုက်မှ အမှုဆောင်အဖွဲ့ဝင်များသည် အမိနိုင်ငံ၊ အမိမြေ၊ မြန်မာနိုင်ငံ၊ မြန်မာလူမျိုး တိုးတက်ကြီးပွားရေးအတွက်လည်း စိတ်ဓာတ်ရှင်သန်နေသည်ကို တွေ့ခဲ့ရခြင်းဖြစ်ပါ၏။ ထို့ကြောင့်လည်း ကျွန်တော်နှင့် စာကြည့်တိုက် အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးရာတွင် အမှုဆောင်လူကြီးများက ရှေးဦးစွာ စာကြည့်တိုက်အကြောင်းကို ရှင်းပြသည်။ ထို့နောက် လိုက်လံပြသသည်။ ဆက်၍ စာကြည့်တိုက်နှင့် ပတ်သက်၍ အကြံဉာဏ်များ တောင်းခံပြီးသည်နှင့် ဆရာ ခင်ဗျား၊ ဆရာ ပြည်မြို့ကို ရောက်စဉ် နိုင်ငံတကာ စီးပွားရေးနှင့် အာရှတိုက် စီးပွားရေး အခြေအနေ၊ ထိုအခြေအနေတွင် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည့် မြန်မာပြည် အနေအထားနှင့် ယခု တံခါးဖွင့်ထားသော

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ စီးပွားရေး တံခါးဖွင့်ဝါဒအကြောင်းများကို ဟော
ပြောစေလိုပါသည်' ဟု မေတ္တာရပ်ခံခဲ့ပါ၏။

ကျွန်တော်ကတော့ ထိုအကြောင်းအရာများသည် အလွန်
ကြီးကျယ်သဖြင့် ကျွန်တော့် အနေဖြင့် ပြောဆိုရန် ဝန်လေး
ပါကြောင်း၊ ပြေသောအခါ ဆရာ့ အတွေ့အကြုံ မျှကိုသာ
ပြောပါဟု ထပ်မံ မေတ္တာရပ်ခံခဲ့ပါသည်၊

ကျွန်တော်သည် ပထမတော့ ကျွန်တော်၏ သဘောထားကို
ရှင်းပြရသည်။ ကျွန်တော်သည် ယခုအခါ ပို့ကုန်လုပ်ငန်းရှင်
အဖြစ် လုပ်ဆောင်နေသော်လည်း ယင်းကိစ္စမှာ မတော်တဆ
ယာယီမျှသာဖြစ်သည်။ တစ်သက်တာကာလပတ်လုံး အဆက်
မွေးဝမ်းကျောင်းအဖြစ် လည်းကောင်း၊ နိုင်ငံတာဝန်အဖြစ်
လည်းကောင်း၊ ကျွန်တော် တကယ်လုပ်ဆောင်မည့် အလုပ်
သည် သတင်းစာဆရာ၊ စာရေးဆရာအဖြစ်သာ လုပ်ဆောင်
သွားမည့်သူ ဖြစ်သည်၊

ယခု စီးပွားရေးကဏ္ဍသို့ ခေတ္တဝင်ရောက်နေခြင်းမှာ တံခါး
ပွင့်လာသော စီးပွားရေးနယ်ပယ်တွင် ပြောင်းလဲလာသော
ခေတ်နှင့်အညီ အတွေ့အကြုံ ရစေရန်၊ နိုင်ငံတကာ အဆက်
အသွယ်ဖြစ်စေရန်၊ ခေတ္တဝင်ရောက် လုပ်ကိုင်ခြင်းသာဖြစ်သည်
များကို တင်ပြပြီး မျက်မှောက် မြန်မာ့ စီးပွားရေး အခြေအနေ
ကို ဆွေးနွေးဖြစ်ခဲ့ကြပါ၏၊ ထိုအခါ စိတ်ဝင်စားသူတစ်ဦးက
'ဆရာ၊ တံခါးဖွင့် စီးပွားရေး ဝါဒဆိုတာကို ရှင်းပြပါ' ဟုဆို
ထို့ကြောင့်လည်း ကျွန်တော်သည် မြန်မာ့ စီးပွားရေး တံခါးဖွင့်
ဝါဒကို တတ်သိမှတ်သားခဲ့မိသမျှ ဆွေးနွေးဖြစ်ခဲ့ပါ၏၊



မြန်မာ့ စီးပွားရေး တံခါးဖွင့်ဝါဒနှင့် ပတ်သက်၍ ဓမြို့၊
၁၀ ရပ်ကွက်နေ ချင်းအမျိုးသား လူငယ်တစ်ဦးဖြစ်သူ မောင်
ကီးထန်ကီးကလည်း 'ဆရာ ခင်ဗျား၊ စီးပွားရေး တံခါးဖွင့်သည်
ဟု ဆိုခြင်းနှင့် ပတ်သက်၍ ကျွန်တော်တို့ လူငယ်များ နားလည်
အောင် ရှင်းပြစေလိုပါတယ်၊ တံခါးဖွင့်တယ်ဆိုတော့ ယခင်က
တံခါး ပိတ်ထားလို့လား၊ စီးပွားရေး တံခါးဖွင့်ဝါဒ ကျင့်သုံး
လိုက်ရင် ကျွန်တော်တို့နိုင်ငံ တကယ်ပဲ ချမ်းသာလာတော့မှာ
လား ဆရာ' ဟု စာရေးသား၍ မေးခဲ့ဖူးပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ရွှေတံခါးကြီး ဖွင့်ပါဦး

တံခါးဖွင့်ဟူသော ကိစ္စရပ်ကို ကျွန်တော်တို့ ငယ်စဉ်က ကစားကြရာတွင် 'ရွှေတံခါးကြီးဖွင့်ပါဦး' ဟု ဆိုကာ ကစား တတ်ကြ၏၊ ထိုစဉ်မှစ၍ 'တံခါးဖွင့်' ဟူသော စကားကို ကျွန်တော် စတင် သိကျွမ်းခဲ့ပါ၏။ သို့သော် ထိုကစားနည်းကို တော့ ယခု မေ့သွားပြီ ဖြစ်ပါ၏။

နောက်...နည်း နည်းကြီးလာတော့ အာရပ် ပုံပြင်များထဲမှ အလီဘာဘာပုံတွင် 'Open Sesame' ဟူသော စကားကို ကြား ဖူးပါသည်၊ ရုပ်ရှင်ထဲ၌ ကြားဖူးခြင်း ဖြစ်ပါ၏။ ထိုရုပ်ရှင် ကားကိုကြည့်ပြီး၊ ကျွန်တော်တို့သည် 'Open Sesame' 'Open Sesame' ဟု အော်တတ်ကြပါ၏။ ရွှေငွေရတနာများထားရာ ဂူကြီးကို 'Sesame' ဟူသော အခဲစေ့ကြီးက စောင့်နေရ ထိုဂူကြီးထဲသို့ ဝင်ခါနီး၊ ဘွင် နှမ်းစေ့ကြီးရေ တံခါးဖွင့်ပါဦး ဟု အော်ပြောခြင်းဖြစ်ပါ၏။ ပုံထဲဘွင်တမင်ရယ်စရာဖြစ်အောင် နှမ်းစေ့ကို တံခါးစောင့် ခန့်ထားခြင်း ဖြစ်ဟန်တူ၏။



ဤကား ကျွန်တော်တို့ငယ်ငယ်က တံခါးဖွင့်ပါဟူသော စကားရပ်နှင့် ပတ်သက်သော အတွေ့အကြုံဖြစ်၏။

ထို့နောက်တော့ အရှေ့ဖျားနိုင်ငံများသမိုင်းမှ ဂျပန်နိုင်ငံ အကြောင်းကို သင်ကြားရာတွင် တံခါးပိတ်ဝါဒ ကျင့်သုံးနေ ရာမှ အမေရိကန်ရေတပ်မှ ဗိုလ်ချုပ်ပယ်ရီသည် စစ်သင်္ဘော တစ်စီးဖြင့် လာရောက်၍ ဂျပန်နိုင်ငံအား တံခါးဖွင့်ခဲ့သည့် အကြောင်းကို သင်ကြားခဲ့ရ၏။

မြန်မာနိုင်ငံတွင် ယခုနှင့် ကျင့်သုံးနေသော စီးပွားရေးဝါဒ ကို တံခါးဖွင့် စီးပွားရေးဝါဒဟု ခေါ်ကြ၏။ ယခင်က မြန်မာ နိုင်ငံတွင် နိုင်ငံတော်မှခွင့်ပြုထားသော ကင်းလွတ်ကုန်အချို့မှ လွဲ၍ ကျန်ပစ္စည်းများကို ပုဂ္ဂလိကသည် ပြည်တွင်း၌ပင် ရောင်း ဝယ်ခွင့်မရှိ၊ အဓိကအားဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှု လုပ်ငန်းကို နိုင်ငံတော်က ဦးစီးဦးဆောင်ပြု၍ လုပ်၏။

ယခင်က ပြည်ပကုန်သွယ်မှုလုပ်ငန်းကို နိုင်ငံတော်ကသာ လုံးလုံးလျားလျား လုပ်ကိုင်သည်။ ပုဂ္ဂလိကသည် နိုင်ငံတကာ ကုန်သွယ်မှုကို လုပ်ပိုင်ခွင့်မရှိ၊ ပုဂ္ဂလိကသည် နိုင်ငံတကာ ကုန်သွယ်မှုမပြုရ ဟူသော အချက်ကို ဥပဒေဖြင့် တိတိကျကျ ပြဋ္ဌာန်းထားသည်၊ ပုဂ္ဂလိကအနေဖြင့် ပြည်ပကုန်သွယ်ရေးကို လုပ်ပါက ထိုသို့သောပြုလုပ်မှုသည် တရားဥပဒေနှင့်အညီ မဟုတ်သဖြင့် မှောင်ခိုကုန်ကူးခြင်းဟု ခေါ်၏။

ထိုအခါ ပုဂ္ဂလိကသည် နိုင်ငံတကာသို့ပို့ရန် ပစ္စည်းရှိပါက မြန်မာ့သွင်းကုန်ထုတ်ကုန် ကော်ပိုရေးရှင်းကို ရောင်းပြီး ယင်း မှတစ်ဆင့် ပေးပို့နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မြန်မာနိုင်ငံတွင် တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံးလိုက်၏။ တံခါးဖွင့်ဝါဒ ကျင့်သုံးလာသဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှု လုပ်ငန်းအရပ်ရပ်ကို နိုင်ငံတော် တစ်ဦးတည်းသာမကဘဲ ဖက်စပ်၊ သမဝါယမနှင့် ပုဂ္ဂလိကတို့ကပါ လုပ်ကိုင်ခွင့် ရှိလာ၏။

ထိုသို့ လုပ်ကိုင်လာနိုင်စေရန် ယခင်က ပြည်တွင်းပြည်ပ ကုန်သွယ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပိတ်ပင်ထားခဲ့သော အမိန့်များ၊ ကြေညာချက်များ၊ ညွှန်ကြားချက်များကို ရုပ်သိမ်းခဲ့သည့်အပြင် တံခါးဖွင့် စီးပွားရေးဝါဒအတွက် လိုအပ်သော ဥပဒေ၊ အမိန့်၊ ကြေညာချက် စသည်တို့ကို ထုတ်ပြန်ပေးခဲ့ပါ၏။

## ဥပဒေစကားအရ

တံခါးဖွင့် စီးပွားရေးဝါဒဟူသော ကိစ္စကို ဥပဒေစကား ...ားအရ ပြောရသော် ယခင်က....

- ၁၉၆၄ ခုနှစ် ဆိုရှယ်လစ်စနစ် တည်ဆောက်မှုကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ၊
- ၁၉၆၅ ခု ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၊

စသည့် ဥပဒေများကို ပြဋ္ဌာန်း၍ နိုင်ငံတော်၏ ပြည်တွင်း ...ည်ပစီးပွားရေးလုပ်ငန်းအရပ်ရပ် တိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံ...တော်ကသာ ဦးဆောင်လုပ်ကိုင်၏။

သို့သော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့...ာက်ရောက်လာပြီးသောအခါ ဥပဒေအမှတ် ၉ / ၈၉ ဖြင့် 'နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ' ကို ပြဋ္ဌာန်း...ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဥပဒေအရ လုပ်ငန်း ၁၂ မျိုးမှအပ ကျန် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်း အရပ်ရပ်ကို နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကနှင့် သမဝါယမတို့ကပါ လုပ်ပိုင်ခွင့်ရှိလာခဲ့၏။

နိုင်ငံတော်ကသာ လုပ်ကိုင်မည့် စီးပွားရေး လုပ်ငန်း ၁၂ ရပ်မှာ....

၁။ ကျွန်းသစ်ကို ထုတ်လုပ်၍ ပြည်တွင်းပြည်ပ ရောင်းချခြင်း။

၂။ ကျေးရွာပိုင် ထင်းစိုက်ခင်းမှအပ သစ်တောစိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်း။

၃။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ် ရောင်းချခြင်း။

၄။ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ရတနာများ ပြည်ပသို့ ရောင်းချခြင်း။

၅။ သုတေသနပြု အင်းများတွင် ငါး၊ ပုစွန် မွေးမြူ ထုတ်လုပ်ခြင်း။

၆။ စာတိုက်နှင့် ကြေးနန်းလုပ်ငန်း။

၇။ လေကြောင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း။

၈။ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း။

၉။ အသံလွှင့်နှင့် ရုပ်မြင်သံကြားလုပ်ငန်း။

၁၀။ သတ္တုရှာဖွေခြင်းနှင့် ပြည်ပသို့ ရောင်းချခြင်း။



၁၁။ ဥပဒေအရ ခွင့်ပြုထားသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှအပ အခြား လျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်း။

၁၂။ အစိုးရက သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဖြစ်၏။

သို့သော် အစိုးရကသာ လုပ်ကိုင် ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း ၁၂ ရပ်မှ တစ်ရပ်ရပ်ကို ...ာနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ အစိုးရသည် ပုဂ္ဂလိက ...ဦး၊ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်အား အမိန့်ကြော်ငြာစာထုတ်၍ ခွင့်ပြုနိုင်၏။

ထို့ကြောင့် ပုဂ္ဂလိက ကျွာသည် မည်သည့် လုပ်ငန်းမဆို ...တွင်းပြည်ပ ကုန်သွယ်မှုပြုနိုင်၏။ အထက်ပါ ဥပဒေအရ ...ရက ကိုယ်တိုင် လုပ်ပါမည်ဟု သတ်မှတ်ထားသော ...ငန်း ၁၂ ရပ်ကိုပင် နိုင်ငံအကျိုးရှိမည်ဟုဆိုပါက ဥပဒေ... ...နှင့်၍ ပုဂ္ဂလိကအား လုပ်ပိုင်ခွင့် ပေးနိုင်သည်။

တစ်ချိန်တည်းမှာပင် ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ရက်နေ့က ...ပြန်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး ...ဥပဒေအမှတ် ၉/၈၉ ဖြစ်သည့်...

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေကို ပြဋ္ဌာန်း...ဖြင့် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်...

www.burmeseclassic.com

www.burmeseclassic.com



ဓအာက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေသ
လည်း အလိုအလျောက် ရုပ်သိမ်းသွားပြီး ဖြစ်၏။

ထို့ကြောင့် ယခုအခါ ပြည်သူလူထုသည် စီးပွား
ကုန်သွယ်မှု လုပ်ငန်းအရပ်ရပ်ကို လွတ်လပ်စွာ ပြည်တွ
ပြည်ပ လုပ်ကိုင်နိုင်ပြီဟု ဆိုနိုင်၏။

တစ်နည်းဆိုရသော် ဥပဒေအရ အစိုးရကသာ လုပ်မည်
ကန့်သတ်ထားသော ဘဏ်လုပ်ငန်း၊ လေကြောင်း၊ မီးရထ
စသည်တို့၊ ရေနံနှင့် သတ္တု၊ ကျွန်းနှင့် ကျောက်မျက်ရတနာ လု
ငန်းများကို ပုဂ္ဂလိကမှလုပ်မလား၊ လုပ်မည်ဆိုပါက ဤဥပဒေ
အရ နိုင်ငံမတော်အကျိုးကို မထိခိုက်၊ နိုင်ငံတော်အကျိုးရှိမည
ဆိုပါက လုပ်ကိုင်နိုင်သည်ဟူသော အဖြေထွက်ရှိပါ၏။

## ဖွင့်သင့်တာဖွင့် ပိတ်သင့်တာပိတ်

ကျွန်တော့်ထံ စာရေးသားကြသူများထဲတွင် မောင်ကိ
င်းကြီးကဲ့သို့ တံခါးဖွင့် စီးပွားရေးဝါဒအကြောင်း မေးမြန်း
ဦးအကဲ့သို့၊ တံခါးဖွင့် လုပ်ဆောင်ရာတွင် တွေ့ကြုံရသော
ခက်အခဲများကို မေးမြန်းသူများလည်း ရှိ၏။

ကျွန်တော်ပင်လျှင် ဂျပန်လူငယ်တစ်ယောက်အကြောင်း
အုပ်၌ သခွားသီးစိုက်ပျိုး၍ ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင်
ပျိုးထုတ်လုပ်ရာတွင် လည်းကောင်း၊ နိုင်ငံခြားနှင့် ဆက်
ယ်ရာတွင်လည်းကောင်း၊ သင်္ဘောတင်ရာတွင်လည်းကောင်း၊
ပြီး ပို့ဆောင်ရာတွင် လည်းကောင်း၊ အခက်အခဲများရှိ
အကြောင်း ရေးသားခဲ့ပါ၏၊ ယခုအနေအထားကို ယထာ
ကျကျ လေ့လာဆန်းစစ်ပါက ယခုကာလကို တံခါးဖွင့်
ဆဲကာလ၊ ပုဂ္ဂလိက စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်း
ဆဲကာလဟု ဆိုရမည်ဖြစ်ပါ၏။ အသွင်ကူးပြောင်းဆဲကာလ
ပါက လူအတော်များများက လှုပ်နေဆဲဖြစ်၏။ ထို့ကြောင့်
ဒီစွာကို ယခုထက် ရှင်းရှင်းလင်းလင်း သဘောပေါက်ရန်
ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်ခြင်း ပိတ်ခြင်းနှင့် ပတ်သက်၍ သိရှိသဘောပေါ
ရန် လိုအပ်သည်မှာ နိုင်ငံ၏ စီးပွားရေးတံခါးကို ပိတ်ခြ
ဖွင့်ခြင်းသည် မိမိအိမ်မှ တံခါးများကို ဖွင့်ခြင်းပိတ်ခြင်း
သဘောထား ထပ်တူထပ်မျှသာ ဖြစ်ပါ၏။

အိမ်တစ်ဆောင်ဆောက်ရာတွင် တံခါးမပါ၍လည်းမရပ
တံခါးမပါပါက အိမ်မဟုတ်၊ ဇရပ်သာဖြစ်နိုင်၏။ အိမ်
ဆောင်ဟုဆိုပါက တံခါးမကြီး၊ လေသာပြတင်း၊ နောက်
တံခါး၊ အိမ်ရှေ့တံခါး၊ တံခါးများ အစုံအလင်ပါမည် ဖြ
သည်။ ထိုသို့အိမ်တစ်အိမ်တွင်တံခါးများကို အဂ္ဂါစုံအောင်
ထားပြီးနောက် ထိုတံခါးများကို ပိတ်သင့်သည့် အချိန်တွင် ပိ
ဖွင့်သင့်သည့် အချိန်တွင် ဖွင့်ရမည် ဖြစ်ပါ၏။ ပိတ်သင့်သေ
တံခါးများကို ပိတ်ထား၍ ဖွင့်သင့်သော တံခါးများကိုလ
ဖွင့်ရမည်ဖြစ်ပါ၏။

အိပ်ဆောက်ရာတွင် တံခါးအစုံအလင် ထည့်သွင်းဆော
လုပ်ထားသော်လည်း ထိုတံခါးအားလုံးနေ့ရော ညပါဖွင့်ထ
သည်ဟူ၍ မရှိပါ။ ညအခါတွင်လည်းကောင်း၊ ရာသီဥတုဆိုး
လေပြင်းကျသောအခါ၊ မိုး သည်း ထန် သော အ ခါ များ တ
တံခါးများကို ပိတ်ထားကြပါ၏။ သူခိုး၊ ဓားပြ လူရမ်းက
များ ထကြွသောအခါများတွင်လည်း အိမ်ရှင်မတို့က အ
တံခါးကို ပိတ်ထားတတ်ကြပါ၏။ သို့သော် တံခါးများ
မည်သည့်အိမ်မှ အမြဲပိတ်မထားကြပါ။ လေကောင်းလေသ
ရရှိရန်၊ လူဝင်လူထွက်ပြုလုပ်ရန်၊ အိမ်သို့ ဧည့်ကောင်းဆော



ကောင်းလာရန်၊ အလှူခံပုဂ္ဂိုလ်၊ သတင်းပေး ပုဂ္ဂိုလ်များ
ရောက်ကြရန်အတွက်လည်း တံခါးများကိုအချိန်နှင့်ဖွင့်ထား
ရပါ၏။

ထို့အတူ နိုင်ငံ၏ စီးပွားရေးတံခါးကို ဖွင့်ရာတွင်လည်း
....လုပ်ပေတော့ ဟုဆိုကာ မြန်မာ့ စီးပွားရေးတံခါးကို
လောယဉ်ဇရပ်လို တံခါးမရှိ၊ ဓားမရှိ ဖွင့်ပေး၍မရပါ။ တံခါး
ရာတွင် ဥပဒေနှင့် စည်းကမ်းနှင့်တော့ စနစ်တကျ ဖွင့်ပိတ်
ပေါ်။

စီးပွားရေးတံခါးဖွင့်ခြင်း ဟူသော အခေါ်အဝေါ်ကို ဖွင့်ဆိုရာ
ယခင်က အစိုးရတစ်ဦးတည်းက ပြည်တွင်းပြည်ပ ရောင်း
ရေးလုပ်ငန်းများကိုလုပ်ကိုင်ရာမှ ပုဂ္ဂလိကနှင့် သမဝါယမ
သော အဖွဲ့အစည်းများသို့ပါ ရောင်းဝယ်ရေးလုပ်ငန်းများကို
ပြည်တွင်းပြည်ပ၌ လုပ်ဆောင်ရန်ခွင့်ပြုခြင်းသည် စီးပွားရေး
တံခါးဖွင့်ခြင်း ဖြစ်ပါ၏။ စီးပွားရေး တံခါးဖွင့်ခြင်း ဆိုသည်
ယခင်က ကန့်သတ်ထားသော စီးပွားရေးလုပ်ငန်းများကို
ပုဂ္ဂလိကမှလည်း ပြည်တွင်းပြည်ပ လုပ်ကိုင်ခွင့် ပေးအပ်လာ
ခြင်း ဖြစ်ပါ၏။

ယခင်က ကျွန်တော်သည် နိုင်ငံခြားသား များအား
ကျွန်တော်၏ ဧည့်သည်အဖြစ် ပြည်တွင်းသို့ ခေါ်ယူနိုင်ခွင့်
မရှိပါ။ သို့သော် ယခုအခါ ကျွန်တော်သည် နိုင်ငံခြားသား
များကို ပြည်တွင်းသို့ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်
ခေါ်နိုင်ပါသည်။ နိုင်ငံခြားသားများအား ခြေရာလိုက်
နှစ်အထိ သူ့စည်း သူ့ကမ်းနှင့်အညီ ခေါ်ယူနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ နိုဝင်ဘာလမှ ၁၉၈၉ ဇွန်လအထိ နိုင်ငံခြားသ
သုံးဦးကို ကျွန်တော်သည် ပြည်တွင်းသို့ခြေချကြိုမ်မျှ ဖေ
သွင်းခဲ့ပါသည်။

၎င်းသည်မှာ မြန်မာ့စီးပွားရေးကဏ္ဍ၏ တံခါးဖွင့်စီးပွားရေ
ဝါဒကြောင့် ရရှိလာသော အခွင့်အရေးတစ်ရပ် ဖြစ်ပါ၏။

ထို့ကြောင့် အစိုးရက ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်း၍ မြန်
စီးပွားရေးကဏ္ဍဆစ်ကို ဖွင့်လိုက်သည်မှာ အမှန်ပင် ဖြစ်ပါ
သို့သော် တံခါးဟူသည် ဖွင့်တိုင်း ပွင့်သွားစရာ မဟုတ်။
တိုင်းလည်း စီးပွားရေးလုပ်ငန်းကြီး ချက်ချင်း ဖွံ့ဖြိုးလာမ
မဟုတ်၊ မြန်မာ့ တံခါးဖွင့် စီးပွားရေးလုပ်ငန်းများကို အေ
အောင်မြင်မြင် လုပ်ဆောင်ရေးကိစ္စသည် အစိုးရတစ်ရပ်တ
နိုင်သော ဆိုင်သောကိစ္စမဟုတ်၊ အစိုးရရော ပါဝင်လုပ်ဆော
မည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်ပါ နှစ်ဦးနှစ်ဖက်ပတ်သ
သော ကိစ္စဖြစ်ပါ၏။

# ဝိုင်းဖွင့်မှ ပွင့်မည်

စီးပွားရေးကဏ္ဍ၏ စီးပွားရေးတံခါးကို ဖွင့်ရာတွင် မည်
သည့် အစိုးရအဖွဲ့အစည်းပင် ဖြစ်ပါစေ၊ အစိုးရတစ်ရပ်တည်း
သာ ဆောင်ရွက်ချက်ဖြင့်၊ တစ်နည်း အစိုးရတစ်ရပ်က နိုင်ငံ့
စီးပွားရေး တံခါးကို ဖွင့်လိုက်ပြီဟု ဆိုရုံမျှနှင့် တံခါးက ပွင့်
သွားနိုင်ပါ။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအရပ်ရပ်ကို နိုင်ငံတော်
ကသာ ဦးဆောင်လုပ်ကိုင်ခဲ့သည်မှာ ဆယ်စုနှစ် သုံးစုနီးပါး
ကြာမြင့်ခဲ့ပါ၏။ ထို့ကြောင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား
ကုန်သွယ်မှုလုပ်ငန်း အရပ်ရပ်ကို လုပ်ကိုင်ခွင့် ပြုသည့်တိုင်
အကြောင်းအမျိုးမျိုးတို့ကြောင့် ချက်ချင်းထ၍ လုပ်ကိုင်နိုင်
စွမ်း မရှိပါ။

ပုဂ္ဂလိက လုပ်ငန်းရှင်ပိုင်းတွင် နိုင်ငံတကာကုန်သွယ်မှုလုပ်
ငန်းနှင့် အဆက်ပြတ်နေခြင်း၊ နိုင်ငံတကာကုန်သွယ်မှု အတွေ့
အကြုံမရှိခြင်း စသော အခက်အခဲပေါင်းများစွာ ရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပိုင်းမှ နိုင်ငံတကာ
ကုန်သွယ်မှု အတွေ့အကြုံ ရှိခဲ့ပါ၏။ ထိုအတွေ့အကြုံသည်
နှစ်ပေါင်း ၃၀ နီးပါးမျှကြာခဲ့ပြီဖြစ်ရာ ယခင်က လူသိပို
နိုင်ငံတကာ စီးပွားရေး အတွေ့အကြုံရှိသော ဦးဘ ဟူသော
ပုဂ္ဂိုလ်ကြီး၏ အသက်သည် ၄၀ ဟုဆိုကြပါစို့။ ယခုထိုပုဂ္ဂိုလ်
၏ အသက်သည် ၇၀ နီးပါးရှိနေပြီဖြစ်၏။ ယခု စီးပွားရေး
စတင်လုပ်ဆောင်ရန် ပြင်ဆင်နေသော အသက် ၄၀ အရွယ်
ဦးဘ၏ သားသမီးတို့သည် ဦးဘ နိုင်ငံတကာနှင့် ဆက်
လုပ်ကိုင်စဉ်က ဆယ်နှစ်သမီး ဆယ်နှစ်သားသာ ရှိနေပါသေး
၏။ ယခုတော့ ဦးဘကလည်း အိုမင်းမစွမ်း ဖြစ်နေပြီဖြစ်၏
ဦးဘ၏ သားသမီးတို့က မိသားစုမျိုးရိုးရှိ၍ ကုန်သွယ်မှုလုပ်
ငန်းကို လုပ်လိုသော်လည်း အတွေ့အကြုံ မရှိနိုင်တော့ပါ
ထို့ကြောင့် တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံးရာတွင်
ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်က ရော နိုင်ငံတော်ဘက်ကပါ
လက်တွဲလုပ်ဆောင်ရန် ကိစ္စ များစွာ ရှိပါသေး၏။ ရုပ်ရှင်ထဲ
မှုပြင်ထဲကလို 'Open Sesame' ဟု အော်ရုံဖြင့် တံခါးကြီး
ပွင့်ထွက်မလာနိုင်ပါ။

ပုဂ္ဂလိကပိုင်းမှာ အခက်အခဲရှိသလို နိုင်ငံတော်ပိုင်းမှလည်း
အခက်အခဲများ ရှိပါသေး၏။ ယခင်က မြန်မာနိုင်ငံတွင် နိုင်ငံ
ခြား ဘဏ်ပေါင်း ၂၀ ခု ရှိပါ၏။ ယခုအခါ တစ်ခုတည်း
ရှိပါ၏။ ယခုမှ မြန်မာ ရင်းနှီးမြှုပ်နှံမှုဘဏ် အသစ်တစ်ခုကို
ထပ်၍ ဖွင့်ပေးနေရပါသေး၏။ ယခင်က မြန်မာလူမျိုးများ
အတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ရန် နိုင်ငံ



ခြား ငွေစာရင်းဖွင့်ခွင့် မရရှိခဲ့ပါ။ ယခုအခါ နိုင်ငံတကာ
ကုန်သွယ်မှုလုပ်ငန်း လုပ်ဆောင်၍ ရရှိသောငွေကို ပုဂ္ဂလိကမှ
နိုင်ငံခြား ငွေစာရင်းဖွင့်ခွင့် ရရှိလာပါ၏။ ထိုသို့ပုဂ္ဂိုလ်တစ်ဦး
က နိုင်ငံခြားငွေစာရင်းဖွင့်ခွင့် ရသည့်တိုင် ဘဏ်လုပ်ငန်း
အခုနဖြင့် နိုင်ငံတော်မှ ထပ်၍လုပ်ဆောင်ပေးစရာများကလည်း
ကျန်ရှိနေပါသေးသည်။ ဘဏ်လုပ်ငန်းနှင့် ပတ်သက်သော
ဥပဒေများကို ပြင်ဆင်ကြရဦးမည် ဖြစ်ပါ၏။ နည်းစနစ်များကို
သွယ်ကူအောင် ပြင်ပေးရဦးမည် ဖြစ်ပါ၏။ ဘဏ်ဝန်ထမ်း
များ တိုးချဲ့ခန့်ထားရဦးမည် ဖြစ်ပါ၏။ အခြားစီးပွားရေး
လုပ်ငန်းဆိုင်ရာ ဥပဒေများကိုလည်း ပြင်ဆင်ကြရဦးမည် ဖြစ်
ပါ၏။ ဥပဒေကိုပြင်ရာတွင် နေ့ချင်း ညချင်း ပြင်၍မရပါ။

ကျွန်တော် အယူအဆအရ နိုင်ငံတော်၏ စီးပွားရေးတံခါး
ကို ဖွင့်ရာတွင် အစိုးရကသာမက ပြည်သူလူထုကပါ ပူးပေါင်း
၍မှ စီးပွားရေးတံခါး ပွင့်မည်ဖြစ်ပါ၏။ တံခါးတော့ဖွင့်ထား
ပါ၏။ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များက မလုပ်တတ်
ကိုင်တတ်၊ ငွေအရင်းအနှီးမရှိ၊ နိုင်ငံတကာ အဆက်အသွယ်
မရှိဘဲ မလုပ်ကိုင်နိုင်ပါကလည်း တံခါးပွင့်ပြီဟု မဆိုသာပါ။
တံခါးတော့ ဖွင့်ထားပါ၏။ သို့သော်ပြင်ဆင်စရာမရှိသောဥပဒေ
များ ပြင်ဆင် ပြောင်းလဲ၍ မရသေးလျှင်သည်း တံခါးကြီးပွင့်
သွားပြီဟု မဆိုသာပါ။

ဤကိစ္စများကို လုပ်ဆောင်ရာတွင် နှေးနှေးကွေးကွေး ဖြစ်
ပါက အောင်မြင်မှု ဖွံ့ဖြိုးမှုလုပ်ငန်းများ နောက်ကျနိုင်သလို
ပြန်မြန်လုပ်ပါကလည်း အမှားများ ပါနိုင်ပါ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း စိုးရိမ်စိတ်တို့ဖြင့် သိပ်နှေးနေ၍လည်းမရပါ။ ထို့ကြောင့် ယခုအခါတွင် အစိုးရကလည်း တစ်ဖက်မှ ပုဂ္ဂလိကစီးပွားရေး ကဏ္ဍ တွင်ကျယ်လာစေရန် ကူညီမှုများ ပြုနေသလို၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များဖက်မှလည်းနိုင်ငံတကာ စီးပွားရေး လုပ်ငန်းများကို အတွေ့အကြုံ သင်ကြားနေရဆဲ ဖြစ်ပါ၏။

ယခုအခါ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်လျက်ရှိသော စီးပွားရေး လုပ်ငန်းရှင်များအတွက် ကုန်သွယ်မှု လုပ်ငန်းများ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသည် တံခါးဖွင့်စီးပွားရေး စနစ် တွင် အရေးကြီးသော အထောက်အပံ့များ ဖြစ်ပါ၏။ ယုတ်စွ အဆုံး နိုင်ငံတကာကုန်သွယ်ရေးကို လုပ်ဆောင်မည့် မြန်မာ စီးပွားရေးသမားတို့သည် စီးပွားရေးပေးစာ ပြန်စာများကိုပင် လေ့လာသင်ကြားနေရဆဲ ဖြစ်ပါ၏။

ကျွန်တော်၏ အတွေ့အကြုံအရ ကုန်သွယ်ရေး ဝန်ကြီးဌာန သည် ဖွင့်လှစ်သော မြန်မာ့စီးပွားရေး တံခါးမကြီးမှ မြန်မာ တို့ ဝင်နိုင်ထွက်နိုင်အောင် စေတနာသန့်သန့်ဖြင့် ကူညီလျက် ရှိပါ၏။ ကုန်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတကာ ကုန်သွယ်မှု အတွေ့အကြုံရှိသော ဌာနကြီးတစ်ခုဖြစ်ပါ၏။ ကုန်သွယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေး ဦးစီးဌာန၊ မြန်မာ့ ထုတ်ကုန် သွင်းကုန် လုပ်ငန်း၊ ကုန်ပစ္စည်း စစ်ဆေးရေးနှင့် ကိုယ်စားလှယ် လုပ်ငန်းတို့မှ ကုန်သွယ်မှုလုပ်ငန်းကျွမ်းကျင်သူ များ၊ အရာရှိကြီးများသည် တကယ့် ပုဂ္ဂလိက လုပ်ငန်းရှင် များအား ကိုယ်ထိလက်ရောက် ကူညီနေသည်ကို တွေ့ရပါ၏။ ထိုအထဲတွင် မြန်မာ့ထုတ်ကုန်သွင်းကုန် လုပ်ငန်းမှ ဦးဆောင်



ညွှန်ကြားရေးမှူး ဦးဝင်းကြည်ဆိုလျှင် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များအား အလိုက်သည်းသိုက် ကူညီဆောင်ရွက် ပေးလိုသူ တစ်ဦးဖြစ်ပါ၏။ အခြားသော အစိုးရဌာနများ၊ လုပ်ငန်းများမှလည်း ထိုသို့ စေတနာ ရှေ့ထား ကူညီပါမှ ကုန်သွယ်မှုလုပ်ငန်း တိုးတက်ပြီး နိုင်ငံလည်းဖွံ့ဖြိုးကာ အသွင် ကူးပြောင်းရေး ကာလသည်လည်း တိုတောင်းမည် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## လက်တွေ့ကျမှ စီးပွားရေးသမား

တံခါးဖွင့်စီးပွားရေးဝါဒနှင့်ပတ်သက်၍ ယခု ပန်းဆိုးတန်း ကုန်တိုက်တွင် ကုန်ပစ္စည်းများ ခင်းပြ ဖွင့်လှစ် ထားသော စင်ကာပူ ကုမ္ပဏီမှ ဒါရိုက်တာဖြစ်သူ Mr. Lek Eng khiang က ကုန်သည်လုပ်မည့်သူများသည် စိတ်ရှည်ကြရမည်။ စီးပွားရေးသမားသည် လက်တွေ့ကျရမည်။ စီးပွားရေးသမားသည် စီးစနစ်ရှိ၍ခိုင်မာသော ယုံကြည်မှုရှိရမည်။ ထို့ပြင် စီးပွားရေးသမားသည် ဘယ်အခြေအနေမျိုးမှာမဆို အသုံးလုပ်နိုင်ရမည်။ ပေးတဲ့အခြေအနေမှာ ပေးသလောက်နှင့် လုပ်နိုင်စွမ်းရှိရမည်။ စီးပွားရေးလုပ်ရန် အရေးကြီးသည်မှာ ရိုးသားမှု ဖြစ်၏။ ရိုးသားမှုသည် အချည်းအနှီးတံ ၍၊ မရိုးသားမှုသည် တိုတောင်း၏။ စီးပွားရေး ကိစ္စရပ်များကို အရှည်ကြည့် လုပ်ဆောင်ကြရမည် ဖြစ်သည်။ စိတ်ရှည်ရှည်ထား၍ လုပ်ဆောင်ကြရမည်ဟု ကုန်သွယ်မှု လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြား သွားခဲ့ဖူးပါ၏။



ကျွန်တော်တို့ လူမျိုးသည် နိုင်ငံတကာ စီးပွားရေးအတွေ့အကြုံ ဗဟုသုတများ ကြွယ်ဝအောင် အထူးကြိုးစားကြရမည် ဖြစ်ပါ၏။

တံခါးဖွင့်သည့်တိုင် ကျွန်တော်တို့ အတွေ့အကြုံမရှိ၊ မကြိုးစားကြပါက ထိုဖွင့်ထားသောတံခါးသည် အဝင်အထွက်မရှိ၊ ခြောက်သွေ့ကာ ကျီးနှင့်ဖုတ်ဖုတ်သာ ရှိမည်ဖြစ်ပါ၏။ ဖွင့်ထားသော တံခါးဝတွင် ရောင်းဝယ်ဖောက်ကားသူတို့နှင့် စည်ကားနေစေရန် ကျွန်တော်တို့ မြန်မာပြည်သူတိုင်း ပါဝင်ဝိုင်းဝန်းကြိုးစားကြရဦးမည် ဖြစ်ပါ၏။

ကျွန်တော်တို့သည် ရောင်းချစရာများကို ညီညာသောလက်ရာနှင့် ဖန်တီးကြရမည် ဖြစ်ပါ၏။ ရောင်းစရာ မရှိပါက ဝယ်မည့်သူ ရောက်မလာနိုင်ပါ။ ရောင်းစရာဟုဆိုရာတွင်လည်း ဝယ်ချင်သူ ဝယ်လိုသော ရောင်းစရာများဖြစ်ရန် လိုအပ်ပါ၏။ ကမ္ဘာ့ပြည်ပဈေးကွက်ကြိုက် ထုတ်ကုန်များကို ကျွန်တော်တို့ ဖန်တီးကြရမည် ဖြစ်ပါသည်။

ဤကိစ္စနှင့် တစ်ဆက်တည်း တင်ပြလိုသော အကြောင်းအရာ တစ်ရပ် ရှိပါ၏။ ကျွန်တော့် ထံ စာရေးသားကြသူများ အနက် ပိုလ်ချုပ်လမ်း ဇလွန်မြို့မှ မောင်ကျော်ဆွေ၊ သဲလွန်း အချက်ဘုတ်အလုပ်စခန်း၊ ကျောက်ဆည်မြို့မှ ကိုမြင့်ဆွေ၊ ပုသိမ်မြို့ သနက (၁) ကချင်မှ ကိုစိုးလွင်၊ မန္တလေး ... ရဲရင့်စာပေမှ ကိုထင်လင်းအောင်၊ ထားဝယ်မြို့ သုခလမ်းမှ ကိုစိုးလွင်တို့က နိုင်ငံတော်တွင် တံခါးဖွင့်ဝါဒ ကျင့်သုံးပြီး စီးပွားရေး အပြောင်းအလဲ တစ်ရပ်ကို ဆိုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီဖြစ်၍ ကျွန်တော်တို့ မကြာခင် ချမ်းသာကြွယ်ဝလာတော့မှာလား၊ ကမ္ဘာ့စီးပွားရေးအတွေ့အကြုံများနှင့် ဆရာ လေ့လာပြီး ပြောကြားစေလိုပါသည်ဟု စာများ ရေးသား ပေးပို့ကြပါ၏။ အခြားလူငယ် အများအပြားလည်း ဤမေးခွန်းကို မေးခဲ့ကြပါ၏။ ကျွန်တော် ထင်ပါ၏၊ ထိုမေးခွန်းများသည် ယနေ့ အနေအထားတွင် အလွန် အရေးကြီးသော မေးခွန်းဖြစ်ပါသည်။

## အပြောင်းအလဲနှင့် ဖွံ့ဖြိုးမှု

ယခုအခါတွင် မြန်မာနိုင်ငံတွင် တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံးနေပြီဖြစ်၏။ ထိုသို့ ကျင့်သုံးမှုသည် နိုင်ငံတော်၏ အရေးကြီးသော အပြောင်းအလဲ တစ်ရပ် ဖြစ်၏၊ ထိုသို့ အပြောင်းအလဲ တစ်ရပ် ကြုံတွေ့ရုံမျှဖြင့် မကြာမြင့်မီသော ကာလတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လက်မိ လက်ရ ဆုပ်ကိုင်နိုင်တော့မည်ဟူ၍ မဆိုနိုင်ပါ။

နိုင်ငံတိုင်း၏ သမိုင်းတွင် အပြောင်းအလဲများ၊ ပြုပြင်ပြောင်းလဲမှုများ ရှိစမြဲဖြစ်ပါ၏၊ အပြောင်းအလဲပြုလုပ်တိုင်း နိုင်ငံဖွံ့ဖြိုးလာသည်မဟုတ်ပါ၊ အပြောင်းအလဲ ပြုလုပ်သော်လည်း မတိုးတက်ဘဲ ဒုံရင်းဒုံရင်းဖြစ်မှုများလည်း ရှိသည်ကို လေးအနက် သတိပြုရန် လိုအပ်ပါသည်။

ဥပမာ တရုတ်နိုင်ငံ သမိုင်းကိုလေ့လာပါက ၁၈[illegible]၀ ဝန်းကျင်တွင် ပြုပြင်ပြောင်းလဲမှု တစ်ကြိမ် ပြုခဲ့၏၊ ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး ကဏ္ဍအသီးသီးတွင် ပြောင်းလ ခဲ့ကြ၏။ သို့သော် ထိုစဉ်က ပြုပြင်ပြောင်းလဲမှုများကို ဦးဆော ကဲ့သို့သော မိဖုရားကြီးနှင့် ဆင်ကိုးဖန် ကဲ့သို့သော ဩဇာ တရုတ်အရာရှိကြီးများက မထောက်ခံခဲ့။ ထိုပြုပြင်ပြောင်းလဲ အရ တရုတ်လူငယ် အများအပြားကို အနောက်နိုင်ငံများသို့ ပညာသင်များ စေလွှတ်ခဲ့၏။ အချို့ တရုတ်လူကြီးများက ထိုသို့ အနောက်သို့ ပညာတော်သင် သွားသည်ကို မနှစ်သ ကြ၊ ထို့ကြောင့်လည်း ၁၈၇၀ ခုနှစ် ပြုပြင်ပြောင်းလဲမှုသ တရုတ်ပြည်သမိုင်းတွင် အရာမရောက်သော ပြုပြင်ပြောင်းလဲ တစ်ရပ် ဖြစ်ခဲ့ပါသည်။

၁၈၉၀ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ရက်တစ်ရာပြုပြင်ပြောင်း လဲမှုတစ်ရပ်ကို လုပ်ခဲ့သေး၏။ သုံးလအတွင်း ဥပဒေ အများ အပြားကိုလုပ်၍ဆောင်ရွက်ရာ တရုတ်အရာရှိများက ထိုဥပဒေ တို့ကို မလိုက်နာ၍ အောင်မြင်မှု မရှိခဲ့ပါ။

တစ်ဖန် တရုတ်နိုင်ငံတွင် တရုတ်တို့သည် ဂျပန်နိုင်ငံအာ စစ်ရှုံးပြီးသည့်နောက် ပြုပြင်ပြောင်းလဲမှုတစ်ရပ် လုပ်ခဲ့၏ ထိုပြုပြင်ပြောင်းလဲမှုတွင် ဆွန်ယက်ဆင်ကဲ့သို့သော ပုဂ္ဂိုလ်များ ပါဝင်ခဲ့၏။ ယင်းပြုပြင်ပြောင်းလဲမှုသည် တရုတ်ပြည်သ အတွက် မျိုးစေ့ ဖြစ်ခဲ့ပါ၏။

တစ်ဖန် ဂျပန်နိုင်ငံသမိုင်းကို လေ့လာပါက ခရစ်သက္ကရာ ၆၀၄ တွင် ရှိတိုးကု မင်းသားသည် တိုက်ကာဝါး ပြုပြ ပြောင်းလဲရေးကို လုပ်ခဲ့၏။ သို့သော်လည်း ထိုပြုပြင်ပြောင် လဲမှုသည် တာရှည်မခံပါ။



၁၈၆၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ချာတာအုတ်ကို ကြေညာ၍ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ခဲ့၏။ မေဂျီဘုရင် ဂျပန်နိုင်ငံ၏ အုပ်ချုပ်ရေး၊ စစ်ရေး၊ ပညာရေး၊ ဘာသာ ပြုပြင်မှုများသာမက အမျိုးသားဘက်နှင့် စက်မှုလုပ်ငန်း တိုးချဲ့ခြင်း၊ ပါလီမန်ကို ဖွဲ့စည်းခြင်းပါ ပြုလုပ်ခဲ့ရာ ပြုပြင်ရေးသည် ဂျပန်နိုင်ငံအား သိသိသာသာ တိုးတက် ခဲ့၏၊ မျက်မှောက်ခေတ် ဂျပန်နိုင်ငံ၏ မျိုးစေ့လည်း ဖြစ်ခဲ့ ၏။

မြန်မာ့သမိုင်းကို လေ့လာသော အခါတွင်သည်း အနော် ရထာ၊ သာလွန်မင်း၊ မင်းတုန်းမင်း အစရှိသူတို့သည် ပြု ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြသူများ ဖြစ်၏။

ထိုင်းနိုင်ငံ၏သမိုင်းကို လေ့လာသော အခါတွင်လည်း စူဠာ လောင်ကွန်ဘုရင်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများကိုအ ခဲ့ရာ နိုင်ငံ တိုးတက်လာခဲ့၏၊ ကနောင်မင်းသားနှင့် ယော တွင်းဝန်တို့၏ ပြုပြင်ပြောင်းလဲမှုများသည် စူဠာလောင်ကွန် ပြင်ပြောင်းလဲမှုများထက်ပင် နှစ်အနည်းငယ် စောသည်ဟု ပါ၏။ ကနောင်မင်းသားနှင့် ယောအတွင်းဝန်တို့၏ ပြုပြင် ပြောင်းလဲမှုသည် အားပေးမှု မရရှိခဲ့သည့်ပြင် ကိုလိုနီဝါဒ ကျော်သော အခါ လုံးဝဖျက်ဆီးခြင်း ခံခဲ့ရ၏။

ထိုင်းဘုရင် စူဠာလောင်ကွန်၏သား ကင်းဘရစ်ထွက်ဘုရင် ဗဇိရာဝုဓ၏ လက်ထက်တွင် ကျောက်ဆေးမထုံးမနှံရ၊ တန်းပညာ မသင်မနေရ ဥပဒေထုတ်ပြန်သည့်ပြင် ထိုင်း ကျောင်းများကို အင်္ဂလန်မှ ကျောင်းများအတိုင်း လုပ်ခဲ့၍

www.burmeseclassic.com

www.burmeseclassic.com



ထိုင်းအမျိုးသမီးများကိုလည်း ဆံပင်ရှည်ထား၊ ထဘီ ခါ တောင်းကျိုက် ဝတ်ဆင်သည်ကို ဥရောပမှ အမျိုးသမီးများ အတိုင်း ဆံပင်ကို အတိုထား၍ ဂါဝန်ဝတ်စေခဲ့၏။

လူ့အဖွဲ့အစည်းသည် အမြဲတိုးတက်ပြောင်းလဲနေရာ ပြောင်းလဲနေသောခေတ်နှင့် စနစ်နှင့်အညီ၊ ပြောင်းလဲရန်ကား လိုအပ်သည်၊ ရှေးအခါက နိုင်ငံတစ်နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည် ဆိုပါက ပြုပြင်ပြောင်းလဲမှုကို မလိုလားသော ရှေးရိုးကျသူများနှင့် ပြုပြင်ပြောင်းလဲမှုကို အမြန်လုပ်လိုသော သူများ ထိပ်တိုက်တွေ့ကြရ၏။ ယခု ခေတ်တွင်ကား ထိုအနေအသားမျိုးများ မရှိတော့ပါ။ ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် တိုးတက်နေသော ကမ္ဘာနှင့်အညီ ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံတိုင်းတွင် အစဉ်လိုအပ်နေသည်၊ နိုင်ငံတစ်နိုင်ငံတွင် အရိုးကို အခွံက်မဖုံးစေဘဲ မိမိလူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက် အားမာန်တို့ကို မထိခိုက်စေဘဲ ပြောင်းလဲရန် လိုအပ်သည်များအားလုံးကို အချိန်မီ ပြောင်းလဲ လုပ်ဆောင်ကြရန် လိုအပ်ပါ၏။

## ပြောင်းလဲရုံမျှနှင့် မတိုးတက်နိုင်သေး

မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းကို လေ့လာပါက ပြောင်း နှစ်ကြိမ်ရှိ၏။ ပထမပြောင်းလဲမှုသည် ၁၉၄၈ ခုနှစ် က လပ်ရေးရရှိခြင်းဖြစ်သည်။ လွတ်လပ်ရေးကိုပြည်သူတို့သည် တ်၊ သွေး၊ ချွေးတို့ကို ပေးအပ်ကာရယူခဲ့ခြင်း ဖြစ်၏။ သူတစ်ရပ်လုံးသည် လွတ်လပ်ရေးရရှိပါက မြန်မာနိုင်ငံ ခေတ်မီတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိ၍ ဝ အေးချမ်းလာမည်ဟု မျှော်မှန်းခဲ့ကြ၏။

သို့သော် မြန်မာနိုင်ငံသည် လွတ်လပ်ရေး ရရှိလာသော ၌ သောင်းကျန်းမှုများဖြင့် ပြည်သူလူထုသည် မြေစာပင် ရပြီး အာဏာရပါတီ နှစ်ခြမ်းကွဲခြင်း၊ စသည့်ကိစ္စတို့ ကြောင့် အခရေးမလှသောအဖြစ်နှင့် ကြုံခဲ့ရ၏။

တစ်ဖန် ၁၉၆၂ ခုနှစ်တွင် အပြောင်းအလဲတစ်ရပ် ထပ်မံ ရပြန်၏။ ထိုအပြောင်းအလဲကြုံလာရသောအခါတွင်လည်း ပ်သမား၊ လယ်သမားတို့ ကောင်းစား တိုးတက်ကာ သာပင်ခေတ်ဟာ အဆောအချာပင် ဖြစ်မှာဟု ဆိုခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒေသာပင်ခေတ်ကို မျှော်မှန်း၍ လုပ်ဆောင်ရှင်းပင် ၁၉၈၈ ခုနှစ်တွင် အပြောင်းအလဲ တစ်ပေ ကြုံရပြန်၏၊ ထို့ကြော နိုင်ငံတစ်ခုသည် အပြောင်းအလဲ ကြုံရတိုင်း တိုးတက်မည် ဖွံ့ဖြိုးမည်ဟု ဆို၍မရပါ၊ ထိုပြောင်းလဲလာလော အခြေအနေ တွင်—

၁။ နိုင်ငံရှိ အင်အားစုအသီးသီးသည် မည်မျှ ညီညီညွ ညွတ် လုပ်ကိုင်နိုင်ကြမည်၊

၂။ အပြောင်းအလဲတစ်ရပ် ကြုံလာသော ကာလတွ တစ်ဦးကိုတစ်ဦး မည်မျှယုံကြည်မှုရှိကြ၍ မည်မျှ ရိုး ပင်းကူညီကြမည်၊ မည်မျှရိုးသားမှု ရှိကြမည်၊

၃။ အပြောင်းအလဲကို အခြေခံ၍ မည်မျှဝီရိယစွမ်းအာ ထုတ်၍ အလုပ်လုပ်ကြမည်၊

၄။ နိုင်ငံတစ်နိုင်ငံ ပြောင်းလဲချိန်တွင် ကမ္ဘာ့နိုင်ငံရေ အခြေအနေနှင့် ဆက်ဆံမှုတို့က မည်သို့ရှိမည်၊

၅။ ထိုအချိန်တွင် ကမ္ဘာ့ ကုန်သွယ်မှု အခြေအနေ မည်သို့ရှိမည်၊ မိမိနိုင်ငံအား စီးပွားရေး ဖွံ့ဖြိုးရေ မည့် ကမ္ဘာ့ကုန်သွယ်ရေးအလားအလာများရှိ မရှိ—

စသည့် အချက်များပေါ်တွင် မူတည်၍ ထိုနိုင်ငံသည် တိုးတက်လာမည် ဖြစ်ပါ၏။

ယနေ့ ကမ္ဘာ့ အနေအထားသည် မိမိနိုင်ငံ တိုးတက်ဖွံ့ဖြိုး ရေးကို မိမိတို့ စွမ်းဆောင်မှု သက်သက်ပေါ်တွင် မတည်နေဘဲ ကမ္ဘာ့ အခြေအနေနှင့် ဆက်စပ်နေသည်ကို အစဉ်သတိရှိမှ လိုအပ်ပါ၏၊ မိမိက မည်မျှပင် ကြိုးစား ညီညွတ်စေကာမူ



နိုင်ငံတကာ အခြေအနေ၊ ဒေသအခြေအနေက မကောင်းလျှင် တိုးတက်နိုင်ပါ၊ နိုင်ငံတကာ စီးပွားရေး၊ ဆက်ဆံရေး အခြေ အနေတို့က ကောင်းသော်လည်း နိုင်ငံသားတို့က မကြိုးစား ရိုးသား၊ ညီညွတ်ကြပါက ထိုနိုင်ငံသည် မတိုးတက်နိုင်ပါ။

ယခု မြန်မာနိုင်ငံတွင် တံခါးဖွင့် စီးပွားရေးဝါဒ ကျင့်သုံး စီးပွားရေးကဏ္ဍတွင် အပြောင်းအလဲပြုလိုက်၏၊ အခြေခံ ပွားရေးစနစ်ကို ပြောင်းခြင်းဖြစ်၏၊ ထိုသို့ ပြောင်းလဲခြင်း သည် စီးပွားရေးစနစ်တစ်ရပ်ကို မွေးဖွားပေးခြင်း ဖြစ်သည်၊

မွေးဖွားပေးလိုက်သော မွေးကင်းစကလေးငယ်ကို ကူးစက် ဂါများမှ ကင်းအောင် ကျန်းမာ ကြံ့ခိုင်အောင်၊ လူလား ကြီး ကြီးအောင် လုပ်ကြရဦးမည်ဖြစ်၏၊

ယနေ့ မွေးဖွားလိုက်သောသန္ဓေသားသည်ပြုစုစောင့်ရှောက်မှု နည်းပါက ကူးစက်တတ်သော ရောဂါများဝင်၍ ပိုလီယိုလည်း သွားနိုင်၏၊ လူစဉ်မမီဘဲလည်း ဖြစ်နိုင်၏၊

ထို့ကြောင့် စနစ်တစ်ခု ပြောင်းလဲရုံမျှဖြင့် နိုင်ငံသည် ဖြိုးလာမည် မဟုတ်၊ စနစ် အပြောင်းအလဲကို အခြေခံ၍ ငံသားအားလုံးသည် နိုင်ငံအပေါ် စိတ်ကောင်း စေတနာ ကောင်းများ ထားကာ ကြိုးစားကြပါမှ တိုးတက်နိုင်မည် ဖြစ်ပါ၏၊ မိမိအကျိုးနှင့် နိုင်ငံအကျိုး မျှမျှတတ ကြည့်ရှု ဆောင်ပါမှ နိုင်ငံတိုးတက်မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## စိန်တောင်ကြားသို့

ပြည်မြို့တွင်ရှိနေစဉ် ကျွန်တော်သည် ရွှေဘုန်းပွင့်စခကြ တိုက်သို့သာမက စိန်တောင်ကြားသို့လည်း ရောက်ရှိခဲ့သ စိန်တောင်ကြားဆိုသည်မှာ ပြည်မြို့အဝင် မြို့ပတ်လမ်းအ တောင်ကြားလမ်းလေးတစ်ခုတွင် ဂါသနာတူ၊စိတ်တူ၊သဘေ တူ စိုက်ပျိုးရေးသမားများစုပေါင်း၍ စိုက်ပျိုးရေး လုပ်ဆေ နေရာဖြစ်ပါ၏။ စိန်တောင်ကြားတွင် မြေဧက ၅၀၀ ခန့် ဝါရင့် စိုက်ပျိုးရေးသမားများ ဖြစ်ကြသော ဦးသက်တ ဦးအောင်မြင့်၊ ဦးတင်အောင်၊ ဦးခင်ဝင်း၊ ဦးလှမြင့် အစရှိသေ ပုဂ္ဂိုလ်များသည် သဘောထားညီညွတ်စွာဖြင့် စိုက်ပျိုးရေးလ ငန်းအရပ်ရပ်ကို လုပ်ဆောင်နေကြပါ၏။ ယင်းပုဂ္ဂိုလ်ကြီးမျ သည် စိန်တောင်ကြားကိုအလှဆင်နေကြပါ၏။ စိန်တောင်ကြ တွင် ယင်းပုဂ္ဂိုလ်ကြီးများက နှင်းဆီ၊ ဂန္ဓမာ၊ ဟော်လန်၊သ ပန်း၊ သနပ်ခါး၊ စန္ဒကူး၊ သဘော်၊ လိမ္မော် အစရှိသော သီး များကို စိုက်ပျိုးနေကြ၏။

ယင်းပုဂ္ဂိုလ်ကြီးများနှင့် ကျွန်တော်သည် စိန်တောင်ကြ တွင် နှစ်ကြိမ်တိုင် တွေ့ဆုံခဲ့ရာ၊ ထိုဆွေးနွေးပွဲ နှစ်ရပ်သ ကျွန်တော့်အတွက် အတွေးသစ် အမြင်သစ်များကို ရရှိခဲ့ပါ၏

ဦးအောင်မြင့်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် အောင်မြင် ရှိနေ၍ စိုက်ပျိုးလုပ်ကိုင်လိုသူများကို စိုက်ပျိုးခွင်သို့ လက်ယ



ခေါ်နေသူဖြစ်၏၊ ဦးအောင်မြင့်က ပြည်မြို့အနီးတွင် စိုက်ပျိုး ရေးလုပ်ငန်းများ အောင်မြင်လာကြောင်း၊ စီတဲဝင်ငွေ စားသူ ညီး များလာကြောင်းနှင့်၊ သနပ်ခါးဆိုလျှင် ပြည်ဝန်းကျင် တွင်ကွက်ကလေး၌ပင် ယခုအခါ အပင် တစ်သိန်းကျော် စိုက်ပျိုးထားရှိကြောင်း ပြောပြသည်။

စိုက်ပျိုးရေး ကျွမ်းကျင်သူ ဦးသက်တင်က ပြည်မြို့တွင် နိုင်ငံခြား၊တင်ပို့သည့် စံချိန်မီ ပြည်တွင်းမျိုး မြကျောက်သရက် ရှိကြောင်း၊ ကျွန်တော်တို့ နိုင်ငံခြားသို့ စိုက်ပျိုးတင်ပို့ရောင်းချ သည့် F.1 အမျိုးအစား ဂျပန်သခွားကို မြကျောက်နှင့်နွယ်၍ မြစိမ်းသခွားဟု နာမည်ပေးလိုကြောင်း ပြောကြပါ၏။ ထို့ နောက် ဦးသက်တင်က မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစား ပြောင်းလဲ စိုက်ပျိုးရေး၊ တိုးချဲ့ စိုက်ပျိုးရေး၊ စိုက်နည်းစနစ် ပြောင်းလဲရေး ကိစ္စများကို ဆွေးနွေးခဲ့ပါ၏။

ဦးသက်တင်က ရှေးအခါက မြန်မာနိုင်ငံတွင် အတွေ့အကြုံ နည်းသော မျိုးစပ်သခွား(မတ်ချ်မီလွန်) ချောကလက် စသော စားစရာများတွင် ထည့်၍သုံးသော မက်ကဒေးမီးယား အစရှိ သည်တို့ကို စိုက်ပျိုးရန်ဆွေးနွေးပါ၏။

ကျွန်တော်တို့နိုင်ငံတွင် လွန်ခဲ့သော နှစ်များအတွင်းပြုလုပ် ခဲ့သော စပါးအထွက်တိုး လုပ်ငန်းများ၊ စိုက်ပျိုးရေးသင်တန်း များကြောင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ၊ အတွေ့အကြုံ ရှိလာသူ အတော်အတန် ရှိပါ၏၊ ထို အတွေ့အကြုံများကို တိုးချဲ့ပြန့်ပွားအောင် ပြုလုပ်ရန် လိုအပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## မြစိမ်းရောင် ပြုပြင်ပြောင်းလဲရေး

ကျွန်တော်တို့ နိုင်ငံတွင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ Green Revolution မြစိမ်းရောင် ပြုပြင်ပြောင်းလဲရေးကို လုပ်ကြရမည် ဖြစ်ပါ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော်၏ ပို့ကုန်လုပ်ငန်း၏ အမည်ကို ပေးရာတွင် Green Vegetrable Production ဟု အမည်ပေးထားပါ၏။

မြစိမ်းရောင် ပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ ခေတ်မီ တော့သော စိုက်နည်းစနစ်များ၊ သီးနှံမျိုး၊ ဗီဇများကို မျိုးတုံးပစ်၍ အရောင်အသွေး၊ အရသာ၊ အရွယ်အစားကောင်း၍ ရာသီဥတု ပိုးမွှားဒဏ်ခံနိုင်ပြီး များများစားစား ထွက်ရှိသည့် သီးနှံများ၏ အစားသို့ စိုက်ပျိုးကြရန် ဖြစ်သည်။ Green Revolution ဆိုသည်မှာ တစ်နည်းအားဖြင့် သီးနှံပြုပြင်ပြောင်းလဲ စိုက်ပျိုးရေးပင်ဖြစ်သည်။



ကျွန်တော်တို့ ဘိုးဘေး လက်ထက်မှစ၍ ယနေ့ထက်တိုင် ရားပန်းများမှာ စိန်ခြယ်ပန်း၊ မညိုလုံးပန်း၊ စံပယ်ပန်းတို့သာ ဖြစ်၍ ဒီပန်းဒီအရောင်မှ နှစ်ပေါင်းများစွာ မတက်ခဲ့ကြပါ။ စားသုံးသော သီးနှံများမှာလည်း ဆယ်စုနှစ်ပေါင်းများစွာ ဒီအသီး၊ ဒီအရွယ်၊ ဒီအရောင်၊ ဒီအရွက်က မတက်နိုင်ကြပါ။

နိုင်ငံတကာတွင် ပန်းများ၊ အသီးအရွက်များ၊ အပင်များ အားလုံးကို သုတေသနလုပ် မျိုးစပ်စိုက်ပျိုးထားကြပြီးဖြစ်ရာ ပန်းဆိုလျှင်လည်း အရောင်စုံစုံ၊ အလှအပ တာရှည်ခံအောင် လုပ်ထားကြ၏။ အသီးဆိုလျှင်လည်း အလုံးကြီးကြီး၊ အရောင်အသွေးကျကျ၊ အရသာရှိရှိ၊ အချို့ အစေ့ကိုပင် ပျောက်၍ အမျှင်မပါဘဲ စားကောင်းအောင် ဖန်တီးထားကြ၏။ အပင်များကလည်း ရာသီဥတုနှင့် ပိုးမွှားဒဏ်ခံနိုင်ခြင်း၊ အမြောက်အမြား သီးပွင့်ခြင်း စသော ကောင်းခြင်းများဖြင့် ပြည့်နေပါ၏။

ထို့ကြောင့် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်ရာ သီးနှံများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို မဖြစ်မနေ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

ကျွန်တော်သည် တောင်ကိုရီးယားမှ သစ်တော်သီးတစ်လုံး ပေးပါ၏။ အသီးက ဖရဲသီးအသေးစား အရွယ်လောက်ရှိ၍ အခွံပါးသည်၊ အစေ့မပါ။ စားလိုက်တော့ ပန်းသီးအရသာလည်း ပါနေသည်။ အရောင်လည်း လှသည်။ သစ်တော်သီး တစ်လုံးချင်းကိုပင် လှပသပ်ရပ်စွာ လိုချင်စဖွယ်ထုပ်ပိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်တော်စဉ်းစားမိသည်မှာ 'နိုင်ငံတစ်နိုင်ငံ တိုးတက် သည် ဆိုသည်မှာ ဘက်စုံတိုးတက်တာပါလား၊ အသီးအနှံ အစ တိုးတက်တာပါလား' ဟူ၍ ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် ဂန္ဓမာပန်း အဝါမျိုးများ စိုက်ပျိုးလာ ခြင်း၊ ဟော်လန်သစ္စာပန်းများ 'အစားထိုး စိုက်ပျိုးလာခြင်း' တို့ကဲ့သို့ အသီးအနှံမျိုးစုံ အစားထိုးကာ မြန်မာ့ဈေးများ အတွင်းရှိ ဟင်းသီးဟင်းရွက်တန်းများ၏ မြင်ကွင်းကို တောင်သူ လယ်သမားတို့က ပြောင်းလဲပစ်ကြရမည် ဖြစ်ပါ၏၊ ထိုင်း ကိုရီးယားသမ္မတနိုင်ငံ ကဲ့သို့သော နိုင်ငံများကို မဆိုထားသော် သီရိလင်္ကာနိုင်ငံ၌ပင် မျိုးပွားမျိုးစပ်စိုက်ပျိုးမှုများကို အောင် မြင်စွာ လုပ်ကိုင်နေပြီဖြစ်၏။

## စားစရာပိုနိုင်သည့် ကျွန်တော်တို့ဈေးကွက်

ကျွန်တော်သည် တစ်ခါက ကျွန်တော့်မိတ်ဆွေ ဂျပန်အမျိုးသား ရှိရှိဒိုးအား မေးကြည့်ခဲ့ဖူး၏၊ 'မင်းကချမ်းသာ တာပဲ၊ ဘာမှမလုပ်ဘဲနဲ့တောင် နေနိုင်ပြီပဲဟာ၊ ဒီသခွားသီး လေစက် လိုချင်တာနဲ့ အဆင်းရဲခံပြီး မြန်မာပြည်ကို အခေါက်ခေါက်ပဲ လာရလား' ဟု မေးကြည့်ခဲ့၏၊ ထိုအခါ ရှိရှိဒိုးက 'အလုပ်လုပ်တာနဲ့ ချမ်းသာတာ မဆိုင်ပါဘူး၊ အသက်ရှင်နေရင် အမြဲအလုပ်လုပ်နေရမှာပဲ' ဟု ဆို၏။

ထိုအခါ ကျွန်တော်က 'မဟုတ်ပါဘူး၊ သခွားသီးလေး လိုချင်တာနဲ့ ဂျပန်ကနေ ဒီကိုအခေါက်ခေါက်လာတာကို ပြောတာပါ'ဟု ဆိုသောအခါ သူက 'ဂျပန်နိုင်ငံသည် လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ ဂျပန်လူမျိုး သန်း ၁၀၀ စားသော စားစရာ၏ ၆၀ ရာခိုင်နှုန်းကို နိုင်ငံခြားက တင်သွင်းခဲ့ရ သည်၊ မကြာမီ ၇၀ ရာခိုင်နှုန်းကို နိုင်ငံခြားက တင်သွင်းရမှာ ဖြစ်၏။ ဂျပန်နိုင်ငံအတွက် စားစရာရရှိရေးသည် သေရေး ရှင်ရေး၊ အမျိုးသားရေး ဖြစ်သည်၊ ယခုလို မိမိတို့ လူမျိုးများ

www.burmeseclassic.com



စားစရာရရှိရေးအတွက် လုပ်ဆောင်ရခြင်းမှာ ငွေရေးကြေး… ရေး အမြတ်အစွန်းသက်သက် တစ်ခုတည်းအတွက် မဟုတ်… အမျိုးသားအရေး၊ ဂျပန်လူမျိုးတို့၏ အရေးအတွက်လာရော… ရခြင်း ဖြစ်သည်ဟု ဆို၏။

ဤစကားကို ကျွန်တော်တို့ အလေးအနက် ထားကြရမည် ဖြစ်၏။ အရှေ့ဖျားနိုင်ငံများ၌ ဂျပန် တစ်နိုင်ငံတည်းသာ… စားစရာလိုနေသည်မဟုတ်။ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်ဝမ်… ကိုရီးယား စသည်တို့သည်လည်း စားစရာ လိုအပ်နေကြ… သူတို့အား ကျွန်တော်တို့သည် စားစရာလုပ်ရောင်းသော နိုင်… အဖြစ် ရပ်တည်နိုင်၏။ နိုင်ငံတိုင်း၊ မိသားစုတိုင်း၊ လူပုဂ္ဂိုလ်… တစ်ဦးစီတွင် ဝတ်ဖို့၊ နေဖို့၊ ခြိုးခြံချွေတာရသည်။ စားဖို့ကိုတော့ ကား… မသုံးဘဲနေ၍မဖြစ်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုး… ရေးကို ဆောင်ရွက်ရာတွင် ချက်ချင်း စက်မှုနိုင်ငံအဖြစ် ဖြန့်… ဖွံ့ဖြိုးဖို့ ဆောင်ရွက်သည်ထက်၊ အခြေခံအားဖြင့် စိုက်ပျိုးရေးနိုင်… ဖြစ်ရကား စားစရာ ထုတ်လုပ်ရောင်းချသော နိုင်ငံအဖြစ်… စတင်ရပ်တည်နိုင်သော အခွင့်အရေးတစ်ရပ် ရှိနေပါ၏။

ကျွန်တော်တို့နိုင်ငံအတွက် ထိုသို့စားစရာ ထုတ်လုပ်ရောင်း… ချရန် ဈေးကွက် ရှိနေခြင်းသည်လည်း အခွင့်အရေး တစ်ရပ်… ဟူသော အချက်ကို သတိရစေလိုပါ၏။ ထိုအခွင့်အရေးသည်… ကျွန်တော်တို့နိုင်ငံအား ဘယ်အချိန်အထိ [illegible] ပေးမည်… ကိုမသိပါ။ အခွင့်အရေးရတုန်း ရရှိသော အခွင့်အရေးကို… ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျွန်တော်တို့ နိုင်ငံသည်… စားစရာ ထုတ်လုပ်ရောင်းချသော နိုင်ငံအဖြစ် ရပ်တည်မည်ဟု…



…ငါက ယခုအတိုင်း သီးနှံအမျိုးအစားများကို စိုက်ပျိုး… ထုတ်လုပ်နေ၍ ဝယ်မည့်သူ မရှိနိုင်ပါ။ ဈေးကောင်းမရနိုင်ပါ။

ကျွန်တော်တို့သည် စားစရာများဖြစ်သော ဆန်အပါအဝင် …င်းသီး ဟင်းရွက်၊ အသီးအနှံ၊ ဟင်းခတ် အမွှေးအကြိုင်၊ …ဆိုးချောင်သုံး ပစ္စည်းများ၊ ဆေးဝါးကုန်ကြမ်း စသည်တို့ကို …ကြိုက်သော အမျိုးအစား၊ ဝယ်သူကြိုက်သော အရည် …အသွေးမျိုးများ ရရှိအောင် စိုက်ပျိုးပေးရမည် ဖြစ်ပါ၏။ ထိုသို့ …ထဲက ဈေးကွက်တွင်လည်း ရောင်းပန်းလှ၊ ဈေးကောင်း …ည်း မရဘဲ ဝယ်မည်လည်း မဟုတ်ပါ။ ပိုက်ဆံရှိသူက ဈေး …င်းရာတွင် ပစ္စည်းကောင်းလျှင် ဈေးကောင်းပေးရမည် …၏။ ပစ္စည်းမကောင်းလျှင် လုံးဝ ဝယ်ယူလိမ့်မည် မဟုတ်။

စားစရာ ထုတ်လုပ်ရောင်းမည်ဟု ဆိုပါက ဝယ်သူအကြိုက် …းစရာများကို ထုတ်လုပ်နိုင်ကြမည်ဖြစ်ပါ၏။ ကျွန်တော်တို့ …သို့ပြင် ဂျပန်၊ ဟောင်ကောင်၊ စင်ကာပူ၊ ကိုရီးယားသာမက …နိုင်ငံတို့အား စားစရာရောင်းချရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ …ယက်နမ်၊ ဖိလစ်ပိုင် မလေးရှား အစ ရှိသော နိုင်ငံ …တို့ကလည်း အကြံအစည်ရှိရာ ယင်းတို့နှင့်အပြိုင် လုပ်ဆောင် …ရမည်ကို အထူးအလေးဂရုပြုရန် လိုအပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## စတော်ဘယ်ရီမလို၊ ဝါးခြင်းလိုသည်

မြန်မာနိုင်ငံမှ စတော်ဘယ်ရီကို အင်္ဂလန်သို့ တင်ပို့ရောင်းချသော အတွေ့အကြုံတစ်ရပ် မြန်မာ့တွင် ရှိပါ၏။ မြန်မာနိုင်ငံမှ စတော်ဘယ်ရီများကို အင်္ဂလန်သို့ တင်ပို့လိုက်ရာ မကြာမီ အင်္ဂလန်မှ စတော်ဘယ်ရီများ ထပ်ပို့ပါဟု အကြောင်းကြား၍ ထပ်ပို့ပေးရ၏။ ထိုအခါ ထပ်ပို့ခိုင်းတာ ရောင်းကောင်းလို့ အဝယ်လိုက်လို့ရှိမှာဟူ၍ မြန်မာနိုင်ငံမှနေ၍ တတိယအကြိမ် ပို့ရန် စတော်ဘယ်ရီများကို ဝယ်ယူ စုဆောင်း ထား၏။ ထို့နောက် စတော်ဘယ်ရီများ တတိယအကြိမ် ပို့လိုက်ရတော့မလားဟု အင်္ဂလန်အား လှမ်းမေးရာ ဟိုမှပုဂ္ဂိုလ်များက "မြန်မာ စတော်ဘယ်ရီများ အင်္ဂလန်တွင် ဈေးကွက်မဝင်ပါ။



...မအကြိမ်ကုန်သွားခြင်းသည် လက်ဆောင်ပေး၍ ကုန်သွား...ဖြစ်သည်။ ဒုတိယအကြိမ်ကုန်သွားခြင်းသည် အမြည်းပေး...ကုန်သွားခြင်းဖြစ်၏။ ယခု အရောင်းစကားပြောသောအခါ ...မည့်သူမရှိ၊ စတော်ဘယ်ရီအသီးတို ဝယ်မည့်သူ မရှိသော်...ည်း စတော်ဘယ်ရီအသီးကို ထည့်ရောင်းသော ဝါးခြင်း...တား ဝယ်ယူလိုကြောင်း' ပြောသည်။ ခြင်းရသလောက်...ဂ်လန်မှ ယူမည်ဟု ဆို၏။

...ကိုစ္စသည် ရယ်စရာလို ဖြစ်သော်လည်း တကယ့်ဖြစ်ရပ်...၏။ ဤဖြစ်ရပ်မှ ကြီးမားသော သင်ခန်းစာ ယူရမည်...၏၊ ယူရမည့် သင်ခန်းစာမှာ ကျွန်တော်တို့သည် စားစရာ...နိုင်ငံခြားသို့ တင်ပို့ ရောင်းချမည်ဟု ဆိုပါက ဝယ်မည့်...တို့အကြိုက် စားစရာများကို ရောင်းနိုင်မှ ဈေးကွက်ရှိမည်ကို...ပြုရန် လိုအပ်ပါ၏။

ဝယ်သူအကြိုက် သီးနှံဆိုသည်မှာ အရွယ်အစားညီ အသီး...များ ရရှိရေး၊ အစက်အပြောက်မရှိ လုံးချောသီးနှံများ...ရေး၊ အရွယ်အစား ကြီးခြင်း၊ အနံ့ အရသာ ရှိခြင်း၊ ...ရောင် အသွေး ကျခြင်း၊ အစေ့အခွံ ပါးခြင်း၊ အခစ်မဲ...း၊ အမျှင်မဲ့ခြင်း၊ တာရှည်ခံခြင်း၊ အနာအဆာကင်းခြင်း ...သော အရည်အသွေးများဖြစ်၏။ ပန်းလည်း ပန်းအလျောက် ...သွန်း အရွက်များသည်လည်း အသွန်း အရွက်များ အလျောက် ...ဆက်ပါ အရည်အသွေးများ ရှိရန် လို၏။

...သို့မှသာ ဈေးကောင်းရ၍ ပြင်ပဈေးကွက်ဝင်မည် ဖြစ်၏။ ...နှံများ စိုက်ပျိုးရေးကဏ္ဍကို ပြည်ပ ဈေးကွက်ဝင်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အရည်အသွေးကောင်း မျိုးများကို ပြောင်းလဲစိုက်ပျိုးကြရမည် ဖြစ်၏။

ကျွန်တော်တို့ နိုင်ငံတွင် တစ်ခု ကံကောင်းနေသည်မှာ မြန်မာနိုင်ငံရှိ သီးနှံများသည် အရောင်အသွေး၊ အရွယ်အစား တို့မှာ ပထမတန်းမဟုတ်သော်လည်း အသီးများ၏ အရသာမှာ အခြားနိုင်ငံများထက် ပိုမိုကောင်းမွန်မှုရှိ၏။ သီးနှံများမှာ အလုံးသေး၍ အမြင်မလှသော်လည်း အရသာရှိသည်။ မြန်မာ မြေတွင် သီးနှံများ အရသာ ပိုရှိဟန်တူ၏။ ထိုသို့သော မျိုးသန့် မျိုးကောင်းသီးနှံများကို ဤရေ ဤမြေတွင် သိပ္ပံ နည်းကျ စိုက်ပျိုးချေင်းချပါက ပထမတန်းစား သီးနှံများကို ထင်ပို့ရောင်းနိုင်မည်မှာ သေချာလှပါသည်။

သို့သော် သာမာန်ရိုးကျ သီးနှံများနှင့်သာ ကျွန်တော်တို့ သည် ပြည်ပဈေးကွက်သို့ တိုးဝင်ရန် အခက်အခဲများ ရှိနိုင်ပါ၏။

ကျွန်တော် ယခုဆင်ပြသကဲ့သို့ပင် စိန်တောင်ကြားမှစိုက်ပျိုး ထုတ်လုပ်သူများက အမြင်ရှိနေကြပါ၏။ ကျွန်တော်တို့ မသိ သော စိုက်ပျိုးကုန်အချို့ ထုတ်လုပ် ရောင်းချရေး အတွက်ပင် စိန်တောင်ကြား ပုဂ္ဂိုလ်များ စိတ်ဝေဒနေကြပါ၏။

စိန်တောင်ကြားမှ စိုက်ပျိုးရေးသမားကြီးများသည် အမိ နိုင်ငံအတွက် သီးနှံပုံစံများ ပြောင်းလဲ၍ မိမိတို့၏ ပေါက်ချွန်း ပေါက်ပြား ကိုင်သော လက်များဖြင့် အမိနိုင်ငံ ဖွံ့ဖြိုးရေးတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်မည်ဟု စိတ်ဆုံးဖြတ်ထားကြ သူများ ဖြစ်၏။

## ပေါက်ပြားကိုင်သောလက်များ

စိန်တောင်ကြားမှ စိုက်ပျိုးထုတ်လုပ်သူများကဲ့သို့ပင် မုဒုံမြို့ ... င်း ဆည်ရေသောက်စီမံကိန်းမှ စိုက်ပျိုးရေးသမားကြီးများ ... သည်။ ဆည်ရေသောက် စိုက်ကော ၆၀၀၀ တွင် ဒူးရင်း ... င်မောက်၊ မင်းကွတ်၊ သရက်နှင့် ကျွဲကော များကို စိုက်ပျိုး ... ရှိကြ၏။ ပြည်ပဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးရေး ... က်လည်း အဇင်းဆည်ရေသောက် စီမံကိန်းမှ ဦးအောင် ... ည်၊ ဦးအောင်မင်း၊ ဦးမင်းတင့်ဆန်း အစရှိသော ပုဂ္ဂိုလ် ... အဖွဲ့က ကြိုးစားနေကြ၏။ ယင်းပုဂ္ဂိုလ်များသည်ယင်းတို့ ... ဆတွင် ပြည်ပဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးရေး... ... တော်နှင့် လာရောက် ဆွေးနွေးခဲ့ကြပါ၏။ အမှန်စင်စစ် ... ဂ္ဂိုလ်များသည် တောင်ဂိုတအနုပညာတွင်လည်း ထူးချွန်သူ ... း ဖြစ်ကြ၏။ ယင်းအဖွဲ့ကို ချိုတေးသံအဖွဲ့ဟု အမည်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထား၏၊ ချိုတေးသံအဖွဲ့မှ တူရိယာပစ္စည်း ကိုင်ဆောင် ...
ခတ်အောလက်များသည် ပေါက်တူးပေါက်ပြားများကို ကို...
ကာ အမိနိုင်ငံ ဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျသော နေရာ...
ပါဝင်ဆောင်ရွက်ရန် ကြိုးစားလျက် ရှိကြပါသည်။

အလားတူပင် ကျွန်တော့်ထံ စာရေးသားကြသူများထဲတွ...
ဟသ်ာတမြို့၊ နတ်မောက်လမ်းမှ ကိုတင်မျိုးလွင်၊ ကျေ...
မြောင်းမှ ဒေါက်တာ ဦးရဲမြင့်၊ ပြည်မြို့ ရွှေဘုန်းပွင့်ဘုရ...
လမ်းမှ ကိုအုန်းမြင့်၊ တောင်တွင်းကြီးမြို့ ရှာဘနာရန်အော...
ပုံနှိပ်တိုက်မှ ကိုကြီးမြင့်၊ မြစ်သားမြို့နယ် ငါးဆူ ကျေးရွာ...
မောင်သန်းထွန်း၊ မော်လမြိုင်မြို့ အောက်လမ်းမကြီးမှ ကိုကျေ...
ကျော်၊ မြောင်းမြမြို့ သရဖီသစ်ခွဲစက်မှ ဦးသန်းအောင်-ဒေါ...
ခင်တီ၊ မန္တလေးမြို့ အရှေ့တောင်မြို့နယ် သီဟဇော်စာပေ...
ကိုကျော်ကျော်၊ သာစည်မြို့ အင်းတိုင်သားစိုက်ခင်းမှ ကိုမြ...
ငွေ၊ မိတ္ထီလာ ဆောက်လုပ်ရေးဘပ်မှ ဗိုလ်ကြီး၊ ဝင်းမောင်...
ကျုံ့ပျော်မြို့နယ် ကြွက်တည်ငရွာမှ ဦးမြတ်စော၊ မိတ္ထီလာမြို...
ပစ်တိုင်းထောင်ပွဲရုံမှ ဦးလှထွန်း-ဒေါ်ဝိုင်းကြည်၊ ကျုံ့ပျော်မြို...
ရောရွှေ စိုက်မွေးဘုန်ထုတ်မှ ကိုမောင်မေစင်စိုး၊ ကသာမြို့...
ကချင် သနက (၁) မှ တသ ကိုစိုးလွင်တို့ကလည်း အမိနိုင်ငံ...
အား စိုက်ပျိုးရေးကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆော...
ကြမည်ဟု အားမာန်အပြည့်ဖြင့် စာရေးဆက်သွယ်ခဲ့ကြပါ...

တကယ်တော့ ကျွန်တော့်ထံ စာရေးသားသော ပုဂ္ဂိုလ်...
များသာမက စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွ...
စိုက်ပျိုးရေးကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မည့်...



...ဌာန်ချမှတ်လုပ်ဆောင်နေသူများ၊ ထောင်ပေါင်းများစွာ
...ပေါင်းများစွာ ရှိမည်နည်းတူ၊ မြန်မာနိုင်ငံတွင် စိန်ခေါင်
...ပေါင်းများစွာ၊ အဇင်းဆည်ရေသောက်မှ ပေါက်ပြား၊
...က်တူးကိုင်ထားသော ချိုတေးသံ အဖွဲ့ပေါင်းများစွာရှိမည်
...သောချာလှပါ၏၊ ထိုမောင်အားစုများကို ကျွန်တော်သည် အမှန်
...အားကိုးအားထားပြုပါ၏၊ ကျွန်တော့်နိုင်ငံ၊ ကျွန်တော့်
...မျိုး၊ အမိနိုင်ငံ၊ အမိလူမျိုး၊ သင့်နိုင်ငံ၊ သင့်လူမျိုးသည်
...ကပြား ပေါက်တူး ကိုင်သောလက်များဖြင့် မုချမသွေ
...ိုးတိုးတက်စေရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အသည်းထဲကစိတ်ဓာတ်

ယခုအထိ မြန်မာလူငယ်တစ်ယောက်အကြောင်း စာအု
တွင် ကျွန်တော်ရေးသားနေသည်မှာ ကိုယ့်နိုင်ငံ ကိုယ့်လူမျ
ကို ချစ်တတ်သောစိတ်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကြီးပွား
သောစိတ်များသည် နိုင်ငံသားတိုင်း၏ နှလုံးသား ထဲ၊ အသည
ထဲ၊ ဦးနှောက်ထဲတွင် ကုန်ငုံတည်နှင့် ရှိနေကြသည်သာ
ကြောင်းကို တင်ပြနေခြင်း ဖြစ်ပါသည်။ တို့ပြင် မီးခဲပြ
ဖြစ်နေသော ကိုယ့်နိုင်ငံကိုယ့်လူမျိုးကိုချစ်သောစိတ်သည်
တစ်ချက်ခဝ ရှုံမျှနှင့် မီးကျီးခဲလို ရဲရဲတောက်ဖြစ်လည်းဖြစ်
နိုင်ပါ၏၊ နိုင်ငံသားများသည် လူမှန်းသိစမှစ၍ နေ့ရက်
ထွက်သက်ကိုရှူထုတ်လိုက်ချိန်အထိ ကိုယ့်နိုင်ငံကိုယ် ချစ်သေ
စိတ်ဓာတ်သည်ကား ရှိစမြဲ ဖြစ်ပါ၏။

မောင်စောနေလွင်ကဲ့သို့ တိုင်းရင်းသားလူငယ်များ၊ မ
မာညွန့်ကဲ့သို့ ကျောင်းသူလေးများ၊ မောင်မြသွင်ကဲ့သို့ လူမေ
များ၊ မောင်ကျော်ဖေကဲ့သို့ ကျောင်းသားများ၊ မောင်ကြ
အေးကဲ့သို့ ...နီးထလာသူများ၊ ကိုစိုးလွင်ကဲ့သို့ တပ်မတေ
သားများသည်လည်း ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်ကြပါ



ရွှေဘုန်းပွင့် စာကြည့်တိုက်နှင့် ပိဋကတ်တိုက်မှ စာခပ
သနာရှင် ရွှေးဟောင်း သုတေသန ဝါသနာရှင်များ၊ စာပေ
တ်နိုးသူများသည်လည်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို ချစ်သော
တ်သည်သူတို့၏နှလုံးသားဝယ်ကိန်းဝပ်လျက်ရှိပါ၏၊ မြင်းခြံမှ
လေးဦး အောင်၊ ရွှေပုပ္ပါး ဦးအုန်းခိုင်ကဲ့သို့သော လုပ်ငန်းရှင်
းလည်း ကိုယ့်နိုင်ငံကိုယ့် လူမျိုး တိုးတက် ကြီးပွားစေချင်
သောစိတ် ကိုယ့် အမျိုး ကိုယ့် ဘာသာ၊ ကိုယ့် သာသနာ စည်
င် ဝပြောတည့်တံ့ လိုသောစိတ်သည် ပိုလျှင်သာ၍ပိုမည် လျော့
မည်ဟု ကျွန်တော်မထင်ပါ။

တစ်ဖန် ဦးဝင်းဖေကဲ့သို့ တစ်ကိုယ်တော် ထွက်ပေါက်ရပြီး
များ၊ ဆရာဝန်ကြီး ဦးတင်မြင့်ကဲ့သို့ နေလိုက နေလို့ရသူ
များအပြားသည်လည်း ကိုယ့်နိုင်ငံ တိုးတက်ရေးအတွက်
နိုင် မထိုင်နိုင် ထိုင်နေရာမှထ၍ ပေါက်ပြားကိုင်၊ ခြံစည်းရိုး
ည် လုပ်ဆောင်နေကြပါ၏။

လူမျိုးတစ်မျိုးအတွင်း၌ကိုယ့်လူမျိုးအပေါ် ကိုယ်မည်ရွေ့
မျှ ချစ်မြတ်နိုးကြသည် ဟူသော ကိစ္စတွင် အသက်မွေး
ကျောင်းမှုနှင့် မဆိုင်၊ ဘယ်အသက်မွေး ဝမ်းကျောင်းကို
သူမှ နိုင်ငံတို့ ပို၍ ချစ်သည်ဟု မဆိုသာ၊ လူတိုင်းလူတိုင်းသည်
ပုံချစ်နည်း ကွာချင်ကကွာမည်၊ ကိုယ့်နိုင်ငံကိုယ် ချစ်မြတ်
သော စိတ်သည် ရင်ထဲ၌ အပြည့်အကျပ်ရှိသည်သာ ဖြစ်ပါ
အခွင့်မသာ၍သာ ရှိချင်ရှိမည်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
း မည်မျှချစ်သည်ကို အခွင့်သာပါက ပြလိုက်ချင်ကြသည်
ာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးတို့သည် ဇာတိသွေးဇာတိမာန်ရှိသော လူ
ဖြစ်၏။ မြန်မာလူမျိုးတို့သည် သမိုင်းအစဉ်အလာရှိ၍ အ
အတန်း မြင့်မားသော ယဉ်ကျေးမှုဖြင့် နေထိုင်လာကြသူ
ဖြစ်၏။ ရှေးမြန်မာကြီးများသည် မြန်မြန်ဆန်ဆန် သွက်
လက်လက်၊ ခိုင်ခိုင်မာမာ၊ တည်လည်တံ့တံ့ဖြင့် မြန်မာနိုင်
အုတ်မြစ်ချသွားခဲ့ကြ၏။ ရေငတ်၊ ချင်းတွင်း၊ သံ
စစ်တောင်းစသော ဤအရပ်တွင် နေထိုင်ကြသော တိုင်း
သား ပြည်သူတို့သည် မြန်လည်း မြန်၏၊ မာသည်း မ
ထို့ကြောင့် မြန်မာဟူသောအမည်ကို ခံယူထားကြခြင်း
သည်။ သို့ဖြစ်ပါလျက် ကျွန်တော်တို့သည် ကျွန်တော်
လက်ထက်တွင်မှ လူညံ့ ဖြစ်ကြရတော့မည်လော။

ဤနေရာတွင် ကျွန်တော်သည် ကဗျာတစ်ပုဒ်ကို တ
လိုပါ၏။ ထိုကဗျာကိုဖတ်၍ ကျွန်တော်သည် ကိုယ့်နိုင်ငံ ကို
လူမျိုးအတွက် အကြိမ်ကြိမ် ကျိတ်၍ မျက်ရည် ကျဖူးပါ
ဤကဗျာရေးသားသူမှာ ဆရာဇော်ဂျီ ဖြစ်ပါသည်။

### ထလော့မြန်မာ အိုမြန်မာတို့

ထလော့မြန်မာ အိုမြန်မာတို့
တို့ရွာတို့ပြေ၊ တို့ရွာမြေကား
စေတီဘုရား၊ များလည်းများ၏၊

များပါလေလဲ့
တမဲ့မဲ့နှင့် ဆင်းရဲစိတ်မှာ
ကာလကြာလျှင်
ယာစကားမျိုး၊ တညိုးညိုးနှင့်
ပုထိုးမြင့်မောင်း
ကျောင်းကြို ကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ၊ ဝမ်းမဝ၍
ဆွမ်းမျှမတင်နိုင် ရှိလိမ့်တကား။

ထလော့မြန်မာ အိုမြန်မာတို့
တို့ရွာတို့ပြေ၊ တို့ရွာမြေကား
ရေချိုသောက်ရန်၊ မြစ်ကြီးကန်နှင့်
သီးနှံစပါး၊ များလည်းများ၏၊
များပါလေလဲ
တမဲ့မဲ့နှင့်၊ ဆင်းရဲစိတ်မှာ
ကာလကြာလျှင်
မြင်သာမြင်ရ၊ မစားရ၍
လောကပြိတ္တာ ဖြစ်လိမ့်တကား။

ထလော့မြန်မာ မြန်မာထလော့
အားမပျော့နှင့်
မလျှော့လုံ့လ၊ ဉာဏ်ရောင်ပြ၍
ဝဝစားရန်၊ ဆွမ်းတင်ရန်ဟု
ကြံပါကြကုန်၊ ကြံကုန်ကြလော့
သူကအစ၊ ငါကအားလုံး

www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်နိုင်စေ၊ စွမ်းကြစလေ့
ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ
ဤသည့်စကား၊ ဘယ်သူ့စကားလဲ
ထားသောတာဝန်၊ ပွင့်သောလုပ်ငန်း
စိတ်ရွှင်လန်း၍
တစ်ဝမ်းတစ်စိတ် ညီစေတကား။

မြန်မာတို့ နီးကြားကြလော့၊ ထကြလော့၊ အိပ်နေရာ... ငိုက်မျဉ်းနေရာမှ၊ ထိုင်နေရာမှ၊ ဆေးလိပ်ဖွာနေရာမှ၊ လက်... ရည်ဆိုင်မှ ထကြလော့....။

ငါတို့ရွာ၊ ငါတို့ပြည် ငါတို့မြေတွင် စေတီဘုရား... ကျောင်းကန်အုဆောက်အအုံတို့သည်များသလောက်မမေးပါနှင့်... မျှစ်းလည်းများပါ၏၊ ပေါသလား မမေးပါနှင့်၊ ပေါလည်း... ပေါပါ၏၊ ကြွယ်သလား မမေးနှင့်၊ ကြွယ်လွန်းလှပါ၏...

သို့သော်....

ငါတို့သည် သူ့ကျွန်ဘဝတွင် မွဲသလား မမေးပါနှင့်၊ ထ... တည်း မွဲနေ၍ ဆင်းရဲသလား မမေးပါနှင့်၊ ဆင်းရဲစိတ်သည်... ကာလကြာပါက မြင့်မားသော စေတီပုထိုး ကျောင်းကြ... ကျောင်းကြ း၊ ဘုရားကြီး ဘုရားကြားတွင် လှည့်လည်သွား... လာလျက် ဝမ်းကမဝ၊ ဆွမ်းမျှကိုလည်း မတင်နိုင်ဘဲ သူတောင်... စားဘဝ ရောက်ရှိလေမည် ဖြစ်ပါ၏။

## မြန်မြန်မာမာ မြန်မာများ

မြန်လည်းမြန်၍ မာလည်း မာသော အို မြန်မာတို့၊ ထကြ... ပါတော့၊ ငါတို့ရွာ၊ ငါတို့ပြည်၊ ငါတို့မြေသည် ရေချို... သောက်ရန် မြစ်ကြီး၊ ကန်ကြီး၊ ချောင်းကြီး၊ မြောင်းကြီး... ...ည်ကြီးတို့ဖြင့် သီးနှံစပါးတို့ ဖွံ့ဖြိုး ကြီးထွားများလည်း... ...ားပါ၏၊ သို့ပါလျက် မြန်မာတို့သည် သူ့ကျွန်ဘဝတွင်... ...လည်း မွဲလှပါ၏။ ဒီအတိုင်းသာ ဆက်နေပါက ကာလကြာ... ...သွင် မြင်သာမြင်ရ မစားရဘဲ ကိုယ်ချမ်းသာတာ၊ ကိုယ်... ကြွယ်ဝတာ၊ သူများစားကုန်၍ မြင်သာမြင်ရ မကြင်ရဘဝဖြင့်... လောကပြိတ္တာဘဝသို့ ရောက်လိမ့်မည်ဖြစ်၏။

မြန်မာတို့ အိပ်နေရာမှ ထကြပါ။ ကျောခင်း ခြေဆင်း... နေရာမှ ထကြလော့၊ ထိုင်နေရာမှထကြပါ၊ လက်ဖက်ရည်ဆိုင်၊ ...ာဖီဆိုင်မှ ထကြပါ၊ ဆေးလိပ်ဖွာနေ၊ ငိုက်မျဉ်းနေရာမှ ထကြပါ၊ ငါတို့တစ်တွေ မခိုမကပ် ငါ့အား၊ မင်းလည်း... အပါ၊ သူပါအဆုံး၊ အားလုံးပေါင်း၍ လက်ရုံးမြားမြောင်။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်မြော်မြော်ခင်နှင့် စွမ်းနိုင်သမျှ ဆောင်နိုင်သမျှ အစွမ်းပြ လုပ်အားပြကာ ဆောင်ကြပါလော့….။

ဤပြည် ဤရွာ ဤနိုင်ငံသည် ဘယ်သူ့နိုင်ငံလဲ၊
ငါတို့နိုင်ငံ၊ ငါတို့ရွာ၊ ငါတို့ပြည်သာ ဖြစ်ပါ၏။
ဤသည်စကား ဘယ်သူ့စကားလဲ၊
ဤသည့်စာပေသည် ဘယ်သူ့စာပေလဲ၊

ဤစကားသည် မြန်မာစကား။ ဤစာသည် မြန်မာစာ။ ဤယဉ်ကျေးမှုသည် မြန်မာယဉ်ကျေးမှု၊ မြန်မာဥစ္စာ၊ မြန်မာ ပစ္စည်းတို့ပင် ဖြစ်ပေရာ၊ တို့မြန်မာသည် မြန်မာ့ဇွဲ၊ လုံ့လ ဝီရိယ၊ မြန်မာ့အားမာန်ကို အလုပ်နှင့် တာဝန်တွင် ထားကြ လော့။ မြန်မာ့စိတ်၊ မြန်မာ့ဗီဇ၊ မြန်မာအသွင်၊ မြန်မာ လက္ခဏာတို့ဖြင့် လုပ်ငန်းသို့ ဝင်ကြပါလော့….။

ငါတို့ မြန်မာများသည် ငါတို့ မြန်မာနိုင်ငံတော်အတွက် တစ်စိတ်တစ်ဝမ်း တစ်ညီတညွတ်တည်း ရှိကြစို့ဟူ၍ …

မြန်မာနိုင်ငံသည် စေတီဘုရား များလည်းများ၊ များပေ သော်လည်း တမွဲမွဲနှင့်သာရှိ၏။ တို့ပြည်တို့ရွာ တို့နိုင်ငံကား ရေချိုသောက်ရန် မြစ်ကြီးကန်နှင့် သီးနှံ စပါးများလည်း များ၏။ များသော်ငြားလည်း တမွဲမွဲသာ ရှိနေ၏။

ဤကဗျာကို ဆရာဇော်ဂျီက ရေးခဲ့၏။ မြန်မာတို့သည် ယာစကာမျိုး တညီးညီးနှင့် ကျေးခင်းကြိုကျောင်းကြား ဇရပ် ကြားတွင် မစားရလေရ ဝမ်းမဝဘဲ ဆွမ်းမျှ မတင်နိုင်သော



ဘဝသို့ မရောက်စေရန်၊ မြန်မာတို့သည် မြင်သာမြင်ရ မစား ရဘဲ လောကငြိတ္တာဘဝသို့ မရောက်စေရန်၊ မလျှော့လုံ့လ၊ ဉာဏ်ရောင်ပြ၍၊ ဝဝစားရန်၊ ဆွမ်းတင်ရန်အတွက်၊ ကြံပါကြ ကုန်၊ ကြံကြကုန်ပြီ။ ။ လူကအစ၊ ငါကအဆုံး၊ အားလုံးပေါင်း၍၊ လက်ရုံးမြားမြောင်၊ ဉာဏ်မြော်မြော်ခင်နှင့်၊ စွမ်းဆောင် လုပ်ကိုင်ကြပါစို့။

သည်တိုင်း သည့်ပြည် ဘယ်သူ့ပြည်လဲ၊
သည်ရွာ သည်စကား ဘယ်သူ့စကားလဲ၊
သည်စာပေသည် ဘယ်သူ့စာပေလဲ၊
ငါတို့ပြည် ငါတို့နိုင်ငံ၊ ငါတို့စကား၊
တို့ခေတ်တွင်မှ ညံ့ကြရမှာလား၊
တို့တစ်တွေသည် မြန်မာတွေပင် မဟုတ်လေသလား….။

ဤနေရာတွင် ကျွန်တော်သည် ဝိုင်အမ်ဘီဒအေ ဆရာတင် ရေးသားသော တို့မြန်မာ သီချင်းကို သတိရ၍ ကိုသီချင်းကို ဆက်လက် ဖော်ပြလိုပါ၏။

### တို့ခေတ်ကိုတော့ ရောက်ရမည် မလွဲပါ

တကောင်းအဘိရာဇာ၊ တို့မြန်မာသာကီမျိုးဟာမို့ မညီးဂုဏ်တောဇာ၊ ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့တာ တို့မြန်မာ။

www.burmeseclassic.com

www.burmeseclassic.com



စိန့်မှန်ကင်းအစစ်၊ အဖြစ်ကြီးဖြစ်ပါလျက်
ထင်းတစ်လှည့်ကြုံရ၊ ထိုနှင့်မသွေ
ခေလာက မမွာထားပေ။

ငါတို့ကံခေ ဖြစ်ရပြန်သလေ
သို့သော် အရင်းကို စစ်လျှင်
မြန်မာပြေ ငါတို့ ငါတို့မြေ၊
နောင်ဥဒါန်း ဘယ်မကြေစေရာ
ရာဇဝင်တင်သား မျိုးရိုးနွယ်တာ
ကမ္ဘာတစ်ခွင်မှာဖြင့် မြန်မာအထင်အရှား၊
တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား။

တို့မြန်မာ တို့မြန်မာ မဟုတ်လေသလား
(တို့မြန်မာ-ငါတို့မြန်မာ)၂
(ဒါ ငါတို့ မြန်မာ)၂ အားလုံးညီညီ
ယောကျ်ားဘသား တို့မြန်မာ။

နောင်လာ နောက်သား ကောင်းစားဖို့ရာ၊
တို့ကိုယ်ကျိုးလုံးလုံးကြီးမပါ၊ ရဲရဲမြန်မာပီပီ
မြန်မာမြေ၊ တို့မြန်မာအို့ပါ၊

သခင်ကျင့်ကိုကျင့်ကြပါ၊ သခင်မျိုးဟေ့ တို့မြန်မာ၊
မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့ စာမရှိသွား
တို့မြန်မာ၊



(သံပြိုင်) ကမ္ဘာမကြေ မြန်မာတွေ
(ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ)၂
(တို့မြန်မာ)၃
တို့တိုင်းရင်းသား အကုန်အစင် တို့ပြေလို့ မှတ်ထင်။
တို့ဝတ္တရားပင် တို့မြန်မာသခင်
အမျိုးသားရေး ကြိုးပမ်းကြပါ။

တို့မြန်မာဟေ့ တို့မြန်မာ၊
သြော် အမျိုးသားရေးကို ကြိုးပမ်းကြပါ၊
တို့မြန်မာဟေ့ တို့မြန်မာ။

အရှေ့ကနေဝန်း ထွက်သည့်ပမာ
တို့ခေတ်ကိုတော့ ရောက်ရမည်မလွဲပါ။

တို့မြန်မာ၊ ဟော တို့မြန်မာ
မြန်မာပြည်တစ်ဝှမ်းအကုန် တို့အိမ်မှာပါ၊
တို့ယာမှတ်ပါ၊ အဲဒါ တို့မြန်မာ၊

ဤသီချင်းသည် တို့မြန်မာ အစည်းအရုံးခေတ်တွင် မြန်မာ့လွတ်လပ်ရေး ရရှိရေးအတွက် မြေကြီးတုန်စေခဲ့သော သီချင်းဖြစ်ပါ၏။ ကျွန်တော်တို့တစ်တွေသည် ဓာကောင်း အဘိရ.ဇာ.တ စခဲ့သည့် မြန်မာသာကီဝင်မျိုး အစင်ကြီးအစစ် ဖြစ်ပါလျက်၊ သူတစ်ပါးလက်အောက် ကျွန်သပေါက်ဖြစ်ကာ စိန့်မှန်ကင်း အစစ်က ထင်းဖြစ်ရဖူးပြီဖြစ်၏။ မြန်မာလူမျိုး အမည်ခံပြီးကာမှ တို့ခေတ်ရောက်မှ ညံ့ကြတော့မည်လော။ ယောကျ်ား

www.burmeseclassic.com



ဘသားတို့ နောင်လာနောက်သားများကောင်းစားရေးအတွက် ကိုယ်ကျိုးလုံးလုံးကိုယ်ကျိုးလုံးလုံးမပါစေမရှိသေးကိုပြကြပါ။

အမျိုးသားရေးကို ကြိုးပမ်းဆောင်ရွက်ကြပါ။ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ဆောင်ရွက်ကြပါ။ ပြောင်းလဲလာသော မြန်မာနိုင်ငံအခြေအနေတွင် ညီညီညွတ်ညွတ်နှင့် ဆောင်ရွက်ကြပါ။ ကမ္ဘာတွင် မြန်မာဟူ၍ ဖြစ်ကာ တို့ခေတ်ကိုတော့ ရောက်ရမည်မလွဲ ဖြစ်ပါ၏။

ဤသည်ကား မြန်မာနိုင်ငံအခေါ် မြန်မာနိုင်ငံသားတစ်ဦး မြန်မာကိုချစ်သူတစ်ဦး၏ အမြင် ဖြစ်ပါ၏။

မြန်မာနိုင်ငံသည် ဘယ်လိုနိုင်ငံ၊ မြန်မာလူမျိုးသည် ဘယ်လိုလူမျိုး၊ မြန်မာပြည်ကို နိုင်ငံခြားသားတို့က ဘယ်လိုမြင် ဘယ်လိုတွေးသည် ဟူသော အချက်ကို ဤခေန်ရာတွင် အနည်းငယ် ဖော်ပြလိုပါ၏။

## ကင်တီကရစ်မှ ပရော်ဖက်ဆာ

Canady Craig ကို ကင်နီကရိတ်ဟု ခေါ်ကြ၏။ အခု ...သော့ ခမြို့ဟိုတယ် ပြင်ဦးလွင်ဟိုတယ်ဟု နာမည်ပေးထား သည်။

အလွန်လှပသော ဟိုတယ်တစ်ခုဖြစ်၍ ယခင်က နိုင်ငံခြား ...သား ခရီးသည်များသာ တည်းခိုရာ နေရာဖြစ်သည်။ ဟိုတယ် ...ငုံလုံးကို ကျွန်းသားများနှင့် ဆောက်လုပ်ထား၏။ ဟိုတယ် ...န်ရှာစာကို နွယ်ပင်များနှင့် ဖုံးအုပ် တန်ဆာ ဆင်ထားပြီး ...တယ်ဆီသို့လာပါက တွေ့ရိုက်၍တက်ရသောလမ်း၊ ကျယ် ...န်းသော ဟိုတယ်၏ ဥယျာဉ်နှင့် မြဲဝန်းကြီးအမြင် ဟိုတယ် ...ထားသော ကျွန်းသားအိမ်လေးက နေချင့်စဖွယ်ဖြစ်ပါ၏။

Canady Craig သည် ယခင်က သစ်တောဌာနမှ တည်းခို ...သာဖြစ်၍ ကနေဒါမှ မစ္စတာ ကရစ် ဆောက်လုပ်ခဲ့သော ...ကြောင့် Canady Craig ဟု အမည်တွင်နေခြင်းဟု ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှခန့်သည်ကိုကား မသိ၊ လှ၍ နေချင့်စဖွယ် မြန်မာ ဟိုတယ်လေးတစ်ခု ဖြစ်၏။ နိုင်ငံခြားသားများက ဤဟိုတယ် လေးကို မက်မောကြ၏။ ဟိုတယ်အပေါ်ထပ်မှ ကျွန်းလှေကား အကွေ့ကြီးအတိုင်း ခါးကြီးကိုဆန့်၍ ဒေါက်-ဒေါက်-ဒေါက် နှင့် ခြေသံပြင်းပြင်း နားဆင်းလာရသည်ကို နိုင်ငံခြားသား တိုင်းက ဂုဏ်ယူကြ၏။ နိုင်ငံခြားသားတို့သည် အထူးသဖြင့် ဥရောပတိုက်သားများသည် ဤဟိုတယ်အဝင်ဝ၌ ခြေထောက် ကို ကျဲကျဲကြီး ကား၍ ခါးစန့်စန့်ကြီးတွင် လက်ထောက်ကာ Canady Craig ဥပစာရှိ မြက်ခင်း၊ ထိုမြက်ခင်း၏ အနောက်မှ ထင်းရှူးပင်များနှင့် မေမြို့ရှုခင်း၊ မေမြို့ရှုခင်း အနောက်မှ ရှမ်းပြည်နယ်၏ အလှအပကို ကြည့်ရှုရသည်ကို နိုင်ငံခြားသား တိုင်းက စည်းစိမ်ဟု ထင်မှတ်ကြ၏။

Canady Craig (ယခု မေမြို့ ဟိုတယ်)တွင် ကျွန်တော် သည် နိုင်ငံခြားသားတစ်ဦးနှင့် ၁၅ ရက်ခန့် တည်းနေခဲ့ဖူး၏။ နိုင်ငံခြားသားများသည် မေမြို့ဟိုတယ်၌ တည်းခိုကြရာတွင် ရေကရှားသည်၊ ဘယ်လောက်ရှားသလဲဆိုလျှင် ရေကို လက်ဆွဲ ပုံးနှင့် အပေါ်ထပ်သို့ ဆွဲယူသုံးစွဲရသည့်တိုင် ယင်းတို့သည် ချေး(ဂျီ)မများဘဲ ထိုဟိုတယ်တွင် ကျေနပ်နှစ်နှစ် တည်းခို ကြ၏။

ထိုဟိုတယ်တွင် ကျွန်တော်သည် H.Leedn Lefferts, Jr ဆိုသော ပါမောက္ခကြီးတစ်ဦးနှင့် တွေ့ခဲ့ရပါ၏။ ထိုပါမောက္ခ ကြီးမှာ အမေရိကန်နိုင်ငံ Drew တက္ကသိုလ်မှ Professor Of Anthropology မနုဿဗေဒ ပါမောက္ခတစ်ဦး ဖြစ်၏။



သူက အရှေ့တောင် အာရှနိုင်ငံများမှ လူမျိုး၏ ဓလေ့ ရိုက် စသည်တို့ကို လာရောက်လေ့လာနေသူတစ်ဦးဟု ဆို၏။ ထူးသဖြင့် လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့်မြန်မာတို့၏ ဘာဝများကို လေ့လာနေသူဖြစ်၏။ ပါမောက္ခ H.Leedon ည် မေမြို့မှ ဆရာတော် ဦးဇောတိကနှင့်လည်း ရင်းနှီး၍ မာ့ဓလေ့စရိုက်များ၊ သဘာဝများကို ဦးဇောတိကနှင့် င်၍ သွားရောက် ဆွေးနွေးတတ်ပါ၏။ ပညာသား တတ် သော ပါမောက္ခ H.Leedon သည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ပိသအောင် ရွတ်ဆို၍ အဓိပ္ပာယ်ကို ရှင်းပြနိုင်၏။ သို့သော် မာစကားကိုကား ထမင်းစား၊ ရေသောက်လောက်သာ တ်ပါ၏။

ပါမောက္ခ H.Leedon သည် အရပ်ရှည်ရှည် လူထွားကြီး ၏။ ၆၅ နှစ် ကျော်လောက်နှိုင်ပြီဖြစ်၍ မြန်မာပုဆိုး အနီ င်ကြီးကို အားရပါးရ ဂုဏ်ယူဝင့်ကြွားစွာ ခါးတွင် စည်း းသော အမေရိကန်အဘိုးကြီး ဟုဆိုပါက မမှားနိုင်ပါ။

တစ်နေ့ ဟိုတယ် ဧည့်ခန်းတွင် ကျွန်တော်သည် ပါမောက္ခ .Leedon နှင့် တွေ့ရာ သူက 'မင်္ဂလာညခင်းပါဗျ'ဟု စ၍နှုတ် ဆက်ပါ၏။ ကျွန်တော်က 'မင်္ဂလာပါ'ဟု ဦးခေါင်းကိုညိတ်၍ နှုတ်ဆက်ရင်း ကျွန်တော်နှင့်အတူ အရက်သောက်ရန် ဖိတ် း ပါသည်။ သူက ကျွန်တော် အရက် သောက်နေသည့် တွင် ဝင်ထိုင်ပါသည်။ သူ ဝင်ထိုင်လိုက်သောအခါ န်တော်သည် သူ့ခန္ဓာကိုယ်ကြီးကို ကြည့်လိုက်၊ မေမြို့တွင် ရှားပါးပါးဖြစ်သော ကျွန်တော့် ဝိစ္စကီ လက်ကျန်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက် ဖြစ်သွားရာ အလိုက်သိသော ပါမောက္ခကြီး H. Leedon က သူသည် အရက်ပြင်းမသောက်ကြောင်း ပြောပြပါ၏။ ထိုအခါမှပင် ကျွန်တော်လည်း သက်ပြင်းချလိုက်ရပြီး 'အရက်ပြင်း မသောက်ပါက ဘီယာ သောက်ပါ'ဟု ဆိုလျှင် သူက 'ကောင်းသားပဲ'ဟု ဆိုပါ၏။ ကျွန်တော်က ဟိုတယ်မှ မန္တလေး ရွှေခဲစီမံဘီယာတစ်လုံး မှာ၍ ပေးပါသည်။

## ကမ္ဘာ့မှာ အကောင်းဆုံး ဘီယာ

အမေရိကန် ပရော်ဖက်ဆာကြီးသည် မန္တလေး ဘီယာကို သောအခါ သူ၏ နှုတ်ခမ်းများသည် လှုပ်တုတ်လှုပ်တုတ် သာသည်ဟု ထင်ရပါ၏။

မမြို့ ဟိုတယ်မှ ဘီယာစလာပို့သည့် သူငယ်က ကျွန်တော်အား ကျောခေးရင်း လက်ခနောက်ပြန်ဖြင့် စားပွဲပေါ်တင် သောဘီယာကို ပရော်ဖက်ဆာ H. Leedon သည် တယ်ပြန်ပြန်ကြည့်ပြီးမှ 'ခင်ဗျားနစမည် ဘယ်သူလို့ပေါ်ပါသလဲ' မေးပါ၏။

ကျွန်တော်က ကျွန်တော်သည် မြန်မာ စာရေးဆရာတစ်ဦး ကြောင်း၊ မမြို့တွင် ဂျပန်လူမျိုးတစ်ဦးနှင့် သခွားစိုက်မျိုး အတွက် ရောက်ရှိနေခြင်း ဖြစ်ကြောင်း ပြောသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သူက 'ခင်ဗျား ကမ္ဘာပေါ်မှာ အကောင်းဆုံးဘီယာကို မြင်ဖူးသလား' ဟု ဆိုပါ၏။ ကျွန်တော် မမြင်ဖူးကြောင်း၊ ဗဟုသုတအဖြစ် ပြောပါဟု ဆိုသောအခါ၊ ကောက်ရိုးမျှင်များ ကပ်၍ တံဆိပ်တစ်ခြမ်းကွာနေသော မန္တလေးဘီယာပုလင်းကို မြှောက်ကာ 'ကမ္ဘာက အကောင်းဆုံးဘီယာတွေထဲမှာ မန္တလေးဘီယာသည် တစ်ခု အပါအဝင် ဖြစ်သည်' ဟု ပရော်ဖက်ဆာကြီးက ခင်ကျယ်ကျယ် အော်ပြောလိုက်ပါသည်။

ထိုအခါမှပင် ကျွန်တော်သည် ဘီယာပုလင်းတွင် ပေကျံနေသည်များကို အနီးရှိ လက်သုတ်ပဝါနှင့်သုတ်၍ ယခုထိ မရောက်လာသေးသော ဖန်ခွက်ကို အော်တောင်းရပါသေး၏။ ဖန်ခွက်ရောက်လာတော့ ဖောက်တံမရှိ၍ ကျွန်တော်နှင့်ရှိသော မြန်မာတစ်ဦးက ဘီယာပုလင်းကို ပါးစပ်ဖြင့် ကိုက်ဖွင့်ပေးရ၏။

ပရော်ဖက်ဆာ H. Leedon သည် မြန်မာပြည်၌ ဘီယာပုလင်းကို ပါးစပ်ဖြင့် ကိုက်ဖွင့်သော အတွေ့အကြုံရှိပြီး ဖြစ်ဟန်တူပါ၏။ သူက ယင်းကိစ္စကို ဘာမှဝင်မပြောပါ။ ပါးစပ်နှင့် ကိုက်ဖွင့်ပြီးမှ သူ့ရှေ့ရောက်လာသော ဘီယာကို ပရော်ဖက်ဆာကြီးက သူ့ဟာသူ ဖန်ခွက်ထဲသို့ သောင်းထည့်ပါသည်။ ထို့နောက် နည်းနည်းအရသာခံ၍ မြည်းကြည့်ရာ ဖန်ခွက်တွင်ကပ်နေသော အမှုန်တချို့ သူ့ပါးစပ်တွင် လာပေ၍ ပါမောက္ခကြီးသည် သူ့ပါးစင်ကို လျှာဖြင့်ဆေးကြောကာ စားပွဲမှထသွားပြီး ထွေးပစ်လိုက်ပါ၏။ သူထသွားတော့မှ သူ့ဘီယာခွက် နှုတ်ခမ်းများကို ကျွန်တော်က ကျွန်တော့်လုံချည် အောက်စဖြင့် ခပ်မြန်မြန် သုတ်ထားပေးရပါ၏။



တကယ်တော့ ကျွန်တော်သည်၊ လက်သုတ်ပဝါနှင့်သုတ်ဖို့ ကောင်းပါ၏။ လက်သုတ်ပဝါက ခပ်လှမ်းလှမ်း ရောက်နေ၍ ယူနေရလျှင် ဖန်ခွက်အား သုတ်ခနသည်ကို သူမြင်သွားမည်ဖြစ်၍ အမြန်လုပ်လိုက်ရခြင်းဖြစ်သည်။ ထို့နောက် သူသည် စားပွဲသို့ပြန်လာကာ ခေါင်းတညိတ်ညိတ်ဖြင့် မေမြို့ညနေခင်း၏ အေးမြမြဥတုတွင် ကမ္ဘာပေါ်၌ အကောင်းဆုံး ဘီယာအမျိုးအစားတွင် တစ်ခုအပါအဝင်ဖြစ်သော မန္တလေးဘီယာကို အရသာခံသောက်ရင်း ကိုခအတွင်ပင် ပရော်ဖက်ဆာH.Leedon သည် ခေတ္တလေ‌ောက် ဇိမ်ယစ်သွားဟန်တူပါ၏။

ကျွန်တော်က ပရော်ဖက်ဆာ H.Leedon အား လက်ကျန် ဘီယာကြီးလေးကိုလည်း ပေးစုမခွဲ၊ ကျွန်တော့်နိုင်ငံမှ ထွက်သော ဘီယာကိုလည်း ကမ္ဘာပေါ်တွင် အကောင်းဆုံး တစ်ခုတူ သိကြတည်းကပင် သဒ္ဓါတရားများ အထော် ပွားလျက် ရှိပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာ့မှာ အလှဆုံးလမ်း

မန္တလေးဘီယာကို တစ်ငုံစီ ငုံကာ စိမ်ခံရင်းမှ ပါမော
H;Leedon သည် ကျွန်တော့်အား ကျေးဇူးဆပ်ချင်သော
ပေါ်လာဟန် တူပါသည်၊ တို့ကြောင့်ပင် သူကထပ်၍ 'ကမ္ဘာ
ပေါ်မှာ အလှဆုံးမီးရထားလမ်းနဲ့ ကားလမ်းကိုရော ခင်ဗျား
တွေ့ဖူးသလား'ဟု မေးပါ၏၊ ကျွန်တော်က မတွေ့ဖူးပါဘူး
ဆိုသောအခါ သူက မန္တလေးဘီယာကို တစ်ငုံလောက်
သောက်ရင်း မပြောချင်သလို ပြောချင်သလို အမူအရာလုပ်
နေပါ၏၊ ကျွန်တော်က သူပြောပြချင်လို့မေးပြီး အမေးခံရသူ
မသိဘူးဆိုနေမှ မျက်နှာပေးတစ်မျိုး လုပ်ပြနေသည်ကို
မလည်နိုင်တဲ့ 'ကမ္ဘာ့ပေါ်မှာ အလှဆုံးမီးရထားလမ်းနဲ့ ကား
လမ်းဟာ ဘယ်နိုင်ငံမှာရှိလဲ၊ ဘယ်ကားလမ်းလဲ၊ ဥရော
တိုက်မှာလား၊ ဂျပန်မှာလား'ဟု မေးသောအခါ သူက




အောင်ဗဟိုရယ်ပုံမျိုးရယ်၍ ထိုင်လျက်သားနှင့် သူ့ခေါင်းကြီး
နှင့် သူ့ကိုယ်ကြီးကို ကျွန်တော့်နားအထိ တအားကြီးယိမ်းပြီး
'ခင်ဗျားသိချင်လား၊ ကမ္ဘာ့ပေါ်မှာ အလှဆုံးမီးရထားလမ်းနဲ့
ကားလမ်းက မန္တလေး လားရှိုးမီးရထားလမ်းနဲ့ ကားလမ်းတွဲ
ပါရေးဆရာရဲ့'ဟု ဆိုကာ ကျွန်တော့်အား မျက်စောင်းကြီး
ထိုး၍ ကြည့်ပါ၏၊
ထိုအခါ ကျွန်တော်သည် ဘုရား....ဘုရား.... ဘီယာလည်း
တိုက်ရသေး၊ ဒီပရော်ဖက်ဆာနှင့်တွေ့မှ ငါ့ချည်း ခံနေရပါ
လားဟု စိတ်ထဲက မခံချင်သလို ဖြစ်သွားရပါ၏။
မန္တလေး-လားရှိုး မီးရထားလမ်းသည် အကွေ့အကောက်
တောင်ဆင်းတောင်တက်များ၊ သစ်တောများ တောင်ဘန်းများ
တောင်စွယ်များကိုဖြတ်၍ဖောက်ထားခြင်း၊ ကားလမ်းနှင့်အပြိုင်
မြစ်ချောင်းများနှင့်အပြိုင်ရှိနေခြင်း၊ တောင်ဖြတ်တံတား၊ ဥမင်
လိုဏ်ခေါင်းတို့ မီးရထားလမ်းကြောင်းတစ်လျှောက်တွင်ရှိခြင်း၊
အခက်အခဲ အလှအပ သစ်ပင်ပန်းမန်၊ သားကောင်တို့ရှုခွန်
အစုံအလင်ရှိခြင်း စသော အင်္ဂါစုံသော မီးရထားလမ်းတစ်ခုဟု
ဆို၏၊ မန္တလေး လားရှိုးမီးရထားလမ်းပေါ်မှ ဂုတ်ထိပ်တံတား
သည် သိဝကျ်အူ အထုံးအဆက် တစ်ဆန်းကျော်ကို အသုံးပြု
တည်ဆောက်ထားသော တံတားဟုဆို၏။
ထိုအခါ ကျွန်တော်သည် ခပ်ရှက်ရှက်နှင့်ပင် ရှေ့တွင်ချထား
သောဝီစကီကို နှစ်ခွက်လောက်ဆင့်သောက်ရင်းပါမောက္ခအား
မျက်စောင်းထိုးကြည့်မိပါသည်၊ သူက သူ့အသံ ကြည့်ကြီးဖြင့်
'မြန်မာနိုင်ငံသည် သာယာသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊
ဖ


www.burmeseclassic.com

www.burmeseclassic.com



'မြန်မာ လူမျိုးတို့သည် သခေါ အလွန်ကောင်းကြကြော
ဘယ်လူမျိုးမှ တစ်ကြိမ်တွေ့ရုံဖြင့် အရက်တိုက်၊ ထမင်းကျွေ
မရှိကြောင်း၊ မြန်မာလူမျိုးတို့သည် တစ်ကြိမ်တွေ့ရုံဖြင့် အဝ
အစား၊ မြို့စရာကောင်ပါ အလကားပေးတတ်ကြောင်း၊ ဤ
စေတနာရှိသော လူမျိုး ရှားကြောင်း၊ သူသည် လွန်ခဲ့သော
နှစ်က မြန်မာနိုင်ငံသို့ နောက်ဆုံးအကြိမ် ရောက်ခဲ့ဖူးကြော
မြန်မာလူမျိုးတို့၏စိတ်ဓာတ်ကို သူသိကြောင်း၊မိမိသည် နေ့
ဗေဒ ပါမောက္ခတစ်ဦးအနေဖြင့် မြန်မာလူမျိုးတို့၏ ချစ်ဖွ
ကောင်း၍ စေးစားဖွယ်ရာဓလေ့စရိုက်များကို သိရှိကြောင်
များကို ပြောရင်းက ကျွန်တော့်အား မျက်စောင်းသိုးက
နောက်တစ်ခုမေးဦးမည့် ကမ္ဘာပေါ်မှာ ဘယ်မိန်းကလေးဟ
အချောဆုံးလဲ' ဟု ဆိုပြန်ပါ၏၊





ကမ္ဘာ့အရပ်ရပ်မှ ခရီးသည်ထောင်ပေါင်းများစွာတို့ ခက်ခဲပင်ပန်းစွာ လာရောက်
ကြည့်ရှု ကြည်ညိုရသော ပုဂံ၏အလှ ။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် မြန်မာအမျိုးသမီးများ ဒုတိယအလှဆုံး
ပါမောက္ခ LEEDON ကဆိုသည် ။

## ဟောဒီကမ္ဘာမှာ ကျွန်မ အလှဆုံး

ကျွန်တော်က ဒီတစ်ခါ ဒီပါမောက္ခနှင့် အရှက်မကွဲရအောင် မြန်မာအမျိုးသမီး အချောဆုံးဟု ပြောရန်ရှိတော့၏။ ဆိုသော်လည်း ကမ္ဘာပေါ်တွင်မြန်မာအမျိုးသမီး အချောဆုံး ဆိုတာကိုတော့ ကျွန်တော်လည်း မှန်မည်မထင်၊ ဘယ်လူမျိုး ကမ္ဘာတွင် အချောဆုံး ဆိုတာကိုလည်း ကျွန်တော် မသိ။ ထို့ကြောင့် ကျွန်တော်တို့သည် ရိုးရိုးသားသား ဝန်ခံတာပဲ ကောင်းပါတယ်လေဟုဆိုကာ ဒီတစ်ခါတွင်လည်း မသိပါဘူး ဟု၍ ပြောလိုက်ရာ ပါမောက္ခ Leedon က ‘ကမ္ဘာပေါ်မှာ.... ကမ္ဘာပေါ်မှာ ဆိုတာက တစ်ကမ္ဘာလုံးမှာ ဗီယက်နမ် အမျိုးသမီးများသည် ပထမအလှဆုံး’ ဟု ဆိုပါ၏။

သူက ပထမဟူသောစကားကိုထည့်သုံးသဖြင့် ကျွန်တော်က ဒုတိယအလှဆုံးကရောဟုမေးရာ ပါမောက္ခအဘိုးကြီး Leedon က‘မြန်မာအမျိုးသမီးများသည်ကမ္ဘာပေါ်တွင်ဒုတိယအလှဆုံး’ ဟုဆို၏၊ ကျွန်တော်က ဟုတ်ရဲ့လား ပရော်ဖက်ဆာရဲ့ ဟု မေးရ

www.burmeseclassic.com

www.burmeseclassic.com



သူက မိမိသည် တစ်ကမ္ဘာလုံးသို့ ခရီးလှည့်လည် သွားလာနေ
ဖြစ်ကြောင်း၊ အခြနောက်နိုင်ငံသားများ၏ အသားအရော
ကြမ်းတမ်း၍ အရင်အမောင်းနှင့် အရွယ်အစား အချိုးမ
ကြောင်း၊ ဂျပန်၊မြန်မာ၊အိန္ဒိယလူမျိုးများ၏ အသားအရော
ချော်မွတ်၍ ဒီလိုအသားအရေမျိုးရရှိဖို့မလွယ်ကြောင်း၊ဖန်
၍ မရကြောင်း၊ မျိုးရိုးဗီဇ ရေမြေသဘာဝကြောင့် ချော
လုပ်ရခြင်းဖြစ်ကြောင်း၊ လုပ်သော အမျိုးသမီးများထဲတွ
ဂျပန်ပါသော်လည်း ဂျပန်မများသည့် အသားဖြူလွန်းကြော
အိန္ဒိယ အမျိုးသမီးများသည် အညိုလွန်ကဲကြောင်း၊ မြန်မ
ဗီယက်နမ်တို့တွင် မဖြူလွန်း မညိုလွန်းသော အသားအ
ပိုင်ဆိုင်ကြောင်း၊ ဗီယက်နမ်၊ မြန်မာအမျိုးသမီးများ၏ အ
အမောင်းသည် မျက်နှာဆံစပ်မှ မေးစေ့အထိ၏ ခုနစ်ဆခွဲ
ကြောင်း၊ ၎င်းအချိုးအဆသည် အလွန်ပြေပြစ်သော အချိုးအ
ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသား ဖြစ်ရသည်
ဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ
ပေါ်တွင် အလှဆုံးအမျိုးသမီးများကို ချစ်ရေးဆို လက်ထပ်
ရရှိသော အမျိုးသားကောင်းတို့၏ အဖြစ်ကို ရရှိကြသော
ကြောင့်ပင် ဖြစ်ကြောင်း ပြောပြပါ၏။

ထိုအခါ ကျွန်တော်သည် ကျွန်တော်ချည်း ခံနေရသော
ကြောင့်၊ ဘီယာတစ်ပုလင်းစာ ဆန်သောက်ပါပြီး ထပ်ပြီးမပြော
ပါနဲ့တော့ဟု တောင်းပန်ရပါ၏။

ကျွန်တော်နှင့် ပါလာသော ဂျပန်အမျိုးသားက 'ထိုင်
အမျိုးသမီးများရောမလှဘူးလား' ဟုမေးသောအခါ ပါမောက္ခ



Leedon က ထိုင်းအမျိုးသမီးများသည် မြန်မာလောက် မချော
ကြောင်း၊ ထိုင်းအမျိုးသမီးများထက်စာလျှင် မြန်မာအမျိုးသမီး
များကပိုချောကြောင်း ပြောပါ၏၊ ကျွန်တော် မိတ်ဆွေ ဂျပန်က
ပြီးခဲ့သောနှစ်က ကမ္ဘာ့အလှမယ်တွဲကို ထိုင်းမှ ရခဲ့ကြောင်း
ပြောရာ ပါမောက္ခ Leedon က မြန်မာတို့ဝင်မပြိုင်၍ မရခြင်း
ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးလေး မသန္တာဆိုသူသည် ထိုင်း
နိုင်ငံမှနေ၍ ကမ္ဘာတွင် အလှပြိုင်ရာ ပထမ ရခဲ့ဖူးကြောင်း၊
ထိုင်း အမျိုးသမီးများ မလှမဟုတ်၊ မြန်မာတို့နှင့် ရေကြော
မြေကြော တစ်ဆက်တည်း လှကြပါသည်၊ သို့သော် မိမိအနေနှင့်
မြန်မာ အမျိုးသမီးများ၏ အလှကို ပိုကြိုက်လည်းဟု ပြောပြ
ပါသည်။

ပါမောက္ခ Leedon ၏ ထူးခြားချက်မှာ အင်္ဂလိပ် စကား
ပြောရာတွင် တစ်ဖက်သား လုံးစေ့ပတ်စေ့ နားလည်အောင်
ပြောနိုင်ခြင်းဖြစ်၏။ ကျွန်တော်သည် အင်္ဂလိပ်စာ အလွန်ညံ့သူ
ဖြစ်ရာ သူက ကျွန်တော် နားလည်လောက်သော စကားလုံး
များနှင့် လုံးစေ့ပတ်စေ့ နားလည်အောင်ပြောနိုင်ပါ၏။ ထို့ပြင်
သူ့အမှုအရာတို့မှာ မြန်မာနိုင်ငံ မေမြို့၌ ခေတ္တလာရောက်
နေထိုင်ရခြင်းကို သူ့အိမ်သူ့ရာထင်မှတ်ကာ အားရပါးရကြီး
ကျေကျေနပ်နပ်ကြီး နေထိုင်နေခြင်းဖြစ်၏။

ကျွန်တော်တို့ စကားပြောနေစဉ် မေမြို့မှ လူငယ်တစ်စုက
ပါမောက္ခ Leedon နှင့် စကား ပြောလိုကြောင်း၊ ထိုင်းနှစ်
ကွင်း၌ လူစုပြီး ဖြစ်ကြောင်း ပြောရာ ပါမောက္ခကြီးသည်
ကျွန်တော်တို့နှင့် စကားပြောနေရာမှ ထသွားရမည်ကို ခက်

www.burmeseclassic.com

www.burmeseclassic.com



နေ့ဟန်ရှိ၏။တစ်ဖန် လာခေါ်နေသော လူငယ်များအားလည်း မငြင်းလိုဘဲရှိရာ၏၊ သူ၏အဖြစ်မှာ လိုက်သွားရလည်းအခက် နေရလည်းအခက် ဖြစ်နေသည်ကို ရှင်းပြပါ၏။ ယင်းကိစ္စ ဘယ်လို ပြောရမှန်းတောင် မသိပါဘူးဟု ဆိုရာ ကျွန်တော်က ဤကိစ္စသည် မြန်မာလူမျိုးတို့တွင် ရှိကြောင်း၊ ပါမောက္ခ Leedonအား နှင့် အာရှတိုင်းနှင့်အဆက်အဆံရှိ၍ ယခုလိုဖြစ် ခြင်း ဖြစ်ကြောင်းနှင့် မြန်မာဘာသာနှင့် (အားနာတယ်) ဟု ခေါ်ကြောင်းပြောရာ သူက 'အားနာတယ်' ဟူသော စကားကို အင်္ဂလိပ်သဒ္ဒါနှင့်စကားလုံးရှာနေပါသေး၏။ သို့သော်လည်း ကျွန်တော်က လူငယ်များနှင့် စကားပြောဖို့ကလည်း အရေးကြီး ပါတယ်၊ သွားပါဟု ဆိုမှ ပါမောက္ခကြီးသည် ကျွန်တော်တို့ ဝိုင်းမှ ထ၍ သွားပါ၏။

# ပုဂံ ညနေခင်း

ကျွန်တော်သည် နိုင်ငံခြားသားတစ်ဦးနှင့် မန္တလေးသို့ ခရီး ားဖူးပါ၏။ခရီးသွားသူမှာ ဂျပန်အမျိုးသားဖြစ်၍ ကျွန်တော် င့် သခွားသီးအတူစိုက်သော မစ္စတာ ဆဒါးအိုး ဖြစ်သည်။ ျွန်တော်တို့သည် ညနေသုံးနာရီခွဲလောက်ဖြင့် မန္တလေးသို့ ခဲ့ရာ ရထားထွက်ပြီး ငမိုးရိပ်ချောင်းကို ကျော်သည်နှင့် တာဆဒါးအိုးသည် ရထားဖြင့်ဖြတ်သွားနေသော လယ်ကွင်း းကို တစ်မျှော်တစ်ခေါ်ကြည့်သည်။ ဇွန်လအတွင်း မိုးရာသီ င်မျှော်တစ်ခေါ် လယ်ကွင်းပြင်ကြီးများတွင် ရေများ ပြည့် ၏။ အချို့ လယ်ကွင်း၊ လယ်ကွက်များတွင် မျိုးထောင်ထား ၏။ ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးများတွင်ကား တဲ ယ်လေးများကို ဟိုတစ်နေရာ ဒီတစ်နေရာတွေ့ရ၏။

ဆဒါးအိုးသည် ညနေချိန်မိုးတဖွဲဖွဲနှင့် ကျယ်ပြန့်သောလယ် င်းပြင်ကြီးကိုကြည့်၍ သိပ်လှတာပဲ၊ အင်မတန်လှတဲ့မြင်ကွင်း ၊ ဂျပန်မှာ ဒီလိုမရှိတော့ဘူး၊ တိုက်တာအဆောက်အအုံတွေနဲ့ ရုံ အလုပ်ရုံတွေ ပြည့်နေပြီဟု ပြောပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆဒါးအိုးသည် မေမြို့သို့ရောက်သောအခါ ရန်ကုန်ကို ရောက်ရုံနဲ့ မြန်မာပြည် ရောက်ပြီလို့ ထင်နေတာ၊ ရန်ကုန်ကို ရောက်ရုံနဲ့ မြန်မာပြည်ကိုရောက်တာမဟုတ်သေးဘူး၊ မေမြို့ဟာ ရာသီဥတုရော မြင်ကွင်းရော တကယ့်ကို သာယာတဲ့နေရာပဲဟု ဆို၏။ ကျယ်ဝန်းသောခြံကြီးများနှင့် အေးမြသော ရာသီဥတုကို ပို၍သဘောကျဟန်ရှိ၏။ မေမြို့ ကန်တော်ကြီးသို့ ရောက်သောအခါ သူသည် သူ၏ရည်းစားနဲ့လမ်းလျှောက်ဖို့ နေရာတစ်ခုခုကို ရွေးရမယ်ဆိုရင် ဒီနေရာမျိုးကို ရွေးမှာပဲဟု ဆို၏။

ကျွန်တော်သည် ဂျပန် ကျောင်းသားတစ်ဦး ဖြစ်သူ Mr. Eishs Miyasaka နှင့် ၁၉၈၇ ခုနှစ်၊ မေလအတွင်းက မန္တလေး ဟိုတယ်တွင် အတူတည်းခဲ့ဖူး၏။ ကျွန်တော်က မြန်မာဖြစ်နေ၍ မန္တလေး ဟိုတယ်က ကျွန်တော့်ကို ဘီယာ မရောင်းသဖြင့် Eishi Miyasaka ကို ဘီယာ ဝယ်ခိုင်းကာ သောက်ကြရမှု ရင်းနှီးခဲ့ရခြင်း ဖြစ်၏။ ကျွန်တော်က Eishi Miyasaka အား မြန်မာပြည်ကို သဘောကျရဲ့လားဟု ဆိုသောအခါ သူက မန္တလေး နန်းတော်ကြီးကို တွေ့ရတော့ ရှေးရှေးက အတိတ် သမိုင်းဆီကို Time Machine နဲ့ ရောက်သွားသလိုပဲ၊ ပုဂံ ညနေခင်း ဧရာဝတီကမ်းနံဘေးမှာ ထိုင်ရတာကတော့ အရသာ အရှိဆုံးပါပဲ၊ နေထွက်လာတဲ့ ပုဂံ နံနက်ရှုခင်းကို ကျွန်တော် မမေ့တော့ပါဘူးဟု ပြောဖူးပါ၏။

## ဥရောပတွင် မရှိသော အလှ

တစ်ဖန် ကျွန်တော်သည် ၁၉၈၄ ခုနှစ်လောက်က ပြင်သစ် ကျောင်းသူ မသူဇာနှင့်သိကျွမ်းခဲ့ဖူး၏။ မသူဇာသည် သူ၏Ph:D အတွက်မြန်မာနိုင်ငံသို့လာရောက်၍ အနော်ရထာမင်း လက်ထက်က ဆည်မြောင်းများ ဖောက်လုပ်ခဲ့သည့်အတွက် ယင်း ဒေသနေ လူများအား မည်သို့ အပြောင်းအလဲ ဖြစ်စေခဲ့သည်။ အနော်ရထာ၏ ဆည်မြောင်းများကြောင့် လူ့လေ့စရိုက်နှင့်လူ မှုအဆင့် မည်သို့မည်ပုံပြောင်းလဲလာခဲ့သည်ကို သုတေသနပြု စာတမ်းရေး၍ ဘွဲ့ယူရန် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပါ၏။

သို့သော် မသူဇာသည် ကျောက်ဆည်ဘက်သို့ မသွားဖြစ်ဘဲ …န်းကျွန်း၌သာ လေ့လာပြီး၊ မြန်မာတို့ နတ်ကိုးကွယ်သည့် အကြောင်းကိုသာ လေ့လာပြီး ပြန်သွားခဲ့ပါ၏။ ထိုအခါ ကျွန်တော်သည် မသူဇာအား မြန်မာတို့သည် ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်တာ၊ နတ်ကိုးကွယ်သူများ မဟုတ်၍ ယင်းစာတမ်းကို ရေးရန် တားမြစ်သောအခါ၊ မသူဇာက 'ဦးချစ်ဝင်း၊ ရှင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ ရန်ကုန်က အိမ်တွေ အားလုံး အုန်းသီးဆွဲတာပဲ၊ ကျွန်... ရောက်ဖူးတဲ့ လူကြီးတွေ အိမ်မှာလဲ ဆွဲတာပဲ၊ သက်နီးကျွန်း... ဆိုရင် အိမ်တိုင်းနေ့ပဲ၊ ဘုရားစင်ကိုတော့ မြင့်မြင့်တင်... ကိုးကွယ်ပါရဲ့၊ ဒါပေမယ့် နတ်ကို ပူဇော်တာကျတော့ တခ... တနား စိုလိုပါပဲ’ဟု ဆို၏။

မြန်မာနှင့် နတ်ကိုးကွယ်မှု စာတမ်းကို မသူဇာအား... ကျွန်တော် မရေးစေချင်သည်မှာ သူများထက် အထင်သေး... မှုစိုး၍ ဖြစ်ပါ၏။

ထို့ပြင် ထက်ထယ်တမ်းမြန်မာနိုင်ငံမှာလည်း ဗုဒ္ဓဘာသာနိုင်ငံ... ဖြစ်လေရာ၊ နတ်ကိုးကွယ်သော နိုင်ငံဟူ၍ အထင်ရောက်သွား... မှုကိုလည်း စိုးရိမ်သဖြင့် တားမြစ်ခြင်းဖြစ်သော်လည်း မသူဇာ... သည် မြန်မာတို့၏ နတ် ကိုးကွယ်မှု စာတမ်းနှင့်ပင် သူသည်... Ph;D ဘွဲ့ကို ယူခဲ့ပါ၏။

ထိုစဉ်က ကျွန်တော်သည် မသူဇာအား ပဲရစ်မြို့နဲ့ရန်ကုန်မြို့... ဘယ်မြို့က ပိုလှသလဲဟုမေးရာ မသူဇာက ‘ဒီလိုဖြေလို့မရဘူး... ဦးချစ်စံရဲ့၊ ပဲရစ်မှာ လှတာတွေ အများကြီးရှိသလို ရန်ကုန်မှာ... လှတာတွေလဲ ရှိတာပဲ၊ ဥပမာ အင်းလျားကန်နဲ့ ရန်ကုန်... တက္ကသိုလ်လို လှပတဲ့ အလှမျိုး ပဲရစ်မှာမရှိဘူး၊ အင်းလျား... ကန်ရဲ့အလှက ရန်ကုန်ရဲ့အလှပဲ၊ ဒီလိုမြင်ကွင်းမျိုး ဥရောပမှာ... ရှားပါတယ်’ဟု ဆို၏။

ကျွန်တော်တို့သည် နိုင်ငံခြားမှ လာသော ပြက္ခဒိန်များကို... ကြည့်၍ ဂျပန်အပါအဝင် နိုင်ငံခြားတိုင်းပြည်များ အလွန်လှ... ကြောင်း ချီးကျူးစပြောဆိုရင်း နိုင်ငံခြားရှုခင်း ပြက္ခဒိန်များကို...



...ကျွန်တော်တို့၏ ဧည့်ခန်း နံရံများတွင် အမြတ်တနိုး ချိတ်ဆွဲခဲ့... ၏၊ အချို့ နိုင်ငံခြားပြက္ခဒိန်များသည် ခေတ်ပုံပညာနှင့် ပုံနှိပ်... ...ငန်း ပိုမိုတိုးတက်သဖြင့် ပြက္ခဒိန်တွင် ပို၍ လှနေကြခြင်း... ...၏။

ကျွန်တော်သည် မြန်မာနိုင်ငံအတွင်း လှည့်လည် သွားလာ... ...အခါ နိုင်ငံခြားပြက္ခဒိန်များတွင်ပါသော ရှုခင်းများထက်... ...လှပသော ရှုခင်းများ အများအပြားကို တွေ့ခဲ့ရပါ၏။ ...ခေတ်မီ ပုံနှိပ်နည်းများနှင့် မြန်မာ့ ရှုခင်းများကို ကြွစက္ကူ... ...ပေါ်တွင် ရိုက်လိုက်ပါက ကိုယ့်နိုင်ငံမှာကိုယ် တစ်သက်လုံး ခွဲခွာ... ...တော့မည် ဟုတ်ပါ။

ကျွန်တော်တို့၏ ပုံနှိပ်ပညာ ခေတ် မမီမှု ကြောင့်သာ ...ကျွန်တော်တို့၏အလှကို စာရွက်ပေါ်တွင် မပြနိုင်ခြင်း၊ပြသခွင့် ...ရခြင်း ဖြစ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## တိုပြည်တို့ရွာ အလှကမ္ဘာ

ကျွန်တော် နိုင်ငံ၏ အလှအပများကို တင်ပြလိုပါ၏။ ဇ ဘော်ဘွင်ကား၊ ပေလီ၊ လုံးသာ၊ ကျောက်ဖြူ ဝန်းကျင် ကျော က်ဖြူ ကျော်ကက်တလုံး ကမ်းခြေ၊ ကုလားတန် မြစ် တစ်လျှောက် ရှုခင်းများ၊ပလက်ဝမှအထက်သို့ဘက်ခလ ကုလ တန်မြစ်သည် ပို၍လှခလ ဖြစ်ပါ၏။

ကုလားတန် အထက်ပိုင်းသည် ကမ္ဘာ့စံချိန်မီ ရှုမျှော်ခ များကို တစ်ကွက်ပြီး တစ်ကွက် ဆက်ထားသော နေရာမျ ဖြစ်ပါ၏၊ တစ်ဖန် ကျောက်ဖြူတစ်ဝိုက်ရှိ ပင်လယ်အနေအသ ကား ကမ္ဘာ့ပေါ်တွင် ကျော်ကြားသော သဘော်ဆိပ်က တစ်ခုကို တည်ဆောက်ရန် အခြေအနေကောင်းများကို ထ ထားပါ၏၊ ကျောက်ဖြူဝန်းကျင်တွင် အဘယ်မျှကြီးသေ



သော် ဘယ်နှစ်စင်းထားမည်လဲ၊ ဘယ်နှစ်စင်း အဝင်အထွက် ပ်မည်လဲ၊ လာနိုင် ထွက်နိုင်သော ဆိပ်ကမ်းနေရာကြီး ဖြစ်ပါ ။ သေကွယ် နေကွယ်ရ၍ ကမ္ဘာ့အကောင်းဆုံး ဆိပ်ကမ်း စ်ခု ဖြစ်နိုင်သော နေရာ ဖြစ်သည်။

ဝိသေသတိုင်းကား ဗားရ်၊မဏိပူရမြစ်၊ ဟားခါး၊ ဖလမ်း၊ းတိန်၊ အားလုံး အလှချည်းသာ ဖြစ်ပါ၏။ ဝိသေသတိုင်း င် မြင့်လွန်းသော ဘောင်တန်းများနှင့် နိမ့်လွန်းသည့် ကြောင်းများ၊ တောင်ပေါ် သဘာဝနှင့် အလှ မြင်မြင် မျှတို့သည် ရှုမျှော်ခင်းကြီးများသာ ဖြစ်ပါ၏။

မြန်မာပြည်မြောက်ပိုင်း မြစ်ဖျား ဒေသတွင် ရေခဲ တောင်များ၊ ရေခဲမြစ်များ မေခနှင့် မေလိခ အပါအဝင် ကြီးတံဘားများ၊ တသွင်သွင် စီးနေသော မြစ်ချောင်းများ ရေအောက်မှ ကျောက်တောင် ကျောက်စရစ်ခဲများက မျှော်လို့မဆုံးသော အလှများကို မွေးထုတ်၍ မကုန်နိုင် လောက်အောင် ရှိပါ၏။

ကမ္ဘောဇ၏ အလှသည်ကား တစ်မျိုး ဖြစ်၏။ ကမ္ဘောဇ သည် အလှမျိုးစုံသည်။ တောင်များအထပ်ထပ်၊ လျှို့မြောင် ား အသွယ်သွယ်၊ မိုးထိုးနေသည့် ဘောင်ထိပ်မှ မီးခိုးထွက် နေသော တဲခလေး အပါအဝင်-မြစ်များ၊ချောင်းများ၊အင်းလေး ကဲ့သို့သော တောင်ပေါ်ကန်များ၊ ရေတံခွန်များကား ရင်သပ် မော အံ့သြဖွယ် ရှုခင်းများ ဖြစ်ပါ၏။

ကန္တာရဝတီကား မိုးဗြဲ၊ ဘီလူးချောင်း၊ ငွေတောင်သည် တို့အပြင် ကန်အထပ်ထပ်၊ ပန်းအစုံစုံ အကွေ့အကောက် မျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



သော တောင်ကြွေ့ တောင်ပတ်လမ်းများက ကန္တာရဝတ်
အလှကို အမြဲသစ်လွင်နေပါ၏။
ဇွဲကပင် အခြေစိုက်သော သံလွင်၏အလှကား ရှုမငြီး
အောင် ရှိ၏၊ နိုက်ရိုင်းသည့် တောများနှင့် ဒေါနတောင်တ
စည် အလှအပများစွာကို သိုဝှက်သိမ်းဆည်းထားရာ အ
ဖြစ်သည်။

ရာမညတိုင်းတွင်ကား ပင်လယ်၏ အလှအပ၊ သစ်
ဝါးကြီးများနှင့် မေ့ပျော်မဆုံးနိုင်သော ရာဘာ တော
ကျိုက်မရော၊ ကျိုက္ခမီ စသော နေရာမှ ကျိုက်ထီးရိုးစေတီ
အပါအဝင် မော်လမြိုင် ဝန်းကျင်သည် ရာမည၏ ကြည်
သာမေ့ဖွယ်ရာများ ဖြစ်ပါ၏။

မြန်မာနိုင်ငံ၏ ပင်လယ် ကမ်းရိုးတန်းသည် နတ်မြစ်
ဝိတိုရိယအငူအထိ မိုင်ပေါင်း ၁၃၇၅ မိုင် ရှည်လျ
မြန်မာကမ်းရိုးတန်းသည်လှပရုံသာမက အဖိုးတန်၏။ မြိတ်ကျွ
စုဆိုလျှင် ကျွန်းကြီး ကျွန်းငယ်များ များပြားလှ၍ သူ
အောင် လှပသော ဒေသကြီး ဖြစ်ပါ၏။ ပုလဲကျွန်းသည် ပု
များကိုသာ ထုတ်လုပ်ပေးသော နေရာ မဟုတ်။ အလှ
များကိုလည်း ထုတ်လုပ်ပေးသော နေရာ ဖြစ်၏၊ တနင်္သာ
ကမ်းရိုးတန်းဝယ် သိန်းသန်းကုဋေ ရှိသော ငါးအုပ်ကြီးများ
တွေ့ရသည်မှာ ရင်တလှပ်လှပ် တုန်ဖွယ်ရာ ဖြစ်ပါ၏။
တနင်္သာရီကမ်းရိုးတန်းတွင် ပေလီကဲ့သို့ သာယာသော
ကမ်းခြေ အမြောက်အမြား ရှိပါသည်။ သို့သော် လမ်



တ်သွယ်မှု အခက်အခဲကြောင့် ယင်းအလှအပတို့မှာ မပေါ်
င်ဘဲ ရှိနေကြပါ၏။
ဧရာဝတီမြစ်ကြီးသည်ကား အသုံးကျရုံသာမက ဆီနှင်း
ခင်များရှိရာ မြန်မာပြည်မြောက်ဖျားမှ မြစ်ဝကျွန်းပေါ်
သာရောက်သည့်တိုင် ဝဲယာကမ်းတိုင်းသည် ပန်းချီကားချပ်
းကို ဆက်၍ထားသလို လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## စိတ်မရိုင်းသည့် တို့သမိုင်း

ကျွန်တော် ဆိုချင်သည်က ဤကဲ့သို့ လှပမြတ်နိုးဖွ
နိုင်ငံသည် ကိုယ့်ခေတ် ကိုယ့်အခါကျမှ ညံ့ကြတော့မှ
လော့၊ မြန်မာနိုင်ငံသည် လှပသော နိုင်ငံ တစ်နိုင်ငံ ဖြစ်
သာမက တိုင်းရင်းသား လူမျိုးတို့ စုပေါင်းနေထိုင်ရာ မြန်မ
နိုင်ငံသည် ရှည်လျားသော သမိုင်းနှင့် မြင့်မားသော ယဉ်ကျေ
မှုတို့ကို ပိုင်ဆိုင်သော နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်၏။

မြန်မာ့ သမိုင်းသည် တကောင်း၊ သရေခေတ္တရာ၊ ပု
စစ်ကိုင်း၊ အင်းဝ၊ ကုန်းဘောင် စသည်တို့ဖြင့် ရှည်လျားသေ
သမိုင်းစဉ်တွင် သူရဲကောင်းပေါင်း များစွာ၊ ပညာရှိပေါ
များစွာ၊ သတ္တိကိုပြသော ဖြစ်ရပ်များစွာ၊ နှလုံးသားမွေ



ပြဆိုသော ဖြစ်ရပ်များစွာ၊ လူတတ်တူး၏ ကျေးဇူးကို သိတတ်သော စိတ်သဘောထား များစွာ၊ ညာတာမှု၊ ထောက်ထားမှု၊ နားမှု အမြော်အမြင်ရှိမှု စသော ဖြစ်ရပ်များစွာဖြင့် ကမ္ဘည်းထိုးထားသော သမိုင်းဖြစ်သည်၊ ထိုသမိုင်းသည် တိုင်းရင်းသား လူမျိုးများစွာဖြင့် စုပေါင်းဖွဲ့စည်းထားသော 'မြန်မာ့သမိုင်း' ဖြစ်၏၊ ထိုလူမျိုးသည် မြန်မာလူမျိုး ဖြစ်၏။

မြန်မာ့ယဉ်ကျေးမှုသည် မနေ့တစ်နေ့ကမှ တည်ဆောက်ထားသော ယဉ်ကျေးမှု မဟုတ်၊ မြန်မာတို့သည် ပျူခေတ်ကပင် အက၊ အလှ၊ အပြုံး၊ ဟန်မာန်၊ ထန်နှင့် တည်တံ့ခိုင်မြဲမှုရှိသော ယဉ်ကျေးမှု ဖြစ်သည်။ မြန်မာယဉ်ကျေးမှုသည် အိမ်နီးချင်း နိုင်ငံများသာမက နိုင်ငံတကာကပါ ခံ့ညား ရသော ယဉ်ကျေးမှု ဖြစ်ပါ၏။

ဤသည်တို့ကား မြန်မာ ဟူ၍ ဖြစ်ရသည်မှာ သိမ်ငယ်စရာ မဟုတ်၊ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟူသည် သမိုင်း အစဉ်အလာနှင့် လှပကြွယ်ဝသော နိုင်ငံတွင် နေထိုင်သော လူမျိုး ဖြစ်ကြောင်း တင်ပြချက် ဖြစ်ပါ၏။

ဤမျှ လှပ ထည်ဝါသော ယဉ်ကျေးမှုသမိုင်း အစဉ်အလာကို ပိုင်ဆိုင်သည့် လူမျိုးသည် ကျွန်တော်တို့၊ ခင်ဗျားတို့ လက်ထက်တွင်မှ ညံ့ကြရလျှင်တော့ သမိုင်းအမြင် ညစ်ကြတော့မည် ဖြစ်၏။

ယခု တင်ပြချက်သည် မြန်မာပြည်၊ မြန်မာနိုင်ငံ၊ မြန်မာ့သမိုင်းကို တင်ပြနေခြင်း ဖြစ်၏၊ ကျွန်တော်သည် ဆက်လက်၍ မြန်မာ့ ဗီဇ အစွမ်းကို တင်ပြလိုပါသေး၏၊ သို့မှသာ ကိုယ့်

www.burmeseclassic.com

လူမျိုး၏ အားမာန်ကို ကိုယ့်ဟာကိုယ် တိုင်းတာ၍ ရနိုင်မည် ဖြစ်ပါ၏။ ကိုယ့်ကိုယ်ကို အားငယ်မှုများကိုလည်း ချေမှုန်း ဖျက်ဆီးပစ်နိုင်မည် ဖြစ်ပါ၏။

စာဖတ်သူသည် ကျွန်တော်နှင့်အတူ ဖြစ်ရပ်လေး တစ်ခု နှစ်ခုဆီသို့ လိုက်ခဲ့စေချင်ပါ၏။

www.burmeseclassic.com

# မိတ်အင် ဦးလူလေးလန်း

ကျွန်တော်သည် တစ်ခါက ကြို့ပင်ကောက်ဇာတိ ဖြစ်သော ဦးဇော်ညွန့်–ဒေါ်ထူးတို့က ဖိတ်ကြားရ၍ ကြို့ပင်ကောက်သို့ ဦးဇော်ညွန့်–ဒေါ်ထူးတို့နှင့်အတူ သွားခဲ့ဖူးပါ၏။ သွားသည့် ကိစ္စမှာ သတင်းဆောင်းပါး ရေးသားရန် ဖြစ်သည်။ ဦးဇော်ညွန့်သည် သူ ငယ်စဉ်က နေထိုင်ခဲ့ဖူးသော ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာတစ်ရွာတွင် သုံးသိန်းတန် တိုက်နယ်ဆေးရုံတစ်ရုံကို လှူဒါန်းပါသည်။ ထိုတိုက်နယ်ဆေးရုံကို ဦးဇော်ညွန့် ကိုယ်တိုင် အုတ်မြစ်ချ၍ ယင်းမှတစ်ဆင့်၊ ပဲခူးရိုးမရှိ သစ်ထုတ်လုပ် ရေးစခန်းများသို့ သွားရောက်ခဲ့ကြပါသည်။ ထိုအခါ ဦးလေး ဦးဇော်ညွန့်မှာ ကျန်းမာရေး သိပ်မကောင်းသော်လည်း အစ်မကြီး ဒေါ်ထူးမှာ ကျန်းမာရေး ကောင်းမွန်ပါ၏။ ထိုဒေသရှိ

www.burmeseclassic.com

www.burmeseclassic.com



ပန္နိက်ချပွဲတွင် ကျွန်တော်က ဦးလေး ဦးဇော်ညွန့် ပန္နက်ချသည်ကို ဓာတ်ပုံရိုက်ပါသည်။ ဦးဇော်ညွန့်က ထိုအမှတ်တရပုံကို အလိုရှိပါသည်။ ကင်မရာလေးပါ ဆွဲခဲ့ပါဟု ဆိုသောကြောင့် ကျွန်တော်သည် ထိုခရီးအတွက် ကင်မရာတစ်လုံးကို ကမန်းကတန်းငှားကာ ထွက်လာခဲ့ရပါသည်။ ထိုခရီး၌ ဦးလေး ဦးဇော်ညွန့် ပန္နက်ချနေပုံကို ဓာတ်ပုံရိုက်ရင်းမှပင် ကင်မရာ၏ မောင်းတင်သော ခလုတ် ကျိုးသွားပါ၏။ ထို့ကြောင့်လည်း ကျွန်တော်သည် အတော်လေး ဒုက္ခရောက်သွားခဲ့ရပါ၏။

ကင်မရာသည် ကျွန်တော်၏ ကင်မရာ မဟုတ်ပါ။ အရေးပေါ် ခရီးထွက်ရန်အတွက် ငှားလာခြင်းဖြစ်ရာ ပြင်ပေးရန်အတွက် ကျွန်တော်သည် အတော်ပင် အခက်အခဲတွေ့သွားပါသည်။

ထိုကင်မရာ အမျိုးအစား အသစ်တစ်လုံးမှာလည်း ထိုအခါက ခြောက်ထောင်ခန့် ဈေးပေါက်နေ၍ အသစ်လည်း အစားဝယ်မပေးနိုင်ပါ။ ထို့ကြောင့် မျက်နှာမပျက်စေရန် ကျွန်တော်သည် အဟောင်းကိုပြင်ရေးအတွက် အလားတူ အမျိုးအစားကင်မရာအဟောင်းမှ ပစ္စည်းကို ဝယ်၍ထည့်ရန် ပထမ ကြိုးစားပါ၏။ သို့သော် မရပါ။ ပစ္စည်းရှာရင်း ရှာရင်းနှင့်ပင် ကင်မရာအား ပြန်ပေးရန် သင့်တော်သည့်အချိန် ကျော်လွန်လာခဲ့ပါ၏။

ထိုကဲ့သို့ ကျွန်တော်ဒုက္ခတွေ့နေစဉ်တွင် မိတ်ဆွေတစ်ဦးက အလုံ ဦးလူလေးလမ်းမှာ စက်ကိရိယာပစ္စည်း ပုံတူလုပ်နိုင်သူ ပုဂ္ဂိုလ်ကြီး တစ်ဦးရှိသည်။ နမူနာပေးလျှင် လုပ်တတ်၏။ အထူး

အဖြင့် ကင်မရာ ပစ္စည်း နိုင်နင်းသည် ဟု လမ်းညွှန်အဖြင့် ကျွန်တော်သည် ဦးလူလေးလမ်းသို့ သွားရောက်စုံစမ်းခဲ့ပါ၏။

ဦးလူလေးလမ်းသို့ရောက်ရှိလျှင် ယင်း ကင်မရာပစ္စည်း လုပ်တတ်သည်ဟု ဆိုသော ပုဂ္ဂိုလ်ကြီးအား ကျွန်တော် အလွယ်တကူ တွေ့ခဲ့ရပါ၏။ အမည်မှာ ဦးခင်မောင်ဖြစ်၍ ထောင်ထောင် မောင်းမောင်း၊ အသားအရည် စိုစိုပြည်ပြည်နှင့် ကျန်းမာရေး ကောင်းမွန်ဆဲပင်ဖြစ်ပါ၏။ ၁၉၈၉ ခုနှစ်က ကျွန်တော် ဦးခင်မောင်နှင့် ထပ်မံတွေ့ဆုံရာတွင် ဦးလေး ဦးခင်မောင်၏ အသက်သည် (၇၃)နှစ် ပြည့်ခဲ့ပြီဟု ဆိုပါ၏။ ဦးခင်မောင်သည် စကားပြောရာတွင် အသံအောင်၍ ထင်ရှားသော နှာတံ၊ ခိုင်ခံ့သော မေးရိုး၊ မျက်မှန် ဆောင်ထားရသည်မှာ ကြာပြီဖြစ်၍ နှာရိုးပေါ်တွင် မျက်မှန်ရာနှစ်ခုနှင့် မြန်မာပီသသော မြန်မာကြီးတစ်ဦးဖြစ်ပါ၏။ အသက်(၇၃)နှစ်တွင် ဆံပင်များဖြူနေပြီဖြစ်၍ မျက်စိအတန်ငယ် မှုန်နေသော်လည်း အလုပ်ခွင်၌ စိတ်ဝင်စားစွာ လုပ်ကိုင်ဆဲ ဖြစ်၏။

ဦးလေးကြီး ဦးခင်မောင်ကို ကျွန်တော် နောက်ဆုံးအကြိမ်တွေ့စဉ်ကမူ ဇနီးကွယ်လွန်ခဲ့သည်မှာ သုံးလသာရှိသေး၍ သမီးတစ်ဦးက လွန်ခဲ့သော တစ်နှစ်က ကွယ်လွန်ခဲ့သည်ဟု ဆို၏။ ဦးခင်မောင်သည် ဇနီးနှင့် သမီးအား လွမ်းဆွတ်တိုင်း အချိန်နှင့် ဘဝကို အလုပ်တွင် မြှုပ်နှံ၍ အလုပ်များကို ပို၍ကြိုးစားနေဟန်ရှိပါ၏။ စွပ်ကျယ်အင်္ကျီအဝါရောင် ပွပွကြီးကိုဝတ်၍ နာရီတစ်လုံးကိုအမြဲပတ်ထားပြီး ဘဝ၏ကျန်ရှိသမျှသောအချိန်လေးကို ကုတ်ကပ်၍ တီထွင်မှုများ ပြုနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ထံသို့ ကျွန်တော် ပထမအကြိမ် သွားရောက်စဉ်က ဦးနေသေး ဦးခင်မောင်သည် အနီးကြည့်မျက်မှန်ကို မချွတ်ဘဲ ခေါင်းကို အနည်းငယ်ငုံ့ကာ မျက်မှန်အပေါ်မှ 'မောင်ရင် ဘာကိစ္စလဲ' ဟု တိုတိုတုတ်တုတ် မေးပါ၏။

ကျွန်တော်က ကင်မရာ မောင်းကျိုးလာသည့် အကြောင်းကို ပြောသောအခါ သူသည် ကင်မရာကို ယူ၍ကြည့်ပါသည်။ ထို့နောက် ကျွန်တော့်အား မကြည့်ဘဲ 'သုံးရက်ကြာမယ်' ဟု ဆိုသည်။

ကျွန်တော်က 'ရပါတယ်ဦးလေး၊ ဘယ်လောက်ကျမလဲ' ဟု မေးရာ ဦးခင်မောင်သည် ဆက်၍မဖြေသေး။ ကင်မရာကို ဘယ်ပြန် ညာပြန် ကြည့်နေပါ၏။ ကျွန်တော်သည် ထိုပစ္စည်းအတွက် ငါးရာတစ်ထောင်အထိ တောင်းလျှင် ပေးရမည့် အခြေအနေ ရှိပါ၏။ ထို့ကြောင့် ထိုသို့ပေးရန်ကို ပြင်ဆင်ထားပြီးဖြစ်ပါ၏။ သို့တိုင်အောင်မလွဲသာသောကိစ္စဖြစ်၍ တစ်ထောင်ထက်အနည်းငယ် ပိုတောင်းလျှင်လည်း လုပ်တော့ လုပ်ရမည်ဖြစ်၏။ သို့သော် အသနားခံ၍ ဆစ်ရမည်ဖြစ်၏။

ကျွန်တော်သည် ဦးခင်မောင်က ဘယ်လောက်ကျမည်ဟူသော စကားအားး စီရင်ချက်ကို စောင့်သည့်အလား စောင့်နေရာ ဦးခင်မောင်သည် ခေါင်းကို အောက်စိုက်၍ ထုံးစံအတိုင်း မျက်မှန်အပေါ်မှပင် ကျွန်တော့်အား ကြည့်ရင်း 'ခြောက်ဆယ့်ငါး ကျပ်တော့ကျမယ်' ဟု ဆိုပါ၏။

ထိုအခါ ကျွန်တော်သည် အနည်းငယ် စိတ်ပျက်သွားမိ၏။ စိတ်ပျက်သွားမိသည်မှာ အဖိုးတန်ပစ္စည်းတစ်ခုကို ၆၅ ကျပ်နှင့်



လုပ်မည်ဆို၍ လုပ်နိုင်မည် မထင်သဖြင့် စိတ်ပျက်သွားခြင်း ဖြစ်၏။ သို့သော် ကျွန်တော့်တွင် တခြားနည်းလမ်း လုံးဝမရှိရကား ဦးခင်မောင်ထံတွင် ကင်မရာထားခဲ့ပြီး ပြန်ခဲ့ရပါ၏။

သုံးရက်ကြာ၍ သွားသောအခါ ဦးခင်မောင်သည် သူပြုလုပ်ထားသော ကင်မရာ မောင်းတံလေးကို လက်ဝါးပေါ်တင်၍ ပြပါသည်။ မောင်းတံလေးမှာ ငွေရောင်စိမ်ပြီး ဖြစ်၍ ကျွန်တော်ဒုက္ခရောက်နေသည်ကို သိ၍ ဂျပန်မှ လေယာဉ်ပျံနှင့် ပို့လိုက်သည့်အတိုင်း ဖြစ်ပါ၏။ ကျွန်တော်သည် ငွေရောင် ကင်မရာမောင်းတံလေးကို ဝမ်းပန်းတသာဖြင့် ဘယ်ပြန် ညာပြန် ကိုင်ကြည့်ရင်း ကင်မရာတွင် တပ်ကြည့်ရာ ကင်မရာအိမ်မှ တက်အူရစ်အတိုင်း ဝင်သွား၍ Made In U Lukalay Lun ကင်မရာမောင်းတံလေးမှာ ဂျပန်လုပ်ကင်မရာတွင် ဘာချွတ်ယွင်းချက်မျှ မရှိဘဲ သူ့အိမ် သူ့ယာလို အံဝင်ခွင်ကျသွားပါ၏။

ကျွန်တော်လည်း အားရဝမ်းသာရှိလှ၍ ဦးခင်မောင်အား ငွေ ၆၅ ကျပ်ပေး၍ ပြန်ခဲ့ပါ၏။ ကျွန်တော်သည် ထိုနေ့တွင်ပင် ကင်မရာပိုင်ရှင်အား သူ့ကင်မရာကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ပေးလိုက်ရာ ကင်မရာပိုင်ရှင်သည် ထိုနေ့က သူ့ကင်မရာကို စစ်ဆေး၍ ယူပါ၏။ သို့သော် မောင်းတံကျိုး၍ အသစ်လုပ်ထည့်ထားသည်ကို မသိခဲ့ပါ။ ယနေ့ထက်တိုင်အောင်လည်း မသိသေးပါ။ ဘယ်တော့မှလည်း သိမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ခြင်ထောင် သိမ်းသော စက်ခလုတ်

'အလုံမြို့နယ်၊ ဦးလူလေးလမ်း၊ အိမ်နံပါတ် ၁၂ နေ ဦးခင်မောင်သည် ဘိုကလေးမြို့ ဇာတိဖြစ်၏၊ ငယ်ငယ်က ပန်းဆိမ်သင်ခဲ့ဖူး၍မြန်မာစာ ငါးတန်းလောက်သာ တတ်၏၊ အင်္ဂလိပ်စာ လုံးဝမတတ်၊ နောက်လက်သမားပညာကို သင်ယူခဲ့ဖူး၏၊ ဦးခင်မောင်က 'ပန်းထိမ်နဲ့ လက်သမားအတတ်ကိုတော့ ဆရာနဲ့သင်ခဲ့ဖူးပါတယ်၊ကျန်တာတွေကတော့ သင်ဆရာ မရှိပါဘူး၊ မြင်ဆရာနဲ့ တတ်တာပါပဲ' ဟု ဆို၏၊

ဦးခင်မောင်သည် ငါးပေပတ်လည်အကျယ်ရှိသော နေရာလေးတွင် တွင်ခုံအသေးစားလေးကိုလုပ်ထားကာ စက်မှုလက်မှုပစ္စည်းမျိုးစုံကိုတွင်ခုံလေးမှလုပ်ပေးလျက်ရှိ၏၊ဦးခင်မောင်သည် ကာင်မရာအမျိုးမျိုးမှ အစိတ်အပိုင်းအမျိုးမျိုး၊ အင်လာဂျာ



က်ဆက်၊ ရေဒီယို၊ နာရီ၊တီဗီ၊ ရုပ်ရှင်ပြစက်၊ ရုပ်ရှင်ရိုက်စက်၊ အသံသွင်းစက်၊ အသံဖမ်းစက်တို့မှ အစိတ်အပိုင်းအမျိုးမျိုးကို နမူနာပြပါက အားလုံးပြုလုပ်ပေးနိုင်၏၊ ကလေးဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးတို့မှ လိုအပ်သော ခွဲစိတ်ကိရိယာများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို နမူနာပေး မှာကြားသမျှကို ဦးခင်မောင်က ပြုလုပ်ပေးသည်။ အသံလွှင့်ရုံ၊ ရုပ်မြင်သံကြားဌာနတို့မှ မှာကြားသောပစ္စည်းများကိုလည်း ပြုလုပ်ပေးခဲ့ပြီး ယခုအခါ ဦးခင်မောင်သည် ဆေးမှုတ်သည့် (ဂန်း) မျိုးစုံ၊ အရွယ်စုံကို လာအပ်သူရှိက ပြုလုပ်ပေးသည်၊ ပြင်ဆင်ပေးသည်၊ အရင်က ကျုပ်တို့ခေတ်က ဘန်ကောက်လုံချည်ဝတ်ကြတယ်၊ ခုခေတ်ဘန်ကောက်ဝတ်တဲ့ခေတ်မရှိတော့ ဘန်ကောက်လုံချည်ခေတ်ပေါ်မှာ ဒီ(စပရေးဂန်း)နဲ့ ဒီဇိုင်းဖော်ပြီး မိန်းကလေး လုံချည်များအဖြစ်ရောင်းတာ' ဟု ဦးလေး ဦးခင်မောင်က ဆိုသည်၊

ဦးခင်မောင်သည် တရုတ်မှလာသော (စပရေးဂန်း) ကိုကြည့်၍ စပရေးဂန်း ဆိုက်မျိုးစုံ၊ အရွယ်မျိုးစုံကို အသုံးပြုသူ၏ လိုအပ်ချက်နှင့်အညီ လိုအပ်သလိုပြုလုပ် ပြင်ဆင်ပေးနိုင်သည်၊ 'ဦးလေး၊ စပရေးဂန်း လုပ်ဖြစ်တာကတော့ ပန်းချီဆရာ ကိုမောင်မောင်သိုက်တို့၊ ကိုတင်လှ ဝင်းထင် တို့က လာအပ်ရင်းကနေ တရုတ်ပစ္စည်းကို နမူနာကြည့်ပြီး လုပ်ဖို့ရာက လာအပ်တဲ့လူရှိရင် လုပ်ပေးလိုက်တာပါပဲ' ဟု ဆို၏၊

ပန်းချီ ဆရာများလည်း စပရေးဂန်းနှင့် ပန်းချီဆွဲကြသည်၊ ဦးခင်မောင်သည် နမူနာပြပါက သံပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း အမျိုးမျိုးကို တစ်သဝေမတိမ်းတူအောင်၊ အသုံးပြု
ရအောင် ပြုလုပ်ပေးနိုင်၏၊ ဦးခင်မောင် ခက်ခက်ခဲခဲ တီထွင်
ခဲ့သော ပစ္စည်းများအနက် တစ်ခုမှာ အီးစီမဒေါ်၏ အ
မင်္ဂလာဆောင်တွင် မိတ်ဆွေ တစ်ဦးက 'ဟာဂျူးတိုင်မင်္ဂလာ
ဆောင်မှာ ခုတင် အထူးအဆန်း လက်ဖွဲ့ချင်တယ်၊ ခုတင်
ခြင်ထောင်ကို ခလုတ်နှိပ်ရုံနဲ့ သူ့ဟာသူ ခေါက်ပြီး သိမ်း
ဖြစ်ရမယ်၊ ခြင်ထောင်ချရင်လဲ ခလုတ်နဲ့ပဲ ချလို့ရရမယ်၊ အ
နိုင်မယ်လဲ၊ လုပ်မလား၊ အချိန်ကတော့ ဆယ်လပဲရမယ်'
မိတ်ဆွေတစ်ဦးက အလုပ်လာအပ်ရာ ဦးခင်မောင်က 'ကျု
ထွင်ကြည့်မယ်ဗျာ' ဟု ဆို၍အလုပ်ကို လက်ခံခဲ့၏၊

ပထမ စိတ်ကူးနှင့် ပုံစံများ ထုတ်ရ၏၊ ပုံစံများကို စာရွက်
ပေါ်တွင် ချရေးသည်၊ ထိုသို့ဖြင့် ငါးလလောက် စိတ်ကူး
ပုံကြမ်းရလာ၏၊ ထို့နောက်ရလာသော စိတ်ကူးကို အကောင်
အထည်ဖော်ရာ စက်ခလုတ်ဖြင့် ခြင်ထောင် အချအသိမ်းလုပ်
နိုင်သော ခုတင်ကို ဦးခင်မောင်သည် မင်္ဂလာဆောင်ရက်မသို
တစ်လအလိုတွင် ပြီးစီးအောင် တီထွင်နိုင်ခဲ့၏။

'အဲဒီ မင်္ဂလာဆောင် မတိုင်ခင်မှာ စက်ခလုတ်နဲ့ခြင်ထောင်
အတင်အချ လုပ်တဲ့ ခုတင်ကို ရင်းနှီးတဲ့ မိတ်ဆွေတွေကို
ခေါ်ပြတဲ့ ပွဲ တစ်ခု သီးခြားလုပ်တယ်၊ ကျုပ်ကလည်း
အဲဒီပွဲအချိန်မှာ သူတို့ဆီ သွားနေရတာပေါ့၊ ဖိတ်ထားတဲ့
ဧည့်သည်သာတိုင်း ခြင်ထောင်ကို ချပြလိုက်၊ သိမ်းလိုက် လုပ်
ရတာ ကြွလာတဲ့ လူကြီးလူကောင်းတွေက ဦးလေးကို နှုတ်
ဆက်ချီးကျူးကြပါတယ်၊ အဲဒီ အထဲမှာ သံရုံးက နိုင်ငံခြား



ားတွေလည်း ပါတယ်၊ ပြင်သစ်သံရုံးက ပြင်သစ်အမျိုးသမီး
ကြီးတစ်ယောက်ကတော့ ကျုပ်ဆီလာပြီး ဖက်လှဲတကင်း
ဆက်တယ်၊ မောင်ရင့်လိုပဲ သူက ကျုပ်အကြောင်း စစ်ရေး
ယ်တဲ့၊ ဘယ်ကော်မှတက္ကသိုလ်က ဘယ်တန်းက ဘွဲ့ရခဲ့တာလဲ
တဲ့၊ ဥရောပ၊ ဒါမှမဟုတ် အမေရိကန်တက္ကသိုလ် တစ်ခုခုက
ဖြင်မှာပဲတဲ့၊ ရှင့် ပါမောက္ခက ဘယ်သူလဲလို့ မေးတော့
ကျုပ်လည်း သူပြောတာ ဘာမှန်း မသိလို့ စကားပြန်ကနေ
ဆင့် ပြောရတယ်၊ ဒီတော့မှ ဦးလေးက မြန်မာလို မှလွတန်း
ကဲပဲ တတ်တယ်၊ အင်္ဂလိပ်စာလည်း မတတ်ဘူး၊ မြင်ဆရာ
ားဆရာနဲ့ ထင်ရတာပါပဲ' လို့ ဆိုသောအခါ အမျိုးသမီး
င်သစ် သံအမှုထမ်းကြီးသည် အံ့အားသင့်ပြီး 'မြန်မာပြည်က
က်ဒီဆင်ကြီးလို့ ခေါ်သွားထားပါတော့ ဆင်မျိုးကို ပြောတာ လဲ
တော့ မသိပါဘူး' ဟု ဆိုပါ၏။

ဦးခင်မောင်သည် မြန်မာစက်ဆရာကြီး ဖြစ်၏၊ မြန်မာတစ်ဦး
ွင် ရှိအပ်သော ဥာဏ်ရည် အပြည့်ရှိ၏၊ ဦးခင်မောင်သည်
က်မှု ဂေါ်ကီဒီယာ ပစ္စည်းများကို အပေါ်မြင်ရုံမျှဖြင့် အပေ
ဦး၏၊ အပ်လောက်သေးသော ပစ္စည်းလေးအရွယ်မှ အရွယ်စုံ
က်စုံ မိမိတွင်ရှိသည့်ဖြင့်အတူ ပြုလုပ်နိုင်၏။

ဦးခင်မောင်သည် အင်္ဂလိပ်စာ မတတ်သော်လည်း စက်မှုနှင့်
တ်သက်သော အခေါ်အဝေါ် ပေါင်းများစွာကို အင်္ဂလိပ်
ာသာဖြင့် ခေါ်ဝေါ် ပြောဆိုတတ်နေ၏။ 'ဦးလေးသည်
စ္စည်းတွေကို လုပ်ပေး ကိုင်ပေးရင်းနဲ့ ပစ္စည်းအခေါ်အဝေါ်
တွေကို အင်္ဂလိပ် ဘာသာ စကားနဲ့ ခေါ်တတ်နေတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကျောင်းလည်း မနေဘူး၊ အင်္ဂလိပ်စာလည်း မတ
ပါဘူး’ဟု ဆိုပါ၏။ ဦးခင်မောင်သည် ဗီဇကို မြင်လျှင်ထ
ကြားလျှင် ထွင်နိုင်သော မွေးရာပါ ကိုယ်ရည်ကိုယ်သွေးရှိသ
မြန်မာကြီးတစ်ဦး ဖြစ်ပါ၏။

ကျွန်တော် တင်ပြလိုသည်မှာ မြန်မာတို့၏ ပင်ကို အ
အသွေး မည်မျှကြောင်းကို တင်ပြခြင်းဖြစ်ပါ၏။ ကျွန်တော်အ
အသုံးမှ ဦးခင်မောင်တစ်ဦးကိုသာ သိသော်လည်း မြန်မာနိ
တွင် သူ့အရပ်နှင့် သူ့ဒေသ ဦးခင်မောင် ပေါင်း များ
ရှိနေမည် ဖြစ်ပါသည်။

# မြန်မာ လက်စွမ်း ပြလိုက်ပြီ

နောက် ပုဂ္ဂိုလ်ကြီး တစ်ဦးကို ကျွန်တော် ထပ်၍ တင်ပြ
သည်မှာ မြန်မာစာသာ မြန်မာအက္ခရာဖြင့် မြန်မာ ဝါယာ
က် တီထွင်ခဲ့သူ ဦးကိုကိုကြီး ဖြစ်ပါ၏။ ဦးကိုကိုကြီးသည်
ဂ်လိပ် မြန်မာ ဆယ်တန်းအောင်၍ နိုင်ငံတော် ကောက်ပဲ
ံနှံရောင်းဝယ်ရေးဌာနမှ လက်နှိပ်စက်ဌာနမှူးအဖြစ် တာဝန်
မ်းဆောင်ခဲ့ဖူးသူ တစ်ဦး ဖြစ်၏။ လက်နှိပ်စက်၊ လက်ရေးတို
တတ်သင် ကောလိပ်ကို တည်ထောင်ခဲ့သူလည်း ဖြစ်ပါ၏။
ကိုကိုကြီးသည် မြန်မာ့ ဝါယာလက် သိပ္ပံကျောင်းအုပ်ကြီး
ည်း ဖြစ်၏။

ဦးကိုကိုကြီးသည် အင်္ဂလိပ်တို့ စစ်ပြေးသဖြင့် ချောင်းထဲ
င် လွှင့်ပစ်ခဲ့သော ဝါယာလက်စက်များကို ရေငုပ်ဆယ်ယူ၍
င်းတို့ကို နမူနာယူပြီး မြန်မာ ဝါယာလက်ကို တီထွင်ခဲ့သူ
၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုကြီးသည် မြန်မာ ဝါယာလက်ကို တီထွင်ရာတွ
မြန်မာစာလုံး ၉၁၀၀၀ တွင် (က) ဘယ်နှစ်လုံး၊ (ခ) ဘ
နှစ်လုံး စသည်ဖြင့် ရေတွက်၍ ဘယ်အက္ခရာကို အများ
သုံးသည်ကို ရေတွက် သုံးသပ်ကာ တီထွင်ခဲ့သည်။ မြန်
ဝါယာလက်ကို တီထွင်ရာတွင် လက်ရေးတိုကိုအမှီပြု၍ တီ
သည်။ ထိုအခါက အင်္ဂလိပ် ဝါယာလက်တွင် စာတစ်လုံး
ငါးချက် ရိုက်ယူသည်တွင် မြန်မာ ဝါယာလက် တီထွ
စာတစ်လုံးကို နှစ်ချက်သာရိုက်ရ၏။ စာလုံး ၁၀၀ ရိုက်
အင်္ဂလိပ်စက်သည် အချက် ၅၀၀ ရိုက်ရ၍ ဦးကိုကိုကြီး မြန်
စက်က အချက် ၂၀၀ သာ ရိုက်ရ၏။ တစ်မိနစ်တွင် အင်
ဝါယာလက်မှာ အမြန်ဆုံး စာလုံး ၂၅ လုံးသာ ရိုက်နို
မြန်မာ ဝါယာလက်သည် တစ်မိနစ်တွင် စာလုံး ၄၅
ရိုက်နိုင်၏။

တစ်ဖန် ဦးကိုကိုကြီးသည် လက်ရေးတို ပုံနှိပ်စက် တင်
လည်း တီထွင်ခဲ့၏။ လက်ရေးတို ပုံနှိပ်စက်ကို တီထွ
ထိုအခါက အမျိုးသား စီမံကိန်း ဝန်ကြီး ဖြစ်သော ဟ
ဦးမြထံ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့က တင်ပြ
ဦးကိုကိုကြီး တင်ပြသော လက်ရေးတို ပုံနှိပ်စက်သည်
ပုံနှိပ်စက်နှင့် ရိုက်ပါက စက္ကူအရွက် ၁၀၀ ကုန်ကျသော
ဦးကိုကိုကြီး လက်ရေးတိုစက်ဖြင့် ရိုက်ပါက စာရွက် ၄၀
ကုန်ကျပြီး အချိန်အားဖြင့် ၁၀ နာရီလုပ်ရမည့် အသ
၄ နာရီဖြင့် ပြီးသည်။



ထိုအခါ မြန်မာသက်နှိပ်စက် စာလုံး ပြုပြင်ရေး ကော်မတီ
တစ်ရပ်ရှိရာထိုကော်မတီဥက္ကဋ္ဌသည်အိုင်စီအက်(စ)ဦးလှမောင်
ဖြစ်၏။ အဖွဲ့ဝင်များမှာ ဦးအုံးချိန်၊ ဦးကိုကိုကြီး၊ တိုးတက်ရေး
...စိန်တို့ ပါဝင်ရာ ဦးကိုကိုကြီး၏ လက်ရေးတို လက်နှိပ်စက်ကို
...င်းအဖွဲ့သို့ တင်ပြခဲ့၏။

ဦးကိုကိုကြီးသည် ၁၉၄၈ ခု၊ မေလ ၂၆ ရက်နေ့က
...တွင် ရှိသော ဝါယာလက်ကို သတင်းစာရှင်းလင်းပွဲ
...၌ ပြုလုပ်၍ ပြသ၏။ ထိုအခါက ကြေးနန်း အခောင်
...၁၀ ခကျော်ကို စာလုံးရေ ၁၄၀၀၀ ဖြင့် ထချြောက် အောင်
...အောင် ပေးပို့ခဲ့သည်။ သတင်းစာဆရာများက ခက်ခက်ခဲခဲ
...သားပေးသော စာများ၊ ရဟန်း သံဃာတို့က ပါဠိပါဠ်
...တို့ဖြင့် ရေးသားပေးသော စာများကိုပါ ချွတ်ယွင်းချက်
...လုံးမျှ မရှိစေဘဲ ပေးပို့ ပြသခဲ့၏။ ထိုအခါ ယင်းဝါယာ
...စက်ကို သတင်းစာ လုပ်ငန်းတွင် အသုံးပြုရန်အတွက်ပင်
...င်းစာ ဆရာများက စိတ်ကူးခဲ့၏။

ယင်း ဝါယာလက် စက်ကို တီထွင်ခဲ့သောကြောင့်လည်း
...ကိုကြီးသည် နိုင်ငံတော်မှ ချီးမြှင့်သော ရွှေတံဆိပ်ဆုကို
...ပူး၏။ အမှန်စင်စစ် အင်္ဂလိပ် ဝါယာလက် ပညာမှ
...မျှ သင်ယူရ၍ မြန်မာ ဝါယာလက်ပညာသည် ငါးလနှင့်
... သင်ယူ တတ်မြောက်နိုင်ခဲ့၏။

မြန်မာ့ ဝါယာလက်ပညာ ထွန်းကားရေးအတွက် ထိုအခါ
အမျိုးသားရေး စိတ်ဓာတ်ရှိသော စေတနာရှင်များ ဖြစ်ကြ
... ဦးစိတင်၊ ဒေါ်သန်းသန်း၊ ဦးဆင်၊ ဒေါ်ငွေ သာစ

www.burmeseclassic.com

www.burmeseclassic.com



မေစင်မေစင်တို့အပြင် 'အိန်အန်တောင် ကျားသူဌေး တို့ ငွေ အရင်းအနှီးနှင့် ကူညီရန် စိုင်းပြင်းခဲ့ကြ၏။

ဦးကိုကိုကြီး၏ ဝါယာလက် တီထွင်မှုနှင့် ပတ်သက် ၍ လူရိုယာသတင်းစာ၊ တိုးတက်ရေး သတင်းစာ၊ New Times of Myanmar စသည့် သတင်းစာများက –

'မြန်မာ လက်စွမ်း ပြလိုက်ပြန်ပြီ'

'မြန်မာ့ လက်စွမ်းကို သိရပြီ'

'မြန်မာ့ ဝါယာလက် ပညာ'

စသည်ဖြင့် ခြောက်လိုင်း စာလုံးကြီးများဖြင့် သတင်းစာမျက်နှာ ဖုံးမှ တခမ်းတနား ဖော်ပြရေးသားခဲ့ကြ၏။ ဦးကိုကိုကြီး ဇနီးမှာ ဒေါ်မြမေဖြစ်၍ ယခုတိုင် ကျန်းမာစွာ ရှိနေ ဘောက်ထော် မိုးကောင်းလမ်းတွင် သားဖြစ်သူ ရွှေ ဦးအုံးခိုင်နှင့်အတူ နေထိုင်လျက် ရှိ၏။ မြန်မာ့ လက်စွမ်း ပြသခဲ့သော ဦးကိုကိုကြီးသည် အသက်(၈၄)နှစ်တွင် ၁၉ နှစ်၊ အောက်တိုဘာလအတွင်းက ကွယ်လွန်ခဲ့ပြီ ဖြစ်ပါ

ဦးကိုကိုကြီးသည်လည်း မည်သည့် အဆင့်မြင့်စက်မှု တက္ကသိုလ်ကြီးများ၊ နိုင်ငံခြား စက်မှုဆိုင်ရာ သိပ္ပံ တက္ကသို များတွင်မှ ပညာသင်ကြား တတ်မြောက်ခဲ့သူမဟုတ်ဘဲ၊ အ အကြား ဗီဇပင်ကို အရည်အသွေးဖြင့် မြန်မာ့ဝါယာလက် တီထွင်ခဲ့သူဖြစ်၏။

# ပိန္နဲကုန်းက ဆားကစ်

ကျွန်တော်၏အိမ်တွင် တစ်နှစ်လောက်သာ သုံးထားသော ဝိုရှီဘာ ရေခဲသေတ္တာတစ်လုံးရှိ၏၊ တိုရှီဘာ့ပစ္စည်းက နုလှန်း သည်၊ မြန်မာနိုင်ငံနှင့်မကိုက်၊ နေရှင်နယ်ပစ္စည်းကို သုံးပါဟု ဆိုကြ၏။ ဘာကြောင့်ရယ်မသိ၊ ကျွန်တော့်အိမ်ရှိ ပစ္စည်း အားလုံးက တိုရှီဘာ ဖြစ်နေ၏။ တစ်နှစ်တွင်တော့ ကျွန်တော့် အိမ်အနီးလွင် မြေအောက် လျှပ်စစ်တပ်ဆင်မှု ပြုလုပ်ရာ မီးက တစ်နေ့ကို သုံးလေးခါ ပြတ်၏။ ကျွန်တော်ကလည်း မီးလိုင်း ကြေးခဏပြတ်တောက်နေမှန်း သိပါလျက် အတင့်ရဲစွာဖြင့် ရေခဲသေတ္တာကို မပိတ်ဘဲထားမိ၏။ တစ်နေ့တွင် လျှပ်စစ် မီးက ချက်ချင်းပြတ်ပြီး ရေခဲသေတ္တာကို မပိတ်ရသေးခင် မီး ပြန်၍ လာရာ ရေခဲသေတ္တာသည် ချက်ချင်းပင် လုံးဝ ပျက် သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေခဲသေတ္တာကုမ္ပဏီတစ်ခုမှ ကျွမ်းကျင်သူ မိတ်ဆွေတစ်ဦးအား ခေါ်ပြရာ ယင်းပုဂ္ဂိုလ်များက ရေခဲသေတ္တာကို ဖွင့်ကြည့်၍ ထိုအခါ လက်တစ်ဝါးခန့် ရှိသော Circuit ကစ်ခု ပေလောင်သွားသည်ကို တွေ့ရ၏။ ထိုဆားကစ်သည် မြန်မာနိုင်ငံတွင် မရနိုင်၊ ထိုင်းနိုင်ငံ(သို့မဟုတ်) စင်ကာပူမှ ဤအမျိုးအစား ဆားကစ်ကိုရပါမှ ဤရေခဲသေတ္တာ ပြန်ကောင်းမည်ဟုဆို၏။ ထို့ကြောင့် ကျွန်တော်သည် ထိုဆားကစ်အား ဓာတ်ပုံရိုက်၍ စင်ကာပူသို့ ချက်ချင်းမှာ၏။ သို့သော် မရ။ တစ်ဖန်ချက်ချင်းပင် မိတ်ဆွေတစ်ဦးက ဥရောပ ငါးနိုင်ငံ ခရီးတစ်ခုကြုံ၍ ထိုဆားကစ်ကို မှာပြန်၏။ သို့သော်လည်း ဝယ်မရ။ နောက်ဆုံးတွင်တော့ ကျွန်တော်သည် နောက်မှ ရောက်ရှားပေါ့ ဟုဆိုကာ ထိုရေခဲသေတ္တာကို ပစ်ထားလိုက်ပါ၏။

တစ်နေ့တွင်တော့ ကျွန်တော့်အိမ်သို့ အမှတ် ၁၂၊ ပိန္နဲကုန်းလမ်း၊ ကန်တော်လေးမှ ကျွန်တော့်မိတ်ဆွေ ကိုသန်းအောင် ရောက်လာ၏။ သူက 'အစ်ကိုကြီး။ အအေးသောက်ချင်တယ် ရေခဲပေးပါ' ဟုဆိုသောကြောင့် ရေခဲသေတ္တာဟောင်းလောင်းကို ဖွင့်ပြရ၏။ ကိုသန်းအောင်က ဘာဖြစ်လို့ ရေခဲသေတ္တာ မဖွင့်တာလဲဟုဆို၏။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ ကိုသန်းအောင်သည် ရေခဲသေတ္တာကို ဖွင့်ကြည့်သည်။ ထို့နောက် ထိုဆားကစ်ကို ကျွန်တော် ပြင်မည်ဟုဆို၏။ တကယ်တော့ ကိုသန်းအောင်သည် အင်ဂျင်နီယာတစ်ဦးလည်း မဟုတ်၊ ဘာမှမဟုတ်ပါ၊ သင်္ဘောသားတစ်ဦးသာ ဖြစ်၏။



တို့ရှိအောင် ယင်း ဆားကစ်မှာ လက်တစ်ဝါးခန့်တွင် အဆက်အထိုး ငါးဆယ်ခန့်ရှိ၍ အလွန်သေးသော ဝါယာကစ်ရှာ ငါးဆယ်ခန့် ပါ၏။ ထိုဆားကစ်သည် သုံးနှစ်အတွင်း ပေလောင်ထားပါ၏။ ကျွန်တော်သည် ခပ်ပေါ့ပေါ့ပင် ထားကာ ကိုသန်းအောင်အား ထိုဆားကစ်ကို ပေးလိုက်ပါသည်။ နောက်တစ်နေ့သို့ ရောက်သောအခါ ကိုသန်းအောင်သည် ထိုဆားကစ်ကိုယူ၍ ပြန်လာပါသည်။ ထိုဆားကစ်ကို စိတ်ရှည်လက်ရှည် ဆက်ထားသည်။ ကိုသန်းအောင်သည် ထိုဆားကစ်ကို ချက်ချင်းပင် ရေခဲသေတ္တာထဲသို့ ထည့်လိုက်ရာ ရေခဲသေတ္တာသည် ပြန်ကောင်းသွားခဲ့ပါ၏။

ကျွန်တော် စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်းတွင်သာမက ဥရောပအထိ အချိန်ဖြုန်းကာလကျော် အကုန်ခံ၍ ဆားကစ်ကို မှာနေရာ မရဘဲ ကန်တော်လေး ပိန္နဲကုန်းမှ ညတွင်းချင်းရရှိခဲ့ပါ၏။

ဤလို ဆားကစ်မျိုးကို ကိုသန်းအောင်တို့ အဖွဲ့သားမှာ အခြားသော မြန်မာ လူငယ်တို့လည်း ပြုလုပ်နိုင်သူများ ရှိကြောင်း ကျွန်တော် သိလာခဲ့ရပါ၏။ ဟယ်သူတွေ ထုတ်နိုင် လုပ်နိုင် မြန်မာတွေ လုပ်နိုင်ခြင်းဖြစ်သည်။ ယခုအချိန် [illegible] မြန်မာများတွင် စက်မှုအရည်အသွေး၊ စက်မှု [illegible] ကြောင်း ထင်ပြရခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## တီထွင်မှုဘုရင် ဦးခင်မောင်သွင်

စက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကျွန်တော်အထူးတလည် မိတ်ဆက်ပေးလိုသော ပုဂ္ဂိုလ်နှစ်ဦးရှိပါ၏။ တစ်ဦးမှာ ဦးခင်မောင်သွင်ဖြစ်၍၊ အခြားတစ်ဦးမှာ ဦးတင်ဝင်းဖြစ်၏။ တစ်ဦးနှင့်တစ်ဦး အယူအဆ အသွင်အပြင်ချင်း မတူကြပါ။ ကျွန်တော်သည် ပထမ ဦးခင်မောင်သွင်နှင့်စ၍ မိတ်ဆက်ပေးလိုပါ၏။

ဦးခင်မောင်သွင်ကို ကျွန်တော်သည် ၁၉၇၅ ခုနှစ်က စတင်သိရှိခဲ့၏။ စတင်သိရှိပုံမှာ မြန်မာ့မီးရထားတွင် ယခင်က သံကျွတ် ဘရိတ်တုံးများကို အသုံးပြု၏။ ထိုသံကျွတ် ဘရိတ်တုံးများအား သံကျွတ်ကို အလိုရှိသော မသမာသူတို့က ခိုးယူသဖြင့် မြန်မာ့မီးရထားတွင် သံကျွတ် ဘရိတ်တုံးများ အမြဲလိုလို ပျောက်ဆုံးရခြင်း၊ ဘရိတ်တုံးအခိုးခံရသည်ကိုမသိဘဲ မီးရထား သွားပါက အန္တရာယ်ရှိခြင်း၊ သံကျွတ် ဘရိတ်တုံးများသည် တစ်တုံးကို ၁၈ ဒေါ်လာခန့်ကျခြင်းတို့ကြောင့် ယင်းပြဿနာ



ကို အဖြေရှာခဲ့ရာ ဦးခင်မောင်သွင်က နိုင်ငံတော်အတွက် လွှစာမှုန့်ကို အသုံးပြုကာ မီးရထား ဘရိတ်တုံးများကို တီထွင်ပေးခဲ့၏။

နိုင်ငံခြားမှလာသော သံကျွတ်ဘရိတ်တုံးသည် ၁၈ ဒေါ်လာမျှ ကုန်ကျရုံသာမက အလေးချိန်မှာ ၂၅ ပေါင်လေးသည်။ ဦးခင်မောင်သွင်၏ လွှစာမီးရထား ဘရိတ်တုံးမှာ မြန်မာငွေ ၁၂ ကျပ်သာ ကုန်ကျ၍ နှစ်ပေါင်ခွဲသာလေး၏။

လွှစာကို အသုံးပြု၍ မီးရထား ဘရိတ်တုံးကို တီထွင်သည်က-စ၍ ကျွန်တော်သည် သတင်းရယူရင်း ဦးခင်မောင်သွင်နှင့် သိကျွမ်းခဲ့ရ၏။ ဦးခင်မောင်သွင်သည် ယခုအခါ နိုင်ငံတော်အတွက် လွှစာမှုန့်ဘရိတ်တုံးကဲ့သို့ အသုံးဝင်သောတီထွင်မှု အမျိုးပေါင်း ၅၀ ကျော်ကို ပြုလုပ်ပေးထားပြီး ဖြစ်၏။

ဦးခင်မောင်သွင်သည် မော်လမြိုင်မြို့ မောင်ငံရပ်ဇာတိ။ အဖ ဦးမောင်မြင့်၊ အမိ ဒေါ်ခင်စိန်တို့မှ ၁၉၃၉ ခုနှစ်တွင် ဖွားမြင်သည်။ ငယ်စဉ်က နတ်မောက် စက်မှု လက်မှု အထက်တန်းကျောင်းတွင် လျှပ်စစ်ပညာ နှစ်နှစ် သင်ကြားပြီး ကျောင်းမှ ထွက်ခဲ့၏။ ကျောင်းမှထွက်ပြီးသော် နေရောင်ခြည်မှလျှပ်စစ်ထုတ်သည့် စက်ကို တီထွင်ခဲ့၏။ ထိုအခါက ကျောင်းတွက်ဆ ကိုခင်မောင်သွင်၏ အရည်အသွေးကို သိသဖြင့် ကြီးပွားရေး ဦးသိန်းက လယ်ယာနှင့် သစ်တော ဝန်ကြီးဌာနတွင် [illegible]ငယ်အား အသုံးပြုကြည့်ပါဟု မေတ္တာရပ်ခံကာ နှီးအပ်ခဲ့၏။

လယ်ယာနှင့် သစ်တောဝန်ကြီးဌာနတွင် ဦးခင်မောင်သွင်သည်လူငယ်ဘဝဖြင့် စပါးရိတ်စက်နှင့် ကောက်စိုက်စက်များကို

www.burmeseclassic.com

တီထွင်ခဲ့၏။ ထို့နောက် ဦးခင်မောင်သွင်သည် အချင်း ၄ လက်မနှင့် အရှည်ပေ ၂၀ ရှိသော ကွာတိုဘာ ရေစုပ်စက်သုံး ရာဘာပိုက်များကို မြန်မာနိုင်ငံတွင် ပထမဆုံး တီထွင်ခဲ့၏။

လယ်ယာနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ နေ၍ မြန်မာနိုင်ငံ မီးရထားမှ လိုအပ်သော ပစ္စည်းများကို ထုတ်လုပ်ရန် ဦးခင်မောင်သွင်သည် မီးရထားဌာနသို့ ပြောင်းရွှေ့ တာဝန်ပေးခြင်း ခံရသည်။

ဦးခင်မောင်သွင်သည် မီးရထားဌာန၌ ကြေးနှင့် သံကို ကပ်သော ပညာကို မြန်မာနိုင်ငံတွင် ပထမဆုံး တီထွင်၍ ကြေးနှင့် သံကို ကပ်ကာ မြန်မာနိုင်ငံရှိ စက်ရုံ အလုပ်ရုံ အများအပြားမှ လိုအပ်သော စက်ကိရိယာ အများအပြားကို တီထွင်ပေးခဲ့၏။

## ကား ရထားအစ ဦးခင်မောင်သွင် က

ဦးခင်မောင်သွင်သည် ၁၉၅၄ ခုနှစ်၌ ကိုလံဘို စီမံကိန်းအရ ဂျပန်နိုင်ငံသို့ ခြောက်လ သံရည်ကျို ပညာတော်သင် သွားခဲ့သည်။ ပြန်လာသောအခါ နိုင်ငံတကာ အတွေ့အကြုံများ ပေါင်းစပ်လျက် ဦးခင်မောင်သွင်သည် ပို၍ အမြင်ကျယ်လာခဲ့၏။ ဂျပန်နိုင်ငံတွင် ဦးခင်မောင်သွင်သည် ဂျပန်နိုင်ငံ [illegible]ကန် စိုက်ပျိုးရေး သုတေသန ဗိမာန်မှ ဒါရိုက်တာ အဖွဲ့၏ သဘောတူညီချက်အရ နွေအားလပ်ရက်များတွင် ဂျပန်ကောက်စိုက် စက်များကို လေ့လာ၏။ ထို လေ့လာချက်ဖြင့် မြန်မာနိုင်ငံသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အင်ဂျင်မသုံးဘဲ လူအင်အားသုံး တစ်စူးထိုး ကောက်စိုက်စက်ကို ထွင်ခဲ့၏၊ ဦးခင်မောင်သွင်၏ စက်သည် သမန်းပေါ်တွင် စွပ်ဖားဖြင့်လျှောဆွဲရသောစက်ဖြစ်၍ အလေး ချိန် ပေါင် ၅၀ သာ ရှိပြီး တန်ဖိုးမှာ ၃၀၀ ကျပ်သာဖြစ်၏ ရှေ့က လူနှင့်ဆွဲ၍ သွားရသော စက်ဖြစ်သည်။

ထို့ပြင် ဦးခင်မောင်သွင်သည်–

- သုံးမရသော ကလေး၀ မီးသွေးမှုန့်များကို အသုံးပြု နိုင်ရန် အခဲတောင့်ပြုလုပ်အသုံးပြုခြင်း၊
- လွှစာမှုန့်ကို ခဲတံချောင်း ပြုလုပ်၍ ကုန်ရထားများတွင် အသုံးပြုခြင်း၊
- မီးသဂ္ဂိုဟ်စက်ကို တီထွင်ပြုလုပ်ခြင်း၊
- ခေါင်ပင်များကို မြေသြဇာ အတောင့်ပြုလုပ်ခြင်း၊
- လေဟာနယ် စနစ်ဖြင့် ပလတ်စတစ်ပေါ်တွင် သံရည် ကျိုလောင်း၍ မော်တော်ယာဉ်၊ အင်ဂျင်အစိတ်အပိုင်း အများအပြား တီထွင် ထုတ်လုပ်ခြင်းနှင့် အခြား စက်ကိရိယာ အများအပြား ထုတ်လုပ်ခြင်း၊
- ဂုံနီ၊ စက္ကူနှင့် ဝါးသရံတို့ကိုအသုံးပြု၍ အိမ်မိုး အမိုး ကာ ဖိုင်ဘာ အမျိုးမျိုး တီထွင် ထုတ်လုပ်ခြင်း–

တို့ကို ပြုလုပ် တီထွင်ခဲ့ပါသေး၏၊ ထို့ကြောင့်ဦးခင်မောင်သွင် သည် နိုင်ငံတော်မှ စက်မှု ထူးချွန်ဆုနှင့် လုပ်သားကောင်း ဆုများ ချီးမြှင့် အပ်နှင်းခြင်းခံရ၏၊ ထို့ပြင် ၁၉၉၀ ပြည့်နှစ် တွင်ဦးခင်မောင်သွင်အား နိုင်ငံတော်မှ စက်မှု စီးပွား ထူးချွန် တံဆိပ် (ပထမအဆင့်)ကို အပ်နှင်းခဲ့သည်။

ဦးခင်မောင်သွင်သည် ၁၉၈၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ ရထားလုပ်ငန်းများနှင့် ပတ်သက်၍ လေ့လာရန် သွားရောက် ခဲ့၏၊ ပြင်သစ်နိုင်ငံမှ အပြန်တွင် ဖန်အမျှင်နှင့် ကော်ကိုအခြေ ခံ၍ အိမ်ဆောက်ပစ္စည်းအမျိုးမျိုးနှင့် ရထား အသုံးအဆောင် ပစ္စည်း အများအပြားကို တီထွင်ခဲ့သည်။

ပြင်သစ် မြေအောက်ရထားများတွင် သစ်သား ဘရိတ်တုံး များကို အသုံးပြုသကဲ့သို့ သစ်ပေါသောမြန်မာနိုင်ငံတွင်သည်း သစ်သားဘရိတ်တုံးများကို တီထွင်ပေးခဲ့ရာ ယခုအခါ မြန်မာ နိုင်ငံတွင် အသုံးပြုနေပြီဖြစ်၏၊

ဦးခင်မောင်သွင်နှင့် ပတ်သက်၍ ဆင်ခြေဖုံး ပြည်သူလူထု အတွက် ကျေးဇူးဖြစ်ခဲ့သော တီထွင်မှုမှာ ကားမီးရထား တီထွင်မှုဖြစ်၏၊ ရန်ကုန်နှင့် ဆင်ခြေဖုံးဒေသများ၊ ရန်ကုန်နှင့် လှမ်းမကမ်းဒေသများသည် ခရီးဝေး ရထားများကိုလည်း စီးနိုင်၊ ခရီးနီးရထားများကလည်း မလောက်မငသော အချိန် တွင် ရန်ကုန်နှင့်မဝေးသော ရထားလမ်းပေါ်ရှိ လူထုအတွက် သွားရေးလာရေး အခက်အခဲရှိ၏၊ ထို့ပြင် ထိုလူထုသည် ရန်ကုန်လူထုအတွက် ဟင်းသီးဟင်းရွက်၊ စားစရာသောက်စရာ သုံး ကုန်ပစ္စည်းများကို လာရောက် ဖြည့်ဆည်းပေးသော လူထု ဖြစ်နေပြန်ရာ ထိုလူထု သွားလာရေး အဆင်ပြေစေရန် စီစဉ်ဆောင်ရေး လုပ်ငန်းတစ်ခု လိုအပ်နေခဲ့၏၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဦးခင်မောင်သွင်သည် မြန်မာနိုင်ငံတွင်ရှိသော
ကုန်ကြမ်းနှင့် စွန့်ပစ် ပစ္စည်းများကို အခြေခံ၍သိမ်းလမ်း
ကားကို တီထွင်ရန် စိတ်ကူးပြီး ဆောင်ရွက်ခဲ့သည်။
လမ်းပြေးကားကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ လက်
ပြောင်းလဲလုပ်ဆောင်ခဲ့ရာ ယခုအခါ ပုံသဏ္ဌာန်ကိုပါ ပြောင်း
ပိုမိုကောင်းမွန်အောင် တီထွင်ခဲ့သဖြင့် မိုင်တစ်ရာကျော် အ
အလေးရှိခရီးကို အသွားအပြန်ကြိုပို့နိုင်၍ ခရီးသွားလုပ်သ
ပြည်သူ ရာပေါင်းများစွာကို နေ့စဉ် အကျိုးပြုလျက် ရှိ
ကား ရထားများကို ရန်ကုန်တွင်သာ မက မီးရထားလ
ရှိသော အခြား ကွင်းအဆင့်ရှိ မြို့များတွင်ပါ အသုံးပြ
သည်။

ထို့ပြင် ယခုအခါ ဦးခင်မောင်သွင် တီထွင်ခဲ့သော လွ
ဘရိတ်တုံးပေါင်း လေးသောင်းကို နှစ်စဉ်ထုတ်လုပ်၍
နိုင်ငံလုံးရှိ မီးရထားများတွင် အသုံးပြုလျက်ရှိ၏။

ဦးခင်မောင်သွင်သည် မီးသဂြိုဟ်စက်များကိုလည်း တီ
ခဲ့၏။ မီးသဂြိုဟ်စက်တစ်လုံးသည် နိုင်ငံခြားမှ မှာယူပါ
မြန်မာငွေ ၃၅ သိန်းကုန်ကျ၍ ယခု ဦးခင်မောင်သွင်က ပြ
တွင်းဖြစ် ပစ္စည်းများဖြင့် တီထွင်ခဲ့ရာ ကျပ်နှစ်သိန်းသာ ကုန်
သည်။ ယခုအခါ မီးသဂြိုဟ်စက် လေးလုံးကို တည်ဆော
ခဲ့ပြီးဖြစ်၏။

ယခုအခါ ဦးခင်မောင်သွင်သည် လုပ်သားအင်အား ၂
ကျော်ဖြင့် စက်ရုံကြီးတစ်ခုကို ဦးစီးကာ နိုင်ငံတော်အတွ
လိုအပ်သောတီထွင်မှုများကိုပြုလုပ်လျက်ရှိ၏။ ဦးခင်မောင်



ည် ကားရထားအပြင် အပျော်စီး ရထားများကိုလည်း
တွင်ကြံဆ ထုတ်လုပ်လျက်ရှိကြ၏။
ဦးခင်မောင်သွင်သည် ပင်ကိုအရည်အသွေး ကောင်းသည့်
ယ်တစ်ဦး ဖြစ်၏။ အားကြိုးမာန်တက် ဆောင်ရွက်တတ်၍
လုပ်ကို ရှိသလေးစားသူ ဖြစ်၏။ တီထွင်မှုတွင် စိတ်အား
တ်သန်၍ ဦးခင်မောင်သွင်၏ တီထွင်မှုလက်ရာတို့မှာ နိုင်ငံ
ကာ စံချိန်မီ၏။
ဦးခင်မောင်သွင်၏ ထူးခြားမှုမှာ မိမိတီထွင်မှုများအားလုံး
နိုင်ငံတော်အား အပ်နှံ၍ မိမိကိုယ်တိုင်ပုဂ္ဂလိကလုပ်ဆောင်မှု
ခြင်းဖြစ်၏။ ဦးခင်မောင်သွင် တီထွင်ခဲ့သော အိမ်မိုးအိမ်ကာ
ဘာများသည် ငါးငေ xသုံးခပ အကျယ် ဖိုင်ဘာ တစ်ခုကို
ကျပ်သာ ကုန်ကျ၍ ဦးခင်မောင်သွင်က ယင်း၏ ဖိုင်ဘာ
ကို အနှစ် ၃၀ အာမခံ၏။
ဦးခင်မောင်သွင်က ပြောပြရာတွင် 'ကျွန်တော်တို့ လူမျိုးက
မှုပိုဇမည့်ပါဘူး။ ဂျပန်ကိုလည်း ကျွန်တော်တို့ မကြောက်
း၊ ကျွန်တော်တို့ မြန်မာစက်မှုပညာရှင်တွေ လိုအပ်တဲ့
ည်း တစ်မည် နှစ်မည် သွင်းပေးမယ်ဆိုရင် ကျွန်တော်တို့
ကျင်အမျိုးမျိုး ထုတ်နိုင်ပါတယ်။အခုရန်ကုန်လမ်းမကြီးတွေ
မှာ ဆိုက်ကားတွေ တွေ့တွေ့နေရတယ်။လူကိုယ်တိုင် နင်း
သွားတဲ့ ယာဉ်မျိုး၊ အခုအခါမျိုးမှာ မရှိသင့်တော့ပါဘူး။
သင့်တာက ဒီဆိုက်ကားတွေကို အင်ဂျင် တပ် ယာဉ်တွေ
ပြောင်းသင့်ပါပြီ၊ ဒီဆိုက်ကားတွေမှာ အင်ဂျင်တပ်ပြီး
ဆွဲဖို့ ကျွန်တော်တို့ လုပ်နိုင်ပါတယ်၊ အဲဒီ အင်ဂျင်တွေ ဂို

www.burmeseclassic.com

ကျွန်တော်တို့ လုပ်နိုင်ပါတယ်၊ ဒါက တိုင်းပြည်မှာ လုပ်ရမယ့်
ကိစ္စတွေပါ၊ တစ်ခုတော့ရှိဘယ်၊ ကျွန်တော်တို့မှာ လုပ်ပိုင်ခွင့်
တွေတော့ ရှိရပါမယ်၊ ဒါ့အပြင် တစ်ဦးက ပစ္စည်းတစ်မျိုးထုတ်
နောက်တစ်ဦးက သူ့ကျွမ်းကျင်တဲ့ အပိုင်းထုတ်နဲ့ ဒီလိုလုပ်ကြရင်
ကျွန်တော်တို့ဟာ ဆယ်နှစ်အတွင်း အိမ်နီးချင်းနိုင်ငံအချို့ရဲ့
အခြေခံစက်မှုလုပ်ငန်းတွေကို မီနိုင်ပါတယ်၊ နေ့စက်ဘစ်ဆင့်ပြီး
တစ်ဆင့် လိုက်လို့ရနိုင်ပါတယ်’ ဟု ပြောပြသည်။

စက်မှုလက်မှုနှင့်ပတ်သက်ပါက ဦးခင်မောင်သွင် ကဲ့သို့သော
ပုဂ္ဂိုလ်မျိုးသည် ဗီဇပါသေ ပုဂ္ဂိုလ်ဖြစ်၏။ ထိုကဲ့သို့သော
လူငယ်များကိုပြည်ထောင်စုသားများအတွင်၊ တွေ့မြင်ရသည်မှာ
မြန်မာတစ်မျိုးသားလုံးအတွက် ဇာတိသွေး၊ ဇာတိမာန် တက်
စရာ ဂုဏ်ယူဖွယ်ရာသာ ဖြစ်ပါ၏။





းရထား၊ဗီးသကြိုးစက်နှင့် အခြားတီထွင်မှုများစွာတို့ကိုပြုလုပ်၍ အမိနိုင်ငံအား အကျိုးပြုခဲ့ကာ
စက်မှုစီးပွားထူးချွန်တံဆိပ် ပထမအဆင့်ရရှိခဲ့သူ ဦးခင်မောင်သွင်
နှင့် တီထွင်ခဲ့သော ကားရထား ။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

...တစ်ထောက်တစ်စရှာဖွေပါသောသော မြန်မာလယ်ယာကဏ္ဍအတွက် လယ်ထွန်စက်ကိုတီ...

...ဖော်ပြချက်ကိုကြည့်ရှုနေသော ဦးတင်ဝင်းနှင့် ဦးတင်ဝင်း တီထွင်ခဲ့သော လယ်ထွန်စက်...



ဓာတ်ပုံ၊ ခင်မောင်ကျော် ဒိုင်း...

## စေတနာ့ထင်လင်း ဦးတင်ဝင်း

ဦးတင်ဝင်းကိုလည်း ကျွန်တော်သည် ၁၉၇၄ ခုနှစ်လေစက် ...ပင် စ၍သိခဲ့သည်၊ စသိစဉ်က သူသည် မြောက်ဥက္ကလာပ၊ ...ဂီသိမ်း၊(၈)ရပ်ကွက်၊အမှတ် ၅၈၂တွင် ဖြစ်၏။ ထိုအခါက ...တင်ဝင်းသည် အထွေထွေ သုတေသနနှင့် သံရည်ကျိုလုပ်ငန်း ...ကို တည်ထောင်ထား၏။

ထိုအခါ ဦးတင်ဝင်းသည် လယ်ယာသုံး စက်ကိရိယာမျိုး... ...ကို တီထွင်ထုတ်လုပ်ဖြန့်ဖြူးနေပြီး အသက်အရွယ်အားဖြင့် ၂... ...နှစ်သာရှိ၏။ ဦးတင်ဝင်းသည် ၁၉၇၅ ခုနှစ်တွင် အသေးစား ...စက်တွန်း လယ်ထွန်စက်တစ်ခု တီထွင်ခဲ့၏။ ထိုလက်တွန်း ...ထွန်စက်သည် ကူဘိုတာ ရေစုပ်စက်နှင့် တွဲ၍ အသုံးပြုရ၏။

www.burmeseclassic.com

www.burmeseclassic.com





ဦးတင်ဝင်း တီထွင်ထုတ်လုပ်သော လယ်ထွန်စက်သည် အသေးစားဖြစ်၍ တီထွင်မှုသည် ရှင်းလင်းလွယ်ကူပြီး သံတိုသံစများကို အသုံးပြု၍ ကျေးလက်ပန်းဘဲဖိုတွင်ပင် ပြုလုပ်၍ရသည်။ တစ်နေ့တွင် ဦးတင်ဝင်းက သူ၏ လက်တွန်းထွန်စက်ကို သတင်းစာ ဆရာများအား ခေါ်ပြသရာမှ ကျွန်တော်နှင့် ဦးတင်ဝင်း စတင်၍ သိရှိ၏။ ဦးတင်ဝင်းသည် သူ၏ လယ်ထွန်စက်ကို အိမ်အနီးရှိ လယ်ကွက်တွင် သတင်းစာဆရာများအား ထွန်၍ ပြ၏။

ထိုအခါကပင် ကျွန်တော်သည် 'အငယ်လေးများလည်း လှပါတယ်' ဟူသော ခေါင်းစဉ်ဖြင့် ဦးတင်ဝင်း၏ အသေးစား လက်တွန်းထွန်စက်အကြောင်းကို ဗိုလ်တထောင်သတင်းစာတွင် ဆောင်းပါး ရေးခဲ့ဖူးပါ၏။ ထိုအခါက ဦးတင်ဝင်းသည် လက်တွန်း လယ်ထွန်စက် သုံးလေးသုံးကို တီထွင်၍ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြန့်ဖြူးနိုင်ခဲ့၏။

ထို့နောက် အသေးစား လက်တွန်း ထွန်စက်လေးများကို ထုတ်လုပ်ရန် လုပ်သားများ မွေးထုတ်ရန် ဖလှယ်ကျင့်ခြင်း၊ ကျွမ်းကျင်မှု စုဆောင်းခြင်းနှင့်စက်ကိရိယာများ စုဆောင်းခြင်း ပြုလုပ်နေစဉ်မှာပင် ထိုအခါက လယ်ထွန်စက်ကို ပုဂ္ဂလိကမှ လုပ်ပိုင်ခွင့် မရှိသောကြောင့် ထိုလုပ်ငန်းကို ရပ်ဆိုင်းပေးခဲ့ရ၏။

သို့သော်လည်း ဦးတင်ဝင်းသည် ဆက်၍ နိုင်ငံအတွက်လို အပ်ချက်များဖြစ်သည့် ခြေနင်းစေပါးခွဲစက်၊ ရာဘာခြံပိုင်ရှင်များ အသုံးပြုသော ရာဘာကြိတ်စက်များနှင့် အခြားလယ်ယာသုံး ကိရိယာများကို စဉ်ဆက်မပြတ် တီထွင်ထုတ်လုပ်လာခဲ့၏။

ထိုကဲ့သို့ တီထွင်မှုဗီဇရှိသော ဦးတင်ဝင်းသည် နတ္တလင်းမြို့ သာစည်ပန်းရပ် ဇာတိဖြစ်၍ အဖဦးကျော်ဝင်း (မော်ကွန်း ......င် ပထမဆင့်)၊ အမိ ကျောင်းဆရာမကြီး ဒေါ်မြတင်တို့မှ ၁၉၄၆ ခုနှစ်တွင် ဖွားမြင်၏။ ဦးတင်ဝင်းသည် ငယ်စဉ်ကပင် စက်မှုလက်မှု လုပ်ငန်းတွင် ဝါသနာပါ၍ ၇ တန်းအောင်သော အခါ အတန်းပညာ ဆက်လက်သင်ကြားခြင်း မပြုတော့ဘဲ သတ်မောက် စက်မှုလက်မှု အထက်တန်းကျောင်း၌ ဒီဇယ်အင်ဂျင် ၂ နှစ် သင်တန်းသို့ တက်ရောက်ပြီး၊ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ စက်မှုလယ်ယာ ဦးစီးဌာနမှ ဖွင့်လှစ်သော ထွန်စက်မောင်း သင်တန်းကို ၂ နှစ် တက်ရောက်က၊ ၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ စက်မှုလယ်ယာ ဦးစီးဌာနတွင်ပင်ထွန်စက်မောင်းအဆင့် (၁) အဖြစ် အမှုထမ်းနေခဲ့၏။

၁၉၇၄ ခုတွင် အလုပ်မှထွက်၍ ကိုယ်ပိုင်တီထွင်မှုများကို ပြုလုပ်ကာ မိမိတီထွင်မှုများ အားလုံးကို ဦးတင်ဝင်းက အများ အသုံးပြုနိုင်ရန် ဖြန့်ဝေပေးခဲ့၏။

ယခုအခါ ဦးတင်ဝင်းသည် နိုင်ငံတော်မှ တံခါးဖွင့် စီးပွားရေးဝါဒ ကျင့်သုံးလာသဖြင့် စက်တပ်ယာဉ် အမျိုးမျိုးကို ပုဂ္ဂလိက လုပ်ငန်းရှင်တို့က လုပ်ပိုင်ခွင့် ရှိလာသောအခါ ဦးတင်ဝင်းနှင့် ရောင်းရင်းများ လယ်ထွန်စက်နှင့် လယ်ယာသုံး ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း' ကို နိုင်ငံတော်တွင် တရားဝင် မှတ်ပုံတင်၍ လုပ်ဆောင်ခဲ့၏။ ထို့ပြင် ထုတ်လုပ်သော လယ်ယာသုံး ပစ္စည်းများကို ပြည်ပသို့ တင်ပို့ ရောင်းချရန်အတွက်လည်း မှတ်ပုံတင် ရရှိပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ဝင်းသည် ယခင်က မိမိ တီထွင်ခဲ့သော လက် တွန်းစက်ကို ပိုမိုကောင်းမွန်အောင် ပြုပြင်၍ ပြည်ပသို့ ထ ရောင်းချရန် စီစဉ်ခြင်း ဖြစ်သည်။

ဦးတင်ဝင်း၏ လက်တွန်း တွန်းစက်သည် မြင်းကော ၅ ကောင်မှ ၁၂ကောင် အားရှိ၍ ဒီဇယ်အင်ဂျင်ကို အ ပြုသည်။ ၎င်းစက်သည် ကျွဲ နွား တစ်စ တစ်စ ရှားပါးလာ မြန်မာ့ လယ်ယာကဏ္ဍတွင် ကျွဲနှင့် နွား အစား တွန်းစက် အသုံးပြု၍ နိုင်ငံ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ဖြစ်၏။

၎င်းစက်ကို အသုံးပြုခြင်းအားဖြင့် လုပ်ငန်းတွင်ကျယ်မှု သီးနှံအထွက်စေစကာ စိုက်ပျိုးသူတို့ ဈေးကောင်းရနိုင်သည် ဆို၏။

ယခုအခါ ဦးတင်ဝင်းသည် မိမိ၏ လယ်တွန်းစက်ကို ပြ ဈေးကွက်တွင် ရောင်းချရေးအတွက် ထုတ်လုပ်ရန် ကုန်ကြ ပစ္စည်းများ ရရှိရေးကို ဆောင်ရွက်လျက်ရှိ၏။ ကုန်ကြမ်း ဖရေးအတွက် နိုင်ငံတကာမှ ဈေးနှုန်းများကို ခေါ်ယူလျက်ရှိ အင်္ဂလန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ လာအိုနိုင်ငံနှင့် တရုတ် ယူနန်ပြည်နယ်တို့မှ စိတ်ဝင်စားလျက် ရှိကြပြီး၊ ဦးတင်ဝင်း ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိရာ ယူနန်ပြည်နယ်နှင့် လာ နိုင်ငံတို့နှင့် အရောင်းအဝယ် ပြုလုပ်ရေးသည် အလားအလ ကောင်းနေသည်ဟု ဆို၏။

နိုင်ငံခြား ကုမ္ပဏီများနှင့် ဆွေးနွေးကာ ဖက်စပ်သုပ်င လုပ်ကိုင်၍ အသေးစား၊ လက်တွန်း တွန်းစက်များ၊ လယ်ယာသ စက်ကိရိယာသုံး ပစ္စည်းများကို ဈေးနှုန်း သက်သာစွာ



ည်တွင်း၌ ဖြန့်ဖြူးရေးကို ဦးတည်ကာ ဦးတင်ဝင်းက မည်သူ ဆို ပြည်တွင်း၌ မိမိတီထွင်သော တွန်းစက် တည်ဆောက်မှုကို သင်ကြား၊လိုပါက မိမိဖွင့်လှစ်သော သင်တန်း၊တွင် လာရောက် သင်ကြားနိုင်သည် ဟု ဆို၏။ ဦးတင်ဝင်းသည် အမှတ် ၂၈၁ (အေ)၊ ရွှေဂုံတိုင်လမ်း၊ဗဟန်းမြို့နယ်တွင် နိုင်ငံတကာအဆင့်မီ အသေးစား လယ်တွန်းစက်နှင့် ဒီဇယ်အင်ဂျင် သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိ၏။

ယင်းသင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာ လူငယ်များ ဒီဇယ်အင်ဂျင် အတွေ့အကြုံများရှိ၍ နိုင်ငံတကာတွင် ဒီဇယ် ပညာဖြင့် အလုပ်အကိုင်သစ်များ ရှာဖွေရန် ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

## ဦးတင်ဝင်းနှင့် အပေါင်းအသင်းများ

ကျွန်တော်က ဦးတင်ဝင်း၏ ရေရှည် ရည်ရွယ်ချက်များကို မေးမြန်းရာတွင် ဦးတင်ဝင်းက 'အရင်ကတော့ အစ်ကို သိတဲ့အတိုင်းပဲ၊ ကျွန်တော် တစ်ဦးတည်း လုပ်ခဲ့တာပါ၊ အခုတော့ လုပ်ငန်း ပိုမို ထွင်ကျယ် အောင်မြင်မှု ရှိအောင် တင်ဝင်းနဲ့ အပေါင်းအသင်းများ Tin Win & Associates ကို ဖွဲ့စည်းပြီး ကျွန်တော်တီထွင်လို့ ရလာတဲ့ နည်းပညာတွေကို လူငယ်တွေကို လက်တွေ့ ဖြန့်ဖြူးပေးနေပါတယ်၊ ကျွန်တော် ယုံကြည်တာက ကျွန်တော်တို့ နိုင်ငံဟာ လယ်ယာစိုက်ပျိုးတဲ့ နိုင်ငံ ဖြစ်ပါတယ်၊ ဒီနိုင်ငံမှာ လယ်ယာသုံး စက်ကိရိယာ ပစ္စည်းတွေ အများကြီး လိုပါတယ်၊ လယ်ယာကဏ္ဍထဲကို စက်ကိရိယာ ပစ္စည်းတွေ များများသွင်းဖို့လိုပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ ငယ်စဉ်ကတည်းက လယ်ယာသုံး စက်ကိရိယာ ပစ္စည်းတွေကိုပဲ အဓိကထားခဲ့တာ ဖြစ်ပါတယ်၊ ကျွန်တော် တီထွင်



လိုက်တဲ့ တီထွင်မှုတွေကို ကျွန်တော် တစ်ဦးတည်း ကြိတ်လုပ်နေလို့ ကျွန်တော်တို့နိုင်ငံ မတိုးတက်ပါဘူး၊ ဒါကြောင့် ကျွန်တော်က အများပြည်သူတွေရဲ့ လက်ထဲကို ရောက်အောင်—

- လယ်ထွန်စက် ထုတ်လုပ်ရေးပညာ၊
- အသုံးပြုမှု နည်းပညာ၊
- ပြုပြင်မှု နည်းပညာ၊

များ ဖြန့်ဖြူးပြီး မြန်မာ့လယ်ယာသုံး ကိရိယာများရဲ့ စွမ်းရည်ဟာ ကျွန်တော်တို့ လူငယ်တွေရဲ့ စိတ်ကူး အသစ်တွေနဲ့ ပေါင်းစပ်ပြီး တစ်ရှိန်ထိုး တိုးတက်စေရမှာပါ။ ဒါကြောင့်လည်း လူငယ်များအတွက် ၂၆-၁၁-၇၉ နေ့ကစပြီး ဇဟန်းက ကျွန်တော့် အလုပ်ရုံမှာ အသေးစား လယ်ထွန်စက်နှင့် ဒီဇယ် အင်ဂျင်ပြုပြင်ရေး သင်တန်းကို ပထမဆုံး စ ဖွင့်ခဲ့တာပါ'ဟု ဆို၏။

ထို့ပြင် ဦးတင်ဝင်းက 'အစ်ကိုရာ ကျွန်တော်က မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ ရှိတဲ့ စက်မှု လက်မှု ဝါသနာပါသူ လူငယ်တွေရဲ့ စွမ်းရည်တွေကို အပြည့်အဝ အသုံးပြုနိုင်ဖို့၊ လူငယ်များဟာ စက်မှုကို ဝါသနာ ပါလာပြီး မိမိတို့ တတ်ကျွမ်းတဲ့ စက်မှု လက်မှု လုပ်ငန်းနဲ့ နိုင်ငံကို အကျိုးပြုဖို့ ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ သင်တန်းကို ဖွင့်တာပါ'ဟု ဆို၏။

ဦးတင်ဝင်းက သူ့သင်တန်း၏ ဆောင်ပုဒ်မှာ (Myanmar Farm Imptements Must Be Improved By Iron Bufflo) ဟု ဆို၏။ အဓိပ္ပာယ်မှာ ဦးတင်ဝင်းက သူ တီထွင်ခဲ့သော လယ်

www.burmeseclassic.com

www.burmeseclassic.com



ထွန်စက် Iron Buffalo ဟု တင်စားလိုက်ခြင်းဖြစ်၏၊ မြန်မာ့လယ်ယာတွင် မရှိမဖြစ်သော ကျွဲနှင့် နွားနေရာတွင် ကျွဲလိုအားကောင်း မောင်းသာန်ရှိသော လယ်ထွန်စက်အငယ်လေးများကို အစားထိုး၍ မြန်မာ့လယ်ယာလုပ်ငန်းအား တိုးတက်စေမည်ဟူသော ကြွေးကြော်ချက်ပင် ဖြစ်ပါ၏။

ထို့ပြင် 'ကျွန်တော်တို့က နည်းပညာ ဖြန့်ဖြူးရာမှာ အလွန် မြင့်လွန်း နိမ့်လွန်းတဲ့ နည်းပညာများကို မဖြန့်ဖြူးဘဲ ကျွန်တော်တို့နိုင်ငံနဲ့ သင့်တော်တဲ့အလယ်အလတ်စက်မှုနည်းပညာများ Appropriate Technology ကို ဖြန့်ဖြူးမှာပါ။ အဲဒီကတစ်ဆင့် နိုင်ငံတကာအဆင့်မီ ထိုးထွင်းလုပ်ဆောင်နိုင်တဲ့ လူငယ်များ ပေါ်ပေါက်လာရင်တော့ ကျွန်တော်တို့ အတွက်ရော တိုင်းပြည်အတွက်ပါ အမြတ်ပါပဲ' ဟု ဆို၏။ စက်မှု လက်မှု ဝါသနာပါသော လူငယ်များ ဦးတင်ဝင်းနှင့် ဆက်သွယ်ဆောင်ရွက်ပါက အင်အား ဖြစ်လာနိုင်ပါ၏။

ဦးတင်ဝင်းသည် ယခုအခါ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကျွန်တော်တွေ့ရသည့်အတိုင်း သူ့အပေါင်းအသင်းများနှင့် သူယုံကြည်သော လုပ်ငန်းကို တက်တက်ကြွကြွ လုပ်ဆောင်လျက်ရှိပါ၏။ ဦးတင်ဝင်းသည်လည်း စက်မှု လက်မှု လုပ်ငန်းတွင် ဝါသနာပါ၍ စက်မှုဗီဇရှိပြီး မြင်ရုံကြားရုံဖြင့် အတုယူတီထွင်နိုင်စွမ်း ရှိသော လူငယ်တစ်ဦး ဖြစ်ပါသည်။

ယခု ကျွန်တော်တင်ပြနေခြင်းသည် မြန်မာတို့၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် မြန်မာ လက်စွမ်းကို တင်ပြနေခြင်း ဖြစ်ပါ၏။ မြန်မာတို့ကား ခေသူများ မဟုတ်ကြပါ။ ဇာတိသွေး ဇာတိ



မာန်ရှိ၍ ထိုးထွင်း တီထွင်နိုင်ကြသူများ ဖြစ်ကြပါ၏။ ဦးခင်မောင်၊ ဦးကိုကိုကြီး၊ ဦးခင်မောင်သွင်၊ ဦးတင်ဝင်း၊ ဦးသန်းအောင် စသော ပုဂ္ဂိုလ်တို့မှာ နိုင်ငံအပေါ် စေတနာထားကြသူများ၊ စက်မှုလက်မှုဗီဇရှိသူများ၊ ဉာဏ်ရည်မြင့်မားသူများ ဖြစ်ကြပါ၏။ မြန်မာနိုင်ငံတွင် ဦးခင်မောင်တွေ၊ ဦးကိုကိုကြီးတွေ၊ ဦးခင်မောင်သွင်တွေ၊ ဦးတင်ဝင်းတွေ ဦးသန်းအောင်တွေ အများကြီးရှိမည်မှာ သေချာပါ၏။ ယခုကျွန်တော်တင်ပြရမှုမှာကျွန်တော် လက်လှမ်းမီသလောက်ကိုသာ တင်ပြရခြင်းဖြစ်ပါ၏။မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စက်မှုလက်မှု ဉာဏ်ရည်မြင့်မားသော ပုဂ္ဂိုလ်များ အားလုံး၏ ကိုယ်စား ကျွန်တော်နှင့် လက်လှမ်းမီသမျှသော ပုဂ္ဂိုလ်အချို့ကိုသာ နမူနာတင်ပြရခြင်းဖြစ်၍ အမှန်စင်စစ် တစ်နိုင်ငံလုံးရှိ ထိုကဲ့သို့ စေတနာရှင်နှင့် စွမ်းရည်ရှိသူများကို ဆက်လက်ဖော်ထုတ် မှတ်တမ်းတင်ထားရန် လိုအပ်ပါ၏။

ယခုတစ်ဖန် ကျွန်တော်သည် မြန်မာတို့၏ စက်မှုလက်မှုနှင့်ပတ်သက်၍ လူညံ့များ မဟုတ်ကြောင်းကို ပိုမိုခိုင်လုံသော သက်သေတစ်ခုကို တင်ပြလိုပါသေး၏။ ထိုသို့ တင်ပြနိုင်ရန်အတွက် စာဖတ်သူအား ကျွန်တော်နှင့် အတူ မန္တလေးနေပြည်တော်သို့သွားရောက်ရန်ဖိတ်မန္တကပြုပါ၏။ ကျွန်တော်တို့ လူမျိုး၏ စက်မှုအရည်အသွေးများကို ပြသရန် ကျွန်တော်နှင့်အတူ မန္တလေး စိန်ပန်းရပ်သို့ လိုက်ခဲ့ပါရန် စာဖတ်သူအား မေတ္တာရပ်ခံ အပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## စိန်ဖြင့်လုပ်သည့်ပန်း၊ စိန်ပန်း

စိန်ပန်းရပ်သည် မန္တလေးအနောက်တောင်မြို့နယ်တွင် ရှိ၍ ကျွန်တော်သည်သတင်းစာ မိတ်ဆွေများဖြစ်ကြသော ဦးခင်သီ၊ စစ်ကိုင်းမင်းအောင် အစရှိသော ပုဂ္ဂိုလ်များ၏မိတ်ဆက်ပေးမှုဖြင့် စိန်ပန်းရပ်သို့ ရောက်ခဲ့ပါ၏။

စိန်ပန်းရပ်သို့ရောက်လျှင်မင်သံ ကိုသံနှင့်ပွတ်သံ၊ သံကိုသံနှင့်ဖြတ်သံ၊ သံကိုသံနှင့်ဖိသံ၊ သံကို သံနှင့်ရိုက်သံ၊ သံကို သံနှင့်ကြိတ်သံ၊ သံနှင့်သံချင်း ခေါက်သံတို့အပြင် သံပေါ်သို့ သံများပြုတ်ကျသံများကို စာဖတ်သူသည် ဆူညံအောင်ပင်ကြားရမည်ဖြစ်ပါ၏။ အမှန်စင်စစ် ဤရပ်ကွက်ကြီးသည် သံသည် လုပ်ငန်းများနှင့် စည်ပင်နေသော ရပ်ကွက်ကြီးတစ်ခုဖြစ်ပါ၏။ စိန်ပန်း၌ ထိုကဲ့သို့ သံနှင့်သံချင်းထိ၍ ထွက်ပေါ်လာသော အသံတို့သည်တစ်အိမ်တည်းမှ မဟုတ်၊တစ်လမ်းတည်းမှမဟုတ်၊



တစ်စုတစ်ကွက်တည်းမှမဟုတ်၊ စိန်ပန်းတစ်ရပ်ကွက်လုံးသာမက ယခုအခါ စိန်ပန်းနှင့်ကပ်လျက်ရှိနေသော အရပ်များသို့လည်း သံနှင့်သံကို ထိသံများ ကူးစက်ရောက်ရှိနေပြီဖြစ်၏။

ကျွန်တော်က စိန်ပန်းရပ်သို့ ရောက်သွားသော ခဏတွင် ဆို ဒီအရပ်က စိန်ပန်းမဟုတ်ပါဘူး၊ သံပန်းပဲ၊ သံနဲ့လုပ်ထားတဲ့ စက်ကိရိယာပစ္စည်းတွေကို ပန်းလိုပွင့်နေတဲ့နေရာ’ ဟု ဆိုမိပါ၏။

ဤသို့ဖြင့် ကျွန်တော်သည် စိန်ပန်းမြေသို့ ခြေချခဲ့၏၊ ခြေချပြီး စိန်ပန်းသားတို့နှင့် စကားပြောသောအခါတွင်ကား ဤအရပ်သည် စိန်ပန်းမှ စိန်ပန်းအစစ်၊ သံပန်းမဟုတ်မှန်း သိလာရ၏။ အဘယ်ကြောင့်ဆိုသော် စိန်ပန်းဟူသော အမည်သည် ထိုအရပ်မှ ထုတ်လုပ်လိုက်သော ပစ္စည်းများ ကို ကိုယ်စားပြု ရပ်တည်၍ မှည့်ခေါ်ထားသော နာမည်မဟုတ်၊ စိန်ပန်းသည် ထိုအရပ်နေ ပြည်သူတို့၏ နှလုံးသားကို ထင်ဟပ်ကိုယ်စားပြုထားသော နာမည်ဖြစ်ကြောင်း ကျွန်တော် သိလာရ၏၊

တကယ်တော့ စိန်ပန်းနေ ပြည်သူတို့၏ နှလုံးသားသည် သံကဲ့သို့မဟုတ်၊ စိန်ကဲ့သို့ မာကြောသော စိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုးအတွက် စက်မှုပစ္စည်းများကို ပန်းလိုပွင့်အောင် ထုတ်လုပ်နေသော အရပ်ဖြစ်၍ စိန်ပန်းဟူသော အမည်ဖြင့် စိန်ပန်းဟူသော အရပ်သားတို့သည် ကိုက်ညီမှု ရှိပါပေ၏။

စိန်ပန်းသားတို့၏ သံကိုင်ထားသော လက်ချောင်းများက သံချောင်းထက်ပင် မာကြောသည်ဟု ထင်ရ၏၊ စိန်ပန်းသား တို့၏ တုတ်ခိုင်းသော လက်မောင်းလက်ဖျံတို့က သံထက်သံခဲလုတ်

www.burmeseclassic.com



များထက်ပင် ထက်မြက်သည်ဟု ထင်ရပါ၏။ စိန်ပန်းသားတို့သည် သံမဏိကဲ့သို့သော ခန္ဓာကိုယ်တွင် စိန်ကဲ့သို့ မာကြောသော စိတ်ဓာတ်ကို ထည့်သွင်းကာ နူးညံ့သိမ်မွေ့သော နှလုံးသားတို့ဖြင့် နိုင်ငံ့ဂုဏ်ရည်ကို မြှင့်တင်နေကြသူများ ဖြစ်၏။

မြန်မာ့စက်မှုစွမ်းရည်ကို မြှင့်တင်နေသောစိန်ကဲ့သို့မာကြောသော စိတ်ဓာတ်ရှိသည့် စိန်ပန်းသားတို့၏ လက်ဖျားများတွင် သံ၊ သံမဏိပြားကြီးများနှင့် သံ၊ သံမဏိချောင်းကြီးများသည် ရွှံ့စေး ရွှံ့တုံးပမာ ပျော့ပျောင်းသိမ်မွေ့၍ နေပါတော့၏။

စိန်ပန်းအကြောင်းကို ပြောဆိုပါက မြန်မာ့စက်မှုတစ်ခေတ်ကို ကျွန်တော်ပြန်၍ တင်ပြပါမှ ပြည့်စုံမည်ဖြစ်ပါ၏။ ထိုသို့ဆိုလျှင် ကျွန်တော်တို့သည် မန္တလေး စိန်ပန်းရပ်မှသည် ကုန်းဘောင်ခေတ်သို့ သွားရောက်ရန် လိုအပ်လာပါ၏။

## ဦးဖိုးလှိုင်နှင့် မင်းသားကြီးတို့ စခဲ့

ကုန်းဘောင်ခေတ်သည် အာရှတစ်သွားတွင် မြန်မာတို့ ခန့်ညားထည်ဝါမှုကို ရရှိခဲ့သော ခေတ်တစ်ခေတ်ဟု ဆိုပါက မှားနိုင်ပါ၏။ ကုန်းဘောင်ခေတ် မြန်မာနယ်နိမိတ်သည် စစ်တကောင်း၊ အာသံမဏိပူရ၊ ကိုးရှမ်းပြည် (ယခု ယူနန်နယ်တစ်စိတ်တစ်ဒေသ)၊ ဇင်းမယ်၊ လင်းဇင်၊ ယိုးဒယားစသော ဒေသများအထိကျယ်ဝန်းပြီး အနီးအနား နိုင်ငံများအားလုံးက ခန့်ညားရသော နိုင်ငံတစ်နိုင်ငံ ဖြစ်၏။

ကုန်းဘောင်ခေတ်တွင်ပင် မြန်မာတို့သည် စက်မှုနိုင်ငံအဖြစ်သို့ တိုးဝင်ရေးကို ကြိုးစားခဲ့ကြ၏။ မြန်မာနိုင်ငံအား စက်မှုနိုင်ငံ တစ်နိုင်ငံအဖြစ် ထူထောင်ရေးအတွက် ကနောင်မင်းသားကြီးနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်တို့သည် ဦးစီး

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပြုကာကြိုးပမ်းခဲ့၏၊ ကုန်းဘောင်ခေတ်ခေါင်းဆောင်များသည် မြန်မာနိုင်ငံအား ခေတ်မှီနိုင်ငံ ထူထောင်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံခြား ပညာတော်သင် ကိစ္စကို အလေး ပေးအပ်သော ကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့သည်။ ထို အခါက လွှတ်တော် နိုင်ငံခြားရေးဌာနကို ကိုင်ထားသော ပခန်းမင်းကြီးသည် နိုင်ငံခြားပညာတော်သင်ကိစ္စကို တာဝန်ယူ ဆောင်ရွက်၏၊ ပခန်းမင်းကြီး၏နိုင်ငံခြားပညာတော်သင်ဆိုင်ရာ ဝါဒမှာ အရည်အသွေး၊ အရည်အချင်းရှိသူများ ပညာတော်သင် ဖြစ်စေ၊ အရည်အသွေးညံ့သူများ ပညာသင်အဖြစ် အရွေး အချယ်မရှိစေရ၊ သား၊ တပည့်၊ ဆွေမျိုးဖြစ်စေ၊ အရည်အသွေး ညံ့ပါက ပညာတော်သင်အဖြစ် မခံယူရ၊ အရည်အသွေးရှိပါက ဆင်းရဲချမ်းသာ၊ အစိမ်းအကျက်မရွေး ပညာသင်အဖြစ်ခံယူစေ ဟူ၍ ဖြစ်၏။

ပခန်းမင်းကြီး၏ဝါဒကို ယနေ့တိုင် ပညာတော်သင်ရွေး ချယ်ရာတွင် မြန်မာတို့၏ ပညာတော်သင် ရွေးချယ်ရေး ဝါဒ အဖြစ် ဆက်လက်အသုံးပြုသင့်ပါသေး၏။ ကမ္ဘာ့ အခြား နိုင်ငံ များတွင် ၁၈ ရာစုနောက်ပိုင်း၌ နိုင်ငံထူထောင်သူ အကြီး အကဲများသည် မိမိနိုင်ငံကို ထူထောင်မည်ဟု ဆိုပါက ရှေးဦး စွာ အရည်အသွေးရှိသော လူငယ်များကို ပညာတော်သင် များအဖြစ် ရွေးချယ်စေလွှတ်တတ်ကြ၏။

တရုတ်နိုင်ငံတွင် ပထမအကြိမ် ပြုပြင်ပြောင်းလဲရေးကို လီဟန်းချန်၊ ချန်ချီးတန်၊ ယန်ဝင်း အစရှိသူတို့ ပြုလုပ်စဉ် ကလည်း အမေရိကနှင့် ဥရောပသို့ တရုတ်လူငယ် ပညာတော်



သင်များစွာကို စေလွှတ်ခဲ့၏။ ဆွန်ယက်ဆင်တို့ခေတ်တွင် တရုတ်နိုင်ငံအား ဒုတိယအကြိမ် ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်ရာတွင် လူငယ်ပညာတော်သင်များစွာကို နိုင်ငံခြား သို့ စေလွှတ်ခဲ့၏။ ၁၈၆၈ ခု ဂျပန်နိုင်ငံ၏ မေဂျီပြုပြင်ပြောင်း လဲရေးကို ဆောင်ရွက်ရာတွင်လည်း ဂျပန် လူငယ်များကို ဥရောပတိုက်သို့သာမက နိုင်ငံရပ်ခြားဒေသမျိုးစုံသို့ စေလွှတ် ၏။ ထိုင်းနိုင်ငံသမိုင်းတွင် ရာမမင်းဆက်များ ၏ ... ကိုထက်၌ ခေတ်စဉ်မြေးဆွေနိုင်ငံကို အခြေချရာတွင် ထိုင်းနိုင်ငံမှ လူငယ် များစွာကို ဥရောပတိုက်သို့ ပညာသင်အဖြစ် စေလွှတ်ခဲ့၏။

နိုင်ငံပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရာတွင် လူငယ်များ အား ပညာသင်အဖြစ် စေလွှတ်ခြင်းသည် အရေးကြီးသော လုပ်ငန်းဖြစ်၏။ လူငယ်များကို ပညာသင်များအဖြစ် မလွှတ်နိုင် ပါက ထိုလုပ်ငန်းတွင် တွန့်တိုစိတ်ရှိနေသ မျှ နိုင်ငံမတိုးတက်နိုင်ပါ၊ နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်ရာ တွင် အရည်အသွေးရှိသော လူငယ်များအား နိုင်ငံအကျိုး ဟုသုတများ တိုးပွားစေရန် ကြိုးစား လုပ်ဆောင်ပေးရမည် ဖြစ်၏။

ဤအချက်သည် အရေးကြီးသောအချက်ဖြစ်ပါ၏။ ဦးခင် မောင်သွင်က မိမိသည် ပြည်ပသို့ တစ်ကြိမ်သွားရောက်ခဲ့သည် နှင့် နောက်တစ်ကြိမ် သွားရောက်ခဲ့မှုများ မတူပါ၊ ပြည်ပသို့ သွားရောက်တိုင်း အသိအမြင်ကျယ်ပြန့်လာ၍ ကိုယ့်နိုင်ငံကိုယ့် လူမျိုးအတွက် ပို၍ အကျိုးရှိပါသည် ဟုဆို၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်များအားပညာတော်သင်စေလွှတ်ခြင်းသည် အကျိုးသာ ရေး တစ်ဝန်တစ်ရပ်ဟု ဆိုပါက မမှားနိုင်ပါ။

ကုန်းဘောင်ခေတ်တွင် ပြင်သစ်ပညာတော်သင် ဦးရွှေမြ ရန်ကုန်ပညာတော်သင် ဦးကျီးညို၊ ဦးရွှေအုန်း၊ အင်္ဂလန်ပညာ တော်သင် ဦးမြ၊ ဦးတရုတ်ဖြူ၊ အိန္ဒိယပညာတော်သင် ဦးသာ ထား၊ ဦးသိုး၊ ဦးစီ စသည်တို့တွင် ထင်ရှားသော ပညာ တော်သင်များ ဖြစ်၏။ ယင်းပညာတော်သင်များ၏ အကူအညီ ဖြင့် မန္တလေးဝန်းကျင်တွင် ဒင်္ဂါးစက်၊ ရက်ကန်းတော်စက်၊ စက်၊ လက်စက်၊ လွှစက်၊ သကြားစက်၊ မဲနယ်စက် သံချက်စက် စသည်ဖြင့် စက်ရုံပေါင်း ၅၀ ကျော်ကို ကုန်းဘောင်ခေတ်၌ တည်ဆောက်ခဲ့၏။

ယင်းစက်ရုံများအနက် မန္တလေးမြောက်ပြင် သူရဲ ဈေး မြောက်ဖက် အမရစံခေါင်ရပ်တွင် လက်နက်စက်ရုံ၊ ရက်ကန်း စက်ရုံနှင့် ဖန်ချက်စက်ရုံများကို တည်ခဲ့၏။ စိန်ပန်း ဂေါ်ဖိ တံတားအနီးတွင် ဝါဂွမ်းကြိတ်စက်ရုံကို တည်ခဲ့ရာ နေရင်တွင် စက်ရုံတည်ရာအရပ်ရှိ ဈေးကို ဝါဂွမ်းဈေး ဟု ခေါ်ခဲ့သည်။

အနောက်ပြင် ပန်းဆက်တံတားအနီးတွင် သံတော်စက်ရုံ အနောက်တောင်မြို့နယ်တွင် သစ်ခွဲစက်၊ကြာဆံစက်၊ ဆန်ကြိတ် စက်နှင့် ဆီစက်များ တည်ခဲ့၏။ ပန်းဆက်တံတား အနီးတွင် သံတော်နှင့်ဆိုင်ရာလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်းများ လုပ်ဆောင်ခဲ့၏။ ယခု စိန်ပန်းရပ်ကွက် အနီး၌ ချော်ဆိပ်ရပ်တွင် နမ္မတူဘော်တွင်းမှ သတ္တုရိုင်းများကို ကျိုချက်သည့် လုပ်ငန်းရှိခဲ့၏။



ယခင်က ဂွမ်းကြိတ်စက်ရုံ တည်ရာနေရာသည် ယခု စိန်ပန်း စက်မှုကုန်ထုတ်သမ အသင်းရုံးနေရာ ဖြစ်၏။

ထို့ကြောင့် စိန်ပန်းရပ်သည် ကုန်းဘောင်ခေတ် စက်မှု အလုပ်ရုံနှင့် သံရည်ကျိုလုပ်ငန်း၊ ပန်းပဲလုပ်ငန်းဆိုင်ရာဘို့နှင့် ဆက်စပ်လျက်ရှိသော အရပ်တစ်ခုဖြစ်၏။ အမှန်စင်စစ် စိန်ပန်း သည် ကုန်းဘောင်ခေတ် ပညာတော်သင်ကြီးများ၊ ပညာရှင် များက မိမိတတ်ကျွမ်းသော ပညာများ မတိမ်ကောစေရန် သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ရာ အရပ်ဖြစ်၏။ တစ်နည်း ဆိုရသော် စိန်ပန်းသည် ကုန်းဘောင်ခေတ် လူငယ်ပညာတော် သင်တို့၏ လက်ဆင့်ကမ်းခဲ့သည့် ကျေးဇူးဖြင့် ပွင့်ဖူးနေသော စိန်ပန်းတစ်ခိုင် ဖြစ်ပါ၏။

စိန်ပန်းရပ်နေ ရောဝတီသခင်ကျောင်း ကျောင်းရုံတွင် ပုံသွင်း ဆရာအဖြစ် ဆောင်ရွက်ခဲ့သော ဦးစံလှသည် ၁၈၇၃ ခုနှစ်က စက်မှုပညာတော်သင် သွားခဲ့သော ကုန်းဘောင်ခေတ် ပညာ တော်သင်ကြီးတစ်ဦး ဖြစ်ခဲ့၏။ ဦးစံလှ၏ညီမှာ ဦးဘဖြစ်၏။ ဦးဘနှင့် မဒရှးမနေ့ာင်း လုပ်ဖော်ကိုင်ဖက်တို့မှာ ဦးလှိုင်၊ ဦးဝ၊ ဦးဘမော် အစရှိသော ပုဂ္ဂိုလ်များဖြစ်၏။

ဦးဘ၏ အလုပ်ရုံသည် စိန်ပန်းလက်သမားရပ်ကွက်တွင် ရှိ၍ ဆန်စက်၊ ဆီစက်နှင့် သစ်ခွဲစက်တို့အတွက် အပိုပစ္စည်းများ ထုတ်ခဲ့၏။ ဦးလှိုင်၏စက်ရုံသည် စိန်ပန်းဥပုသ်ထောင်ရပ်တွင်ရှိ၍ သံရည်ကျိုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိ၏။ ဦးဝ၏အလုပ်ရုံသည် စိန်ပန်းလမ်းမကြီး အရှေ့ဖက်တွင်ရှိပြီး စက်နှင့်အပိုပစ္စည်းများ ထုတ်၏။ ထိုကဲ့သို့ ရှေးခေတ် သံ၊ သံမဏိ ပညာရှင်ကြီးများ၏

www.burmeseclassic.com

www.burmeseclassic.com



ဆွေစဉ် မြေးဆက်သည် စက်ကိရိယာပစ္စည်း ထုတ်လုပ်သ
လုပ်ငန်းကို တစ်ဆက်ပြီးတစ်ဆက် အမွေခံလုပ်ကိုင်ခဲ့ရာ ခေ
စနစ်တွေ ပြောင်းသော်လည်း စိန်ပန်းသည် ကုန်းဘောင်ခေ
အမွေကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားခဲ့၏။ စိန်ပန်းရပ်တွ
ယခုအခါ စက်ရုံ၊ အလုပ်ရုံ ၁၁၇ ရုံရှိ၍ နယ်မြေနှစ်ခုလုံးတွ
စက်ရုံ၊ အလုပ်ရုံပေါင်း ၂၂၄ ရုံ ရှိသည်။

## ဉာဏ်ရောင်တောက်ထိန် ဦးကျော်စိန်

စိန်ပန်းမှ ဦးကျော်စိန်သည် စိန်ပန်း၏ ဇာတိသွေး၊ ဇာတိမာန်အပြည့်ကို ကိုယ်စားပြု တည်ရှိနေသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၏။ ကျွန်တော် စိန်ပန်းသို့ ရောက်သွားလျှင်ပင် စိန်ပန်း၏ သမိုင်းအစဉ်အလာရှိသောဖြစ်စဉ်ကို ဦးကျော်စိန်က အကျယ်တဝင့် ရှင်းပြ၏။

ဦးကျော်စိန်သည် အသက် ၆၆ နှစ်ရှိပြီဖြစ်၏။ အသက် ၁၅ နှစ်သားမှစ၍ စက်မှုလုပ်ငန်းကို လုပ်ကိုင်ခဲ့၏။ ဦးကျော်စိန်သည် အရပ်အမောင်းကောင်း၍ အသားဖြူဖြူ အသံဩဇာနှင့် ပြည့်စုံပြီး ကျန်းမာရေး ကောင်းမွန်ကာ တောင့်တင်းကြံ့ခိုင်

www.burmeseclassic.com

www.burmeseclassic.com



သော ခန္ဓာကိုယ်က သူ၏စက်မှုလုပ်ငန်းတွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည့် ဝါစဉ်ကို ပြသလျက်ရှိ၏။

ဦးကျော်စိန်သည် လျှပ်စစ်ထုတ်လုပ်သော တာဘိုင်၊ရေတာ တာဘိုင်၊ ဆီစက်၊ ဆန်စက်အမျိုးမျိုး၊ ကောက်စိုက်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက်၊ ကောက်ရိုးစင်းစက်၊ ဂျုံ လှေ့စက်၊ ဂျုံအခွံခွာစက် စသည့်စက်အမျိုးမျိုးကို တီထွင် ထုတ်လုပ်နေသူဖြစ်၏။

ဦးကျော်စိန်သည် အချို့သောစက်များအား ဒီဇိုင်းနမူနာ မျှကို မြင်ရုံဖြင့် ထုတ်နိုင်၏။ ဦးကျော်စိန်တီထွင်သော ကောက် ရိတ်စက်မှာ ဟော်လန်မှ ဒီဇိုင်းနမူနာကိုကြည့်၍ထုတ်လုပ်ခြင်း ဖြစ်၏။ ဦးကျော်စိန်၏ ကောက်ရိတ်စက်သည် တစ်နေ့ ခြော ဧက ရိတ်နိုင်၏။

စိန်ပန်းမှထုတ်လုပ်သောတာဘိုင်စက်များသည် တရုတ်သုံး တာဘိုင်စက်ကိုကြည့်ရှုလုပ်ကိုင်ခြင်းဖြစ်၏။ ထို့ပြင် စိန်ပန်း ဖိလစ်ပိုင် ကောက်စိုက်စက်ပုံစံကိုယူ၍ မြန်မာ တောင်သူလယ် သမားတို့နှင့် ကိုက်ညီသော ကောက်ရိတ်စက်ကိုလည်း တီထွင် ထားသည်။ ဖိလစ်ပိုင် ကောက်စိုက်စက်သည် ချိန်းကြိုးကျခြင်း ဂဟေပြုတ်ခြင်းတို့ကြောင့် ထိရောက်မှုမရှိဟု လယ်သမားများ က ပြောဆိုရာမှ ဖိလစ်ပိုင် ကောက်စိုက်စက်ကိုကြည့်၍ မြန်မာ ကောက်စိုက်စက်ကို စိန်ပန်းက တီထွင်ခဲ့ခြင်းဖြစ်၏။

စိန်ပန်းတစ်ရပ်လုံးသည် တစ်အိမ်ထောင်လျှင် အနည်းဆုံး တွင်ခုံတစ်လုံးစီဖြင့် စက်ကိရိယာပစ္စည်း မျိုးစုံကို ထုတ်လုပ် လျက်ရှိ၏။ ထိုသို့ ထုတ်လုပ်ရာတွင် အချို့တွင်ခုံက ရက်ကန်း



စက်၊ အချို့က ပုံနှိပ်စက်၊ အချို့က ရေခဲစက်၊ အချို့က ကြက်သွန် အာလူး အပါးလွှာစက် စသည်ဖြင့် မိမိသန်ရာ၊ ကျွမ်းကျင်ရာကို ဦးစားပေး ထုတ်လုပ်ကြ၏။

ထို့ပြင် တစ်ဦးချင်း မထုတ်နိုင်သော ကိစ္စရပ်များတွင်လည်း စုပေါင်းလုပ်ဆောင်ရန် စိန်ပန်း စက်မှုကုန်ထုတ် သမဝါယမ အသင်းကိုလည်း တည်ထောင်ထား၏။

တစ်ဦးချင်း၊တစ်မိသားချင်း လုပ်ဆောင်နိုင်သော လုပ်ငန်း များကို မိသားစုအလိုက်လုပ်၍၊ အများအပြားထုနှင့်ထည်နှင့် လုပ်ရမည့် လုပ်ငန်းများကို သမဝါယမက လုပ်ဆောင်ကြ၏။ စိန်ပန်း စက်မှုကုန်ထုတ် သမဝါယမ၏ ဥက္ကဋ္ဌမှာ ဦးချစ်ဖေ ဖြစ်၍၊ဒုတိယဥက္ကဋ္ဌမှာ ဦးလှရှိန်ဖြစ်၏။ ဦးချစ်ဖေသည် အတန်း စာ လေးတန်းအထိတတ်၍၊ ဦးလှရှိန်မှာ မူလတန်းအထိသာ ကျောင်းစာသင်ဖူး၏။ အတွင်းရေးမှူးလည်း ဦးကျော်စိန်ဖြစ်၍ ဦးကျော်စိန်သည်လည်း မူလတန်းပညာသာ တတ်မြောက်၏။

စိန်ပန်း၊ကုန်ထုတ်သမအနေဖြင့် ထုတ်ပေးနိုင်သော ပစ္စည်း တို့မှ စက် ၃၄ မျိုးရှိ၍၊ ယင်းတို့မှာ လယ်ယာသုံးစက်များ အနေဖြင့် ကောက်စိုက်စက်၊ ကောက်ရိပ်စက်၊ စပါးအခွံခွာ စက်၊ တာဘိုင်ရေတင်စက်၊ ဂျုံလှေ့စက်၊ ဂျုံအခွံခွာစက်တို့ ဖြစ်၏။

ကြိတ်ခွဲရေးဆိုင်ရာ စက်များအနေဖြင့် ဆီစက်၊ ဆန်ဖွပ် စက်၊ ဆန်စက်၊ ရိုလာဂျုံစက်အသေး၊ ဂျုံစက်၊ ဂျုံအခွံခွာ စက်၊ ပဲခွဲစက်၊ ကော်ဖီခွေးစက်၊ ကော်ဖီအခွံချွတ်စက်၊ လက် ဖက်ခြောက်စက်၊ ဆီးစေ့ခွဲစက်တို့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူသုံးပစ္စည်းထုတ် စက်များအဖြစ် ချိုချဉ်စက်၊ ရေခဲစက်
ကြက်သွန် အာလူး ပါးလွှာစက်၊ အာလူး အခွံခွာစက်
ဖြစ်၏။

ရေစုပ်စက်ဆိုင်ရာ စက်များနှင့် ပတ်သက်၍ ရေစုပ်စက်
ရေချရာဘို ဖြစ်သည်။

ထို့ပြင် အခြားထုတ်လုပ်ပေးနိုင်သော စက်ဘီးမှာ ရက်ကန်း
စက်၊ စောင်စက်၊ မျဉ်းသားစက်၊ စားရွက်ဖြတ်ချက်၊ ပုံနှိပ်စက်
စာအုပ်ချုပ်စက်၊ ပစ္စတင်ထွင်ခုံ၊ အင်ဂျင်လျှပ်စစ် စေတ်အား
ထုတ်သော ဓာတ်ဘိုစက်များ ဖြစ်သည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO က စိန်ပန်း
ထုတ်လုပ်သော လျှပ်စစ်ဓာတ်ဘိုင် စက်များသည် အဆင့်မီသော
စက်များဖြစ်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် စက်လုံးရေ ၁၆
လုံးကို ဝယ်ယူရန် ကမ်းလှမ်းထားမှုရှိ၏။

ယခင်က ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ကြီးသည် ဤစက်များကို
ဥရောပစက်ရုံ အလုပ်ရုံသို့ကသာ ဝယ်ယူ၍ ဖြန့်ဖြူး၏။ ယခု
စိန်ပန်းလုပ် ဓာတ်ဘိုင်များကို မြင်တွေ့ပြီး အရည်အသွေး
ကောင်းမွန်၍ ဥရောပမှ စက်များကို မမှာတော့ဘဲ စိန်ပန်းမှ
ပြောင်းလဲမှာယူခြင်း ဖြစ်သည်၊

ထို့ပြင် စိန်ပန်းစက်မှုကုန်ထုတ် သမအသင်းအနေဖြင့်
နိုင်ငံခြားစက်ရုံများက လိုအပ်သည့် စက်ပစ္စည်းများကို နိုင်ငံ
ခြား အရည်အသွေး စံချိန်မီ ပြုလုပ်နိုင်၏။

လယ်ရေမြို့နယ်၊ အေသာရှိ သတ္တုသန့်စင် ကျိုချက်စက်ရုံ
အတွက် နိုင်ငံခြားအဆင့်မီ သတ္တုခွဲစက်၊ သတ္တုအမှုန့်ကြိတ်စက်



မြန်မာနိုင်ငံအား စက်မှုနိုင်ငံ အဖြစ် ထူထောင်ရန် ကြိုးပမ်းခဲ့သော
ကနောင်မင်းသားကြီးနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင် ။

www.burmeseclassic.com

www.burmeseclassic.com





မန္တလေး စိန်ပန်းရပ်မှ စက်မှုအရည်အသွေး ပြည့်ဝသည့် ... တီထွင်သူ ဦးကျော်...

သတ္တုသန့်စင်စက်နှင့် သတ္တုကျောင်စက်များကို ထုတ်လုပ်ပေးခဲ့၏။ ထို့ပြင် နီကယ်လ်သတ္တုရိုင်း သန့်စင်ပြီး နီကယ်လ်မှုန့်ထုတ်လုပ်ရေးစက်ရုံ တစ်ရုံစာ စက်ပစ္စည်းများ၊ ပုသိမ်ကြီး ဖယောင်းတောင်ဒေသရှိ အထူးသတ္တုအမှတ် ( ) စက်ရုံ၊ အေလာတွင် BAUXITE မှ ALUMINA ထုတ်လုပ်သည့် သတ္တုရေ့ပြေး စက်ရုံ၊ အေလာရှိ ကောဓာတ်ဆိုဒါ ရေ့ပြေးဓမ်းသပ်စက်ရုံ၊ အေလာမှပင် ELECTROLYLIC စက်ရုံတို့ကိုစီနှံပန်းမှ ထုတ်လုပ်ပေးခဲ့ပြီး ပျဉ်းမနားသရက်ခုံဒေသ သတ္တု (၂) ရေ့ပြေး စက်ရုံကိုလည်း ထုတ်လုပ်တည်ဆောက်ပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

## ဆရာတပည့် ဆက်ဆံရေး

စိန်ပန်းစက်ရုံ အလုပ်ရုံများ လေ့လာရာတွင် ထူးခြားချက်တစ်ရပ်မှာ စက်ရုံ အလုပ်ရုံတိုင်းတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့သည် အလုပ်လုပ်ကြရာတွင် လုပ်သားနှင့် ပိုင်ရှင်ဟူသော အသွင်မျိုးမရှိဘဲ ဆရာတပည့် ဆက်ဆံရေးရှိကြ၏။ ဤအချက်သည် စိန်ပန်းရပ်မှ လုပ်ငန်းခွင် အောင်မြင်မှုအခြေခံအကြောင်းတရားဟု ဦးကျော်စိန်က ဆို၏။ ဤအချက်သည်ပင်လျှင် စိန်ပန်း ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ အရေးကြီးသော လျှို့ဝှက်ချက်ကြီး တစ်ရပ်ဟု ဆို၏။

စိန်ပန်းမှ တီထွင်သူ စက်မှုပညာရှင်အများစုသည် အတန်းပညာ ၅ တန်း၊ ၆ တန်း အမြင့်ဆုံးသာရှိ၍ လူကြီးပိုင်း အများစုမှာ မူလတန်းပညာလောက်သာ သင်ဖူးသူကများ၏။ 'ဒါပေမယ့် အခုလူငယ်ပိုင်းက ကျွန်တော်တို့အရပ်မှာ အသက်



တန်းကျောင်း ရလောက်အောင် ကလေးတွေက ဆယ်တန်းလောက်အထိ ပညာတတ်လာတော့ ထိုးထွင်းသိရှိမှု၊ သင်ကြားတတ်မြောက်မှုတွေဟာ ပိုပြီး လျင်မြန်လာပါတယ်၊ ဒါကြောင့် လူငယ်တွေ အခြေခံပညာ တတ်မြောက်မှုဟာ စက်မှုပညာ သင်ကြားရေးမှာ အထောက်အကူပြုလို့ ကျွန်တော်တို့က စိန်ပန်းစက်ကိရိယာ စာကြည့်တိုက်ကိုဖွင့်ဖို့ ကြိုးစားနေပါတယ်၊ ဒီစာကြည့်တိုက်မှာ အထွေထွေ ဗဟုသုတပညာရပ်စာအုပ်တွေ ထားမယ်၊ နောက် စက်မှုပညာရှင်တွေ၊ အတွေ့အကြုံရှိသူတွေရဲ့ ဟောပြောပွဲ၊ စက်ကိရိယာပစ္စည်းပုံစံ အမျိုးမျိုး စာအုပ်ဒီဇိုင်းများ စုဆောင်းမယ်၊ ဒါ့ပြင် ဒီအရပ်ထဲက လူငယ် လုပ်သားတွေအတွက် သင်တန်းတွေ ဖွင့်ပေးမယ်၊ ဒီလို လုပ်ဆောင်ပေးခြင်းအားဖြင့် ကျွန်တော်တို့ မျက်နှာလွှဲပြီးတဲ့နောက် စိန်ပန်းဟာ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ သမိုင်းသစ်ကို ဖွင့်လှစ်ရာမှာ စိန်ပန်းလူငယ်တွေဟာ ပြောင်မြောက်တဲ့ အခန်းကဏ္ဍက ပါဝင်လာနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်' ဟု ဦးကျော်စိန်က ဆက်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ဦးနှောက်ထဲက ပစ္စည်းများ

ကျွန်တော်သည် စိန်ပန်းအကြောင်းကို ဆမိုင်းနှင့် ချိ၍ အလေးအနက်ထား ရေးပြနေခြင်းမှာ မြန်မာတို့၏ စက်မှုဗီဇကို ထင်ပြလိုခြင်းကြောင့်ဖြစ်၏၊ စိန်ပန်းမှ တီထွင်ပေးလိုက်သော၊ ထုတ်လုပ်ထားသော စက်များသည် နိုင်ငံတကာအဆင့်မီစက်များဖြစ်၏၊ စိန်ပန်းစက်များက ပို၍ကောင်းသည်မှာ ခိုင်ခံ့ခြင်း၊ စက်အစိတ်အပိုင်း ပစ္စည်းများ လွယ်လင့်တကူ ရရှိနိုင်၊ နိုင်ငံခြားငွေ အဖိတ်အစဉ် မရှိဘဲ လိုရာ စက်ကိရိယာ ပစ္စည်းကို ရရှိခြင်းတို့ ဖြစ်ပါသည်။

စိန်ပန်းမှ နိုင်ငံတကာ အဆင့်မီစက်များကို ထုတ်လုပ်နေသူ အကြီးအကဲများအပါအဝင် အများစုသည် မြန်မာစာ အရေးအဖတ်သာ တတ်ကြ၏၊ သို့သော် ဘိုးဘွားဘီဘင် လက်ဆက်မှစ၍ စက်ပစ္စည်းများနှင့်အတူ နေလာခဲ့သည်မှစ၍ စက်မှု



ပစ္စည်း၊ စက်မှု သဘောတရားများကို ထိုးထွင်းသိရှိကာ နိုင်ငံတကာ အဆင့်အတန်းမီ စက်များကို မြန်မာ့ ဦးနှောက်ထဲမှ ယခုလို ကဲ့ယူထုတ်လုပ်နေခြင်း ဖြစ်ပါ၏။

ယခုအထိ ကျွန်တော် အလေးထားတင်ပြနေခြင်းမှာ မြန်မာတို့သည် လူညံ့များ မဟုတ်ကြ၊ မြန်မာတို့သည် စက်မှုဗီဇ၊ လက်မှုဗီဇ ရှိကြသူများဖြစ်၏၊ ထိုသို့ဆိုလျှင် မြန်မာသည် အဘယ်ကြောင့် ကမ္ဘာတွင် ရင်ပေါင်တန်းမနေနိုင်ရမည်နည်း။ ကျန်တာတွေ ထားပါတော့၊ ယခုနှစ်မှစ၍ကျွန်တော်တို့ကြိုးစားကြလျှင် အောင်မြင်မှုသည် မဝေးသော အနာဂတ် ကာလမှ ကျွန်တော်တို့အား စောင့်မျှော်နေမည်မှာ သေချာလှပါ၏။

မြန်မာနိုင်ငံသည် လူတစ်လုံး သူတစ်လုံးအဖြစ် နေထိုင်ခဲ့သော နိုင်ငံဖြစ်၏။ စိန်ပန်း ဦးကျော်စိန်က 'ဆရာရယ်၊ ဂျပန်နိုင်ငံ တိုးတက်တာတော့ အမှန်ပါပဲ၊ သူတို့နိုင်ငံ တိုးတက်လေ ကျွန်တော့် နိုင်ငံအတွက် ကျွန်တော်ကတော့ ရင်နာလေပဲ။ ဘာကြောင့်လဲဆိုတော့ ဂျပန်ဆိုတဲ့နိုင်ငံက ကျွန်တော်တို့က ကလေးကစားစရာဝယ်တဲ့နိုင်ငံပါ။ အရင်က ကျွန်တော်တို့က ဂျပန်ကားဆို စီးတာမှ မဟုတ်တာ၊ ကျွန်တော်တို့စီးတာက အမေရိကန်ကား၊ အင်္ဂလန်ကား၊ ဂျာမန်ကားမှ စီးတာ။ ဂျပန်နိုင်ငံဆိုတာက တကယ်ကိုပဲ ကျွန်တော်တို့ရဲ့ ကစားစရာဝယ်တဲ့ နိုင်ငံလေးကပဲ သဘောထားတာ၊ အခုတော့ သူက အအားတိုးတက်နေတယ်၊ ဒီတော့ တစ်မျိုးပြန်စဉ်းစားလို့ရတာကတော့ ကျွန်တော်တို့ ကစားစရာဝယ်တဲ့ နိုင်ငံကတောင် ဒီလောက်ဖွံ့ဖြိုးနေရင် ကျွန်တော်တို့ တက်ညီလက်ညီ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ကြရင် သူ့လို တိုးတက်နိုင်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့လဲ အသက်ကြီးပါပြီ၊ မသေခင် ကျန်တဲ့ အချိန်ကလေးမှာတော့ သူများနိုင်ငံတွေသို့အားကျမခံ တစိုက်မတ်မတ်လုပ်သွားဖို့ အခြေအနေကိုပဲ လိုချင်တာပါ၊ ဆိုလိုတာကတော့ အေးအေးဆေးဆေး အလုပ်ကို ဇောက်ချလုပ်နိုင်တဲ့ အခွင့်အရေးမျိုးလေးတော့ တကယ့်ကို ရချင်ပါကယ်ဆရာ' ဟု ဆိုပါ၏။

စိန်ပန်းကဲ့သို့ ဗီဇသတ္တိဖြင့် ကုန်ထုတ်ခဲ့သော နယ်မြေတစ်ခုကား ကျွန်တော်တို့ တိုင်းရင်းသား မွန်အမျိုးသားတို့နေထိုင်ရာ ဘီလူးကျွန်း၊ ချောင်းဆုံဖြစ်ပါ၏၊ ကျွန်တော်သည် ဘီလူးကျွန်းချောင်းဆုံသို့ သွားရောက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ရောက်ရှိခြင်းမရှိခဲ့ပါ၊ ဤစာအုပ်မပြီးမီ ရောက်နိုင်ပါက တိုင်းရင်းသား မွန်အမျိုးသားကြီးများ၏ အံ့မခန်းသော ဗီဇသတ္တိကိုလည်း ဤစာအုပ်တွင် ကျွန်တော် ရေးခွင့်ရရှိမည်ဖြစ်ပါ၏။

## ဗီဇ၊ သယံဇာတ ကြွယ်ဝတဲ့ တို့နိုင်ငံ

ထိုကဲ့သို့ တိုးတက်ကြီးပွားနိုင်သော စက်မှု လက်မှုဆိုင်ရာ ဗီဇရှိသော လူမျိုးသည် အဘယ်ကြောင့် မိမိနိုင်ငံကို မိမိစက်မှုနိုင်ငံအဖြစ် မတည်ထောင် မအောင်မြင်ဘဲ ရှိနိုင်ပါမည်နည်း၊ တကယ်လုပ်ပါက အဟုတ်ဖြစ်သည်ဟူသော ဆရာကြီး ဦးသုခ၏ စကားအတိုင်း ကျွန်တော်တို့ ညီညီညွတ်ညွတ် ကြိုးစားပါက မကြာမမြင့်သောကာလတွင် အောင်မြင်မှုကို ဆွတ်ခူးနိုင်မည် ဖြစ်ပါ၏၊ ကျွန်တော်တို့ လူမျိုးသည် ဗီဇရှိရုံမျှမက သယံဇာတလည်းရှိ၏၊ သယံဇာတသာမက ကျွန်တော် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ သဘာဝကလည်း အလှအပ အစုံအလင်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေပေးလျက်ရှိပါ၏၊ ဤအခြေအနေတွင် အမိနိုင်ငံနှင့်အတူ မိမိ၏ ဘဝပါ လွတ်မြောက်လိုကြသော လူငယ်များသည် တိုးတက်ကြီးပွားရေးအတွက် တစိုက်မတ်မတ် သန္နိဋ္ဌာန်ချမှတ်ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ကြရန် လိုအပ်ပါ၏။ ဆန္ဒပြင်းစွာ ချ၍ တစိုက်မတ်မတ် မည်သို့ ကြိုးစားရမည်နည်း။ ဤမေးခွန်းကို ကျွန်တော်အား လူငယ်များစွာတို့ကလည်း စာရေးသား၍ မေးမြန်းခဲ့ကြပါ၏။

စာရေးမေးမြန်းကြသော လူများထဲတွင် မြောင်းမြလမ်း စမ်းချောင်းနေ ကိုဝင်းအောင်၊ ဈေးကလေး ကြည့်မြင်တိုင်မှ မခင်ခင်လှိုင်၊ အထက်မင်းလှ အမှတ်- ၂ ရပ်ကွက်မှ ကိုဘင် မောင်စိုး၊ တောင်တွင်းကြီးမှ မဲတိုဘိုးဝင်းသာ၊ ယာဝတီမှ ကိုခင် မောင်မြ ဝင်းထိန်၊ မတ္တရာမြို့ မှုထမ်းပေါင်းစုံ ငွေစုချေး သမမှ မောင်အောင်ကျော်မြင့်၊ အောင်စက်မှုလက်မှ မြင်းခြံမှ ကိုထင်ထွန်းအောင်၊ အဆက ရေနံ့သာ ကံမမြို့နယ်မှ မြတ် သင်းမွန်၊ ၈၄-လမ်း မန္တလေးမှ မောင်ကိုကြီး၊ အောင်စမှ ရိပ်သာလမ်း လှိုင်မှ မောင်ရဲသူ၊ သုခလမ်း စမ်းချောင်းမှ မောင်မြင့်ဦး၊ မြရတနာလမ်း ပြည်သာယာ ဘောက်ထော်မှ ကိုတင်မောင်၊ မူဒုံမြို့မှ ကိုကိုလှိုင်၊ ပါရမီမှ မောင်ပြေဇော်အေး၊ မြေထဲမှ မောင်မျိုးချစ်၊ ဟသ်ာတကောလိပ်မှ မောင်သန်းကိုဦး အစရှိသော လူငယ်များက ကျွန်တော်တို့ နိုင်ငံကို ကျွန်တော်တို့ တိုးတက်အေးချမ်းသော နိုင်ငံတစ်ခုဖြစ်လိုလှပါသည်၊ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဖြစ်ခဲလှသော လူ့ဘဝတွင် လူတန်လို သူတန်လို နေလိုပါသည်။ ကျွန်တော်တို့ခေတ် ကျွန်တော်တို့အခါကျမှ အမိနိုင်ငံ မျက်နှာမွဲဖြစ်ရမည်ကို မလိုလားပါ၊ ကျွန်တော်တို့ ကြိုးစားပါမည်၊ လူငယ်များသည် လုပ်စရာအလုပ် မရှိ၍ ထိုင်နေရခြင်းဖြစ်သည်၊ လုပ်စရာအလုပ်ရှိလျှင် မခိုမကပ်တမ်း လုပ်မည်မှာ ယုံကြည်ပါခင်ဗျား-ဟု ရေးသားခဲ့ကြ၏။

## ...စ်လွင်သော ခွန်အားများကို ပေးရန်အသင့်

လူငယ်တိုင်းသည် မိမိလည်း ဖွံ့ဖြိုးတိုးတက်၍ အထက်သို့ ...တ်လှမ်းလိုကြ၏။ နိုင်ငံနှင့် လူမျိုးကိုလည်း ဖွံ့ဖြိုးတိုးတက်လို...၏။ နိုင်ငံနှင့်လူမျိုး တိုးတက်မည်ဟုဆိုပါက မိမိ၏ သစ်လွင် ...သာ ခွန်အားများကို မတွန့်မတို ပေးအပ်ရန် လူငယ်များက ...သင့်ရှိနေပါ၏။

ကျွန်တော့် ဆီသို့ စာရေးသား၍ မိမိတို့ဘဝ တိုးတက်လို ...ပါသည်ဟု ဆိုကြသူများ ထဲတွင် လူငယ်များက ကျွန်တော် ...ချောင်ချမ်းသာလိုကြပါသည်၊ အချောင်ငွေကြေး ကြွယ်ဝ ...ကြပါသည်၊ မပင်ပန်းသောနည်းဖြင့် အိမ်တစ်အိမ် ဆလိုရှိ ...ပါသည်၊ လက်ကြောမတင်းဘဲ ကားကောင်းကောင်း ...ကြပါသည်ဟူ၍ တစ်ဦးတစ်ယောက်ကမှ မဆိုကြပါ။ ...၏ ခွန်အားကို ရင်းနှီး၍သာ မိမိနိုင်ငံနှင့်ဒ.တူ မိမိတို့ ...သွားလိုကြပါသည်ဟု ရေးသားကြ၏၊ ကလေးများ၏

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကား လေးစားချီးကျူးဖွယ်ရာ ဖြစ်ပါ၏။ လူငယ်များတွင် အချောင်ကြီးပွားချမ်းသာလိုစိတ်မရှိကြပါ။ ထိုလူငယ်များ၏ စိတ်ဓာတ်ကို အမှန်အမြတ်ထား၍ အချောင်ချမ်းသာလိုသူများ၊ နိုင်ငံပစ္စည်း၊ နိုင်ငံဘဏ္ဍာ မလိမ့်တပတ်ရယူ၍ ကားမျိုးစုံစီး၊ အိမ်တစ်လုံးပြီးတစ်လုံး ဆောက်ကြသူအချောင်သမားတို့သည် ရှက်ဖွယ်ဖြစ်ပါ၏။

လူငယ်များသည်မိမိ၏ခွန်အား၊ ခွဲလုံ့လတို့ကို အရင်းတည်၍ ကြီးပွားတိုးတက်လိုသော စိတ်ဆန္ဒကို အလေးဂရုပြု၍ ကျွန်တော်သည် တိုးတက်ရာ နည်းလမ်းများကို ကျွန်တော့်ဘဝ အတွေ့အကြုံအရ ကျွန်တော်တင်ပြလိုပါ၏။

အမှန်စင်စစ် ကြီးပွားတိုးတက်ရေးတွင် ပုံသေဖော်မြူလာနည်းကားမရှိပါ၊ ကြီးပွားချမ်းသာရေး ပုံသေ ဖော်မြူလာနည်းကို တွေ့ရှိပါက၊ ထိုကြီးပွားချမ်းသာရေး ဖော်မြူလာကို ရောင်းစားပါက၊ အခြားသော သိပ္ပံဆိုင်ရာသုတေသန တွေ့ရှိချက်များကို တွေ့ရှိ၍ရောင်းစားသည်ထက် ပို၍ချမ်းသာမည်မှာ မသေချာလှပါသည်။

တိုးတက်ချမ်းသာ ကြီးပွားရေးနှင့် ပတ်သက်၍ ကမ္ဘာတွင် ဒေးလ်ကာနက်ဂျီဆိုသော ပုဂ္ဂိုလ်ကြီးသည် အကြီးအကျယ် ရေးသား ဟောပြောမှုများ ပြုခဲ့၏။ မြန်မာနိုင်ငံတွင်လည်း တိုးတက်ကြီးပွားရာ နည်းလမ်းများကို ဆရာကြီး ပီမိုးနင်းကဲ့သို့သော ပုဂ္ဂိုလ်များအပြင် ယခု အခါ ဦးအောင်ဝင်း (စိတ်ပညာ)၊ တက္ကသိုလ်ဆုမြိုင် အစရှိသော ပုဂ္ဂိုလ်များသည် ဘဝအောင်မြင်ရေး နည်းလမ်းများကို ရေးသားကြပါ၏။

## ဉာဏ်ကိစ္စ မျိုးရိုးနှင့်မဆိုင်

...ပေတွင် တိုးတက်ကြီးပွားရေးနှင့် ပတ်သက်၍ ...ပြုရေးသားမှုများလည်း များစွာရှိပါ၏။ သို့သော် ...ကြီးပွားမှုနှင့် ပတ်သက်၍ ပြောရလျှော် မသေချာသော ...မှာ တိုးတက်ကြီးပွားမှုသည် မျိုးရိုးဗီဇ ကို လိုက်၍ ...ကိစ္စမဟုတ်ဟူသော အချက်ကိုကား ခိုင်ခိုင်မာမာ ...ပါ၏။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ သွေးနှင့် ...သော အချို့ရောဂါတို့သည် မျိုးရိုးလိုက်တတ်ပါ၏။ ...မ်းသာကြီးပွားမှုသည် မျိုးရိုးနှင့်မဆိုင်ပါ။ ငါ့အဖေ ...ချမ်းသာတာပဲ၊ ငါ့မိဘက လူတော်တွေပဲ၊ ငါလဲ ...အမေ့သွေးပါတာပဲဟုဆိုကာချမ်းသာကြွယ်ဝမှုကို ...ား သေသည်အထိ ကြွယ်ဝမှုသည် ရောက်မလာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးနှင့်ပတ်သက်၍ မိဘဆီမှရနိုင်သည့်မှာ နှလုံးရော
သွေးတိုးရောဂါ စသည့်သေခြင်းဆိုးရောဂါတို့သာ ဖြစ်ပ
တိုးတက်ကြီးပွားမှုအား မိမိဘ၏သာ ကြီးစားသူမှသာ
ပါ၏။ ထို့ကြောင့် တိုးတက်ကြီးပွားမှုသည် အလွယ်နှင့်ရ
ကိစ္စမဟုတ်ဟူသော အချက်ကိုကား သတိထားရန် လို
ပါ၏။

အချို့ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ၏သားသမီးများ
ကြီးပွားချမ်းသာသူများ ဖြစ်မလာကြပါ။ ဖခင်ချမ်းသာ
သားသမီးများ ချမ်းသာကြသည် မဟုတ်ပါ။ သားသမီး
ထက်ကျမှ မိဘလက်ထက်က ချမ်းသာသမျှ ပြုတ်ပြု
ကုန်သူများသည်း ရှိပါ၏။

ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားသည် စာမ
ပေမတတ်၍ မိဘများ၏အသလေစသော် ပစ္စည်းဥစ္စာများ ကုန်
ပျောက်ပျက်၍ မြို့မှထွက်လာ တောမှ သေသည်။ ကောင်
လင်းတကျခဲ့ရသည့် ပုံပြင်သည် မြန်မာတိုင်းရှိမြစ္စာ နား
ထားသော သင်ခန်းစာပုံပြင် တစ်ရပ်ဖြစ်ပါ၏။

နောက်တစ်ချက် ကျွန်တော်တင်ပြလိုသည်မှာ ဘယ်
ဘယ်အချိန်တွင် ဘယ်နက္ခတ်နှင့်ယှဉ်၍ မွေးသူသည် ကြွ
ချမ်းသာသည်ဟူသော အချက်မှာလည်း မဟုတ်နိုင်ပါ။
အမျိုးသမီးဆေးရုံကြီးဟိုဘက် သည်ဘက် ခုတင်ချင်းကပ်လ
တစ်ပြိုင်နက် မွေးသူမျာ:သည် အကျိုးပေးခြင်းကား မတူ

မွေးချိန်အတူတူ၊ မွေးဖွားရာဇာတာ၊ လေးဇင်ဂျီတွင် လ
တွင်အတူ ဖြစ်သည့်တိုင် အကျိုးပေးချင်းမတူကြပါ။ တစ်ခ



အမျိုးသမီး ဆေးရုံကြီးတွင် ပြိုင်တူတစ်ချိန်တည်း ထပ်ရက်
ည်း တစ်ခန်းတည်းတွင် ကလေးသုံးယောက် မွေးပါသည်။
ဦးက ရက်ပိုင်းအတွင်းတွင် အသားဝါရောဂါနှင့် ဆေးရုံ
ါတွင် ဆုံးသွားပါသည်။ တစ်ဦးသော ကလေးမှာ မွေးစက
ရောဂါပါလာ၍ တစ်ဦးက ကျန်းကျန်းမာမာ မွေးလာ
င်း။

ရောဂါရှိသော ကလေး၏ မိဘများသည် အလွန်ဆင်းရဲ
ပါ၏။ ကျန်းမာသော ကလေး၏ မိဘများမှာ ချမ်းသာကြ
၏။ ကွယ်လွန်သွားသော ကလေးသည် ကျွန်တော်၏ ရင်
ဖြစ်၍ အခြားကလေးနှစ်ဦး၏ လိပ်စာကို ယူခဲ့ပြီးနောက်
နှစ်နေသောအခါ ထိုကလေးနှစ်ဦးကို ကျွန်တော်သည်
မ်းကြည့်ရာ ဆင်းရဲသော မိဘမှမွေး၍ ရောဂါပါလာသူ
လေးသည် စာတော်၍ လူရည်ချွန်တစ်ဦးဖြစ်နေပြီး ပညာ
သော ကလေးဖြစ်နေ၏။ ချမ်းသာသော မိဘမှ ကျန်းကျန်း
မွေးလာသော ကလေးသည် ပညာလည်းမချွန်ဘဲ မော်
ာ်ကားတိုက်မှုဖြင့် ဦးခေါင်းကိုထိခိုက်ခံရကာ စာဆက်၍
င်နိုင်သောအဖြစ်သို့ ရောက်နေသည်ကို ဝမ်းနည်းဖွယ်ရာ
တွေ့ခဲ့ရပါသည်။

ယခုခေတ်တွင် ပို၍ ဆိုးပါ၏။ ကလေးကို ဘယ်လ ဘယ်
သီတွင် မွေးလိုသနည်း။ မွေးလိုသည့်အချိန်ကို အချိန်ကိုက်၍
းအောင်လုပ်နိုင်သော နည်းလမ်းများရှိနေ၏။ ကလေးကို
မှာ့ဘယ်နေရာတွင် မွေးလိုအနည်း၊ မွေးလိုသော အရပ်တွင်

www.burmeseclassic.com

www.burmeseclassic.com



မွေးနိုင်၏၊ မေထုံမဲ့သားစပ်နည်း၊ သန္ဓေပြွန်ထဲတွင်
မွေးခြင်း၊ အမေအငှားပြု၍ မွေးခြင်း စသည်ဖြင့်
ဖြင့် မွေးနိုင်ပေရာ ဘယ်နေ့ ဘယ်အချိန် မွေးသူ၏
ပိုကောင်း၍ ပိုချမ်းသာမည်ဟူသော အချက်မှာ စဉ်း
ဖြစ်ပါ၏။

ထိုအချက်ကို ယုံကြည်ခြင်းဖြင့် ငါ့ဇာတာကမှ
တာဘဲ၊ ငါ ဘယ်ကြီးပွား ပါ့မလဲ ဟူသော စိတ်ဝင်
တကယ် ကြီးပွားရေးလမ်းစ ပိတ်သွားနိုင်ပါ၏။
မကောင်းလျှင် အသစ်လုပ်၍ ရပါ၏။ ဇာတာ ဟော
ပိုးထိုးလျှင် ရေနံချေးသုတ်ပေးပါက ဇာတာကြာရှည်
သေချာပါသည်။

ကံဟူသောကိစ္စကို အလုပ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုက
အတိတ်ကံဟူသည်မှာ ရှေးက မိမိပြုနေလုပ်ခဲ့သော
ပစ္စုပ္ပန်ကံဟူသည်မှာ ယခု မိမိပြုသော အလုပ်ဟူ၍
ထားကာ ရှေးအတိတ်က ကံနည်းသူများသည် ယခု
ကာလတွင် အလုပ်ပို၍ ကြိုးစားခြင်းဖြင့် ကုစားနိုင်ပါ

တိုးတက်ကြီးပွား ချမ်းသာရေးအတွက် အကြီးဆုံး
အစဉ်မပြတ် တိုးတက်ကြီးပွားချမ်းသာလိုစိတ်ရှိနေရန်
မိမိ၏ရည်မှန်းချက်ကို မျက်ခြည်မပြတ်၊ အဆက်မပြတ်၊
အဆက် လုပ်ဆောင်လိုသောစိတ် အမြဲ ကိန်းအောင်း
ဖြစ်၏။ လူတစ်ယောက်တွင် ကြီးပွားလိုစိတ်ရှိပြီဟု ဆိုပါက
ပွားရန် လမ်းမဝေးတော့ပါ၊ ထိုစိတ်ရှိပါက ထိုစိတ်
လိုက်မတိမ်းတတ် ရည်မှန်းချက်ထား၍ ဆောင်ရွက်သူတိုင်



တိုးတက်ကြီးပွားနိုင်ပါ၏။ ထိုဆောင်ရွက်မှု၏အကျိုးဆုးကို ကျိန်းသေ ခံစားရမည်သာ ဖြစ်ပါ၏။

တိုးတက်ကြီးပွားအောင် ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး ကွာခြားမှုရှိနိုင်၏။ ယင်းတို့မှာ ဉာဏ်၊ လုံ့လ၊ ဝီရိယ ကွာခြားမှု၊ စိတ်ကူးစိတ်သန်း ကွာခြားမှု၊ အလျင်အမြန် ဆုံးဖြတ်နိုင်မှု၊ မဆုံးဖြတ်နိုင်မှု၊ ကျန်းမာရေး ကောင်းမှု မကောင်းမှု စသည့်အချက်များပေါ်တွင် မူတည်၍ ကြီးပွား တိုးတက်မှုများ၏ အတိုင်းအတာသည် ကွဲပြားမှုရှိနိုင်သည်။ သို့သော် ကြိုးစားလျှင် ကြိုးစားမှုကိုတော့ မုချ ခံစားရမည် ဖြစ်ပါသည်။

ကြီးပွား တိုးတက်အောင် ဆောင်ရွက်ရာတွင် အခြေခံ အရေးကြီးသော အချက် နှစ်ချက်မှာ—

— ခေတ္တ အောင်မြင်မှုသည် အစဉ်အမြဲ ရှိနိုင်ခြင်းမဟုတ် ဟူသောအချက်ကို စွဲမြဲစွာလက်ခံထားရန် လိုအပ်ပါ၏။

— အမှားများကို အကောင်းဆုံး အရင်းအနှီးများအဖြစ် အသုံးချရမည် ဖြစ်ပါ၏။ (တစ်နည်း) အမှားများမှ သင်ကြားနာယူမှု ရှိရမည် ဖြစ်၏။

လူတွင် အမှားမရှိသူဟူ၍မရှိ၊ လူတိုင်းမှားတတ်ကြပါ၏။ ထိုအမှားတို့သည် အဖိုးတန်၍ လွှင့်မပစ်ကြရန်လိုပါ၏။ တိုးတက်ကြီးပွားရေးကိစ္စကို ဤကဲ့သို့ သဘောတရားတွေ အများကြီး လျှောက်ပြောနေပါက စာဖတ်သူ ငြီးငွေ့ဖွယ်ရာဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် လက်တွေ့ဥပမာလေးများနှင့်တင်ပြလိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အသက် ၂၀ မှ နာရီကြည့်တတ်

ကျွန်တော့်တွင် မိတ်ဆွေတစ်ဦး ရှိပါ၏။ သူ့ အမည်မှာ ကိုအောင်ကိုမြင့် ဖြစ်သည်။ ငယ်နာမည်တော့ ဟုတ်ဟန်မတူပါ။ ရန်ကုန်ရောက်မှ နာမည်ပြောင်းထားဟန်တူပါ၏။

ကိုအောင်ကိုမြင့်သည် နတ်မောက်မြို့နယ်၊ လဲဘူးကျေးရွာ ဇာတိဖြစ်၏။ ကျွန်တော်သည် ကိုအောင်ကိုမြင့်ကို တိုးတက်သော အယူအဆများရှိခြင်း၊ သူ့အရပ်ဒေသကို အလွန်အမင်း ဖွံ့ဖြိုး တိုးတက်စေလိုခြင်း၊ မဟုတ်မခံစိတ်ရှိခြင်း ကိစ္စများအပေါ် အခြေခံ၍ ခင်မင်ခဲ့ပါ၏။

ရန်ကုန်တွင် ကိုအောင်ကိုမြင့်သည် ဆွေမျိုးသားချင်းဟူ၍ မရှိဘဲ ချာသောအားဖြင့် ဘုန်းကြီးကျောင်းများတွင် ကပ်နေ ခဲ့ပါ၏။ ထိုအခါကစ၍ ကိုအောင်ကိုမြင့်သည် သူ့ရွာမှလူငယ် လေးများကို ခေါ်လာခဲ့ပြီး ပရဟိတကျောင်းများတွင် ပို့ထား



ပါသည်။ အထူးသဖြင့် ကရင်ပြည်နယ်ရှိ ထုံးအိုင် ပရဟိတ၊ ရန်ကုန် ကျူးကျော်စင်း ပရဟိတ၊ ဖျာပုံ ပရဟိတ အစရှိသော ပရဟိတ ကျောင်းများသို့ မိမိအရပ်ဒေသမှ ကလေးများကို ခေါ်ယူအပ်နှံထား၏။ ယင်းကိစ္စနှင့်ပတ်သက်၍ ကိုအောင်ကို မြင့်က "ဦးချစ်စံယ်၊ ဒီကလေးတွေဟာ ရွာမှာ နေရင် စာတတ်မှာလည်းမဟုတ်ဘူး၊ ကျွဲကျောင်း၊ နွားကျောင်းနဲ့ပဲ သူတို့အတိုင်း သူတို့အဖေတွေ ကျင်လည်တဲ့ဘဝမှာ ကျင်လည်ပြီး သွားမှာပဲ၊ ကျွန်တော်က ဒီကလေးတွေကို သူတို့မိဘတွေကို ရှင်းပြ ကလေးတွေကို စည်းရုံးပြီး ပရဟိတ ဂေဟာတွေမှာ ပြန်ပို့တော့ ဒီကလေးတွေဟာ ခုနစ်တန်း၊ ရှစ်တန်းလောက် အောင်ပြီး ရွာပြန်သွားရင်ပဲ ရွာမှာနေတဲ့ အခြား ကလေး တွေနဲ့ မတူတော့ဘဲ အသိအမြင်က အစ တိုးတက်လာပြီ။ ဒီလို လူငယ်တစ်ယောက် တိုးတက်လာတာဟာ ကျွန်တော့်ရွာ ကျွန်တော့်အရပ် တိုးတက်လာတာပေါ့ဗျ၊ ကျွန်တော့်အရပ် ကျွန်တော့်ရွာ တိုးတက်တာဟာ ကျွန်တော့်မြို့ ကျွန်တော့် နယ် တိုးတက်လာတာပဲ၊ ကျွန်တော့်မြို့ ကျွန်တော့်နယ် တိုးတက်လာတာဟာ ကျွန်တော့်နိုင်ငံတိုးတက်တာပေါ့ဗျ၊ နိုင်ငံ တိုးတက်ဖို့ဆိုရာမှာ တစ်ဦးတစ်ယောက် လေးငါးယောက် ကိုယ်လွတ်ရုန်းရုံ ထွက်ပေါက်ရှာရုံနဲ့ မရနိုင်ပါဘူး" ဟု ပြောပြ ပါ၏။

ကျွန်တော်သည် ကိုအောင်ကိုမြင့်နှင့် ပတ်သက်၍ သူ့ကိုယ် ရေးကိုယ်တာကိစ္စရပ်များကို အထက်ပါ စိတ်ဓာတ်အမြင် အတော်ကြီး အကူအညီပေးခဲ့ရပါသည်။ ကိုအောင်ကိုမြင့်သည်

www.burmeseclassic.com

www.burmeseclassic.com

တကယ့်ကို ကိုယ့်မှုး ကိုယ်ချွန်သမားဖြစ်၏။ ငယ်စဉ်က ... ရိုးမတွင် ဟူးဖွတ်၊ ထင်းခွေ၊ နွားကျောင်းရင်း အသက်... ခဲ့ရ၍ ဖခင်ဖြစ်သူမှာ မြွေအလမ္မာယ်ဆရာ သို့မဟုတ်မြွေဖမ်း... ရောင်းချစားသူ ဖြစ်ဟန်တူပါ၏။

ကိုအောင်ကိုမြင့်ကို ၁၉၄၆ ခု၊ ဒီဇင်ဘာလတွင် ... တိုင်း၊ နတ်မောက်မြို့နယ်၊ လဲဘူးကျေးရွာတွင် အဖဦးကြို... အမိ ဒေါ်ခင်တုတ်တို့မှ ဖွားမြင်ခဲ့၏။ ငယ်စဉ်က ဘုန်းကြီး... ကျောင်းတွင် စာတစ်ဝါ သင်ခဲ့ဖူးသည်မှအပ အတန်းကျောင်း... နေခဲ့ဖူးခြင်းမရှိပါ။ ငယ်ရွယ်စဉ်ကလေးဘဝ တစ်လျှောက်လုံး... အရွယ်ရောက်သည်အထိ ဝါးခုတ်၊ သစ်ခုတ် အလုပ်ကိုသာ... လုပ်ကိုင်ရင်း ကြီးပြင်းလာခဲ့ရပါ၏။ သို့သော် ထိုသို့နေရင်း... ကိုအောင်ကိုမြင့်သည် ဘဝတိုးတက်ရာ တိုးတက်ကြောင်း... အတွက် တောင်တွင်းကြီးမြို့သို့သွားရောက်ခဲ့ပါ၏။ တောင်တွင်း... ကြီးမြို့တွင် ဘုန်းကြီးကျောင်း၊ ပရဟိတဂေဟာ စသည်တို့တွ... ကပ်မှီခိုနေရင်း အတန်းကျောင်းများတွင် တက်ရောက်၍ စာ... သင်ကြားခဲ့သည်။ ထိုသို့ပညာသင်ကြားရင်းမှ ကိုအောင်ကိုမြ... သည် ရန်ကုန်သို့ ပထမအကြိမ် ရောက်ရှိလာခဲ့၏။ ရန်ကုန်သို့... ရောက်သောအခါ ကိုအောင်ကိုမြင့်၏အသက်သည် ၂၀ မျှသ... ရှိနေပြီဖြစ်၏။ သို့သော် ထိုအသက်အရွယ်သို့ရောက်သည့်တိုင်... အောင် ကိုအောင်ကိုမြင့်သည် နာရီ မကြည့်တတ်သေးပ... ကိုအောင်ကိုမြင့်က သူ နာရီမကြည့်တတ်ပုံကို ဒီလို ဦးချစ်စံ... ကျွန်တော့် အသက်ကလဲ ၂၀ ရောက်နေပြီ အဲဒီအထိ နာရီ... မကြည့်တတ်သေးတော့ သူများမေးလည်း ရှက်စရာဖြစ်တာ...



ပန်းဆိုးတန်းထိပ်က မီးရထားနာရီစင်ကို မြင်ရတဲ့ ဗိုလ်ချုပ်... လမ်းပေါ်ကနေ အဲဒီနာရီကိုကြည့်၊ နာရီနဲ့လက်တံ အတို... အရှည်ကို မှတ်ထားပြီးမှ ဗိုလ်ချုပ်လမ်းပေါ်က လက်ပတ်နာရီ... ပတ်လာတဲ့ လူတစ်ယောက်ကို ဆရာ ဘယ်နှစ်နာရီ ရှိပြီလဲလို့... မေးရတယ်။ သူက ၁၂ နာရီခွဲလို့ဆိုတော့ မီးရထား နာရီကို... ကြည့်ပြီး ၁၂ နာရီခွဲဆိုတာ လက်တံအတိုက ဘယ်မှာ၊ လက်တံ... အရှည်က ဘယ်မှာဆိုတာ မှတ်ရတယ်။ နောက်တစ်ခါ နာရီတ... ကြာတော့ လမ်းလျှောက်လာတဲ့သူကို ဆရာဘယ်နှစ်နာရီရှိပြီလဲ... လို့ မေးတော့ သူက တစ်နာရီဆိုတာပဲ၊ ဒီတော့ မီးရထား... နာရီက တစ်နာရီဆိုတာ လက်တံအတိုက ဘယ်နေရာမှာလဲ၊... လက်တံအရှည်က ဘယ်နေရာမှာလဲဆိုတာ မှတ်ရတယ်၊ ဒီလိုနဲ့... သုံးရက်လောက်ဆင်ယှဉ်မှ ကျွန်တော် နာရီကြည့်တတ်ပါတယ်... ဟု ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# စဉ်ဆက်မပြတ် အားထုတ်မှု

အသက် ၂၀ တိုင် နာရီမကြည့်တတ်သေးသော ကိုအောင်ကိုမြင့်သည် ၁၉၇၅ ခုနှစ်တွင် စာပေဗိမာန်မှ ချီးမြှင့်သော လူငယ်စာပေ ပထမဆုကို 'ရေဆန် လေဆန်ဘဝခရီး' ဟူသော စာအုပ်ဖြင့် ဆွတ်ခူးရရှိခဲ့၏။ ကိုအောင်ကိုမြင့်သည် စာတတ်မှ ပဟုသုတရှိမည်၊ ပဟုသုတ ကြွယ်ဝရန် ဈေးအသက်သာဆုံး နည်းမှာ စာဖတ်ခြင်းဖြစ်သည်ဟုဆိုကာ ဈေးအသက်သာသော နည်းဖြင့် ပညာရရှိရေးအတွက် စာများကို ဖတ်ခဲ့၏။ စာဖတ် လာသောအခါ စာရေးဆရာဖြစ်လိုစိတ် ပေါ်ပေါက်လာသည်။ ရန်ကုန်တွင် သူလုပ်ရသော အလုပ်ကလည်း စာပေနှင့်မကင်း သော အလုပ်ဖြစ်ရကား စာရေးဆရာဖြစ်လိုစိတ်သည် သူ၏ တွင် တိုးတက်ပွားများလာသည်။ သူသည် ထိုစိတ်ကို အာရုံ စိုက် စွဲမြဲကာ ကြိုးစားလာ၏။ ထို့ကြောင့် ကိုအောင်ကိုမြင့်



သည် စာရေးဆရာ တစ်ဦးအဖြစ် ခံယူလာနိုင်သည်သာမက စာပေဗိမာန် ပထမဆုကိုပါ ရရှိခဲ့ပါ၏။

ကိုအောင်ကိုမြင့်ထက် စာပိုတတ်၍ ကိုအောင်ကိုမြင့်အား ဟိုဟာ လုပ်ပါဦး၊ ဒီဟာ လုပ်ပါဦး ဟု ခိုင်းနေသော သူများ သည် စာပေနှင့် နီးကပ်စွာ အသက်မွေး ဝမ်းကျောင်း ပြုခွင့် ရကြသည့်တိုင် စာရေးဆရာလည်းမဖြစ်၊ အချို့ စာပေဆရာ ဖြစ်သော်လည်း သူ့လို နိုင်ငံတော်က ချီးမြှင့်သည့် စာပေဆု တစ်ခုကို ထိုက်ထိုက်တန်တန် မရရှိနိုင်ဘဲ ရှိကြ၏။ ကွာခြားမှုမှာ ကိုအောင်ကိုမြင့်တွင် စွဲ၊ ဝီရိယရှိ၏။ ပေါ့ပေါ့မနေဘဲ ၊ သူ့ ဒေသအနေပါ သူသည် ကြိုးမားစွာ စေတနာစေ့၏ လုပ်ငန်း တစ်ခုအနေပါ စဉ်ဆက်မပြတ် အားထုတ်မှုရှိ၍ ထိုအားထုတ်မှု စေတနာတို့သည် သူ့အား သူဖြစ်လိုသောအရာ၊ သူဖြစ်လိုသော နေရာသို့ တွန်းပို့ပေးခဲ့ခြင်းသာ ဖြစ်ပါ၏။

အကယ်၍ ကိုအောင်ကိုမြင့်က သူ အသက်(၂၀)တွင်မှ နာရီကြည့်တတ်သည်ဟု ဆိုပါက ကျွန်တော်ကလည်း ပြောပြ ရန် အကြောင်းတစ်ရပ် ရှိပါသည်။

ကျွန်တော်သည် အသက် (၁၂) (၁၃)နှစ်လောက်တွင် ရွာမှ ပဲခူးရှိ အဘိုးအိမ်သို့ လာ၍ အင်္ဂလိပ်စာသင်ရ၏။ ထို အချိန်က ကျွန်တော်သည် လျှပ်စစ်မီးပွင့် မီးသီးများကို မြင်ဖူး သော်လည်း တစ်ခါမျှ မီးခလုတ်ကို မကိုင်ဖူးပါ။

ပဲခူး အဘွားအိမ်တွင် လူကြီးများက အိမ်ပေါ်တွင် အိပ် ကြ၏။ ကျွန်တော်နှင့် မောင်ညိုကြ အိမ်အောက်တွင် အိပ်သည်။ မောင်ညိုသည် တစ်နေ့ကုန် ထမင်းချက်၊ အလုပ်ကျော် လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



သာဖြင့် ညစောစောအိပ်ရာဝင်၏၊ ကျွန်တော်က ညဉ့်နက်သည်အထိ ရေခပ်ရသည်၊ တစ်ညတွင်တော့ လူကြီးများ အိမ်အပေါ်သို့ တက်သွားပြီးချိန်တွင် ကျွန်တော် တစ်ခါဖူးမျှ မဖွင့်ဘူးသော မီးခလုတ်ကို နှိပ်ကြည့်ရန် စိတ်ကူးပေါ်ခဲ့ပါ၏၊

သို့သော်လည်း မီးခလုတ်ကို မနှိပ်ထက်၍ မီးလုံးကြီး ထပေါက်မည်၊ မီးလုံးပျက်သွားမည်ကိုလည်း စိုးရိမ်နေရသေး၏၊ ကျွန်တော့် စိတ်ထဲတွင် မီးခလုတ်ဖွင့်ကြည့်ခြင်းကို ကားမောင်းထင်သလို သင်ယူရသည်ဟု ထင်နေ၏၊ ထို့ကြောင့် နည်းစနစ်မသိဘဲ မီးခလုတ်ကို ဖွင့်မိပါက ပျက်သွားမည်ကို စိုးရိမ်မိခြင်းဖြစ်သည်၊ သို့သော် ကျွန်တော်သည် သူများ မီးဖွင့်သည်ကို ကြည့်ထားပြီးဖြစ်ရာ ထိုအတိုင်းလုပ်ပါက အမှားအယွင်း မရှိနိုင်တူသော ယုံကြည်စိတ်ဖြင့် ကျွန်တော်သည် မီးခလုတ်နားသို့သွားကာ တုန်ယင်သောလက်ဖြင့် မီးခလုတ်ကို ဖွင့်လိုက်၏။ ထိုအခါ မီးခလုတ်သည် ချက်ချင်းလင်းလာသည်၊ ထိုအခါ ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် အတော်ကြီး ဝမ်းသာသွားသည်။

ကျွန်တော်သည် နောက်တစ်ကြိမ် ဖွင့်ချည် ပိတ်ချည် ထပ်လုပ်သည်၊ မီးလုံးသည် ဖွင့်လျှင် လင်း၍ ပိတ်တွင် မှိတ်သွား၏။ ထိုခဏတွင် ကျွန်တော်သည် မိမိကိုယ် မိမိ မီးခလုတ်ဖွင့်ခြင်း၊ ပိတ်ခြင်း မသင်ရဘဲ တတ်မြောက်သူအဖြစ် အထင်ရှိကာ ကျွန်တော့်ကိုယ် ကျွန်တော် ကမ္ဘာပေါ်၌ လျှပ်စစ်မီးကို စတင်တီထွင်သူ သောမတ် အယ်ဒီဆင် လောက် နီးနီး စိတ်ကြီးဝင်သွားခဲ့ဖူးပါ၏။

## သိုင်းတိုးအော မောင်နှင်းဆွေ

ကျွန်တော့် မိတ်ဆွေများထဲမှ အခြား ပုဂ္ဂိုလ် တစ်ဦးနှင့် န်တော် မိတ်ဆက်ပေးလိုပါသေး၏။ ထိုသူမှာ ကျွန်တော်က ်ဆက်ပေးစရာပင် မလို၊ အားလုံးက သိရှိပြီး ဖြစ်နေသော ရေးဆရာ မောင်နှင်းဆွေ ဖြစ်ပါသည်၊ မောင်နှင်းဆွေကို န်တော့် အခေါ်ဖြင့် သိုင်းတိုးအော မောင်နှင်းဆွေဟု တင်စား လိုပါ၏၊

မောင်နှင်းဆွေနှင့် ကျွန်တော် ၁၉၆၀ ခုနှစ်လောက်ကစ၍ ခဲ့ပါသည်၊ ထိုအခါက ယခု ဆူးလေဘုရားလမ်းနှင့် အနော် လမ်းထောင့်ရှိ ကြော်ငြာများ ကပ်ထားသော ကွက်လပ် လေဟာပြင်ဈေး ရှိပါ၏။ ယင်း လေဟာပြင်ဈေးထွင် တ်အထည်၊ စားစရာ အစုံရောင်းသည်၊ စာအုပ်ဆိုင်လေး လည်း ရှိ၏၊ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ထိုလေ ပြင်ဈေးမှ စာအုပ်ဆိုင် တစ်ဆိုင်တွင် မောင်နှင်းဆွေသည်

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်အကူရောင်းပေးရ၏။ မောင်နှင်းဆွေသည် အတန်းပညာ ခြောက်တန်း ခုနစ်တန်းလောက်သာ သင်ကြားဖူး၏။ သို့သော် လည်း သူသည် စာဖတ်သက်ရင့်၍ မြန်မာစာကျွမ်းသည်။ သူ သည် စာအုပ်ရောင်းရင်း တွေ့သမျှသော မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်များကို အကုန်အစင်ဖတ်၏။ အင်္ဂလိပ်စာကို မိမိဘာသာ ဆရာမထားဘဲ လေ့လာသင်ကြား သည်။ မောင်နှင်းဆွေသည် ဤသို့ဖြင့် စာဖတ်သက် သုံးလေးနှစ် လောက်ရှိသောအခါ မြန်မာစာအုပ်လောကတွင် သူမဖတ်ဖူး သော နာမည်ကြီးစာအုပ်ဟူ၍ မရှိသလောက် ဖြစ်လာ၏။ ထို နောက်အခါ သူက စာပေနှင့် ပတ်သက်၍ ကျွန်တော်တို့ကို ဦးဆောင်၍ ဆွေးနွေးနိုင်လာ၏။ သူသည် ထိုစဉ်ကပင် စာရေး ဆရာတစ်ဦးဖြစ်ရမည်။ စာရေးဆရာဖြစ်ပါက ပြည်သူအား မိမိ တတ်ကျွမ်းသော စာပေအရေးအသားဖြင့် ဖျော်ဖြေမည် ဟူ သော သန္နိဋ္ဌာန်ရှိခဲ့၏။

ကျွန်တော်နှင့် မောင်နှင်းဆွေသည် ရန်ကုန်တစ်မြို့တည်း တွင် အတူနေကြသော်လည်း ၁၉၆၇ ခုနှစ်လောက်မှစ၍ မောင် နှင်းဆွေနှင့်ကွဲသွား၏။ မောင်နှင်းဆွေသည် စာအုပ်များ ထုတ်ဝေ နေသည်ဟု သတင်းကြားမိသည်။ တစ်နေ့မြို့ထဲအရောက် မောင် နှင်းဆွေ ဟူသော အမည်ဖြင့် စာအုပ်တစ်အုပ်ကို တွေ့၍ ကောက် ကိုင်မိရာ ဇာတ်အိမ်ကို စတင်ဖွဲ့စည်းထားသော နေရာသည် ကင်းဘရစ်တက္ကသိုလ်၏ တစ်ခုသော ကြိုတွင် အကျော်မြင့်မားသော အဆင့် ဆိုင်ရာ ပါမောက္ခကြီးနှစ်ဦးက ကမ္ဘာကြီး၏ သေရေးရှင်ရေး ကိစ္စ ဆွေးနွေးမှုအကြောင်းဖြင့် သူ့စာအုပ်တွင်ဖွင့်ထား၏။



တကယ်တော့ မောင်နှင်းဆွေသည် အင်္ဂလန်သို့ မရောက်ဖူး ပါ။ သို့သော် သူဖတ်ထားသော စာဖြင့် ကင်းဘရစ်တက္ကသိုလ်ကို သူ့စိတ်ကူးဖြင့် သူ ဇာတ်အိမ်ဖွဲ့ကာ တည်ဆောက်ပါ၏။ နေ့စဉ် တစ်ခန်းနှစ်ခန်းလှန်ကြည့်သောအခါ ဇာတ်အိမ်နောက်ခံနေရာ တို့မှစ အာဖရိကတောနက်ကြီးနှင့် အာတိတ်၊ အန္တာတိတ်စက် ဝိုင်းများဆီသို့ရောက်ပြီး အမေဇုံမြစ်ဝှမ်းသည်လည်း သူ့စာအုပ် တွင် ခပ်သေးသေး မြစ်တစ်ခုသာ ဖြစ်နေပါ၏။ ကမ္ဘာကြီး၏ သေရေးရှင်ရေး ကိစ္စများကို ရေးသားနေမှတော့ အမေဇုံ တောနက်ကြီးသည်လည်း မောင်နှင်းဆွေ၏ လက်တွင်သေးငယ် ရပါတော့မည်။

မောင်နှင်းဆွေက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ဖြင့် သူ့ဇာတ်အိမ်ကို သူဖွဲ့သည်။ သူသည်ကြိုးစားသည်။ သူ့ စိတ်ကိုသူ ခပ်မြင့်မြင့်တွင် အမြဲထားသည်။

ယခုအခါ မောင်နှင်းဆွေသည် သူ၏ ငယ်စဉ်ကရည်မှန်း ချက်အတိုင်း သိုင်းဘုရင်ဘွဲ့ခံကာ ပြည်သူ လူထုအား ဖျော်ဖြေ မှုပေးလျက် ရှိပါ၏။ သိုင်းစာအုပ်ဟု ဆိုလျှင် ယနေ့ စပယ်ယာ ရော၊ စိန်ကုန်သည်ရော၊ ကျောက်ကုန်သည်ရော၊ ကျောင်းဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားအပါအဝင်၊ အရာရှိရော၊ ဝန်ထမ်းမှအစ ကုန်စိမ်းသည် အဆုံး ဖတ်ကြ၏။ စာကြည့် တိုက်၊ အငှားဆိုင် လောကတွင် အခြားစာရေးဆရာကို မသိချင် ရှိမည်၊ မောင်နှင်းဆွေဆိုပါက မသိသူ မရှိ။

မောင်နှင်းဆွေသည် မောင်နှင်းဆွေ ဟူသော ကလောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းတည်းသာမက နာမည်ပွား သုံးခေါက်ခန့်လည်း ဖျော်ဖြေရေး သိုင်းစာအုပ်များကို ထုတ်သည်။

မောင်နှင်းဆွေကို လေ့လာသော် သူသည်

- ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံသည်။
- စာပေဖြင့် ပြည်သူအား ဖျော်ဖြေမည် ဟူသော ရည်မှန်းချက်ကို မသွေမဖည်ဘဲ တစိုက်မတ်မတ် လုပ်ခဲ့သည်။
- သူ့ကိုယ်သူ ယုံကြည်သည်

အင်္ဂလိပ်စာကို ဆရာမထား၊ဘဲ မိမိဘာသာသင်ယူ၍ မိမိဇာတ်အိမ်ကို ကင်းဘာရစ် တက္ကသိုလ် ကြိုးဘွဲ့ စဘင်ခဲ့သော မောင်နှင်းဆွေ၏ သူ့ကိုယ်သူ ယုံကြည်သော စိတ်သည် အောင်မြင်မှုကို ပေးစွမ်းနိုင်သော စိတ်၊ အောင်စိတ် ဟူ ခေါ်ဆိုရမည်ဖြစ်ပါ၏။

## စာအုပ်ကိုမှ လက်လီ ရောင်းလိုသူ

မိမိရည်မှန်းချက်အတိုင်း အစဉ်တစိုက် ထားရှိခဲ့၍ အောင် ခဲ့သူ ပုဂ္ဂိုလ်ကြီး တစ်ဦး အကြောင်းကို ထပ်၍ တင်ပြလို သည်။ ယင်းပုဂ္ဂိုလ်ကြီးမှာ စာပေလောက စာအုပ်တိုက်နှင့် ပ်ထုတ်ဝေရေး လုပ်ငန်း ဖခင်ကြီးဖြစ်သူ သခင် ခင်ညွန့် ပါသည်။

သခင် ခင်ညွန့်သည် အထက် မင်းလှ ဇာတိ၊ အဖ မြတ်ကြီး- အမိ ဒေါ်ကြင်မှု တို့၏ မွေးချင်း ခုနစ်ဦးအနက် ၁၄ ခု၊ ဇူလိုင်လ ၆ ရက်နေ့တွင် မွေးဖွားသော ခြောက်ယောက်မြောက် သားဖြစ်သည်။ သခင် ခင်ညွန့်၏ ခင်ကြီးမှာ အထက်မင်းလှမြို့ ဈေးကြီးအတွင်း အထည် ဖွင့်လှစ် ရောင်းချသော လှက်လုပ် လက်အား တစ်ဦးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သခင် ခင်ညွန့်၏ဖခင်မှာ ဂျီစီဘီအေ နိုင်ငံရေးခေတ်
မြို့နယ်ဥက္ကဋ္ဌ တာဝန်ယူ၍ နိုင်ငံရေး လုပ်ငန်းကို လုပ်
ခဲ့၏၊ ဦးလေးဦးခင်ညွန့်သည် ငယ်စဉ်ကပင် ဖခင်ကြီး၏နိုင်ငံ
လှုပ်ရှားမှုများကို တရင်းတနှီး ထိတွေ့နေရ၍ နိုင်ငံရေး
ခေတ် ပီဇဝါသနာထုံခဲ့သည်။ နိုင်ငံရေးကို ဝါသနာပါခဲ့
နှင့်အညီ ဦးလေး ဦးခင်ညွန့်သည် ဖခင်ကြီး ဖတ်ရှု
သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဖတ်ရှုရင်း စာပေ
စိတ်ဝင်စားလာခဲ့၏။ တစ်ချိန်တည်းမှာပင် ဦးလေး ဦးခင်
သည် နိုင်ငံလွတ်လပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွ
စာပေကို လေ့လာရမည်၊ စာပေကို လူငယ်တိုင်း လေ့လာ
တိုင်းပြည် ကြီးပွား တိုးတက်မည် ဟု ယုံကြည်ခဲ့၏။ စာ
ဖတ်ရှုရမည်ဟု ဆိုပါက စာအုပ်များ လိုအပ်လာ၏။ ဦးလေ
ဦးခင်ညွန့်သည် လူငယ်များအတွင်း စာပေ ပြန့်နှံ့ လိုပါ
စာအုပ်ဖြန့်ချိရေးသည် အဓိက ကျကြောင်း သိရှိလာ
ထိုအချိန်မှစ၍ စာပေ ဖြန့်ချိရေးကို စိတ်ဝင်စားလာခဲ့၏။

ထိုအချိန်တွင်ပင် ဦးခင်ညွန့်၏ ဖခင်ကြီးသည် ဆရာ
အရေးအခင်းတွင် ဂျီစီဘီအေ ဘက်တော်သားအဖြစ် အဖမ်း
ရကာ တိုင်းပြည်လည်း မငြိမ်မသက်၊ စီးပွားရေးလည်း ကျဆ
လာသောကြောင့် အထက်မင်းလှတွင် မနေနိုင်တော့ဘဲ ရေ
ချောင်း၊ ရေနံမြေ တွင်းကုန်းရပ်သို့ ပြောင်းရွှေ့ လာခဲ့ရ
ရေနံချောင်း၌ ရေနံမြေရပ်ကွက် ဈေးအတွင်းမှာပင် အထ
ဆိုင်လေးကို ဖွင့်ကာ ထိုအချိန်တွင် ဦးလေး ဦးခင်ညွန့်သ



င်ကြီး၏ ကိုယ်စား၊ မိသားစု စားဝတ်နေရေးအတွက် ပခုံး
ခြင်း တာဝန်ယူခဲ့ရ၏။

ရေနံမြေ တွင်းကုန်းရပ်သို့ ရောက်ပြီး မကြာမီမှာပင်
မြန်မာအစည်းအရုံးက ရေနံမြေသို့လာ၍ စည်းရုံးရာ ဦးလေး
ခင်ညွန့်သည် သခင် ခင်ညွန့်ဖြစ်လာခဲ့၏။ သခင် ခင်ညွန့်တစ
င် အလုပ်သမား ရပ်ကွက်ကို စည်းရုံးရသောအခါ အလုပ်
မားများ နိုင်ငံရေးကို ခေတ်နှင့်အညီ တွေးခေါ်တတ်စေရန်
တင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ဖတ်ရှုမှ ဖြစ်မည်ကို
တ်ခဲ့တွ သိရှိလာပြန်သောအခါ မူလက စာအုပ် ဖြန့်ချိရေး
င်ခါတ်သည် ဦးလေး ဦး ခင်ညွန့်၏စိတ်တွင် ပို၍ ခိုင်မြဲလာခ
ဲ့။

ထိုစိတ်ဓာတ်နှင့်အညီ ဦးလေးဦးခင်ညွန့်သည် နိုင်ငံရေးနှင့်
သားစု စီးပွားရေးလုပ်ရင်း စာအုပ်ဖြန့်ချိရေးကို စတင်လုပ်
ိုင်ခဲ့၏။ ဦးလေး ဦးခင်ညွန့်သည် စာအုပ်ဆိုင်များမှ သတင်း
၊ ဂျာနယ်များကို တစ်ဆင့် ဝယ်၍ အစားလပ်သည့်အချိန်တွင်
ယ်အိတ်တစ်လုံးနှင့်ထွက်ကာ စာအုပ်ရောင်းချခဲ့၏။ ဦးလေး
ခင်ညွန့်ကဲ့သို့ပင် ရေနံချောင်း၌ စာအုပ်ကို လွယ်အိတ်နှင့်
ောင်းသူတစ်ဦးမှာ လူထုလက်ရုံး ဦးကျော်စိန်ဖြစ်သည်။ နဂါးနီ
အုပ်အသင်း ပေါ်လာသောအခါ နဂါးနီအသင်းသား ဖြစ်
ပြီး နဂါးနီစာအုပ် ကိုယ်စားလှယ်ကိုလည်း ရယူဆောင်
တ်ခဲ့သည်။ ရန်ကုန်မြို့မှ အခြား နိုင်ငံရေးစာအုပ်တိုက်ကြီး
းနှင့်လည်း ဆက်သွယ်ကာ စာအုပ်မျိုးစုံ ဖြန့်ချိခဲ့၏။ သို့
သော် ထိုအချိန်အထိ ဦးလေးဦးခင်ညွန့်သည် မိသားစု အဓိက

www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းသည် လွယ်အိတ်ရောင်းချသည် ...
ငန်းသာဖြစ်၏။ သို့သော်လည်း ဦးလေးသည် အစည်းအေ...
သွားသည့်အခါ၊ အခြားလုပ်ငန်းကိုင်ငန်းနှင့် သွားသည့် ...
များတွင် စာအုပ်များကို လွယ်အိတ်တွင် အမြဲထည့်၍ ...
ရာ နေရာတွင် စာအုပ်ဖြန့်ချိသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့၏။

ထိုသို့လုပ်ဆောင်ရင်း ဦးလေး ဦးခင်ညွန့်၏ စိတ်တွင်...
နိုင်ငံကြီးပွားလိုပါက စာကောင်း ပေကောင်းများဖြန့်...
လိုအပ်သည်။ အကျိုးပြုစာပေ ထုတ်ဝေရေးနှင့် ဖြန့်ချိရေး...
နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးလှသည်။ ထို့ကြောင့် ...
နိုင်ပါက တစ်နိုင်ငံလုံးသို့ စာအုပ်ဖြန့်ချိသော လုပ်ငန်း...
ကြီးစွာလုပ်ဆောင်မည်ဟူသော စိတ်ဓာတ်သည် တစ်စ ...
ပို၍ ခိုင်မာလာခဲ့၏။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ရာ စစ်ပြေးဘဝ...
ခဲ့ရ၏။ စစ်ကြီးပြီးသောအခါ အိမ်ထောင်လည်းကျခဲ့ပြီး မူလ...
အထည်ရောင်းဝယ်သည့် လုပ်ငန်းကိုစွန့်ကာ စာအုပ်ရောင်း...
သည့် လုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့၏။ စစ်...
ခေတ်တွင် စာအုပ်များကလည်းရှား၊ စာအုပ်များကလည်း...
မထွက်တစ်ချက် ထွက်တစ်ချက်နှင့် ရရာစာအုပ်များကို ဝယ်...
ဖြန့်ချိခဲ့၏။ ထို့ကြောင့် စာအုပ်လုပ်ငန်းသည် တစ်အိမ်ထော...
တစ်မိသားစု စားလောက်မှုမရှိခဲ့။ သို့သော်လည်း ဦးလေးသ...
အခြားလုပ်ငန်းကို ပြောင်းရွှေ့လုပ်ကိုင်ခြင်း မပြုဘဲ ရှိ...
ပစ္စည်းများကိုသာ ထုခွဲရောင်းချ စားသောက်ရင်း စာအု...
ဆိုင်လုပ်ငန်းကို ထိန်းသိမ်းထားခဲ့၏။



နေ့စဉ် စာအုပ်များ အထွက်များလာသောအခါ စာအုပ်ဖြန့်ချိရေးလုပ်ငန်းလည်း ကောင်းလာသည်။ ထိုအခါက ဆိုင်နာမည်မှာ 'ညွန့်ဝေ' ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် ရေနံချောင်းမှ ရန်ကုန်သို့ မကြာခဏ စာအုပ်လာရောက်ဝယ်ယူရင်း မြန်မာစာအုပ်လောကကို တစေ့တစောင်း ကြည့်ရှုလေ့လာခွင့် ရရှိခဲ့၏။ ဦးလေးဦးခင်ညွန့်သည် ထိုအချိန်မှစ၍ တစ်နိုင်ငံလုံးသို့ ဖြန့်ချိနိုင်သည့် စာအုပ်ဖြန့်ချိရေးလုပ်ငန်းကို လုပ်ဆောင်လိုပါက ရန်ကုန်တွင် အခြေစိုက်ရမည်ဟူသောအချက်ကို သိရှိလာကာ ရေနံချောင်းမှ ရန်ကုန်သို့ ပြောင်းရွှေ့ရေးသည် ဦးလေး ဦးခင်ညွန့်၏ ရည်မှန်းချက်တစ်ရပ် ဖြစ်လာခဲ့၏။

ထိုအချိန်က ရန်ကုန်တွင် မြန်မာစာအုပ် သက်သက်ကိုသာ ရောင်းချသော ဆိုင်များသည် အနည်းနှင့် ရောင်းချမှုမရှိဘဲ ပလက်ဖောင်းပေါ်တွင်သာ ရောင်းချကြ၏။ ပလက်ဖောင်းမှာ ရောင်းချမှု စာအုပ်က ဝယ်ယူသူနှင့် တွေ့မှာဟု ဆိုကာ ပလက်ဖောင်းတွင်သာရောင်း၏။ ဝယ်သူများကလည်း မြန်မာစာအုပ် လိုချင်ပါက ပလက်ဖောင်းပေါ်မှာသာ လာဝယ်လေ့ရှိ၏။ ထိုအခါ မြန်မာစာအုပ်သက်သက် တိုက်ခန်းနှင့် ရောင်းသောဆိုင်သည် ပညာအလင်းပြ စာအုပ်တိုက် တစ်တိုက်တည်းသာရှိ၏။ ပညာအလင်းပြ စာအုပ်တိုက်၏ ဆိုင်ရှင်သည် ဆရာဖိုးဖြစ်၍ ဆရာဖိုးမှာ နတ္တလင်းမှ လာရောက်၍ စာအုပ်ဆိုင်ဖွင့်ခြင်းဖြစ်၏။ ဦးလေး ဦးခင်ညွန့်သည် မြန်မာစာအုပ်ကို တစ်နိုင်ငံလုံးသို့ ဖြန့်ချိရုံသာမက ပလက်ဖောင်းပေါ်မှ စာအုပ်ကို တိုက်ခန်း ဗီရိုအတွင်းသို့ ရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com





ပို့ရမည်ဟူသော ရည်မှန်းချက် တစ်ရပ်သည် ဦးလေးထံ ထပ်မံရောက်ရှိခဲ့ပြန်၏။ ဤအချိန်မှစ၍ ဦးလေး ဦးခင်ညွန့်သည် ရန်ကုန်သို့ ပြောင်းရွှေ့ရေးကို ကြိုးပမ်းခဲ့ပြီး အခွင့်ရသည်နှင့် ရေနံချောင်းမှ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့၏။

ရန်ကုန်သို့ရောက်သော် မြန်မာစာအုပ်ကို ပလက်ဖောင်းပေါ်မှာတော့ မရောင်းဘူး၊ မြန်မာစာအုပ်ကို ဗီရိုထဲရောက်အောင် မပို့နိုင်မီ စာပေဗိမာန်မှ ရောင်းသကဲ့သို့ ကားနှင့်ရောင်းမည်ဟုဆိုကာ 'စာပေလောကမော်တော်ယာဉ်' ဟု အမည်ပေးပြီး ဆူးလေဘုရားလမ်း၊ ပလက်ဖောင်း စာအုပ်ဆိုင်တန်းတွင် စာအုပ်ကို ကားပေါ်တင်၍ရောင်းခဲ့သည်။ ထိုကဲ့သို့ စာအုပ်ကို မော်တော်ယာဉ်နှင့် ရောင်းနေရာမှ အိမ်စောင့်အစိုးရ လက်ထက်တွင် မြို့တော်အက်ါရပ်နှင့်ညီအောင် လမ်းဘေးဆိုင်များကို ဖျက်သိမ်းရာ စာပေလောက မော်တော်ယာဉ်လည်း မထွက်ရတော့ဘဲ ရဲရင့်ရုပ်ရှင်ရုံတွင် ဘေးကပ်ဆိုင်လေးအဖြစ် ပြန်၍ထွက်ခဲ့ရ၏။ 'အဲဒီနေရာမှာတော့ ဦးလေး မျှော်သင့်ချက်လေးက စတင် အကောင်အထည်ဖြစ်လာတယ်၊ ဘာပြုလို့လဲဆိုတော့ စာအုပ်က ဆိုင်နဲ့ဘစနဲ့ ဖြစ်လာတာကိုး' ဟု ဦးလေး ဦးခင်ညွန့်က ပြောပြ၏။


'ဒီလိုနဲ့ ကြိုးစား ဆောင်ရွက်ရင်းက ရဲရင့်ဆိုင်ခန်းကို ပြန်အပ်၊ ငွေဖြည့်ပြီး ၂၉ လမ်းမှာ စာအုပ်ဆိုင်ပြန်ဖွင့်ပါတယ်။ အဲဒီကနေကြိုးစားပြီး အခု ၃၃ လမ်းနေရာကို ပြောင်းရွှေ့ပြီး ပုံနှိပ်စက်ရော၊ စာအုပ်ဆိုင်ရော၊ ဖြန့်ချိရေးရော လုပ်ခဲ့တာပေါ့' ဟု ဆို၏။ ဦးလေး ဦးခင်ညွန့်သည် စာအုပ်ကို တစ်နိုင်ငံလုံးသို့





www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာငါးတန်းသာတတ်မြောက်ပြီး အင်္ဂလိပ်စာနှင့်စကားကိုသုံးဝမတ
သော်လည်း စက်ခလုပ်နှင့်ခြင်တောင်သိမ်းစက်အပါအဝင် စက်ကရိယာ
များစွာတို့ကို တီထွင်မြုလုပ်ခဲ့သော ဦးလေးဦးခင်မောင် ။



ဖြန့်ချိရေး၊ မြန်မာစာအုပ်များ တိုက်ခန်းနှင့် ဗီရိုအတွင်းသို့ ရောက်ရှိရေးကို အစဉ်တစိုက် လုပ်ဆောင်ရာတွင် အခက်အခဲ များ များစွာတွေ့ခဲ့ရသည်။

ဦးလေးသည် နိုင်ငံရေးဝါသနာထုံသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ထို့ပြင် ဦးလေးတွင်စီးပွားရေးမျိုးရိုးဗီဇလည်းရှိခဲ့၏။ ထိုသော် ဦးလေးသည် နိုင်ငံရေးနှင့် အထည် ရောင်းဝယ်ရေး လုပ်ငန်းကို စွန့်ကာ၊ စာအုပ်ဖြန့်ချိရေးလုပ်ငန်းကို တစိုက်မတ် မတ်လုပ်ခဲ့သည်။ စာအုပ်ဖြန့်ချိရေးလုပ်ငန်းသည် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာသာမက ကျွမ်းကျင်မှုနှင့် လုပ်ရည်ကိုင်ရည်လည်း လိုအပ်သည်။

'ဦးလေးက ပုံနှိပ်လုပ်ငန်းကို စနစ်တကျ လုပ်ရင် စီးပွား ဖြစ်ပါတယ်။ ဒါပေမယ့် ဦးလေးရဲ့စိတ်ဆန္ဒကိုက စာအုပ်ကိုပဲ ရောင်းချင်တယ်၊ ဖြန့်ချင်တယ်။ စာအုပ် လက်လီ ရောင်းတဲ့ အလုပ်ဟာ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးပြုပါတယ်။ စာအုပ် ဖြန့်ချိရေးလုပ်ငန်းဟာ တိုင်းပြု ပြည်ပြု လုပ်ငန်းတစ်ခုပါ။ လူတစ်ယောက် ဖတ်ချင်တဲ့စာအုပ်ကို သူ့လက်ထဲ ရောက်ဖို့ လက်လီဆိုင်များကသာ တတ်နိုင်ပါတယ်။ ဦးလေးက စာအုပ် ရောင်းဝယ်ရေး လုပ်ငန်းကို ဒီလို ယုံကြည်ချက် အပြည့်နဲ့ လုပ်လာတာ၊ အခု သားသမီးများ အရွယ်ရောက်လာတော့ သူတို့ ဆက်လုပ်နေကြပါတယ်။ ဒီလို လုပ်ဆောင်အောင်လို့ လည်း ငယ်စဉ်ကတည်းက ဒီလုပ်ငန်းကို ဆက်လုပ်ကြဖို့အစဉ် နဲ့အမျှ စိတ်ဓာတ်သွင်းပေးခဲ့ပါတယ်. မြန်မာ လူမျိုးများဟာ မိဘ ကြိုးပမ်းခဲ့တဲ့ လုပ်ငန်းကို ဆက်မလုပ်ကြလို့ မျိုးဆက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တောင် မခံထားတော့ဘူး။ ဖခင်ကြီးလည်း မျက်စိမှိတ်သွားရော လုပ်ငန်းလည်း ပျက်သွားရော ဖြစ်တာပေါ့။ အခုတော့ ဦးအနေနဲ့ ဦးဖြစ်စေချင်တဲ့ လမ်းစပေါ်တော့ ရောက်ပြီ။ သားသမီးများ ဇွဲရှိရှိနဲ့ ဆက်လုပ်ဖို့ တွန်းအားပေးရမှာပဲ' ဟု ဆိုပါ၏။

ဦးလေးဦးခင်ညွန့်က စာပေလောက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းသည် လမ်းစပေါ် ရောက်ရှိနေပြီဟု ဆိုပါ၏။ အမှန် စင်စစ်ကား စာပေလောက ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းသည် အောင်မြင်သော လုပ်ငန်းကြီးတစ်ရပ်အဖြစ် ရပ်တည်ခဲ့ပြီး ဖြစ်ပါ၏။ ယခုအခါ နိုင်ငံ အကျိုးပြုစာပေ စာအုပ်ပေါင်း ၁၇၆ အုပ်ကို စာပေလောကမှ ရိုက်နှိပ်ထုတ်ဝေပြီး ဖြစ်ပါ၏။ စာအုပ် အရေအတွက်အားဖြင့်ကား အုပ်ရေပေါင်း တစ်သန်းခန့်ကို ဖြန့်ချိခဲ့ပြီး ဖြစ်သည်။

အသက်မင်းလမှ သာမန် နိုင်ငံရေးစိတ်ဝင်စားသူ လူငယ်တစ်ဦးဘဝမှ ရန်ကုန် စာပေလောကတွင် မိမိရည်မှန်းချက်အတိုင်း စာအုပ်ကို တိုက်ခန်း ဗီရို အတွင်းသို့ ရောက်အောင် ပို့ဆောင်ခဲ့သည်သာမက အကျိုးပြုစာပေ စာအုပ်တစ်သန်းကျော်ကို ဖြန့်ချိပေးခဲ့သော လုပ်ဆောင်ချက်သည် ဦးလေးဦးခင်ညွန့်၏ ငယ်စဉ်မှစ၍ မိမိ ရည်မှန်းချက်အပေါ် တစိုက်မတ်မတ် ရည်မှန်းချက် မတွေပြားဘဲ ဆောင်ရွက်တတ်သော အောင်စိတ်၏ ထက်သန်ကြောင့်သာ ယခုကဲ့သို့ အောင်မြင်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါ၏။

# ဖြစ်လိုရာ ဖြစ်နိုင်

လူများတွင် ဗီဇသတ္တိများ ရှိကြ၏။ ထိုဗီဇသတ္တိများအရ လူတစ်ယောက်သည် ဘာဖြစ်ချင်သနည်း။ ဗိုလ်ချုပ်ကြီးဖြစ်လိုသလား၊ ဆရာဝန်ကြီး ဖြစ်လိုသလား၊ စာရေး ဆရာကြီး၊ ကဗျာဆရာကြီး၊ သူဌေး၊ သူကြွယ်ကြီး ဘာ ဖြစ်လိုသနည်း။ ဖြစ်ချင်ရာကို ဖြစ်နိုင်သော အရည်အသွေးများသည် လူတိုင်းတွင် ရှိ၏။ မိမိ ဖြစ်ချင်ရာကို ဖြစ်နိုင်စွမ်း ရှိသည့် သူကိုလည်း လူ ဟူ၍ ခေါ်၏။

သို့သော် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပင်ကို အရည်အသွေး တော့ လို၏။ မြန်မာတို့သည် ပင်ကို အရည်အသွေး ထက်မြက်သူများ ဖြစ်သော်လည်း ဝီရိယ အားနည်းသူများ ဖြစ်၏။

ကျွန်တော်၏ အသက်သည် ယခု ၅၀ ရှိပြီဖြစ်၏။ အသက် ၅၀ တွင် ကျွန်တော့်ဘဝအား ကျွန်တော်ပြန်၍ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



သော် လူ့ဘဝတွင် လူသားသည် ဖြစ်ချင်တာတွေ ဖြစ်ခဲ့ပါလား၊ ဟူသော အချက်ကို တွေ့ရှိခဲ့ပါ၏။ ထိုအချက်သည် ကျွန်တော်၏ အသက် ၅၀ အတွေ့အကြုံတစ်ရပ် ဖြစ်ပါ၏။

ကျွန်တော်သည် ဆရာဝန်ကြီး တစ်ဦး၊ နိုင်ငံရေးသမား တစ်ဦး၊ ကျောင်းဆရာတစ်ဦး၊ ပန်းချီဆရာတစ်ဦး ၊ စစ်ဗိုလ်ကြီး တစ်ဦး၊ ကြွယ်ဝသူတစ်ဦး၊ ကုန်သည်တစ်ဦး စသည်ဖြင့် ဘဝ အကွေ့အဆစ်များတွင် အားလုံး ကျွန်တော်ဖြစ်နိုင်ခဲ့သည်ကို တွေ့ခဲ့ရ၏။ သို့သော် ကျွန်တော်သည် ငယ်စဉ်မှစ၍ စာရေးဆရာသာ ဖြစ်လို၏။ ဆုလာဘ်ဘက်ခုခု ရရှိမည်ဆိုပါက စာပေဆုများကိုသာ ရရှိလို၏။ ကြွယ်ဝစရာရှိပါက စာပေပရိသတ်သာ ကြွယ်ဝလို၏။ ထို့ကြောင့် ကျွန်တော်၏ အချိန်များကို ငွေကြေးရှာဖွေခြင်း၊ ဆရာဝန်ဖြစ်ရန် အားထုတ်ခြင်း၊ ချမ်းသာကြွယ်ဝအောင် အားထုတ်ခြင်းထက် စာရေးသော ကိစ္စတွင်သာ ပိုမို အားထုတ်ခဲ့သဖြင့် ကျွန်တော်သည် ကျွန်တော်ဖြစ်ချင်သလို စာရေးဆရာ ဖြစ်လာခဲ့ပါ၏။

ကျွန်တော် ဆယ်တန်းအောင်၍ ရွာမှ အမေ့ထံ ပြန်သွားသောအခါ အမေက ကျွန်တော့်ကို 'သားကို ကျောင်းဆက်ပြီး အမေ မထားနိုင်တော့ဘူး။ သား ဆယ်တန်းအောင်တယ်ဆိုရင် တော်ပြီ၊ အမေတို့အမျိုးထဲမှာ ဆယ်တန်းအောင်တဲ့လူတောင် မရှိဘူး၊ ငါ့သားတစ်ယောက်တည်းရှိတာ၊ အမေ့ရွာမှာ သား ဆယ်တန်းပညာနဲ့ လူတစ်လုံးသူတစ်လုံး ဖြစ်နိုင်ပါပြီ' ဟုဆို၏။

ကျွန်တော်က 'အမေရယ်၊ ကျွန်တော် တက္ကသိုလ်ဆက်တက်ချင်တယ်' ဟု ဆိုသောအခါ အမေက 'ငါ့သား၊ အမေ့မှာ



ငွေ သုံးရာပဲ ရှိတယ်။ အဲဒီငွေသုံးရာကိုယူသွား၊ ထပ်တောင်း လို့လည်း အမေ မပေးနိုင်တော့ဘူး၊ ငါ့သား ထပ်လည်း မတောင်းနဲ့တော့၊ တက္ကသိုလ်ကျောင်းကိုတော့ အမေဆက် မထားနိုင်ဘူး' ဟု ဆိုကာ ငွေသုံးရာပေးလိုက်ပါ၏။

ကျွန်တော်သည် ထိုငွေ သုံးရာ ကျပ်နှင့်ပင် တက္ကသိုလ် ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ် က တက္ကသိုလ်ရောက်ခဲ့သော ဘိုင်အိုယူခဲ့သည်။ ဆရာဝန်ကား မဖြစ်၊ သို့သော် ကျွန်တော် ဖြစ်ချင်သော စာရေးဆရာကား ဖြစ်လာခဲ့၏။

လူ့ဘဝတွင် ကြီးပွားချမ်းသာရေးနှင့် ပတ်သက်၍ နည်း လမ်းသုံးသွယ်ဖြင့် ချမ်းသာတတ်ကြ၏။ ပထမ နည်းလမ်းမှာ မိမိ၏ ကိုယ်ရည် ကိုယ်သွေး၊ အရည်အချင်း၊ လုံ့လ ဝီရိယဖြင့် ချမ်းသာခြင်းဖြစ်၏။ ဒုတိယနည်းမှာ မတော်တဆ ချမ်းသာခြင်း ဖြစ်၏။ ဥပမာ-ထီပေါက်ခြင်း၊ မြေပေါက်ရာမှ ရွှေဒင်္ဂါးများ တွေ့ခြင်းတို့ဖြစ်၏။ တတိယနည်းမှာ မတော်မတရား ပြုလုပ် လိမ်ညာ၍ ချမ်းသာခြင်း၊ ဥပမာ ဈေးပြတိုက်ခြင်းနှင့်အင်္ဂလန် နိုင်ငံကဲ့သို့ လက်တစ်ဝါးလောက်ရှိသော ကျွန်းနိုင်ငံလေးမှ ကိုလိုနီနယ်ချဲ့၍ ချမ်းသာခြင်းမျိုးဖြစ်၏။

ဤနည်း သုံးနည်းတွင် တတိယနည်းသည် မကျင့်သုံးအပ် သော နည်းဖြစ်၍ ရှောင်ရှားသင့်၏။ ဒုတိယ နည်းသည် မ ခဲ့သောနည်းဖြစ်၏။ ထီပေါက်မှ ပေါက်တော့၊ ထီပေါက်မည့် နေ့ကို စောင့်နေ၍ မရ၊ ဤနည်းကိုလည်း စောင့်မနေအပ် ပထမနည်းသည်သာ လူသားတစ်ဦးအတွက် သေချာရှိ ချမ်းသာနည်းဖြစ်၍ ပထမနည်းလမ်းကို ရွေးချယ်သင့်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကို အကဲခတ်ရာတွင် ကိုယ်ရည် ကိုယ်သွေးသည် အရေးကြီးသည်။ မိဘမျိုးရိုး၊ မိဘ ပြည့်စုံကြွယ်ဝမှု တို့သည် အရေးမကြီးလှ။ ထိုပုဂ္ဂိုလ်၏ နှမူးရည်ဒူးရည်သည် အရေးကြီးလှသည်။ သမီးရှင်တို့က လူရွေးရာတွင် ပိုက်ဆံမည်မျှ သုံးဖြုန်းနိုင်သည်၊ မည်သူ့သားသမီးဖြစ်သည် စသည်တို့ကို အလေးထားကြည့်တတ်၍ ငွေရှိ၊ စွည်းမျိုး၊ မိဘချမ်းသာပါက ထိုလူငယ်၏ စာရိတ္တ ချက်လွှင်းမှုများကို လျှော့ပေါ့ပစ်တတ်ကြ၏။ ထို့ကြောင့်လည်း ထိုကဲ့သို့ စီမံပေးသော အိမ်ထောင်များစွာသည် မသာမယာ ရှုံ့ရုံသာမက ပြိုကွဲသော အိမ်ထောင် အများအပြား ရှိပါ၏။

ဒေဝတီသို့ ရောက်သူတိုင်း ဦးရဲကျော်သူ ဆိုသော အမည်ကို တွေ့ဖူးကြမည်ဖြစ်ပါ၏။ လွန်ခဲ့သော အနှစ်တစ်ရာကျော်က လှူဒါန်းထားသော ဦးရဲကျော်သူ၏ ကျောင်း၊ ကန် ဇရပ်တို့မှာ ထိုကာလကပင် သိန်းပေါင်းများစွာတန်သော ဒါနများဖြစ်၏။ ယခု ကာလ တန်ဖိုးနှင့် ဆိုသော် သိန်းပေါင်းများစွာကုန်မှသာ ထိုအလှူဒါနမျိုးကို ပြုလုပ်နိုင်မည်ဖြစ်ပါ၏။

ဦးရဲကျော်သူသည် သာမန်လှေထိုးသား စရင်းငှားလေး တစ်ဦးသာဖြစ်၏။ အလုပ်ကို ကြိုးစားခြင်း ရိုးသားခြင်း ကြံရည်ဖန်ရည် ရှိခြင်းကြောင့် သူ့အလုပ်ရှင်က သူ၏ စရင်းငှား ရဲကျော်သူကို မိမိ၏သမီးနှင့် ပေးစားခဲ့ရာ ဦးရဲကျော်သူသည် ဒေဝတီ၏ သမိုင်းတစ်ခေတ်ကို ကမ္ပည်းထိုးခဲ့ခြင်းဖြစ်ပါသည်။



ကျွန်တော်သည် မျိုးရိုးကြောင့် ချမ်းသာသည် ဟူသော အချက်နှင့်၊ ဘယ်အချိန် ဘယ်အခါ မွေးသူတို့က ဆင်းရဲ၍ ဘယ်အချိန် ဘယ်အခါ မွေးသူတို့က ချမ်းသာသည်ဟု ဆိုသော တွက်ကိန်းကို မယုံကြည်ပါ။ လူတိုင်းတွင် တိရစ္ဆာန်နှင့်ကွာခြားသော အစွမ်းသတ္တိများ ပါလာကြသည်။ ထိုသတ္တိဖြင့် လူတို့သည် လူ့သမိုင်းကို ရေးသားနေကြခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာရှေ့ထား ပျံသည့်ကျား

ကျွန်တော်သည် လူပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို ထပ်၍ တင်ပြလိုပါသေး၏။ ကျွန်တော်ယခုတင်ပြလိုသော ပုဂ္ဂိုလ်မှာ အခြားမဟုတ်၊ ပြည်မြို့ ကျားပျံ ဦးအုန်းမောင်ပင် ဖြစ်ပါသည်။ ဦးအုန်းမောင်၏ပုံပန်းကို ကျွန်တော်သည် ခပ်သွယ်သွယ် ခါးကျည်ကျည်အဖြစ် ဖော်ပြခဲ့ပါ၏။ သူစီးသော ဖိနပ်ပင်လျှင် ခပ်သေးသေးဖြစ်၏။ အားလုံး စီးလာကြသော ဖိနပ်များ၊ ဖိနပ်ချွတ်တွင် ရော၍ ချွတ်ထားလျှင် ဦးအုန်းမောင် ဖိနပ် ဘယ်ဟာလဲ ဆိုသည်ကို ရွေးလို့ရသည်။ အဘယ့်ကြောင့် ဆိုသော် သူ့ဖိနပ်သည် အခြားဖိနပ်များထက် သေးသော ကြောင့်ဖြစ်သည်။ သို့သော် သူ၏ ဆောင်ရွက်မှုတို့က သူ့ ပုံပန်းသဏ္ဌာန်ထက် မြင့်ပါ၏။



ဦးအုန်းမောင်အညီ ဟင်္သာတဇာတိဖြစ်၏။ ဦးအုန်းမောင် က ဇာတိမြေနှင့် ပတ်သက်၍ အလွန်အမင်း ဂုဏ်ယူမြတ်နိုးသူ ဖြစ်သည်။ အဖ ဦးသန်းမောင်၊ အမိ ဒေါ်တောက်တို့တွင် ဦးအုန်းမောင်၊ ဦးစိန်ထင်၊ ဒေါ်ခင်သန်းအေး ဟူသော မွေး ချင်း သုံးဦးအနက် ဦးအုန်းမောင်သည် သားကြီးဖြစ်၏။ ဦးအုန်းမောင်၏ဖခင်ကြီးဖြစ်သူ ဦးသန်းမောင်သည် ငယ်စဉ် က ဆင်းရဲနွမ်းပါးသူ တစ်ဦး ဖြစ်၏။ ဦးသန်းမောင်သည် ဟင်္သာတ-ရှသိမ် လမ်းပေါ်တွင် မြေကြီးကို အလုံးလုပ်၍ ဒီလုံးဖုတ်ကာ အသက်မွေးဝမ်းကျောင်း ပြုရသူ ဖြစ်သည်ဟု ဆို၏။ ထိုကဲ့သို့သော ဘဝမှနေ၍ ကြီးစားလာခဲ့ရာ စစ်ဖြစ်ကြ သောအခါ မြင်းခြံမြို့မှ မြင်းပျံဆေးလိပ် လုပ်ငန်းရှင် ဦးတင် သည် ဟင်္သာတမြို့သို့ စစ်ပြေးလာခဲ့၏။ ဦးတင်နှင့်ဦးသန်းမောင် တို့သည် စစ်ပြေးရင်း သိကျွမ်းခဲ့ရာ ဦးတင်သည် စစ်တွင်း ကာလ၌ပင် ဆေးလိပ် လုပ်ငန်းကို လက်လှမ်းမီသလောက် လုပ်ကိုင်ခဲ့၏။

စစ်ပြီး၍ ဦးတင် မြင်းခြံသို့ပြန်သောအခါ ဆေးလိပ်လုပ်ငန်း ကို ဦးသန်းမောင်အား ပေးအပ်ခဲ့၏။ ဦးသန်းမောင်သည် ထိုဆေးလိပ်လုပ်ငန်းကို လက်ခံဆောင်ရွက်ရာတွင် ဦးတင်က မြင်းပျံ ဟု ဆို၍ မိမိက ကျားပျံ ဟုနာမည်ယူကာ ဆက်လက် လုပ်ဆောင်ခြင်း ဖြစ်၏။

ကျားပျံ ဆေးလိပ်လုပ်ငန်းကို စတင်လုပ်ကိုင်စဉ်တွင် ဆိုက် ၃ ခဲ့အမျိုးမျိုး ရင်ဆိုင်ခဲ့ရ၏။ ဒုက္ခများစွာလည်း တွေ့ကြုံခဲ့ ရ၏။ ဖခင်ဖြစ်သူ၏ ဆေးလိပ်လုပ်ငန်းကို ကူညီဆောင်ရွက်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် တိုးတက်ကြီးပွားလိုသူတိုင်းအတွက် စေတနာ ဟူသော စကားရပ်ကို ရှင်းရန် လိုအပ်ပါ၏။ စီးပွားရေးသမားကြီးပွားရေးသမားတို့သည် ဘုရားဆုပန်မင်းယောက်ျားများ မဟုတ်ကြပါ။ ထို့ကြောင့် စေတနာတရား ထားရမည် မှန်သော်လည်း မိမိလုပ်ငန်းကို ထိခိုက် ဖျက်စီးနိုင်လောက်သည် အထိကား စေတနာထားခြင်း၊ အားနာခြင်းမျိုး မရှိအပ်ပါ။

ကျွန်တော်သည် ဦးအုန်းမောင်နှင့်အတူ ရက်အတော်ကြာ နေခဲ့ရာ နံနက်တွင် ဦးအုန်းမောင်သည် ငွေတစ်ထောင်၊ ထော ကိုးရာကို အိတ်ကပ်ထဲတွင် ထည့်၍ အောက်ထပ်သို့ ဆင်း ၏။ အောက်ထပ် ညှိခန်းသည် သူ၏ ရုံးခန်းပင်ဖြစ်သည်။ ခန်းတွင် ဦးအုန်းမောင်သည် ဆေးပေါ့လိပ်ကို တစ်လိပ်ပြီး လိပ်ဖွာကာ လုပ်ငန်းများကို အစီအစဉ်မရှိဘဲ ကြုံရာလုပ် ကို ကြုံသလို လုပ်သည်၊ ထိုသို့ဆိုင်ရင်း၊ လုပ်ငန်းကိစ္စအဝဝ စီမံခန့်ခွဲနေရင်းမှ စိတ်ကူးတစ်ခု ပေါက်လာလျှင် ဘယ် ဘယ်ဝါ သွားခေါ်စမ်းဟုဆိုကာ ခေါ်ခိုင်းတတ်သည်။ ခေါ် ခိုင်းသူ ရောက်လာသောအခါ 'ဟဲ့ ဘယ်သူဘယ်ဝါ၊ နင့်ခြေ ဘယ်လောက်ရှိလဲ' ဟု မေးရာ 'ကျွန်မ ကြွေးတစ်ရာ ရှိ သည်' ဟု ဆိုပါက 'ရော့ ဒီတစ်ရာကို ကြွေးဆပ်၊ ဒီတစ်ရာနဲ့ ဆန့်သွားဝယ်၊ ဆန်ပဲဝယ်နော်' ဟု မှာကာ ယင်းပုဂ္ဂိုလ်အား ပိုက်ဆံပေးပြီး 'ပြန်၊ ပြန်၊ ကိုယ့်အလုပ် ကိုယ်လုပ်' ဟု ဆို နှင်လွှတ်၍ ဆေးလိပ်ကို ဆက်ဖွာကာ အလုပ် ဆက်လုပ်ပြန် သူ့ရှေ့သို့ အလုပ်သမားတစ်ဦး ဖြတ်သွားပါက 'ဟေ့ အိုး၊ လာအုံး၊ မင်းအမေ နေမကောင်းဘူးဆို၊ ညနေ



ဆရာဝန်ဆီသွား၊ ရော့-ခုတ်စဖိုး ၁၅ဝယူ' ဟု ပေးတတ် ၏။

ဦးအုန်းမောင်က သူလွှတ်သော လူနာများကို အခမဲ့ ကုသပေးရန် ဆရာဝန်နှစ်ဦး၊ သုံးဦးနှင့် စီစဉ်ထားဟန်တူ၏။ ဆရာဝန်က လူနာအား ဆေးကုသပေးရာတွင် ဆေးဖိုးဝါးခကို လူနာထံမှ မယူဘဲ ဦးအုန်းမောင်ထံမှ လချုပ်နှင့် ပြန်တောင်း ယူသည့် လက္ခဏာ ရှိပါ၏။

ခရီးသွားလျှင်လည်း ဒုက္ခရောက်နေသူ၊ အထူးသဖြင့် နေ ထိုင် မကောင်းသူတို့အား ငွေတစ်ရာ၊ တစ်ရာ့ငါးဆယ်ကို လက်မနှေးဘဲ ပေးသည်။ တစ်ခါတစ်ခါ တစ်မနက်ခင်းတွင်ပင် နံနက်ခင်းက အိတ်ကပ်ထဲ ထည့်ယူလာသော ငွေ တစ်ထောင်၊ ထောင့်ငါးရာဖြင့် ပေးကမ်း၍ မလောက်သောကြောင့် အပေါ် ထပ်သို့ လူလွှတ်၍ ငွေယူခိုင်းရသေး၏။ ထိုသို့မရှိသူ၊ ဒုက္ခရောက် သူတို့အား ပေးကမ်းသည်ကို ဇနီးဖြစ်သူ ဒေါ် သန်း စိန် က လည်း ကြည်ကြည်ဖြူဖြူ ဝမ်းပန်းတသာ လိုက်လျောမှုပြုပါ သည်။

ဦးအုန်းမောင်က လူငယ်များကို ပြုစုပျိုးထောင်လိုစိတ်၊ မိဘမဲ့ကလေးများ၊ လေ လွင့်နေသော ကလေး များ အား ကိုယ်တိုင် ပရဟိတ ဂေဟာဖွင့်၍ ပြုစုလိုသော ရည်မှန်းချက် လည်းရှိ၏။

www.burmeseclassic.com

ဤနေရာတွင် တိုးတက်ကြီးပွားလိုသူတိုင်းအတွက် စေတန
ဟူသော စကားရင်ကို ရှင်းရန် လိုအပ်ပါ၏။ စီးပွားရေ
ဆမားကြီးပွားရေးသမားတို့သည် ဘုရားဆုပန်မင်းယောကျ်ား
များ မဟုတ်ကြပါ။ ထို့ကြောင့် စေတနာတရား ထားရမည်
မှန်သော်လည်း မိမိလုပ်ငန်းကို ထိခိုက် မျက်စီးနိုင်လောက်သည်
အထိကား စေတနာထားခြင်း၊ အားနာခြင်းမျိုး မရှိအပ်ပါ။

ကျွန်တော်သည် ဦးအုန်းမောင်နှင့်အတူ ရက်အတော်ကြာ
နေခဲ့ရာ နံနက်တွင် ဦးအုန်းမောင်သည် ငွေတစ်ထောင်မ
ကိုးရာကို အိတ်ကပ်ထဲတွင် ထည့်၍ အောက်ထပ်သို့ ဆင်းသ
၏။ အောက်ထပ် ဧည့်ခန်းသည် သူ၏ ရုံးခန်းငင်ဖြစ်သည်။
ခန်းတွင် ဦးအုန်းမောင်သည် ဆေးပေါ့လိပ်ကို တစ်လိပ်ပြီး တ
လိပ်ဖွာကာ လုပ်ငန်းများကို အစီအစဉ်မရှိဘဲ ကြုံရာလုပ်
ကို ကြုံသလို လုပ်သည်၊ ထိုသို့ ထိုင်ရင်း၊ လုပ်ငန်းကိစ္စအဝဝ
စီမံခန့်ခွဲနေရင်းမှ စိတ်ကူးတစ်ခု ပေါက်လာလျှင် ဘယ်
ဘယ်ဝါ သွားခေါ်စမ်းဟုဆိုကာ ခေါ်ခိုင်းတတ်သည်။ ခေါ်
ခိုင်းသူ ရောက်လာသောအခါ 'ဟဲ့ ဘယ်သူဘယ်ဝါ၊ နင့်ကြေ
ဘယ်လောက်ရှိလဲ' ဟု မေးရာ 'ကျွန်မ ကြွေးတစ်ရာ ရှိ
သည်' ဟု ဆိုပါက 'ရော့ ဒီတစ်ရာကို ကြွေးဆပ်၊ ဒီတစ်ရာနဲ့
ဆန်သွားဝယ်၊ ဆန်ပဲဝယ်နော်' ဟု မှာကာ ယင်းပုဂ္ဂိုလ်အ
ဖိုက်ဆံပေးပြီး 'ပြန်၊ ပြန်၊ ကိုယ့်အလုပ် ကိုယ်လုပ်' ဟု ဆို
နှင်လွှတ်၍ ဆေးလိပ်တို ဆက်ဖွာကာ အလုပ် ဆက်လုပ်ပြန်
သူ ရှေ့သို့ အလုပ်သမားတစ်ဦး ဖြတ်သွားပါဘ ဖေ



'...ဝယ်' ဟု ပေးတတ်
ဆရာဝန်ဆီသွား၊ ရော့—ခေါက်စားဖိုး ၁၅၀ယူ' ဟု ပေးတတ်
၏။

ဦးအုန်းမောင်က လွှတ်သော လူနာများကို အခမဲ့
ကုသပေးရန် ဆရာဝန်နှစ်ဦး၊ သုံးဦးနှင့် စီစဉ်ထားဟန်တူ၏။
ဆရာဝန်က လူနာအား ဆေးကုသပေးရာတွင် ဆေးဖိုးဝါးခကို
လူနာထံမှ မယူဘဲ ဦးအုန်းမောင်ထံမှ လချုပ်နှင့် ပြန်တောင်း
ယူသည့် လက္ခဏာ ရှိပါ၏။

ခရီးသွားလျှင်လည်း ဒုက္ခရောက်နေသူ၊ အထူးသဖြင့် နေ
ထိုင် မကောင်းသူတို့အား ငွေတစ်ရာ၊ တစ်ရာ့ငါး ဆယ်ကို
လက်မနှိုဘဲ ပေးသည်။ တစ်ခါတစ်ခါ တစ်မနက်ခင်းတွင်ပင်
နံနက်ခင်းက အိတ်ကပ်ထဲ ထည့်ယူလာသော ငွေ တစ်ထောင်၊
ထောင့်ငါးရာဖြင့် ပေးကမ်း၍ မလောက်သောကြောင့် အပေါ်
ထပ်သို့ လူလွှတ်၍ ငွေယူခိုင်းရသေး၏။ ထိုသို့မရှိသူ ဒုက္ခရောက်
သူတို့အား ပေးကမ်းသည်ကို ဇနီးဖြစ်သူ ဒေါ် သန်း စိန် က
လည်း ကြည်ကြည်ဖြူဖြူ ဝမ်းမြောက်သော လိုက်လျောမှုပြုပါ
သည်။

ဦးအုန်းမောင်က လူငယ်များကို ပြုစုပျိုးထောင်လိုစိတ်၊
မိဘမဲ့ ကလေးများ၊ လေ လွင့် နေသော က လေး မျိုး အား
ကိုယ်တိုင် မရဟိတ ဂေဟာဖွင့်၍ ပြုစုလိုသော ရည်မှန်းချက်
လည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အကောက်ဖူသမျှ ထင်းဘဝ

ဦးအုန်းမောင်က မိမိ၏သဒ္ဓါတရားသည် သစ္စာတရားကို ဖြစ်စေပါသည်။ မိမိ၏သဒ္ဓါတရားကြောင့် မိမိအား သစ္စာရှိသော ရောင်းရင်းများ၊ သား၊ တပည့်များကို ရရှိခဲ့ပါသည်ဟု ဆို၏။

ဦးအုန်းမောင်က မိမိရှိ အဖိုးတန်ပစ္စည်းများကို စာရင်းပြုစုရာတွင် ထိုစာရင်းတွင် ရွှေငွေရတနာပစ္စည်းများထက်၊ အလျှင် မှတ်သားရမည့် ပစ္စည်းစာရင်းများရှိ၏။ ထိုစာရင်းမှာ မိမိ၏ ဆုံးရှုံးမှုစာရင်းဖြစ်သည်။ လူတိုင်းသည် မိမိ၏ဆုံးရှုံးမှုကို အဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများ၏ စာရင်းတွင် ထိပ်တန်းနေရာမှ စာရင်းသွင်းထားရမည်ဟု ဆို၏။

ဦးအုန်းမောင်က စီးပွားရေးလုပ်တာဟာ ခင်မင်ဖို့၊ မိတ်ဆွေဖြစ်ဖို့လုပ်တာ၊ စီးပွားရေးလုပ်လို့ အခင်အမင်ပျက်ကြရမည်ဟု ဆိုပါက မလုပ်တာဘဲ ကောင်းပါတယ်ဟု ဆို၏။

တစ်ဖန် ဦးအုန်းမောင်က မိမိသည် ရွှေတွေ ငွေတွေ ရှိသော ဧည့်သည်ထက် ရိုးသားသောဧည့်သည်ကို အမြဲ မျှော်နေသည်၊ ရိုးသားသောသူများနှင့် အလုပ်လုပ်ရပါက အလွန် စိတ်ချမ်းသာရသည်၊ လုပ်ငန်းအောင်မြင်မှုရှိသည်။ ရိုးသားမှု



ကြံရည်ဖန်ရည်ရှိသူများထက် ထိပ်တန်းသို့ ရောက်မည့် ပုဂ္ဂိုလ်များဟု ဆို၏။ ယင်းကိစ္စနှင့် ပတ်သက်၍ ဦးအုန်းမောင်က 'သစ်ပင်တွေက တောထဲမှာ မျိုးစုံပေါက်နေတာပဲ၊ သစ်ပင်တွေထဲမှာ အကောက်လည်း ရှိတယ်၊ အဖြောင့်လည်း ရှိတယ်၊ လူတွေဟာ သစ်ပင်အားလုံးကို ခုတ်ကြတာပဲ၊ ဒါပေမယ့် အရည်အသွေး ကောင်းတဲ့သစ်ပင် အဖြောင့် သစ်ပင်တွေကိုတော့ ဘုရားဆင်းတုတော်များ ထုလုပ် ကိုးကွယ်ကြတယ်၊ နောက် ပန်းပုရုပ်ထုများ ထုလုပ်ကြတယ်၊ အနုပညာလက်ရာ ပစ္စည်းများ၊ လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ပြီး အသက်ထက်ဆုံး အမြတ်တနိုး ထားကြတယ်၊ ကောက်နေတဲ့သစ်ပင်တွေကိုတော့ ဘာလုပ်လဲဆိုရင် အပိုင်းအပိုင်းဖြတ်ပြီး ထင်းဆိုက် ပစ်လိုက်ကြတာပဲ။ ဒီသဘာဝ အတိုင်းပါပဲ၊ လူမှာလည်း ဖြောင့်တဲ့လူက တန်ဖိုးရှိတယ်၊ ကောက်တဲ့ကောင်က ထင်းဖြစ်ရတာပါပဲ' ဟု ဆို၏။

တစ်ဖန် ဦးအုန်းမောင်က 'သစ်ပင်တွေမှာ အနှစ်များလာရင် အကာက ပါးလာရစမြဲပါ။ ဒီတော့ အကောင်းတွေများလာရင် မကောင်းတာတွေ ပါးလာရမှာပေါ့၊ လူငယ်များအတွင်းမှာလည်း ကောင်းတဲ့ အလေ့အထတွေ၊ ဇွဲ၊ လုံ့လ၊ ဝီရိယ အားစိုက်ထုတ်လုပ်သူတွေ များလာရင် မသင့်လျော်တဲ့ အပြုအမူတွေ လျော့ပါးလာမှာပါ၊ ဒါကြောင့် ဘယ်နေရာမှာပဲဖြစ်ဖြစ် အနှစ်ထုထုရှိအောင် လုပ်ပေးရမယ်၊ ဒါမှအကာတွေပါးလာမှာပေါ့' ဟုလည်း ဦးအုန်းမောင်က သူ၏ အယူအဆကို ရှင်းပြပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## တင်ပြခဲ့သော အကြောင်းအရာ သုံးရပ်

ယခုအထိ ဤစာအုပ်ငယ်တွင် ကျွန်တော် တင်ပြခဲ့သော အကြောင်းအရာများကို ပြန်၍ချုပ်ရသော် အကြောင်းအရာ သုံးရပ်ကိုသာ တင်ပြခဲ့ရပါသေး၏။

**ပထမအကြောင်းအရာမှာ** ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို လူကြီး လူငယ် လူလတ် ကျား မ မရွေး ချစ်မြတ်နိုးကြသည်သာ ဖြစ်၏။ လူတိုင်းတွင် ဇာတိသွေး ဇာတိမာန်ရှိကြသည်သာ ဖြစ်၏။ နိုင်ငံကို ဘယ်သူ ဘယ်ဝါကပို၍ ချစ်ပါသည်ဟုမဆိုသာ၊ မည်သို့သော လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူကမူ တိုင်းပြည်ကို ပို၍ချစ်ပါသည်ဟု ပြောဆို၍မရ။ လူတိုင်းလူတိုင်းသည် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်မြေ ကိုယ့်ယာကို ချစ်ကြသည့်သာ ဖြစ်ပါ၏။

**ဒုတိယအကြောင်းအရာမှာ** ကျွန်တော်တို့ မြန်မာနိုင်ငံသည် အဖိုးတန် သယံဇာတများ၊ အဖိုးတန် သဘာဝရှုခင်းများနှင့်



တကယ့်တန်ဖိုးရှိသော နိုင်ငံဖြစ်သည်။ ရာဇဝင်အဘိတ်သမိုင်း ယဉ်ကျေးမှု အစဉ်အလာရှိပြီး ပြည်ထောင်စုသားတိုင်းရင်းသားများသည် စက်မှုလက်မှုအတတ်ပညာ ဖက်တွင်ညံ့သူများ ခေါ်ကြသူများမဟုတ်၊ သိပ္ပံဆိုင်ရာ ဝိဇ္ဇာဆိုင်ရာ၊ စက်မှုလက်မှုဆိုင်ရာ ဗီဇသွေး ဗီဇအထုံ ရှိကြသူများဖြစ်သည်။ ဟူသော အချက်ဖြစ်၏။

**တတိယအချက်အနေဖြင့်ကား** ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ချစ်သောစိတ်၊ မြတ်နိုးသောစိတ်ရှိသည်။ မြန်မာတို့သည် အမိနိုင်ငံအား တိုးတက်ကြီးပွားအောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ မိမိကိုယ်မိမိ တိုးတက်အောင် ဆောင်ရွက်ရာတွင်လည်းကောင်း မျိုးရိုးမဆို၊ လူတိုင်းတွင် အထက်သို့ တက်လှမ်းနိုင်သော ဗီဇစိတ် ရှိနေကြသည်။ ထိုစိတ်သည် အောင်စိတ်ဖြစ်သည်။ ထိုအောင်စိတ်ကို အသုံးချရမည်။

အောင်စိတ်ကို အသုံးချရာတွင်—

— ဇွဲ၊ လုံ့လ ဝီရိယရှိရမည်၊ ကြိုးစားမှုရှိရမည်။

— သန့်ရှင်းဖြောင့်မတ်သော စိတ်စေတနာရှိရမည်၊ ရိုးသားရမည်၊ စိတ်ကောင်း စေတနာကောင်း ရှိရမည်။

— မိမိ၏ တိကျသော ရည်မှန်းချက်ကို မရွေ့ မပြောင်း စဉ်ဆက်မပြတ် ကြိုးစားပါက လောကတွင် မပြီးနိုင်သောအရာ မအောင်မြင်နိုင်သောကိစ္စ ဟူ၍ မရှိ၊ မိမိရည်မှန်းချက် ပြည့်ဝရေးအတွက် ဆောင်ရွက်ရာ

www.burmeseclassic.com

www.burmeseclassic.com

တွင် စဉ်ဆက်မပြတ်သော ကြိုးပမ်း အားထုတ်မှု လိုသည်။

— ကျွန်တော်တို့သည် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တိုးတက်ကြီးပွား အေးချမ်းသာယာရေးအတွက် ကြိုးပမ်းကြရမည်၊ ကိုယ့်ခေတ် ကိုယ့်အခါကြမှ ညံ့ကြရလျှင်တော့ သင်ရော၊ မင်းရော၊ ကျုပ်ပါအားလုံးရှက်ဖွယ်ရာသာ ဖြစ်မည် ဟူသော အချက်များ ဖြစ်ပါ၏။

## တင်ပြပါရစေ ခုနစ်ဆွေ

ဆက်လက်၍ ကျွန်တော်တို့ လူငယ်များသည် နိုင်ငံတကာနှင့် ဆက်သွယ်၍ မိမိကိုယ်မိမိ ကြီးပွားတိုးတက်ရေး၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရာတွင် လူငယ်တိုင်းသည်—

၁။ အချိန်ကို အလေးဂရု ပြုကြရမည်။

၂။ အင်္ဂလိပ်စာ၊ သို့မဟုတ် ဘာသာစကားတစ်ခုခု တတ်ကျွမ်းရေးကို အလေးထား ဆောင်ရွက်ရမည်။

၃။ နိုင်ငံတကာ အပြုအမူများ လေ့ကျင့် တတ်မြောက်ရန် လိုအပ်သည်။

၄။ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် အမျိုးသား စိတ်အခြေခံဖြင့် ဆက်ဆံ၍ ကိုယ့်အမျိုးဂုဏ်ကို ထိခိုက်လာပါက ကာကွယ်ရန်နှင့်၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံခြားငွေရ ပြီးရောဆိုသည့် စိတ်ဓာတ်ကို ရှောင်ရှားရန် လိုအပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅။ လူငယ်များ ခရီးသွားရန်၊ သို့မဟုတ် စာဖတ်ရန်၊ ခရီးမသွား၊ စာမဖတ်ဖြစ်ပါက ဆွေးနွေး ဟောပြောမှုများကို နားထောင်ရန် လိုသည်။
၆။ စာဖတ် ခရီးသွား ဆွေးနွေး ဟောပြောမှုတို့မှ ရရှိလာသော စိတ်ကူးချက်များကို လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။
၇။ နောက်ဆုံး အနေနှင့်ကား မည်သည့် အခြေအနေတွင်မဆို ကျန်းမာရေးကို အလေးဂရုပြုရမည် ဟူသော အချက်များ ဖြစ်ပါ၏။

ဤအချက်များကို ဆက်၍ ဆွေးနွေးလိုပါသည်။

ကျွန်တော် ထိုခရီးကြုံသူများထဲတွင် ကျွန်မက အသာမရှိသည့် စလေမြို့ကပါ ဟူသော စလေသူ မဥမ္မာဆွေက နိုင်ငံတကာနှင့် ဆက်ဆံမှုများ ပြုရာတွင် ထားရှိအပ်သော အမျိုးသားစိတ်နှင့် ပတ်သက်၍ ဘယ်သို့ ထားရှိအပ်သည်ကို အကြောင်းပြန်ပါ ဟုဆို၏၊ ပေါင်းသည်မြို့မှ မောင်သန့်ဇော် (အလှကုန်)၊ ပျဉ်းမနားမြို့ ချယ်ရီလမ်းမှ မောင်သက်ခိုင်တို့က နိုင်ငံတကာနှင့် ပို့ကုန်လုပ်ငန်း ဆောင်ရွက်ရာတွင် ကိုယ်ခံ အရည်အသွေးများ ဘာတွေလိုအပ်ပါသလဲဟု မေးမြန်းခဲ့သည်။ ထို့ပြင် ရခိုင်အမျိုးသား လူငယ်ဖြစ်သည့် ကိုဝင်းဖေက ဘဝ တက်လမ်း ရှာဖွေခြင်းနှင့် ကျန်းမာရေးအကြောင်း၊ အချိန် အရေးကြီးပုံကို မေးမြန်းခဲ့ပြီး ချောက်မြို့၊ ရေနံချက်စက်ရုံ အနီးရှိ ကိုသန်းထွန်းဝင်းနှင့် ရွှေပြည်သာမြို့နယ်မှ ကိုမောင်



မောင်တာရ အစရှိသူတို့အပြင်၊ ချောင်းဆုံကြေးနန်းရုံးမှကို သိန်းအေး၊ ပြည်မြို့ ကြခတ်ရွာမှ ကိုတင်လှိုင်၊ လင်းခေးမှ ဦးကိုကိုထွေး ထွန်းစာပေ နတ်မောက်မှ ကိုမျိုးချစ်ထွန်း၊ မိတ္ထီလာ၊ အောင်ဆန်းရပ်မှ ကိုတင်အောင်ကျော်နှင့် လင်းခေးမြို့၊ ဦးဘိုစိန်တွင်ခုံမှ ကိုမြင့်၊ ဝမ်းတွင်းမြို့မှ မောင်သန်းဦးတို့ကလည်း တိုးတက်ကြီးပွားရေးအတွက် အခြေခံအချက်များကို သိလိုကြပါသည်ဟု ဆို၏၊ ကျွန်တော် တင်ပြလိုသည်မှာ ယနေ့ကာလ စီးပွားကုန်သည်မှု လုပ်လျှင်ကာ၊ ထိုအချက် ၇ ချက်ကို လူငယ်တိုင်း အလေးထားရန်ကား လိုအပ်လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အချိန် ကန့်သတ်ချက်ဖြင့် ဖွဲ့စည်းထားသော လူ့ဘဝ

အချိန်နှင့် ဝီရိယကို အလေးဂရုပြုသူများထဲတွင် ကျွန်တော်တို့လူမျိုးသည် ရှေ့တန်းမှ ပါဝင်ခြင်း မရှိပါ၊ မရှိသို့လုပ်စရာတာ ဖြည်းဖြည်းပေါ့ဟူသော စကားသည်ပင် နေစကားသလိုလိုနှင့် ကျွန်တော်တို့ လူမျိုးတွင် အတည်ဖြစ်ခနေ၏၊

မြန်မာလူမျိုးထဲတွင် အချိန်ကို အလေးဂရုပြုသူ အလွန်ရှား၏၊ ကျွန်တော့် အတွေ့အကြုံအရ အချိန်ကိုအလေးဂရုပြုသူများကို မကြုံတွေ့ဖူးရသလောက်ပင် ဖြစ်၏၊ အချို့သော ပုဂ္ဂိုလ်ကြီးများသည် လုပ်ငန်းကြီးများကို ဆောင်ရွက်ရာမှ မလွှဲမရှောင်သာ အချိန်ကို အလေးဂရုပြုကြသူများလောက်တို့သာ တွေ့ကြုံဖူးပါ၏။



ဆရာဦးသိန်းဖေမြင့်သည် အချိန်သတိမှတ်၍ စာရေးသားမှုပြုလုပ်သည်ဟုတော့ ကြားဖူးသည်၊ ကျွန်တော်ကိုယ်တိုင်လည်း အချိန်ကို အလေးဂရုပြုသူများထဲတွင် မပါ၊ ယခု အသက် ၅၀ ကျော်ကာမှ ငါ့ဘဝတွင် အချိန်သိပ်မကျန်တော့ပါလားဟု ဆိုကာ အချိန်ကို ယခုမှ အတော်လေး ဂရုစိုက်သတိထားလာရမိပါ၏။

ကျွန်တော်သည် ဧည့်သည်အတော်များသူဖြစ်၏၊ တစ်နေ့တွင် အနည်းဆုံး ဧည့်သည် သုံးလေးဦးမှ ဆယ့်ခုနစ်ဦးအထိ လာတတ်၏၊ ထိုဧည့်သည်များကို တစ်ဦးပြီးတစ်ဦး ဧည့်ခံနေရာက တစ်ခါတစ်ရံ တစ်နေ့လုံး အချိန်ကုန်သွား၏၊ ဧည့်သည် လာသဖြင့် စာရေးပျက်သော်လည်း ထိုဧည့်သည်များနှင့် စကားပြောရ၍ မိတ်ဆွေဖြစ်ရသဖြင့် ကျွန်တော် ဗဟုသုတ၊ မိတ်ဆွေပွားရခြင်းဟူသော အမြတ်ကား ရရှိပါ၏၊

တိုးတက်ကြီးပွားလိုသူတိုင်းသည် အချိန်ကို အလေးအနက်ထားရမည် ဖြစ်၏၊ လူ့ဘဝတွင် အချိန်သည်လည်း အရေးကြီးသော အရင်းအနှီးတစ်ရပ်ဖြစ်သည်၊ အခြားအရင်းအနှီးများကို ဝယ်ယူခြင်း၊ ဖလှယ်ခြင်း၊ ချေးငှားခြင်းတို့ပြုလုပ်နိုင်သော်လည်း လူသည် အချိန်ဟူသော အရင်းအနှီးကို ဝယ်ယူခြင်း ဖလှယ်ခြင်း၊ ချေးငှားခြင်းတို့ကို ပြုလုပ်၍ မရနိုင်ပါ၊ သဘာဝသရားကြီးက လူများကို သူ့အချိန်နှင့်သူ အပြီးတိုင် သတ်မှတ်ပေးထားပြီးဖြစ်၏၊ ထိုသို့ ပေးထား ခံရသူ ဖြစ်သောကြောင့် မိမိရရှိသော အချိန်ကို အကျိုးရှိအောင် အသုံးပြုသူတို့က အသုံးမပြုသူများထက် ပို၍တိုးတက်ကြီးပွားကြပါ၏။

www.burmeseclassic.com



အချိန်နှင့်ပတ်သက်၍ ပြောရပါက အချိန်အတိုအစကလေးများကိုလည်း အလေးဂရုပြုရမည်ဖြစ်ပါ၏။ လူ့ဘဝကိုအချိန်ကာလ ဆက်မှတ်ချက်ဖြင့် ဖွဲ့စည်းထား၏။ ထို့ကြောင့် လူ့ဘဝတွင် အချိန်သည် အသက်ပင်ဖြစ်၏။ အချိန်ကို တန်ဖိုးမထားသူသည် မိမိ၏ အသက်ကို တန်ဖိုးမထားသူပင် ဖြစ်၏။

ဆရာကြီး ပီမိုးနင်းသည် သူ၏ ကြီးပွားရေးလမ်းညွှန်စာအုပ်များစွာတွင် အချိန်အရေးကြီးကြောင်း၊ အချိန်ကို တန်ဖိုးထားရမည့်အကြောင်းများစွာကိုရေးသားထားပါ၏။ အချိန်ကို တန်ဖိုးထားသူသည် ချမ်းသာကြီးပွားနိုင်သူ ဖြစ်၍ အချိန်ကိုအသုံးမချတတ်သူသည် မချမ်းသာ မကြီးပွားမည့် သူသာဖြစ်၏။ တစ်ခါက ဟစ်ဘတ် ခေါ် ရဲသားတစ်ဦးသည် ဥပဒေစာအုပ်မှ စာရွက်များကို တစ်နေ့လျှင် တစ်ရွက်ကျ ဆုတ်၍ အိတ်ကပ်ထဲ ထည့်ပြီး ပတ်ထရောင် လှည့်ရင်း ကျက်မှတ်ခဲ့ရာ ၁၅ နှစ် အတွင်းမှာပင် ကျော်စော ထင်ရှားသော ဝတ်လုံကြီးတစ်ဦး ဖြစ်လာခဲ့၏။

လူငယ်များသည် တစ်နေ့တွင် အင်္ဂလိပ်စာလုံး ၁၀ လုံးကို အလွတ်ကျက်ပါ။ ထို ၁၀ လုံးကို ဝါကျပြုလုပ်ပြီး ကျက်သားပါက တစ်နှစ်တွင် အင်္ဂလိပ် စာလုံးပေါင်း ၃၆၀၀ ခန့် ဆယ်နှစ်တွင် အင်္ဂလိပ် စာလုံးပေါင်း ၃၆၀၀၀ နှင့် ဝါကျပေါင်း ၃၆၀၀၀ ရရှိနိုင်၏။ ထိုသို့ဆိုပါက အင်္ဂလိပ်အဘိဓာန်အတွင်း စာလုံးပေါင်း တစ်ဝက်ကို ကျက်မှတ်ပြီးသူ ဖြစ်နိုင်၏။ ထိုကဲ့သို့ ကြိုးစားသော ပုဂ္ဂိုလ်သည် ငါးနှစ်အတွင်း အင်္ဂလိပ်စာ ပြောတတ်၊ ဆိုတတ်၊ ရေးတတ်သော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာနိုင်ပါ၏။



မဟာသမုဒ္ဒရာသည် ရေဖြင့်ပြီး၏၊ မဟာပထဝီမြေကြီးသည် မြေအမှုန့်တို့ဖြင့်ပြီး၏။ ကောင်းကင်ကြီးသည် ကျယ်ပြန့်မှုနှင့်ပြီး၏၊ လူ့ဘဝဟူသည် အချိန်ဖြင့်ပြီး၏၊ အချိန်ဟူသည် မိနစ်၊ စက္ကန့်များဖြင့် ပြီးပေရာ အချိန် လေးစားသူ အားလုံးသည် မိနစ်၊ စက္ကန့်များကိုပင် အထူးဂရုပြု နှမြောရန် လိုအပ်ပါသည်။ ငွေနှမြောခြင်းထက် အချိန်ကို နှမြောက ပို၍ကြီးပွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# တစ်ဘဝတွင် အနှစ် ၂၀ အိပ်

အချိန်ကို စနစ်တကျ အသုံးပြုရေးနှင့်ပတ်သက်၍ ဆရာကြီး… ပီဒီးနှင်းက အသက် ၆၀ နေရမည့် လူတစ်ဦး၏ အချိန်ကို… ဇယားချ၍ တွက်ပြဖူးပါ၏။

လူတစ်ယောက်သည် သူ့ဘဝ၌ အနှစ် ၆၀ အသက်ရှည်… မည်ဟု ဆိုကြပါစို့။

၁။ အိပ်ချိန် — အနှစ် ၂၀
(တစ်နေ့ ၈ နာရီအိပ်)
၂။ စားသောက်ချိန် — ၃ နှစ်
၃။ စားသောက်ရေးအတွက် စောင့်ဆိုင်း
နေရချိန် — ၉ …
၄။ အလုပ်လုပ်ချိန် — ၁၇ နှစ် နှင့် ၆ …
၅။ အပျော်အပါးအချိန် — ၇ နှစ် နှင့် ၆ …
၆။ လမ်းလျှောက်ချိန်ကားစီးချိန် — ၆ နှစ် နှင့် ၇ …
၇။ အဝတ်အစားအတွက်ကုန်ကျချိန် — ၂ နှစ် နှင့် ၆ …
၈။ အလုပ်မလုပ်ဘဲနေချိန် — ၂ နှစ် နှင့် ၆ …

စုစုပေါင်း — အနှစ် ၆၀ နှင့် ၄ …



အသက် ၆၀ ရှည်သော လူတစ်ယောက်သည် မိမိ၏ထန့်ဖို့ …သောအချိန်ထဲမှ အနှစ် ၂၀ အိပ်ပစ်လိုက်ရ၏၊ ထမင်းစား …ရသောက်ရန်အတွက် ၃ နှစ်လုံးလုံး ဖြုန်းတီးပစ်လိုက်ရသည်။ …အမင်းခုနေ၍မုန့်ဟင်းခါးဆိုင် လက်ဘက်ရည်ဆိုင်တွင် မုန့်မှ …င်း စောင့်ခနေရသော အချိန်များကို ပေါင်းလိုက်လျှင် ၉ လမျှ …ှာသည်။ အပျော်အပါး တွေရာလေးပါး ကိစ္စများအတွက် …န်သည့် အချိန်သည် ၇ နှစ်နှင့် ၆ လပင်ရှိ၏၊ လမ်း …လျှောက်ခြင်း၊ ကားစီးခြင်း၊ ထိုင်လိုက် ထလိုက် လုပ်ချိန်များ …ကြောင့် ၆ နှစ်နှင့် ၇ လ ကုန်ခဲ့ရပြီး အဝတ်အစား လဲရန်၊ …ခေါင်းဖြီးရန်၊ အလှပြင်ရန်အချိန်သည် တစ်ဘဝတွင် ၂ နှစ်နှင့် … လ ကြာ၏၊ အလုပ်မလုပ်ဘဲ နေသောအချိန်သည်လည်း ၂ နှစ် …နှင့် ၆ လ ကြာ၏။

လူ့ဘဝတွင် အသက် ၆၀ နေရမည်ဆိုပါက အလုပ်လုပ်ရန် …ချိန် ၁၇ နှစ်နှင့် ၆ လသာ ရပါ၏။

လူသားသည် ထိုရရှိလာသော ၁၇ နှစ်နှင့် ၆ လအတွင်း …အောင်မြင်မှုရစေရန် သူ့ထက်ပါ အပြိုင်ကြိုးစားကြရမည် …သည်။ ကာလအတော်ချိန်အတွင်း အပြိုင် ကြိုးစား ကြရာတွင် …န်တော်တို့သည် အောက်ပါ အချိန်များကို ကိုယ့်ဘဝမှ …ယ်ပြန်၍ ခိုးယူနိုင်ပါသေး၏။

ထိုဇယားထဲမှ အပျော်အပါးအချိန်များကို ၂ နှစ်ခန့်လျှော့… အလုပ်လုပ်ပါက အချိန် ၅ နှစ် ပိုထွက်လာနိုင်၏၊ အလုပ် …လုပ်ဘဲ ကျောဆန့်နေချိန်များ လျှော့လိုက်လျှင် ၂ နှစ်နှင့် ၆လ …လာပါမည်။ ထို့အပြင် အဝတ်အစားလဲခြင်း၊ ခေါင်းဖြီးခြင်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းများကို စနစ်နှင့် မြန်မြန်လုပ်ခြင်းဖြင့် ထိုအထဲမှအချိန် တစ်နှစ် ခိုးယူ၍ ရပါမည်။

စားသောက်ချိန်နှင့် လမ်းလျှောက်ချိန်ကို ကျန်းမာရေးနှင့် ဆက်နွယ်နေ၍ သူတို့ကို မထိခိုက်ပါနှင့်။ ထိုသို့ဆိုလျှင် အချိန် ၈ နှစ်နှင့် ၆ လ ပိုထွက်လာနိုင်ပါသေး၏။

မာဂရက်သက်ချာလို အောင်မြင်မှု ရရှိပြီးပုဂ္ဂိုလ်ကြီးသည် တစ်နေ့တွင် ၅ နာရီသာ အိပ်၍ အလုပ်လုပ်သည်ဟု ဆိုလျှင် ကျွန်တော်သည်လည်းကောင်း၊ စာဖတ်သူသည်လည်းကောင်း အိပ်ဖို့ပင် မကောင်းတော့ပါ။

ထို့ကြောင့် အအိပ်အနေနည်းအောင်ကြိုးစား၍ ကျွန်တော်တို့ အိပ်သည့်အထဲမှ အနည်းဆုံး အချိန် ၁ နှစ်လောက်ကို ခိုးယူ၍ မအိပ်ဘဲ အလုပ်လုပ်ရန် ကြိုးစားသင့်ကြပါ၏။ ကျန်းမာရေး ရှုထောင့်မှလည်း အအိပ်အနေ များ၍ ပိုကျန်းမာလာခြင်းမရှိသလို၊ အအိပ်အနေနည်းမှုကြောင့်လည်း ကျန်းမာရေး အလွန်အမင်း မချို့တဲ့ပါ။ အအိပ်အနေနည်းအောင် လူ့ ခန္ဓာကိုယ်အား ကျင့်၍ယူရပါသည်။

## နှစ်နာရီသာ လိုချင်သော နပိုလီယံ

အချိန်သည် မည်မျှအရေးကြီးသနည်း ဆိုလျှင် တစ်ခါက နပိုလီယံသည် ဝယ်လင်တန်ဟူသော စစ်ဗိုလ်ချုပ်ကြီးအား တိုက်ရန် ဝါတာလူးစစ်ပွဲသို့ အပြင်းချီတက်လာခဲ့၏။ သို့သော် သူရောက်ရှိသောအခါ နေသည် ဝင်ခါနီးတော့မည် ဖြစ်၏။ ဝယ်လင်တန်၏ စစ်ကူများမရောက်မီ ယခုညနေတွင်တိုက်မှသာ တိုက်ပွဲကို အောင်နိုင်မည်ကို နပိုလီယံကသိ၏။ သို့သော်သူသည် စစ်မြေပြင်သို့ အရောက် နောက်ကျခဲ့၏။ နပိုလီယံသည် တဖြည်းဖြည်းဝင်နေသော နေမင်းကြီးအား နှမြောတသစွာဖြင့် ရပ်ကြည့်ကာ 'နေမင်းကြီး၊ ယနေ့အတွက် ၂ နာရီလောက်သာ သင့်ကို ငါတားချုပ်ရမည်ဆိုပါက သင့်အားငါသည်ကျေးဇူးလောကြီး ဘာမဆိုပေးနိုင်မည်' ဟု ဆိုလေ၏။ ထိုစစ်ပွဲတွင် ၂ နာရီ နောက်ကျ၍ နပိုလီယံ စစ်ရှုံးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ကြီးပွားလိုသူတို့အတွက် အချိန်သည် အရေးကြီး လှ၏။ မကြီးပွားချင်၊ မတိုးတက်ချင်သူများ အတွက်တော့ အချိန်အရေးကြီးကြောင်း စကားကို မပြောလိုပါ။ သူတို့အဖို့ သူတို့နေပါစေ။ သည်သည်သည်ထက် တိုးတက်လိုသည်ဟု ဆိုပါက အချိန်တို့ အချိန်စားလေးများကိုပါ အလေးအနက် ဂရုပြုရန် လို အပ်ပါ၏။

အချိန် အရေးကြီးကြောင်းနှင့် ပတ်သက်၍ တင်ပြရသော် အချိန်သည် မှန်မှန်ရွေ့လျားနေ၏။ အချိန်နှင့်ဒီရေသည် လူကို မစောင့်၊ ရွေ့လျားပြီးသွားသော အချိန်တစ်မိနစ်ကို ငွေကျပ် တစ်သောင်းပေး၍ ပြန်ဝယ်ယူလိုသော်လည်း မရနိုင်ပါ။

ပန်းပဲသမားသည် သံကို မီးပူပေး၍ သံတုံးကြီး နီရဲနေ ချိန်တွင် ထုရ၏။ သံတုံးကြီးသည်ဖိုထဲမှ ထုတ်လိုက်ချိန်မှစ၍ တစ်စတစ်စ အေး၍အေး၍ လိုက်လာ၏။ ထိုသံတုံးကြီး အေး သွားသည်အထိ မရောက်ခင် ပန်းပဲသမားက အမြန်လိုက်၍ ထု ရသည်။ သံပူတုံးကြီးကို ချ၍ ငါ ရေနွေးကြမ်းလေး တစ်ခွက် သောက်လိုက်ဦးမည်ဟု ဆိုကာ သံပူတုံးကြီးကို ဒီအတိုင်း ချ ထား၍မရ။ သံပူတုံးကြီးသည် ရေနွေးကြမ်း သောက်နေသူကို မစောင့်၊ အေးသွားလျှင် အစမှပြန်စ၍ ဤသံတုံးကို ဖိုထဲတွင် ထပ်၍မီးဖုတ်ရပြန်သော် မီးသွေးကုန်ဦးမည်ဖြစ်၏။ အစမှပြန်၍ မီးပေးသည့်တိုင်အောင် ပထမ အပူပေးထားသော သံပူတုံး ကြီးကို မရနိုင်တော့။ နောက်ထပ်၍အပူပေးပါက ထိုသံတုံးကြီး ပြန်၍ပူလာသည့်တိုင် ထိုသံတုံးသည် ပထမသံတုံးမဟုတ်တော့။ ဒုတိယ အပူပေးသော သံပူတုံးသာလျှင် ဖြစ်တော့၏။ ပထမ



အပူပေးသော သံတုံးကြီးသည် ရေနွေးကြမ်းသောက်နေခြင်းနှင့် အတူ ပျောက်ကွယ်သွားပြီဖြစ်၍ ဘယ်သောအခါမှ ပြန်၍ မရ နိုင်တော့ပါ။

လူ့ဘဝသည်လည်း ဤသို့ပင်ဖြစ်၏။ သံတုံးကြီးရဲနေချိန်တွင် လိုက်၍ ထုနေရ၏။ သံတုံးကြီးကလည်း လူကိုစောင့်မနေ၊ သူက လည်း သူ့ဘာသာသူ အေးနေသည်။ သူမအေးခင်ထုရ၏။ သူ အေးမှ ထုလျှင် သံတုံးပါ ပျက်စီးသွားနိုင်၏။

သံတုံးကြီး တစ်စတစ်စ အေးလာခြင်းသည် လူ့ဘဝတွင် မွေးဖွားပြီးသည်မှစ၍ တစ်ရက်တစ်ရက် ကြီးလာသူနှင့် တူ၏။ ဒီနေ့ ရေနွေးကြမ်းသောက်နေ၍၊ လက်ဖက်ရည်ဆိုင်ထိုင်နေ၍ ကုန်သွားသော နာရီများကို လူ့ဘဝတွင် ပြန်မွေးဖွား၍ မရ တော့ပါ။

ထို့ကြောင့် ပညာသင်ချိန်တွင်ပညာသင်၊ စီးပွားရှာချိန်တွင် စီးပွားရှာရန်လိုအပ်ပါ၏။ ပညာသင်ချိန်တွင် လက်ဖက်ရည်ဆိုင် ထိုင်နေပါက သံတုံးကြီးအေးသွားလျှင် မိမိလိုသော ပုံသဏ္ဌာန်ပုံကို သံတုံးဖြင့် ပုံမဖော်လိုက်နိုင်ဘဲ ရှိတတ်၏။

လသားတုန်းပိုင်းဝင်၊ မိုးမလွန်ခင်ထွန်ချ၊ အချိန်ရှိခိုက်လုံ့လ စိုက်၊ မိုးရွာတုန်းရေခံ ဟူသော မြန်မာ စကားပုံများသည် အချိန်ကို တန်ဖိုးရှိစွာအသုံးပြုရေးအတွက် သတိပေးထားသော အဖိုးတန်စကားပုံများ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# လူ့ဘဝ၏ အခြေခံ အုတ်မြစ်

အချိန်ဟုဆိုရာတွင် ကျန်းမာနေသောအချိန်ကိုဆိုလိုရင်းဖြစ်ပါ၏။ မကျန်းမာသောအချိန်သည် နပိုလီယံကဲ့သို့ ဝင်နေသောနေမင်းကြီးကို စောင့်ကြည့်ရချိန်ဖြစ်၍ ဘာမျှ တန်ဖိုး သိပ်မရှိတော့ပါ။

မကျန်းမာသူသည် အလုပ်လည်း မလုပ်နိုင်၊ စာလည်း မဖတ်နိုင်၊ တွေးတော ကြံဆမှုလည်း မပြုနိုင်သဖြင့် မကျန်းမာသောသူသည် သေလူသာ ဖြစ်ပါ၏။ ထို့ကြောင့် အချိန်ကိုစနစ်တကျ ဘဝ တိုးတက်ရေးအတွက် အသုံးပြုနိုင်ရန် မိမိကိုယ်မိမိ ကျန်းမာအောင် အစဉ် ကြိုးစားရမည် ဖြစ်ပါ၏။ ကျန်းမာရေးကို မိမိတို့ သားသမီးများအား ငယ်စဉ်မှစ၍ ကျန်းမာအောင်နေတတ် စားတတ်သော အလေ့အထများကို ကျင့်ပေးရမည်ဖြစ်ပါ၏။

မြန်မာ မိဘများတွင် ကလေးများ ကစားလျှင် တားမြစ်ပိတ်ပင်၍ စာကိုသာ အတင်းဖတ်ခိုင်း၏။ အားကစားပြုလုပ်



ခြင်းနှင့် စာပေလေ့ကျင့်သင်ကြားခြင်းတို့ကို တန်းတူရည်တူ အရေးကြီးသောကိစ္စနှစ်ရပ်အဖြစ်သဘောထားရမည်ဖြစ်ပါ၏။

လူကို စိတ်ပိုင်း၊ ရုပ်ပိုင်းတို့နှင့် တည်ဆောက်ထားရာ စိတ်ဖွံ့ဖြိုးအောင် ပညာသင်ကြားခြင်း၊ လေ့ကျင့်နားယူခြင်း၊ သင်အံရွတ်ဖတ်ခြင်းများ ပြုလုပ်ရမည်ဖြစ်၏။ စိတ်နှင့်ပတ်သက်၍ သင်အံမှု လေ့ကျင့်မှု သင်ကြားမှုတို့ကြောင့် စိတ်ဖွံ့ဖြိုးမှုရှိသော်လည်း ရုပ်ပိုင်းဆိုင်ရာ ဖြစ်သည့် ကျန်းမာရေးမကောင်းလျှင် စိတ်ဖွံ့ဖြိုးမှုဆည်လည်း သိပ်အသုံးမကျနိုင်ပါ။

ပညာသင်ကြားရေးသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဖြစ်၏။ ကျန်းမာပျော်ရွှင်သော လူငယ်တစ်ဦးသည် စာပေသင်ကြားမှုကို အလွယ်တကူ ပြုနိုင်၏၊ ဉာဏ်စဉ်မီ၏။ မကျန်းမာသောသူများသည် အများအားဖြင့် ဉာဏ်ဖွံ့ဖြိုးမှုလည်း အားနည်း၏၊ လူ့ဉာဏ်မမီသူများ ဖြစ်၏။

ဂျပန် ကျောင်းသားများတွင် စာသင်ကြားရေးနှင့်အတူ ဂျူဒို၊ ကရာတေး၊ သိုင်း၊ ကိုယ်ခံပညာများ၊ အားကစားလုပ်ငန်းများကို တန်းတူရည်တူ အချိန်ပေး၍ သင်ကြားမှု ပြုကြ၏။ အားကစား ပြုလုပ်ရာမှ ရရှိသော စုပေါင်း လုပ်ဆောင်ခြင်း၊ အပေးအယူမျှမျှတတ လုပ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းခြင်း၊ အခက်အခဲကို ကျော်လွှားခြင်း၊ ရိုင်းပင်းကူညီခြင်းစသော အရာများသည် အခြားဘယ်နေရာတွင်မှ လေ့ကျင့်၍ မရနိုင်ဘဲ၊ အားကစားနယ်ပယ်တွင်သာ ရနိုင်၍ ထိုလေ့ကျင့်မှုများသည် မိမိကြီးပြင်းလာ၍ လူ့လောကကို ရင်ဆိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com

## ပခုံးနဲ့ လက်ပြင်၊ ကြောခြင်က သံချောင်း

လောကသာရဆရာက 'အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်' ဟု ဆိုဆုံးမ၏။ အသက်ရှည်ပြီး အနာမဲ့စေရန် ကျန်းမာရေးကို ငယ်စဉ် ကလေးဘဝမှစ၍ ပြုစုပျိုးထောင်ပေးရမည်ဖြစ်၏။

လူသည် မိသည့်ခနရာမှ ကျန်းမာရေးကို လိုက်၍လုပ်ရမည်ဖြစ်၏။ အသက် ၂၀ မှစ၍ ကျန်းမာရေး လိုက်စား၍လည်းရ၏။ အသက်၄၀ မှလည်းရ၏။ ၅၀ မှလည်းရ၏၊ ၆၀ရလည်းရ၏။ ကျန်းမာရေးကို လိုက်စားမည်ကို သဘောပေါက်နားလည်ချိန်သည် ဘယ်အချိန်နည်း၊ ထိုအချိန်မှစ၍ ကျန်းမာရေးကို လိုက်စားနိုင်ပါသည်။ ကျန်းမာအောင် လုပ်ဆောင်ခြင်းသည် ဘယ်သောအခါမှ နောက်ကျသည်ဟူ၍မရှိပါ။ သို့သော် ဆေးရုံပေါ်ရောက်မှကား ကျန်းမာရေးကို လိုက်စားပါတော့မည်ဟု နောင်တစကားဆို၍ မရနိုင်တော့ပါ။ တစ်နာရီ လမ်းလျှောက်တိုင်း အသက်သည် တစ်နာရီ တိုးရှည်၏ဟု ဆို၏။



အချိန်ဆန့်ဖို့ရှိကြောင်းနှင့် ကျန်းမာရေးသည် လူ့ဘဝတွင် အလွန်အရေးကြီးကြောင်း အချက်များသည် အမှန်စင်စစ်အခွင့်ရတိုင်း သတိပေးနေရန် လိုသော အချက်များ ဖြစ်၏။

ဂျပန်၊ တောင်ကိုးရီးယား အစရှိသော နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူငယ်များ၏ ကျန်းမာရေးကြံ့ခိုင်မှုသည် တစ်ဆက်တည်း တစ်စပ်တည်း ရှိပါ၏။

ကျန်းမာကြံ့ခိုင်သော လူငယ်များအဖြစ် ပြုစုပျိုးထောင်ရာတွင် အာဟာရသည် အလွန်အရေးကြီးသော သဗ္ဗေသတ္တာ အာဟာရ ဋ္ဌိတိကာ ဟု ဆို၏။ လူသတ္တဝါသည် အာဟာရနှင့် အသက်ရှင် ကြံ့ခိုင်နေခြင်းဖြစ်ရာ မြန်မာလူငယ်များသည် လုံလောက်သော ပရိုတိန်း (အသားဓာတ်) ရရှိအောင် စားသုံးနိုင်ရမည်ဖြစ်ပါ၏။ အာဟာရပြည့်ဝမှသာ ဆရာဇော်ဂျီ၏ ပုဂံသားကဲ့သို့ လာစမ်းတဲ့မေ့သား၊ အမယ်မင်း ထွားလိုက်တာ၊ စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်တဲ့၊ ပခုံးနဲ့ လက်ပြင် ကြောခြင်ကသံချောင်း၊ တစ်နှစ်အတွင်းမှာ ချက်ချင်းပဲ ပြောင်းရော့၊ ကောင်းလိုက်ပေ့ မယ့်သား၊ ဤဇမ္ဗူတလွှားလောက်သော သားသမီးတနာမျိုးကို ရရှိနိုင်မည် ဖြစ်ပါ၏။ ဤဇမ္ဗူတလွှား ရှားလောက်သော ပုဂံသားလို ကြံ့ခိုင်ကျန်းမာလိုပါက အာဟာရကို စနစ်တကျ ပြည့်ပြည့်ဝဝ ဂရုတစိုက် စားသောက်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## တိုးတက်ကြီးပွားလိုသူတိုင်း စာဖတ်ပါ၊ ခရီးသွားပါ

ကိုယ်လက်ကြံ့ခိုင်မှုရှိသော လူငယ်သင်ဦးသည် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် အထွေထွေ ဗဟုသုတ ကြွယ်ဝမှုကို ဆက်လက်ဆောင်ရွက်ရန် အရေးကြီးလှပါ၏။ အထွေထွေ ဗဟုသုတ ကြွယ်ဝရေးအတွက် ယေဘုယျအားဖြင့် အခြေခံပညာတတ်မြောက်ရန်လိုအပ်သည်။ အခြေခံပညာဆိုသည်မှာ ဆယ်တန်းအထိမျှသော ပညာကို အခြေခံပညာဟုခေါ်ဆိုနိုင်ပါ၏။ ဘက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိသည် အထိပင် အခြေခံပညာဟု ဆိုပါက လည်း မမှားနိုင်ပါ။ ဦးကျော်စိန်က မိမိတို့ကားတော့ မူလတန်းပင် မအောင်။ သို့သော် မိမိတို့ စိန်ပန်းရပ်တွင် ဆယ်တန်းကျောင်း ရောက်ရှိလာ၍ လူငယ်များ အခြေခံပညာ တတ်မြောက်လာသောကြောင့် ထိုသွင် လုပ်ဆောင်မှုများ ပိုမိုတိုးတက်မှု ရှိလာသည်ဟု ဆို၏။ အခြားပုဂ္ဂိုလ်တစ်ဦးက မိမိသည် ဝီရိယနှင့် သဒ္ဓါရှိမှုတို့၊ ကတိတည်ကြည်မှုတို့ကြောင့် ကြီးပွားတိုးတက်လာခဲ့သော်လည်း နောက်အဆင့်တက်၍ တိုးတက်ရေးအတွက် ပညာတတ်ပိုင်းတစ်ခုနှင့်မှ ဆက်လက် လုပ်ဆောင်ရန် ရောင်ဝါးခါး ဖြစ်ခဲ့ရပါသည်ဟု ဆို၏။



ထို့ကြောင့် လူငယ်တိုင်းသည် ပထမ ကျောင်းစာတော်သူများဖြစ်သင့်ပါ၏။ ကျောင်းသည် ဘဝကို ပျိုးထောင်ရာတွင် ပျိုးခင်းသဖွယ်ဖြစ်ပါ၏။ ပျိုးပင်ဘဝတွင် ချည့်နဲ့နေပါက ဆက်လက်ရှင်သန်ရေးအတွက် အခက်အခဲ ရှိနိုင်ပါ၏။ ထို့ကြောင့် ကျောင်းစာကို သင်ကြားခွင့် ရှိနိုင်သလောက် သင်ကြားမှတ်ယူရန် လိုအပ်ပါ၏။

သို့သော် ကျောင်းစာကို သင်ကြားခွင့် မရကြသော်လည်း လူ့ဘဝကို စိတ်ပျက်လက်လျှော့ကြရန်မလိုပါ။ ဦးခင်မောင်သွင်၊ ဦးတင်ဝင်း၊ ဦးကျော်စိန်၊ မောင်နှင်းဆွေ စသည်တို့သည် ဆယ်တန်းပညာကို အောင်သည်အထိ ပညာတတ်ကြီးများ မဟုတ်ကြပါ။ သို့သော် သူတို့သည် လူ့ဘဝတွင် အောင်ပွဲရ မင်းများ ဖြစ်ကြပါသည်။

သူတို့သည် အတန်းပညာ မတတ်ကြသော်လည်း အထွေထွေ ဗဟုသုတကြွယ်ဝကြပါ၏။ ထို့ကြောင့် မိမိဘဝကို တိုးတက်ကြီးပွားလိုသူများသည် စာဖတ်ကြရပါမည်။ သို့မဟုတ် ခရီးသွားကြရမည်။ သို့မဟုတ် သူများပြောပြ ဆွေးနွေးခြင်းများကို နားထောင်မှတ်သားတတ်သူများ ဖြစ်ကြရမည်ဖြစ်ပါ၏။ ယနေ့ လူငယ်များသည် ဟောပြောပွဲ၊ စကားပြောပွဲများ ရှိပါက ယင်းကိစ္စကို အခွင့်အရေး တစ်ရပ်အနေနှင့် သွားရောက်သင့်ပါ၏။ အခြေခံအတန်းပညာအားနည်းပါက ပြင်ပဗဟုသုတကို တိုးတက်မှတ်သားရှာဖွေကြရမည် ဖြစ်ပါ၏။ ယခုခေတ်တွင် ဗဟုသုတရှာဖွေရရှိရန် နည်းလမ်းများ အလွန် များပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုနားထောင်ခြင်း၊ တီဗီ၊ ကက်ဆက် စသည်တို့ကို နားထောင်ခြင်းမှလည်း ဗဟုသုတ ရရှိနိုင်ပါ၏။ သတင်းစာ၊ မဂ္ဂဇင်းတို့က ယူလာသော သတင်းတိုင်း အမှန် မဟုတ်ပါ။ သတင်း မှန်မမှန်ဟူသော ကိစ္စကိုကား မိမိဘာသာ ခွဲခြား စိတ်ဖြာကြရမည်ဖြစ်သည်။ စာရွက်ပေါ်တွင် ပုံနှိပ်ထားသော အရာအားလုံးသည် အမှန်တွေချည်း မဟုတ်သည်ကို အထူး သတိပြုရန် လိုပါ၏။ လူငယ်များသည် ဘာစာဖတ်ရမလဲဟု ဆိုပါက စာအစုံဖတ်ရပါမည်။ သို့သော် စာဖတ်ရာတွင် ဖတ်ရုံ သက်သက်ဖြစ်၍ အချိန်ကုန်သဖြင့် ဖတ်ရုံသက်သက်ဆိုပါက စာကို မဖတ်သည်က ပို၍အကျိုးရှိပါ၏။ စာဖတ်ပြီး ထိုစာထဲမှ သင်ခန်းစာ ထုတ်ယူအသုံးမပြုနိုင်ပါက ထိုစာဖတ်ချိန်အတွက် ရေသွားထမ်းနေပါ၊ သို့မဟုတ် ဆန်ပြာ၊ စပါးဖော် ရွှေးထုတ် နေပါက ပို၍အကျိုးရှိနိုင်၏။ ထောင်ပေါင်း များစွာသော လူများသည် စာဖတ်ကြပါ၏။ သို့သော် ထို ထောင်ပေါင်း များစွာသော လူများထဲမှ သုံးလေးဦးသည်သာ စာထဲမှ ဗဟုသုတကို ဘဝ၌ပြန်လည်အသုံးပြုကြ၏။ ထိုသုံးလေးဦးသာလျှင် ကြီးပွားချမ်းသာကြ၍ ထောင်ပေါင်းများစွာသော စာဖတ် သူတို့သည် မကြီးပွား မချမ်းသာကြဘဲ ရှိကြပါသည်။

ထို့ကြောင့် စာဖတ်ရုံသက်သက်သည် ဘာမှ အကျိုးမရှိ။ စာဖတ်ရုံသက်သက် ဆိုပါက ထိုစာဖတ်ချိန်ကို ထင်းခွေ ရေသွားခပ်၊ တံမြက်စည်းလှည်းလှည်းပါ။ ပို၍ အကျိုးရှိပါမည်။ စာတစ်ပုဒ်၊ စာတစ်ကြောင်း ဖတ်ပြီး ထိုစာတစ်ကြောင်းဆို မိမိလက်ခံပါက မိမိဘဝတွင် လက်တွေ့ လိုက်နာကျင့်သုံးပါ



သို့မှသာ စာပေဖတ်ရှုမှုသည် ဘဝတွင်အကျိုးရှိမည်ဖြစ်ပါသည်။

အချို့သော ပုဂ္ဂိုလ်များက လူငယ်များ မဟုတ်တာသွား လုပ်နေတာထက်စာရင် တစ်ခုခုဖတ်နေတာက ပို၍အကျိုးရှိပါ သည်ဟုဆို၏။ ဆင်သည် တိုးတက်ကြီးပွားနေချင်သူ ဖြစ်၏။ ထို့ကြောင့် မဟုတ်တာလုပ်ရေးဟူသော ကိစ္စကို အရေးအရာ ထင်၍ စဉ်းစားနေရန် မလို။ ဟုတ်တာများကိုသာ စနစ်တကျ လုပ်ရင်း မိုးထိအောင်လှေကားထောင်မည့်သူ ဖြစ်၍ မဟုတ်တာ လုပ်မိစေရန် အတွက်ကား စာကို ဖုံးလုပ်၍ လာဖတ်မနေ နိုင်။ ယခု၌စာသည် မဟုတ်တာလုပ်သူများ လိမ္မာယဉ်ကျေး လာအောင်မြင်ရေးအတွက် ရေးသားနေသော စာမဟုတ်ပါ။ ထို့အတွက် လှည့်ပတ် ဆုံးမနေရန်လည်း အချိန်မရှိ။ တိုးတက် ကြီးပွားလိုသော လူငယ်များအတွက်သာ တိုးတက်ရေးလမ်းစ များကို ရေးသားနေခြင်းဖြစ်သည်။ တိုးတက်ကြီးပွားရေး၊ ဘဝ သင်ခန်းစာ ရယူရေးအတွက်သာ စာဖတ်စေလိုပါသည်။

လူကြီးမိဘတို့က ဝတ္ထုဖတ်ခြင်းကို တားမြစ်ကြ၏။ ဝတ္ထု ဖတ်ပြီး သင်ခန်းစာမယူနိုင်ပါက လူကြီးမိဘများ ဆိုဆုံးမသလို နေသည်က ပို၍ ကောင်းပါသည်။ ခရီး သွားရာတွင်လည်း သွားတုပင် ဖြစ်၏။ မိမိ ခရီးသွားရာအရပ်မှ လူတို့၏ နေထိုင်မှု၊ အပြုအမူ၊ အပြောအဆိုတို့မှ သင်ခန်းစာ ယူစရာများကို လည်း အတုယူစရာများကို အတုယူ၍ ဆောင်ရွက်ပါမှ ခရီး သွားသည်လည်း အကျိုးရှိပါ၏။

အလားတူပင် ဟောပြောပွဲ၊ ဆွေးနွေးပွဲများကို နားထောင် သည်တို့တွင်လည်း ဟောပြော ဆွေးနွေးပွဲများကို

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အသိဉာဏ်နှင့် စိစစ်ပါ။ မှန်ကန်သည်၊ လက်တွေ့ဘဝတွင် အကျိုးရှိမည်ဟု ဆိုပါက မိမိဘဝတွင် လက်တွေ့ကျင့်သုံးရန် လိုအပ်ပါသည်။

တစ်ဖန် ဂီတနားထောင်မလား၊ ရုပ်ရှင်ကြည့်မလား၊ ပြဇာတ်ကြည့်မလား၊ ကြည့်ပါ။ ထိုရုပ်ရှင်၊ ဂီတ၊ ပြဇာတ်၊ အငြိမ့်သဲ့မှ မိမိဘဝအတွက် သင်ခန်းစာ ရယူပါ။ သင်ခန်းစာ မယူနိုင်ပါက ဖျော်ဖြေရေးအတွက်သက်သက်သာဟုဆိုပါက ဤကိစ္စများသည် သင်ကဲ့သို့ကြီးပွားလိုသူတစ်ဦးအတွက် အချိန်ကုန်ပါသည်။

ထပ်၍ တင်ပြလိုသော အချက်မှာ ရုပ်ရှင်၊ ဂီတ၊ ဇာတ်၊ အငြိမ့်၊ စာအုပ်များတွင် ပြောဆို ရေးသားချက် အားလုံးသည် အမှန်ချည်း မဟုတ်ပါ။ အနုပညာရှင်၊ စာရေးဆရာများ၏ သူ့အယူအဆကို တင်ပြခြင်းသာဖြစ်၍ မှန်မမှန် ဟုတ်မဟုတ် ဟူသော အချက်ကို စာဖတ်သူ ကာယကံရှင်က မိမိဘာသာ ဆုံးဖြတ်၍ လိုက်နာရမည် ဖြစ်ပါသည်။ စာရေးသူက အမှား တင်ပြထားမှုကို အမှန်ထင်ကာ မိမိ၏ စူးစမ်း ဆင်ခြင်မှု အသုံးမပြုဘဲ လက်ခံပါက ထိုအမှားတရားအတွက် ခံရမည်သူမှာ စာဖတ်သူသာ ဖြစ်ပါ၏။

ကျွန်တော်တို့ လူငယ်များသည် ကျန်းမာ ကြံ့ခိုင်သော လူငယ်များဖြစ်ကြပြီး၊ ကျွန်တော်တို့ လူငယ်များသည် အချိန်ကိုလေးစား၍ စာပေ ဗဟုသုတ ရှိကြမည်၊ ဆွေးနွေး နှီးနှော ပြောဆိုမှုများ၌ ပျော်ရွှင်ကြမည်၊ ခရီးသွားလာသော အလေ့အထများ ရှိကြမည်ဟုဆိုပါက ယင်းပုဂ္ဂိုလ်သည် အောင်မြင်တိုးတက်မှု ပြေးလမ်းကြောင်းပေါ်သို့ ရောက်ရှိပြီဟု ယူဆနိုင်ပါ၏။

## ပြေးလမ်းကြောင်းပေါ်မှာ

တိုးတက် အောင်မြင်သော လမ်းကြောင်းပေါ်သို့ ရောက်နေပြီဟု ဆိုရုံမျှဖြင့် သင်သည် မိမိကိုယ် မိမိ အထင်ကြီး၍ သွားရန် မသင့်သေးပါ။ အဘယ့်ကြောင့်ဆိုသော် ပြေးလမ်းကြောင်းပေါ်တွင် မိမိတစ်ဦးတည်း မဟုတ်ပါ။ ဆိုလိုသည်မှာ တိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရုံမျှဖြင့် ထိုသူသည် အောင်မြင်ပြီဟု မဆိုနိုင်သေးပါ။ တိုးတက်အောင်မြင်မှု လမ်းကြောင်းပေါ်မှ လိမ့်ကျသူများ ဥဒဟိုရှိပါ၏။ အောင်မြင်မှု ပြေးလမ်းကြောင်းတွင် မိမိနှင့်တွေ့ကြရမည့်သူများသည် သူလိုငါလိုလူများမဟုတ်ကြတော့ပါ၊ သူလိုငါလိုခပ်အေးအေးနေလိုသူများသည်လည်း တိုးတက်အောင်မြင်ရေး ပြေးလမ်းကြောင်းပေါ်သို့ ရောက်လာနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် တိုးတက်ရေးလမ်းကြောင်းပေါ်ဝယ် သင့်လို အရည်အချင်းရှိသူ၊ သင်ကဲ့သို့ အောင်မြင်မှု သရဖူကို ဆောင်းလိုသူများနှင့် ယှဉ်ပြိုင်၍ ပန်းတိုင်သို့ ဝင်ကြရမည်ကို အမြဲသတိရှိရန် လိုအပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှု ပြေးလမ်းကြောင်းပေါ်ဝယ် ကျွန်တော်တို့
သည် အောင်မြင်မှု ရလိုသူအချင်းချင်း တွန်းဖယ်၍ ကြိုးစား
ကြရမည် မဟုတ်ပါ။ သို့သော် ပြေးလမ်းကြောင်းပေါ်တွင်
ကား မိမိ၏ ကြံ့ရည် ဖန်ရည်ကို အသုံးပြု၍ ပန်းတိုင်သို့
စောစောဝင်နိုင်ရန် ကြိုးစားကြရမည် ဖြစ်ပါ၏။ ပန်းတိုင်သို့
းလေ ကြံ့ရည်ဖန်ရည် ကိုယ်ရည် ကိုယ်သွေးသည် အရေးကြီး
လေဖြစ်၏။ ကြာနေရာတွင် ကြံ့ခိုင်မှု ကိုယ်ရည် ကိုယ်သွေးများ
တင်မနာ (Stamina) သည် အရေးကြီးလှပါ၏။ စတင်မနာ
Stamina) သည် ဘဝပန်းတိုင်သို့ ပန်းအဝင်တွင် အဆုံးအဖြတ်
းမည့်အချက်ဖြစ်ရာ ဘဝစတင်မနာကောင်းရေးသည် အထူး
ရေးကြီးလှပါ၏။

ဘဝစတင်မနာ ဆိုသည်မှာ ကျန်းမာရေး၊ အချိန်ကို တိကျ
န်ကန်စွာ အသုံးပြုရေး၊ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝရေး၊
ဆောင်မှုရှိရေး၊ လျင်မြန် ဖျတ်လတ်ရေး၊ ချင့်ချိန်နိုင်စွမ်း
ရေး၊ အမှန်ကို လျင်မြန် ဆုံးဖြတ်နိုင်စွမ်းရှိရေး၊ မတွေဝေဘဲ
ပြတ်သားစွာ ဆုံးဖြတ်ရေး စသည်တို့ပင် ဖြစ်၏။ ထိုကိစ္စ
းလုံးကို ပြေးလမ်း မရောက်မီကပင် လေ့ကျင့်ထားပြီး
ကြရပါမည်။

## အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပါ

ကျွန်တော်သည် အခြားကျန်ရှိနေသေးသော အချက်အချို့ကို ဆက်လက် ဆွေးနွေးပါသေး၏။ ယခု အမိနိုင်ငံဖွံ့ဖြိုးရေး ကြိုးပမ်းရာတွင် တံခါးဖွင့် စီးပွားရေးဝါဒကို ကျင့်သုံးလျက်ရှိရာ မလွဲမရှောင်သာ နိုင်ငံခြားသားများနှင့် ဆက်ဆံကြရမည်ဖြစ်၏။ ထိုသို့ဆက်ဆံကြရာတွင် ခြေဟန် လက်ဟန်လောက်ဖြင့် ဆက်ဆံ၍မရ။ ဈေးဆစ်မှုများ၊ ဈေးစကားပြောမှုများ၊ စာချုပ် ချုပ်ဆိုမှုများမှ အစ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စာရေး စကားပြောဆို ဆက်သွယ်မှုများကို လုပ်ကြရမည်ဖြစ်ရာ ကြားခံ ဘာသာစကား တစ်ရပ်ရပ်ကို မလွဲမရှောင်သာ ကျွမ်းကျွမ်းကျင်ကျင် တတ်ကြရမည် ဖြစ်ပါ၏။

ယခုအခါ မြန်မာ့လုပ်ငန်းရှင်များသည် ကြားခံဘာသာတစ်ရပ်အဖြစ် ဘာသာ တစ်ခုခုကို ရွေးချယ်ရမည် ဆိုပါက အင်္ဂလိပ်စာသည် ကျွန်တော်တို့နှင့် အရင်းအနှီးဆုံး၊ အကျွမ်းတဝင်အရှိဆုံး ဘာသာရပ် ဖြစ်ပါ၏။ အင်္ဂလိပ်စာနှင့် စကားအပြင် ဂျပန်၊ တရုတ် အစရှိသော အခြားဘာသာစကားများကိုလည်း သင်ယူလိုပါက သင်ကြားတတ်မြောက်ထားရန် လိုအပ်ပါ၏။ ဘာသာမျိုးစုံ တတ်လေ ကောင်းလေ ဖြစ်ပါသည်။ သို့သော် တတ်ထားရုံမျှဖြင့် မပြီး၊ ဘာသာစုံတတ်မှုကို အသုံးပြုနိုင်ရန်လည်း လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးခမစင်မေစင်ညွန့်က မိမိသည် ဟိန္ဒူစတန်ဘာသာကို ပြောဆိုနိုင်သဖြင့် မိမိသွားရောက်ခဲ့သော ပါကစ္စတန်တွင် ကျင်းပမည့် အာရှဇုံရှိဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်သည်ကြီးများအသင်း ညီလာခံတွင် အထောက်အကူ ဖြစ်ခဲ့ရပါသည်ဟု ဆို၏။

ယခု ကုန်တိုက်(၁)နှင့် ဖက်စပ်ဆိုင်ဖွင့်ထားသော စင်္ကာပူကုမ္ပဏီမှ ဒါရိုက်တာဖြစ်သူ Mr. Lek Eng Khiang က စီးပွားရေး လုပ်ငန်းရှင်များ အလုပ်ရုံဆွေးနွေးပွဲ သင်တန်း၌ စကားပြောရာတွင် စင်္ကာပူနိုင်ငံတွင် တရုတ် အမျိုးသားများ မလေးရှား အမျိုးသားများ ရှိသည်။ မူရင်း တရုတ်စကား မလေးရှားစကားများအပြင် အင်္ဂလိပ်စကားကို ကြားခံစကားအဖြစ် ပြောကြသည်။ စင်္ကာပူနိုင်ငံသား အားလုံးလိုလို ကသေးမှစ၍ အင်္ဂလိပ်စကား ပြောကြသည်။ စင်္ကာပူတွင် တရုတ်အမျိုးသား ၇၆ ရာခိုင်နှုန်းရှိ၍ မလေးရှား အမျိုးသား ၃၆ ရာခိုင်နှုန်းနှင့် အိန္ဒိယအမျိုးသားတို့ ရှိကြသည်။ အင်္ဂလိပ်စကားသည် ကမ္ဘာသုံးစကားဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်သို့ ဝင်မည်ဟု ဆိုပါက အင်္ဂလိပ်စကားပြောကို တတ်ကျွမ်းရန်လို၏။ အင်္ဂလိပ်ဘာသာဖြင့် ရေးသား ဆက်သွယ်မှုများ တတ်ကျွမ်းရန် လိုသည်ဟုဆို၏။

မြန်မာ လူငယ်များအတွက် အတန်းပညာ သင်ကြားရာတွင်ပင် အင်္ဂလိပ်စာကို ဘာသာတစ်ရပ် အနေနှင့် သင်ကြားခဲ့ပြီးဖြစ်ရာ အနည်းငယ် တိုးတက်လေ့လာရုံမျှဖြင့် အင်္ဂလိပ်စာကို တတ်မြောက်နိုင်ပေရာ မြန်မာလူငယ်တို့အတွက် အင်္ဂလိပ်စာ



သင်ကြားရေးသည် အလွယ်ကူဆုံး ဖြစ်ပါ၏။ ထို့ကြောင့် အင်္ဂလိပ်စာ၏ အရေးအသား၊ အပြောအဆိုများကို စီးပွားရေးလုပ်ငန်းလုပ်ရန်၊ ကုန်သွယ်ရန် စိတ်ကူးသူ လူငယ်တိုင်း အလေးထား သင်ကြားကြရမည် ဖြစ်၏။

အင်္ဂလိပ်စာကို စနစ်တကျ လေ့ကျင့်ပါက ၅ နှစ်အတွင်း တတ်မြောက်နိုင်သော ဘာသာစကား ဖြစ်ပေရာ အသက် ၃၀၊ သို့မဟုတ် ၄၀ သို့ ရောက်သူများသည် စီးပွားရေး လုပ်မည်ဆိုပါက အင်္ဂလိပ်စာ သင်ကြားရန် လိုအပ်၏။ အသက် ၅၀ ရောက်သူပင်လျှင် အင်္ဂလိပ်စာကို စသင်ကြားလျှင် ၅၅ နှစ်၌ တတ်ကျွမ်းသူဖြစ်နိုင်ပေရာ နိုင်ငံတကာ စီးပွားရေးကုန်သွယ်မှုပြုမည်ဆိုပါက အသက်ကြီးပြီ ဟူသော အကြောင်းပြချက်မျှဖြင့် အင်္ဂလိပ်စာကို မသင်ကြားဘဲ မနေသင့်ပါ။

အင်္ဂလိပ်စားပြော၊ အင်္ဂလိပ်စာ အရေးအသားကို လေ့ကျင့်မှုသည် (ဘွတ်-ရှတ်) ပြော၍ဗိုလ်ဆန်ရန်မဟုတ်၊ ကမ္ဘာ့စီးပွားရေးလောက၊ ကုန်သည် လောကသို့ ဝင်ရန် ဖြစ်ပါ၏။

တစ်ဖန် အင်္ဂလိပ်စာအပြင် ယခုအခါ ကျွန်တော်တို့နှင့် ကူးလူးဆက်ဆံရန် အလားအလာရှိသော ဂျပန်ဘာသာစကားကိုလည်း လေ့ကျင့် သင်ကြားရန် လိုအပ်ပါ၏။ မည်သည့် ဘာသာ စကားမဆို တတ်ကျွမ်းပါက အဆုံးအရှုံး မရှိနိုင်ပါ။ ဘာသာစကား များများတတ်လေ ကောင်းလေ ဖြစ်ပါသည်။ မိမိ၏ အားလပ်ချိန်များကို အလဟဿ ဖြုန်းတီးမည့်အစား ဘာသာစကား လေ့ကျင့်မှုများဖြင့် အခြားဘာသာတစ်ရပ်ရပ် ကျွမ်းကျင်သူ ဖြစ်လာနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ဓလေ့ထုံးစံများကို ဂရုစိုက်ပါ

ထို့နောက် ကျွန်တော် တိုက်တွန်းလိုသော ကိစ္စတစ်ခုမှာ လူမျိုး တစ်မျိုးနှင့် တစ်မျိုး ဆက်ဆံရာတွင် မိမိဆက်ဆံသော လူမျိုး၏ ယဉ်ကျေးမှု ဓလေ့စရိုက်များကို အလေးထားရန် လိုအပ်ပါ၏။ ထို့ပြင် နိုင်ငံတကာ ဆက်ဆံမှု များကိုလည်း အတော်အတန် လေ့ကျင့်ထားရန် လိုအပ်သည်။ နိုင်ငံခြားသား များနှင့် ဆက်ဆံရာတွင် နံနက်ခင်း နေ့လယ်ခင်း များတွင် ‘Good Morning, Good Evening, Good Night,’ စသည် တို့ဖြင့် နှုတ်ဆက်ခြင်း၊ ထမင်းစားရာတွင် ဇွန်းကိုင်၊ ခက်ရင်း ကိုင်မှုမှစ၍ စားသုံးမှု အလေ့အထများကို လေ့ကျင့်ထားရန် လိုအပ်ပါ၏။

တစ်ခါက ကျွန်တော်သည် နိုင်ငံခြားသားတစ်ဦးနှင့် ထမင်း အတူစားကြရာ ဧည့်သည်လာ၍ ထိုဧည့်သည်ကိုပါ အတူ ထမင်းစားရန် ဖိတ်ကြားခဲ့ပါ၏။ ဧည့်သည်ကလည်း ထမင်း ဝင်စားသည်။ ဧည့်သည်က ထမင်းကို လက်ဖြင့်အားရပါးရ စား၏။ ကျွန်တော်က မြန်မာတို့သည် ဤလိုစားရမှ ကျေနပ်သည်။ ဒါဓလေ့ထုံးစံပဲဟု ဆိုသောအခါ နိုင်ငံခြားသား ပုဂ္ဂိုလ်က လက်ခံ၏။ သို့သော်ထမင်းစားရင်း ထိုပုဂ္ဂိုလ်က လေချဉ်တက်ရာ အတူစားနေသော နိုင်ငံခြားသားသည် ထမင်းမစားဘဲ ထမင်း ဝိုင်းမှ ထသွားပါ၏။ မြန်မာဧည့်သည်မှာ လေချဉ်တက်သည်ကို ရိုင်းပျသော အလေ့အထဟု မမှတ်ယူပါ။ ထို့ကြောင့် ထိုနိုင်ငံ ခြားသား ထမင်းဝိုင်းမှ ထသွားသည်ကိုပင် ဘာကြောင့် ထ



သွားသည်ဟု၍ ယင်းမြန်မာဧည့်သည်က မသိလိုက်ပါ။

အမှန်စင်စစ် ကျွန်တော်တို့နှင့်အတူ ထမင်း ဝင်စားသော ဧည့်သည်သည် လက်သမားဆရာ တစ်ဦး ဖြစ်ပါ၏။ လက်ရာ မြောက်၍ ကျွန်တော်တို့ နိုင်ငံခြားသို့ ပစ္စည်းများ ပို့ရာတွင် အသုံးပြုမည့် သေတ္တာများကို ပေးသွင်းမည့် ပုဂ္ဂိုလ် ဖြစ်ပါ၏။ ထိုပုဂ္ဂိုလ်၏ သေတ္တာများသည် ဈေးနှုန်းသက်သာ၍ လက်ရာ လည်း ကောင်းပါသည်။ သို့သော် တကယ်တမ်း ပစ္စည်းများကို ဝယ်ယူရန် လုပ်ဆောင်သောအခါ ကျွန်တော်၏ မိတ်ဆွေ နိုင်ငံခြားသားသည် ထမင်းအတူစားသော လက်သမားဆရာ ထံမှ ပစ္စည်းများ ဝယ်ယူရန်ကိစ္စကို သဘောမတူဘဲ ငြင်းဆို ပါ၏။

ကျွန်တော်က ဤလက်သမားဆရာသည် လက်ရာ ကောင်း ကြောင်း၊ ဈေးနှုန်းသက်သာကြောင်း ပြောသည်ကိုပင် သဘော မတူဘဲ၊ ဈေးနှုန်းတူ လက်ရာညံ့သည့် အခြား သူမတွေ့ဘူးသော လက်သမားဆရာတစ်ဦး၏ ပုံးများကို ဝယ်ယူရန်ကိုသာ သူက သဘောတူခဲ့ပါ၏။

ဤကိစ္စတွင် အပြုအမူသည် မည်မျှ အရေးကြီးကြောင်း သိသာလှပါ၏။ အကယ်၍ ဤလက်သမားဆရာသည် ထမင်းကို ဇွန်း ခက်ရင်းနှင့်စား၍ လေချဉ်မတက်ဘူးဟုဆိုပါက ထိုလက် သမားလည်း အလုပ်ရမည်၊ ကျွန်တော်တို့လည်း လက်ရာကောင်း သော ပုံးများကို ရပါမည်။ ယခုတော့ လက်ရာကောင်းသော လက်သမားဆရာလည်း အလုပ်မရဘဲ ကျွန်တော်တို့မှာလည်း လက်ရာညံ့သော ပုံးများကို ဝယ်ယူခဲ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသား မာန်နှင့် မာန

ကျွန်တော်သည် ဤစာအုပ်ကို နိဂုံး ချုပ်ပါတော့မည်။ နိဂုံးပိုင်းအနေနှင့် နိုင်ငံတကာနှင့် ကုန်သွယ်မှု ပြုရာတွင် စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားရေး မာန်မာန အပြည့်အဝ ထားရှိရေးကို တင်ပြလိုပါ၏။

ဤကိစ္စသည် အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ လူမျိုး ဓလေ့စရိုက်အ... နိုင်ငံခြားသားများ ဧည့်သည်များအား ယဉ်ကျေး ဖော်ရွေစွာ ဆက်ဆံကြမည်။ ဧည့်သည်များအား မြန်မာတို့က ဧည့်ဝ... ပြုရာတွင် လိုအာထက်ပင် ပိုတတ်ကြ၏။ ဧည့်သည်ကို အိမ်ရှ... ထက်ပင် ဦးစားပေးကြ၏။ ထိုဓလေ့ထုံးစံနှင့်အညီ ကျွန်... တို့သည် နိုင်ငံခြားသား ဧည့်သည်များအား ဧည့်ဝတ် ကျေ... ကြရမည်ဆိုသော်လည်း နိုင်ငံခြားသားများနှင့် ဆက်ဆံရာ...



မိမိအမျိုးသားရေးအမျိုးမာန်ကို ထိခိုက်မည်ဟုဆိုပါက ထားရှိအပ်သော မာနကို တစ်ပြားသားမှ မလျှော့ဘဲ အပြည့်အဝ ထားရန် လိုပါသည်။

နိုင်ငံခြားသားပဲ၊ သူတို့က တို့ဆီက ပစ္စည်းဝယ်တာပဲ၊ သူတို့ဆီက လက်ဆောင်ပစ္စည်း လှလှများ၊ အဖိုးတန်များ ရတာပဲ၊ ငွေရှာတာပဲ၊ ဓာ ါ လာရတာပဲ ဟု ဆိုကာ မလိုက်လျောသင့်သည်များကို မလိုက်လျောရန် လိုအပ်သည်။ နိုင်ငံခြားသားများနှင့် ဆက်ဆံရာတွင် မည်သူ့ကို မည်မျှအထိသာ လိုက်လျောစွာ ဆက်ဆံသင့်သည်ဟူသော စည်းကမ်း သတ်မှတ်ချက် ထားရှိဆက်ဆံရန် လိုအပ်ပါ၏။ ထိုစည်းကမ်း သတ်မှတ်ချက်ထက် ကျော်လာပါက မိမိတို့ မလိုက်လျောနိုင်ကြောင်း၊ မိမိတို့ယဉ်ကျေးမှုနှင့် အညီအညွတ်မဟုတ်ကြောင်းကို ရှင်းလင်း ပြောဆိုကြရမည်ဖြစ်ပါသည်။

'အားမနာအဆင့်သော ကိစ္စများအတွက် အားနာရန် လုံးဝ မလိုအပ်ပါ။ အားမနာသင့်သော ကိစ္စများကို နိုင်ငံခြားသားများအား အားနာ လိုက်လျောပါက' အမျိုးသားရေး ဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်နိုင်ပါ၏။ ဥပမာ ရှေးဟောင်းပစ္စည်းအချို့နှင့် ပတ်သက်၍ နိုင်ငံတော်က ခွင့်မပြုသော လုပ်ငန်းတစ်ရပ်ရပ်ကို မိမိအနေနှင့် အရေးမကြီးဟု ထင်ရုံမျှဖြင့် လိုက်လျောမှု မပေးထားမျိုး မဖြစ်သင့်ပါ။ မြန်မာနိုင်ငံတွင်ကား ရှေးဟောင်းပစ္စည်းများ ပေါကြွယ်ဝပေရာ ဘုန်းကြီးကျောင်းဟောင်းတန်းမှ ပန်းဆွဲလေးတစ်ခုကို မိမိတို့အတွက်ကား ဘာမှ အရေးမကြီးဟု ထင်စရာရှိပါ၏။ အလားတူပင် ဧည့်သည် တစ်ဦးအနေဖြင့်

www.burmeseclassic.com



ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးကို အိမ်ရှင်က ပြုလုပ်ဆောင်ရွက်ပေးရသည် ဖြစ်သော်လည်း နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်တို့နှင့် မညီညွတ်သော ကိစ္စရပ်များကို မလိုက်လျောသင့်ပါ။

တစ်ဖန် စီးပွားရေးဝါဒဖြင့် နိုင်ငံခြားနှင့် ဆက်ဆံကုန်သွယ်မှု ပြုလုပ်ရာတွင် မိမိ၏အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အကျိုးစီးပွားဟူ၍ အကျိုးစီးပွား နှစ်ခုရှိပါ၏။

ကိစ္စတစ်ရပ်သည် မိမိမှာ အကျိုးစီးပွားရှိ၏၊ နိုင်ငံတော်အတွက်ကား အကျိုးစီးပွား ထိခိုက်ရန် အကြောင်းရှိသည်ဟု ဆိုပါက ထိုကိစ္စမျိုးကို မလုပ်သင့်ပါ၊ နိုင်ငံတော်၏ အကျိုးစီးပွားကို မထိခိုက်သည့်တိုင် ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည့် ကိစ္စမျိုးဆိုပါကလည်း မိမိအကျိုးရှိသည့်တိုင် ထိုကိစ္စကို မလုပ်သင့်ပါ။

ဤကိစ္စသည် အလွန်မှ အရေးကြီးလှပါ၏၊ နိုင်ငံခြားသားများနှင့် ဆက်ဆံရာတွင် အလွန်အမင်း ချင့်ချိန်နိုင်ကာမှ သင့်တော်သော ကိစ္စ ဖြစ်ပါ၏။

"မြန်မာဟူသော ဂုဏ်သိက္ခာ၊ မြန်မာဟူသော ဂုဏ်ပုဒ်သို့ မိမိ၏ စီးပွားရေးတစ်ရပ်ကြောင့် မညစ်နွမ်းစေသင့်ပါ"

ကုန်သွယ်မှုပြုခြင်းသည် အလကား အယူခံခြင်း၊ အလကား တောင်းခံခြင်း မဟုတ်ပါ။ သူ့အကျိုးစီးပွားနှင့် ကိုယ့်အကျိုးစီးပွား ဖလှယ်ခြင်းဖြစ်၍ ပစ္စည်းများကို ရောင်းဝယ် ဖလှယ်ရာတွင် တန်းတူရည်တူ ထိုက်သိုက်တန်တန် ဖလှယ်ရန် လိုအပ်ပါ၏။ ပိုက်ဆံရှိသော နိုင်ငံခြားသားသည် ကျွန်တော်တို့၏အလှူ



ခံများမဟုတ်ကြပါ။ သူတို့က ပိုက်ဆံလာပေးသလို ကိုယ့်ထံမှလည်း ပစ္စည်းများ လုပ်အားများ ပေးလိုက်ကြပေရာ တန်းတူရည်တူ ဆက်ဆံရေးသည် အလွန်အရေးကြီးလှပါ၏။

ကုန်သွယ်မှုပြု၍ စီးပွားရေးလုပ်ဆောင်ရာတွင် မိမိချမ်းသာကြီးပွားရေးနှင့် မိမိနိုင်ငံ ကြွယ်ဝရေးတို့အတွက် ရည်မှန်းချက်များ ထားရှိလုပ်ဆောင်ကြခြင်းဖြစ်ရာ၊ မိမိအတွက်အလျောက် အကျိုးရှိရုံမျှဖြင့် နိုင်ငံနှင့်လူမျိုးအား ထိခိုက်စေသော လုပ်ငန်းများကို ရှောင်ရှားရန် လိုအပ်ပါ၏။

တစ်ဖန် ယခုနေ့ စီးပွားကုန်သွယ်မှု ပြုခြင်းတွင် တစ်ကိုယ်တော် ကြွယ်ဝချမ်းသာရေးအတွက်သာ လုပ်ဆောင်၍မရ၊ မိမိနှင့်အတူ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရပါမည်။

ယခုအခါတွင် ငါချမ်းသာလျှင်ပြီးရော ဟူသော ဘယ်သူသေသေ၊ ငတေမပြီးရော ဟူသော စကားလို ငတေမာလျှင်ပြီးသာမီး လုပ်ဆောင်လိုပါက မျက်မှောက်ကာလတွင် စီးပွားကုန်သွယ်မှု မပြုလုပ်လျှင် အကောင်းဆုံးဖြစ်ပါ၏၊ ထို့ကြောင့် ကျွန်တော်တို့သည် မိမိအကျိုးနှင့် နိုင်ငံအကျိုးကို မျှတစွာ ညှိ၍ မိမိတို့ခေတ်တွင်မှ လူညံ့များ မဖြစ်ကြလေအောင် ကြိုးစားအားထုတ်၍ အလုပ်လုပ်ကြရမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ဂျပန်လူငယ် တစ်ယောက်အကြောင်း စာအုပ်သည် ဂျပန်လူငယ်တို့ ခွန်အားစိုက်ထုတ် အလုပ်လုပ်ကြပုံ ရိုးသားမှုကို အရင်းတည်၍ စီးပွားရှာကြပုံများကို တင်ပြခဲ့ပါ၏။

ယခု မြန်မာ လူငယ် တစ်ယောက်အကြောင်း စာအုပ်တွင် သူများတကာဘွေ ကြွယ်ဝချမ်းသာမှု၊ အားထုတ်ဆောင်ရွက်မှုများကို အားကျရုံမျှဖြင့် မပြီး၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကြီးပွားရေးအတွက် အားမာန်ထုတ်၍ အလုပ်လုပ်ကြရန်၊ အားငယ်စရာမလို မည်သူ့အခါတွင်မှ အပြစ်တင် မနေကြဘဲ တစ်နည်း၊ အပြစ်ပြောနေရင်းဖြင့် ကျွန်တော်တို့၏ အဖိုးတန်အချိန်များကို ဖြုန်းတည်း မပစ်ကြဘဲ ညီညီညွတ်ညွတ်ဖြင့် အားမာန်ထုတ်၍ အလုပ်လုပ်ကြပါက မြန်မာနိုင်ငံသည် မုချ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ဖြစ်လာမည်မှာ မလွဲသေချာလှသည် ဟူသော အချက် ဖြစ်ကြောင်းကို ကျွန်တော်သည် ယုံယုံကြည်ကြည်ဖြင့် ယုံကြည်သည့်အတိုင်း တင်ပြလိုက်ရပါ၏။

မြောက်မြားစွာသော ပြည်သူတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် ထက်သန်စွာဖြင့် ယခုအခါ နိုင်



အတွက် ခွန်အားကို ပေးဆောင်ရန် အသင့်ရှိနေကြ၏။ မြန်မာ လူမျိုးသည် ဇာတိသွေး၊ ဇာတိမာန် သမိုင်း အစဉ်အလာ ယဉ်ကျေးမှုဖြင့် ရင့်ကျက်ထည်ဝါသော လူမျိုးတစ်မျိုးဖြစ်သည်။ မြန်မာတို့သည် သိပ္ပံဆိုင်ရာ စက်မှုဆိုင်ရာများတွင် ကိုယ်အသည် အသွေး ရှိကြသူများ ဖြစ်သောကြောင့်၊ ဝီရိယနှင့် ရိုးသား ဖြူစင်သော စိတ်ဓာတ်ကို အရင်းခံ၍ အလုပ်လုပ်ကြပါက မဝေးသော အနာဂတ်တွင် အမိနိုင်ငံ၏ ဖွံ့ဖြိုးမှုသို့ ကျွန်တော် တို့ မျက်ဝါးထင်ထင် မြင်လာနိုင်မည် ဖြစ်ကြောင်း တင်ပြရပါ သည်။

ချစ်စံဝင်း

BURMESE CLASSIC .com

www.burmeseclassic.com